မြန်မာနိုင်ငံစက်မှုလက်မှုလုပ်ငန်းသမိုင်း

အပိုင်း (၆)

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

# စက်မှုလက်မှုလုပ်ငန်းသမိုင်း

(ပဉ္စမလေးနှစ်စီမံကိန်းကာလ)

(စာကြည့်တိုက်)
- ၀၂၃
- ၁၉၄၈

အမှတ် (၁) စက်မှုဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စာအမှတ် ၆၉၀၀
နေ့စွဲ ၇-၆-၂၀၁၈
ယဉ်ကျေးမှုဝန်ကြီးဌာန

ဒုတိယ ဗိုလ်ချုပ်ကြီး စိန်အောင်

ဝန်ကြီး

အမှတ် (၁) စက်မှုဝန်ကြီးဌာန

မင်္ဂလာလက်ဆောင်

မြန်မာနိုင်ငံစက်မှုလက်မှုလုပ်ငန်းသမိုင်း

အပိုင်း (၆)

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

# စက်မှုလက်မှုလုပ်ငန်းသမိုင်း

## (ပဋ္ဌမလေးနှစ်စီမံကိန်းကာလ)

အမှတ်(၁)စက်မှုဝန်ကြီးဌာန
၁၉၉၁ ခုနှစ် ဇွန်လ

အမှတ်(၁) စက်မှုဝန်ကြီးဌာန

စာကြည့်တိုက်

ဖိုင်စာအုပ်အမှတ် ၉၂၉-၁ တရ

စာအုပ်စာရင်းအမှတ် ၄၈၀၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
စာအမှတ်
ရက်စွဲ
စက်မှုဝန်ကြီးဌာန

# မာတိကာ

စာမျက်နှာ

အမှာစာ

နိဒါန်း

အခန်း

၁။ စက်မှုလက်မှုလုပ်ငန်းများအခြေအနေ .... .... .... .... ၉
စက်ရှိဦးရေ .... .... .... .... .... ၁၁
ပြည်သူပိုင်စက်ရုံအလုပ်ရုံများ .... .... .... .... ၁၅
သမဝါယမပိုင်နှင့် ပုဂ္ဂလိကပိုင် စက်ရုံအလုပ်ရုံများ .... .... .... ၁၇
အလုပ်သမားဦးရေအလိုက် ခွဲခြားထားသော စက်မှုလက်မှုလုပ်ငန်းများ .... ၁၈
စက်မှုလက်မှုကဏ္ဍ၏ ထုတ်လုပ်မှု .... .... .... .... ၂၀

၂။ စက်မှုစီမံကိန်းများ .... .... .... .... .... ၂၃
စက်မှုလက်မှုကဏ္ဍ၏ ရည်မှန်းချက်များ .... .... .... .... ၂၄
ဆောင်ရွက်ဆဲ လုပ်ငန်းစီမံကိန်းများ .... .... .... .... ၂၇

၃။ စက်မှုစီမံကိန်းများ အကောင်အထည်ဖော်မှု .... .... .... ၅၁
အကောင်အထည်ဖော်ဆောင်ရွက်သည့် စီမံကိန်းများ .... .... .... ၅၁

မာတိကာ


| | စာမျက်နှာ |
|---|---|
| ၄။ **စက်မှုကဏ္ဍ၏ ကုန်ထုတ်စွမ်းအား** .... .... .... .... | ၇၉ |
| စက်မှုကဏ္ဍ၏ အဓိကလှည့်ပတ်မှုနှုန်းချက်များ .... .... .... .... | ၉၀ |
| ကုန်ထုတ်လုပ်မှု .... .... .... .... .... | ၉၁ |
| ၅။ **စက်မှုပံ့ပိုးကဏ္ဍကြီးများ** .... .... .... .... .... | ၁၀၃ |
| လျှပ်စစ်ဓာတ်အားကဏ္ဍ .... .... .... .... .... | ၁၀၃ |
| သတ္တုကဏ္ဍ .... .... .... .... .... | ၁၀၇ |
| ၆။ **သုံးသပ်ချက်** .... .... .... .... .... | ၁၁၃ |
| **ကျမ်းကိုးစာရင်း** .... .... .... .... .... | ၁၁၅ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
စာအမှတ်
ရက်စွဲ
စက်မှုဝန်ကြီးဌာန

# အမှာစာ

မြန်မာနိုင်ငံတော်၏ စက်မှုလက်မှုလုပ်ငန်း သမိုင်းကြောင်းမှာ မှတ်တမ်းမော်ကွန်းရေးထိုးထားမှုများ မရှိခဲ့ခြင်းကြောင့် မှေးမှိန်ဝိုးဝါး ရှိနေခဲ့ပါသည်။ မြန်မာနိုင်ငံတော်တွင် စက်မှုလုပ်ငန်းများ တိုးတက်ဖြစ်ပေါ်မှုအစဉ်ကို မော်ကွန်းတင်ရေး လုပ်ငန်းစဉ်မှာလည်း ၁၉၈၆ ခုနှစ်၊ ဩဂုတ်လမှသာ ဗိုလ်မှူးချုပ်ဘင့်ဆွေ (အငြိမ်းစား)၏ လမ်းညွှန်မှုဖြင့် စတင်နိုင်ခဲ့ပါသည်။ ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့တွင် မြန်မာနိုင်ငံတော်၏ သမိုင်းသည်ပင်လျှင် တစ်ခန်းရပ်လျက် တစ်ခေတ်ပြောင်းကာ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ပေါ်ပေါက်လာခဲ့ရပေသည်။ ထိုအချိန်မှစတင်၍ ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရ အမှတ် (၁) စက်မှုဝန်ကြီးဌာနနှင့် အမှတ် (၂) စက်မှုဝန်ကြီးဌာနဝန်ကြီး တာဝန်ကို ထမ်းရွက်ရန် တာဝန်ပေးအပ်ခြင်းခံရသူ ဒုတိယဗိုလ်ချုပ်ကြီး စိန်အောင်က မြန်မာနိုင်ငံ စက်မှုလက်မှုလုပ်ငန်းသမိုင်း ရေးသားပြုစုရေးကို ဆက်လက်တာဝန်ယူဆောင်ရွက်ခဲ့ပါသည်။

မြန်မာနိုင်ငံ၏ စက်မှုလက်မှုလုပ်ငန်း တိုးတက်ဖြစ်ပေါ်မှု အစဉ်သည် ရှေးမြန်မာမင်းများလက်ထက်ကပင် စတင်ခဲ့ပါသည်။ ထိုမှတစ်ဆင့် နိုင်ငံတော်၏ ကံကြမ္မာ အကောင်းအဆိုး အကြောင်းအကျိုးပေါ်တွင် မူတည်လျက် ခေတ်ကာလအမျိုးမျိုးကို ဖြတ်သန်းဖြစ်ပေါ်ခဲ့ရပါသည်။ ဤသို့ဖြစ်ခြင်းကြောင့်လည်းအောက်ပါအတိုင်း အကန့်အပိုင်းခွဲခြားရှုမြင်အပ်ပါသည်။

မြန်မာမင်းများလက်ထက် စက်မှုလက်မှု လုပ်ငန်းသမိုင်း
ကိုလိုနီခေတ် စက်မှုလက်မှု လုပ်ငန်းသမိုင်း
ပြန်လည်ထူထောင်ရေးခေတ် စက်မှုလက်မှု လုပ်ငန်းသမိုင်း
တော်လှန်ရေးကောင်စီကာလ စက်မှုလက်မှု လုပ်ငန်းသမိုင်း
ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် စက်မှုလက်မှု လုပ်ငန်းသမိုင်း
နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ တက်ရောက်ပြီးနောက် စက်မှုလုပ်ငန်းများ ပြန်လည်တည်ဆောက်ရေး လုပ်ငန်းသမိုင်း

မြန်မာနိုင်ငံ စက်မှုလက်မှု လုပ်ငန်းသမိုင်းကို မူလက စတင်၍ လေးနှစ်စီမံကိန်းကာလ ကုန်ဆုံးသည်အထိ အပိုင်း (၅) ပိုင်းသာ ရေးသားရန် ရည်ရွယ်ခဲ့သော်လည်း၊ နိုင်ငံတော်အတွင်း ၁၉၈၈ ခုနှစ်က ဖြစ်ပေါ် လာခဲ့သည့် နိုင်ငံရေးပြောင်းလဲမှု အခြေအနေများကြောင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်၏ ပဉ္စမ လေးနှစ်စီမံကိန်းကာလ စက်မှုလုပ်ငန်းများနှင့် စပ်လျဉ်းသည့် အခြေအနေကိုပါ သမိုင်းကြောင်း တစ်ရပ်အနေဖြင့် မလွဲမသွေ ရေးသားရပေမည်။ သို့ပါ၍ ယင်းကာလ၏ စက်မှုလက်မှု အပိုင်းကဏ္ဍကို မြန်မာနိုင်ငံ စက်မှုလက်မှု လုပ်ငန်းသမိုင်း အပိုင်း (၆) အဖြစ်ဖြင့် ဤသမိုင်းစာအုပ်ကို ပြုစုရေးသားခဲ့သည်။

ထို့ပြင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊ နိုင်ငံတော်အာဏာကို လွှဲပြောင်းတာဝန်ယူခဲ့ပြီးနောက်ပိုင်းတွင် အမှတ်(၁) စက်မှု ဝန်ကြီးဌာနနှင့် အမှတ် (၂) စက်မှု ဝန်ကြီးဌာနဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီးစိန်အောင်၏ ထပ်မံညွှန်ကြားချက်အရ နိုင်ငံတော်၏ စီးပွားရေးစနစ်ပြောင်းလဲမှုများအပေါ် အခြေခံသည့် စက်မှုလက်မှု ဆိုင်ရာ မူဝါဒများနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ စက်မှုလက်မှု လုပ်ငန်းများ၏ အခြေအနေများကိုပါ ကဏ္ဍတစ်ရပ် အဖြစ် သီးခြားဆက်လက်ရေးသားပြုစုလျက် ရှိပါသည်။

မြန်မာနိုင်ငံ၏ စက်မှုလက်မှု လုပ်ငန်းသမိုင်း ရေးသားပြုစုရာတွင် လိုအပ်သော အချက်အလက်များကို သက်ဆိုင်ရာ ဝန်ကြီးဌာနများ၏ အကူအညီဖြင့်လည်းကောင်း၊ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်၊ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်၊ အမျိုးသားစာကြည့်တိုက်တို့၏ အကူအညီဖြင့်လည်းကောင်း စုဆောင်းရရှိပါသည်။

ထိုသို့ ဝိုင်းဝန်းကူညီမှုများဖြင့် ပြုစုရေးသားရာတွင် အကြံပေးပုဂ္ဂိုလ်အဖြစ် သမိုင်းစဉ်မှုအစမှအဆုံးတိုင် ကြီးကြပ်စီမံလျက် တည်းဖြတ်ပေးသော အငြိမ်းစားအကြီးတန်း သုတေသနဒေါ်ကြန်အားလည်းကောင်း၊ စက်မှုလက်မှု သမိုင်းဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ကူညီကြသည့် ဝန်ကြီးဌာနများ၊ စာကြည့်တိုက်များ၊ တာဝန်ရှိ ပုဂ္ဂိုလ်များအားလည်းကောင်း ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်ပါသည်။

အမှတ် (၁) စက်မှုဝန်ကြီးဌာန

# နိဒါန်း

မြန်မာနိုင်ငံ စက်မှုလက်မှုလုပ်ငန်း သမိုင်းကို အပိုင်း ၅ ပိုင်းခွဲ၍ စတုတ္ထလေးနှစ် စီမံကိန်း ကာလ ပြီးဆုံးသည့် ၁၉၈၅-၈၆ ခုနှစ်အထိ ပြုစုရေးသားပြီးဖြစ်ပါသည်။ ၁၉၈၆-၈၇ ခုနှစ်မှ စတင်အကောင်အထည်ဖော်သော ပဉ္စမ လေးနှစ်စီမံကိန်းမှာ စက်မှုလက်မှုလုပ်ငန်း သမိုင်းကို စတင်ပြုစုချိန်က လုပ်ဆောင်စ လုပ်ဆောင်ဆဲဖြစ်သဖြင့် ခြွင်းချန်ထားခဲ့ပါသည်။

နိုင်ငံတော်အစိုးရ၏ နိုင်ငံရေး၊ စီးပွားရေး မူဝါဒများသည် အခြေအနေအရပ်ရပ် အကြောင်းအမျိုးမျိုးတို့ကြောင့် ၁၉၈၈ ခု စက်တင်ဘာလ ၁၈ ရက်နေ့မှစ၍ တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားခဲ့ရာ ဆိုရှယ်လစ်စီးပွားရေး မူဝါဒအပေါ် အခြေခံ၍ ရေးဆွဲအကောင်အထည် ဖော်ခဲ့သော နှစ်ရှည် အနှစ် ၂၀ စီးပွားရေးစီမံကိန်း၏ ပဉ္စမလေးနှစ် စီမံကိန်းသည်လည်း သက်တမ်းမကုန်ဆုံးမီကပင် တစ်ခန်းရပ်သွားလေသည်။ လက်တွေ့အားဖြင့် ပဉ္စမလေးနှစ် စီမံကိန်းဝင် စက်မှုလက်မှု စီမံကိန်းများကို ၁၉၈၆ ခုနှင့် ၁၉၈၇ ခုနှစ်များအတွင်းသာလျှင် အကောင်အထည်ဖော်နိုင်ခဲ့သည်။ ထိုအကောင်အထည် ဖော်နိုင်သမျှ စက်မှုကဏ္ဍကိုလည်း မှတ်တမ်းတင်ရန် လိုပါသည်။ သို့မှသာ နောက်ပိုင်း ဆက်လက်ပြောင်းလဲ ဆောင်ရွက်မှု များကို မှတ်တမ်းတင်ရာ၌ သမိုင်းကွင်းဆက် မိမည်ဖြစ်ပါသည်။

သို့ပါ၍ ပဉ္စမလေးနှစ် စီမံကိန်းကာလ အဓိကအားဖြင့် ၁၉၈၆-၈၇ ခုနှင့် ၁၉၈၇-၈၈ ခုနှစ်များအတွင်း စက်မှုလက်မှုလုပ်ငန်းများ၏ အခြေအနေကို မှတ်တမ်းတင်ရန် လက်လှမ်း မီသမျှ အထောက်အထားများကို ကိုးကား၍ အခန်းငယ် ၅ ခန်းခွဲကာ ပြုစုတင်ပြပါသည်။

## အခန်း ၁

# စက်မှုလက်မှု လုပ်ငန်းများ အခြေအနေ

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်သည် လယ်ယာစိုက်ပျိုးရေး နိုင်ငံအဖြစ်မှ လယ်ယာကိုအခြေခံသော စက်မှုလက်မှုနိုင်ငံ၊ ထိုမှတစ်ဆင့် တဖြည်းဖြည်း စက်မှုနိုင်ငံအဖြစ်သို့ ကူးပြောင်းနိုင်ရေးကို ဦးတည်လျက် အနှစ် ၂၀ ဆိုရှယ်လစ်စီးပွားရေး စီမံကိန်းတစ်ရပ် ရေးဆွဲချမှတ်ခဲ့သည်။ ဆိုရှယ်လစ်စီးပွားရေး မူဝါဒကို အခြေခံသော ထိုနှစ်ရှည်စီမံကိန်းကို နှစ်တိုလေးနှစ် စီမံကိန်း ၅ ခုဖြင့် ၁၉၇၁-၇၂ ခုနှစ်မှ စတင်အကောင်အထည်ဖော်ခဲ့ရာ ၁၉၈၅-၈၆ ခုနှစ်တွင် စတုတ္ထလေးနှစ် စီမံကိန်းကာလ ပြီးဆုံးသွားသည်။

စတုတ္ထလေးနှစ် စီမံကိန်းကာလ ပြီးဆုံးသည်အထိ စီမံကိန်းနှစ်များအတွင်း စက်မှုလက်မှုကဏ္ဍကို နိုင်ငံတော် စီးပွားတိုးတက်ရေးနှင့် တည်ငြိမ်ခိုင်မာရေးတို့အတွက် အဓိက တွန်းအားပေးကဏ္ဍအဖြစ် သတ်မှတ်လျက် စက်မှုကုန်ထုတ်စွမ်းအား တိုးတက်စေရန် စားဝတ်နေရေးဆိုင်ရာ စက်မှုလုပ်ငန်းကြီးငယ်များကို စီမံကိန်းချမှတ်ကာ ပြည်သူပိုင်အခန်းမှ ဦးဆောင်တည်ထောင် လုပ်ဆောင်သည်။ ထို့ကြောင့် စက်မှုလက်မှုလုပ်ငန်းများသည် အရှိန်အဟုန်ကောင်းစွာဖြင့် တိုးတက်ခဲ့သည်။ စက်ရုံ ဦးရေအားဖြင့်လည်းကောင်း၊ စားဝတ်နေရေးဆိုင်ရာ စက်ရုံ အမျိုးအစားအားဖြင့်လည်းကောင်း၊ ရှေးကထက် များပြားစုံလင်လာသည်။ သို့သော် စက်မှုလက်မှုကဏ္ဍတွင် တိုးတက်သည့်အပိုင်း ရှိသကဲ့သို့ အားနည်းချက် ပျော့ညံ့ချက် ဟာကွက်များလည်းရှိသည်။ ရည်မှန်းလျာထားချက် ပြည့်ဝအောင်မြင်မှု မရှိသည်ကိုလည်းကောင်း၊ စတုတ္ထလေးနှစ် စီမံကိန်းကာလ ပြီးဆုံးချိန် ၁၉၈၅-၈၆ ခုနှစ်တွင် နိုင်ငံတော်၏ စီးပွားရေး ကျဆင်းသည်ကိုလည်းကောင်း၊ စက်မှုကုန်ထုတ်တန်ဖိုး ကျဆင်း လျော့နည်းသည်ကိုလည်းကောင်း တွေ့မြင်ရသည်။ နိုင်ငံအတွင်းတွင်လည်း ပြည်ပမှ စားကုန် ဝတ်ကုန် သုံးကုန်များ နည်းအမျိုးမျိုးဖြင့် ဝင်ရောက်နေရာယူလာသဖြင့် စီးပွားရေးစင်ပြိုင် မှောင်ခိုဈေးကွက်

ကြီးထွားလျက်ရှိသည်။ ပြည်သူပိုင် စက်ရုံများသည် အကြောင်းအမျိုးမျိုးကြောင့် စက်စွမ်းအားပြည့် မလည်ပတ်နိုင်ကြချေ။ နိုင်ငံခြားငွေဖြင့် မတည်ရင်းနှီးမြှုပ်နှံထူထောင်ရသဖြင့် ကြွေးအတိုးအရင်း ပေးဆပ်နေရ၍ ကြွေးတင်နစ်နေကြသည်။ ထိုသို့သော အခြေအနေမျိုးတွင် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်၏စက်မှုလက်မှုကဏ္ဍသည် ပဉ္စမလေးနှစ်စီမံကိန်းကို ဆက်လက်အကောင်အထည်ဖော်ခဲ့သည်။

မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ၏ ပဉ္စမလေးနှစ် စီမံကိန်း လမ်းညွှန်မှုဘောင်အတွင်းမှ အဆင့်ဆင့် ညှိနှိုင်းရေးဆွဲထားသော ပဉ္စမလေးနှစ် စီမံကိန်း ရည်မှန်းချက်များကို ၁၉၈၆-၈၇ ခုနှစ်မှ စတင်အကောင်အထည်ဖော်သည်။ ၁၉၈၅-၈၆ ခုနှစ်သည် စတုတ္ထလေးနှစ် စီမံကိန်း၏ နောက်ဆုံးနှစ်ဖြစ်သကဲ့သို့ ပဉ္စမလေးနှစ် စီမံကိန်း၏ အခြေခံနှစ်လည်းဖြစ်သည်။ ပဉ္စမလေးနှစ် စီမံကိန်းကာလ၏ အဓိကရည်မှန်းချက်မှာ လယ်ယာစိုက်ပျိုးရေးနိုင်ငံမှ လယ်ယာစိုက်ပျိုးရေးကို အခြေခံသော စက်မှုလက်မှုနိုင်ငံ ဖြစ်လာစေရန်ဖြစ်၏။ ထို့ကြောင့် စက်မှုလက်မှုကဏ္ဍ၏ ထုတ်လုပ်မှုတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ရန်နှင့် ပြည်သူပိုင် စက်ရုံအလုပ်ရုံသစ်များ တည်ဆောက်ရာတွင် ပြည်ပပို့ကုန်ကို အထောက်အကူပြုနိုင်သည့် လုပ်ငန်းများနှင့် နိုင်ငံတော်အတွက် အကျိုးပြုနိုင်မည့် လုပ်ငန်းများကို ရွေးချယ်တည်ဆောက်ရန် လမ်းညွှန်မှုကို ခံယူလုပ်ဆောင်ကြရသည်။ ထို့ပြင် ရင်းနှီးမြှုပ်နှံမှု အသင့်အတင့်ဖြင့် အချိန်တိုကာလအတွင်း ကုန်ပစ္စည်းထုတ်လုပ်မှုပမာဏ အများဆုံးရရှိရန် သေချာသောလုပ်ငန်းများ၊ စက်ရုံများကို ရွေးချယ် တည်ဆောက်ကြရသည်။ စက်ရုံများသည် ပြည်ပကုန်ကြမ်းကို ပြည်တွင်းထွက်ကုန်ကြမ်းများဖြင့် အစားထိုး သုံးစွဲရန်လည်း ကြိုးပမ်းကြသည်။ အထူးသဖြင့် လယ်ယာသားငါး သစ်တော၊ သတ္တုကဏ္ဍများမှထွက်သော ကုန်ပစ္စည်းများကိုအခြေခံ၍ လူသုံးကုန်ချော ထုတ်လုပ်သော စက်ရုံအလုပ်ရုံများ၊ အရည်အသွေးကောင်းမွန်သော ပြည်ပပို့ကုန်ပစ္စည်းထုတ်လုပ်သောစက်ရုံများ၊ သွင်းကုန် အစားထိုးထုတ်လုပ်သော စက်ရုံများ၊ စက်အရန်ပစ္စည်း အပိုပစ္စည်းများ၊ ရင်းနှီးကုန်ပစ္စည်းများ ထုတ်လုပ်သော စက်ရုံများကို ဦးစားပေးအစီအစဉ်ဖြင့် ထူထောင်ရန်လည်း ချမှတ်လုပ်ဆောင်သည်။ စက်မှုနိုင်ငံအဖြစ် ထူထောင်ရေးအတွက် စက်မှုနည်းပညာ ရရှိရေးနှင့် စက်ရုံအလုပ်ရုံသစ်များ ရွေးချယ်တည်ဆောက်ရာတွင် နယ်မြေဒေသဖွံ့ဖြိုးရေးကို ပါထည့်သွင်းစဉ်းစား လုပ်ဆောင်ရန်လည်းရည်မှန်းသည်။ ထိုရည်မှန်းချက် သတ်မှတ်ချက်များကို အပြည့်အဝအကောင်အထည်ဖော်နိုင်ရန် သက်တမ်းကြာမြင့် ဟောင်းနွမ်းနေပြီဖြစ်သော၊ စီးပွားရေး တွက်ခြေမကိုက်သော ပြည်သူပိုင် စက်ရုံအလုပ်ရုံများကို လုပ်ငန်းသဘာဝတူရာအရ ပူးပေါင်းမှုများပြုလုပ်သည်။ ထို့အတူ ဆက်လက်လုပ်ကိုင်နိုင်ခြင်းမရှိသော စက်ရုံအလုပ်ရုံများ အသုံးမပြုသည့် စက်ရုံများ လုပ်ငန်းများကို စာရင်းမှ ပယ်ဖျက်ခြင်း ထုခွဲရောင်းချခြင်းများလည်း ပြုလုပ်သည်။

မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီမှ ချမှတ်ထားသော ဆိုရှယ်လစ်စီးပွားရေး မူဝါဒအရ နိုင်ငံတော်အတွင်း စီးပွားရေး လုပ်ငန်းကြီးများကို ပြည်သူပိုင် သမဝါယမနှင့် ပုဂ္ဂလိက အခန်းတို့မှ ခွဲဝေပိုင်ဆိုင်ကြသည်။ ထို့ကြောင့် စက်မှုလက်မှုလုပ်ငန်းကြီးငယ်များသည် ပြည်သူပိုင် သမဝါယမပိုင် ပုဂ္ဂလိကပိုင်ဟူ၍ သုံးမျိုးကွဲပြားသည်။ အဓိက စက်မှုလုပ်ငန်းများသည် လယ်ယာနှင့်သစ်တောထွက် ကုန်ပစ္စည်းများကို ကြိတ်ခွဲခြင်းနှင့် ရေနံချက်လုပ်ခြင်းဖြစ်သည်။ စက်ရုံအလုပ်ရုံများကို လုပ်ငန်းသဘောအရ စားသောက်ရေး၊ ဝတ်ဆင်ရေး၊ နေထိုင်ရေး လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေး၊ သတ္တုနှင့် ရေနံ၊ စိုက်ပျိုးရေးကိရိယာထုတ်လုပ်ရေး၊ စက်နှင့်စက်ပစ္စည်းကိရိယာ ထုတ်လုပ်ရေး၊ သယ်ယူပို့ဆောင်ရေး၊ အလုပ်ရုံနှင့် သဘောကျင်း၊ အထွေထွေ စက်မှုလက်မှုဟူ၍ ကဏ္ဍ ၁၁ ခု ခွဲထားသည်။ ပြည်သူပိုင် စက်မှုလက်မှု လုပ်ငန်းကြီးငယ်များကို အမှတ် (၁) စက်မှုဝန်ကြီးဌာနနှင့် စက်မှုကော်ပိုရေးရှင်းများ၊ အမှတ် (၂) စက်မှုဝန်ကြီးဌာနနှင့် စက်မှုကော်ပိုရေးရှင်းများ၊ စွမ်းအင်ဝန်ကြီးဌာန၊ လယ်ယာနှင့်သစ်တော ဝန်ကြီးဌာန၊ သတ္တုတွင်း ဝန်ကြီးဌာန၊ ကုန်သွယ်ရေး ဝန်ကြီးဌာန၊ သမဝါယမ ဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာန၊ ကာကွယ်ရေး ဝန်ကြီးဌာန ကာကွယ်ရေး ပစ္စည်းစက်ရုံများက အသီးသီးတာဝန်ယူ အကောင်အထည်ဖော်ကြသည်။

## စက်ရုံဦးရေ

ဆိုရှယ်လစ် စီးပွားရေး မူဝါဒအရ ပြည်သူပိုင်အခန်းက ဦးဆောင်နေသော်လည်း နိုင်ငံတော် စီးပွားရေး တိုးတက်တည်ငြိမ်မှု၊ ပုဂ္ဂလိကပိုင် အရင်းအနှီး တိုးတက်မြှုပ်နှံမှု၊ စက်မှုကုန်ထုတ်စွမ်းအား လျာထားချက် ပြည့်မီအောင်မြင်စေမှုတို့အတွက် သမဝါယမနှင့် ပုဂ္ဂလိက အခန်းတို့ကိုလည်း နိုင်ငံတော်က မူဝါဒအောင်အတွင်းမှ ပံ့ပိုးဆောင်ရွက်ပေးသည်။ ပုဂ္ဂလိကပိုင်ဆိုင်မှုဥပဒေနှင့် ကိုက်ညီသော ပုဂ္ဂလိက စက်မှုလက်မှုလုပ်ငန်းများကို အခြေတနေပေးသည်နှင့်အမျှ ပံ့ပိုးဆောင်ရွက်သည်။ ထို့ကြောင့် ပဉ္စမလေးနှစ် စီမံကိန်းကာလတွင် ပုဂ္ဂလိက စက်မှုလက်မှုလုပ်ငန်း ဦးရေလည်း တိုးတက်သည်။ နိုင်ငံတော်၏ စက်မှုကဏ္ဍ၌ စတုတ္ထလေးနှစ် စီမံကိန်းကာလ၏ နောက်ဆုံးနှစ်ဖြစ်၍ ပဉ္စမလေးနှစ် စီမံကိန်းကာလ၏ အခြေခံနှစ်လည်းဖြစ်သော ၁၉၇၅-၇၆ ခုနှစ်တွင် စက်ရုံအလုပ်ရုံ ကြီးငယ်ပေါင်း ၄၁၇၂ ရုံ ရှိရာမှ ပဉ္စမလေးနှစ် စီမံကိန်း၏ ပထမနှစ်ဖြစ်သော ၁၉၇၆-၇၇ ခုနှစ်တွင် စက်ရုံဦးရေသည် ၄၂၅၅ အထိ တိုးတက်သွားသည်။ စတုတ္ထလေးနှစ် စီမံကိန်းကာလတွင် မပြီးပြတ်သော ဆက်တည်ဆောက်ဆဲ စက်ရုံအချို့နှင့် တိုးချဲ့တည်ဆောက်သည့် စက်ရုံအချို့ ပြီးစီးလည်ပတ်နိုင်သောကြောင့်ဖြစ်သည်။ နိုင်ငံတော်အတွင်း စက်ရုံအလုပ်ရုံပေါင်း ၈၃ ရုံ ပိုလာသည်။

စက်ရုံအလုပ်ရုံ စုစုပေါင်းဦးရေသည် ပဉ္စမလေးနှစ် စီမံကိန်း၏ ဒုတိယနှစ်ဖြစ်သော ၁၉၇၇-၇၈ ခုနှစ်တွင် ၄၁၆၅ ရုံသို့ လျော့ကျသွားသည်။ ပြည်သူပိုင်အခန်းမှ လည်ပတ်ထုတ်လုပ်နိုင်သော စက်ရုံအလုပ်ရုံ ၄၆ ရုံ တိုးလာသော်လည်း ပုဂ္ဂလိကပိုင်အခန်းတွင် စက်ရုံ

အလုပ်ရုံပေါင်း ၈၄၂ ရုံလျော့နည်းသွားသဖြင့် လည်ပတ်ထုတ်လုပ်နိုင်သော စုစုပေါင်းစက်ရုံဦးရေတွင် ၇၉၆ ရုံ လျော့နည်းခြင်းဖြစ်သည်။ သမဝါယမပိုင် အခန်းကဏ္ဍတွင်မူ လည်ပတ်ထုတ်လုပ်လျက်ရှိသော စက်မှုလက်မှု လုပ်ငန်းဦးရေ ထူးခြားပြောင်းလဲမှုမရှိချေ။ ပဉ္စမလေးနှစ်စီမံကိန်းကာလ ပထမ၊ ဒုတိယနှစ်များရှိ လည်ပတ်ထုတ်လုပ်လျက် ရှိသောစက်ရုံအလုပ်ရုံဦးရေကို အခြေခံနှစ်ဖြစ်သော ၁၉၈၅-၈၆ ခုနှစ်နှင့် နှိုင်းယှဉ်လျှင် တိုးတက်မှုလျော့နည်းမှုကို အောက်ပါအတိုင်း တွေ့ရသည်—

| | မြည်သူပိုင် | သမဝါယမ | ပုဂ္ဂလိက | စုစုပေါင်း |
|---|---|---|---|---|
| ၁၉၈၅-၈၆ | ၁၇၆၃ | ၇၁၉ | ၃၉၂၃၉ | ၄၁၇၂၁ |
| ၁၉၈၆-၈၇ | ၁၈၃၄ | ၇၁၉ | ၃၉၉၀၁ | ၄၂၄၅၄ |
| ၁၉၈၇-၈၈ | ၁၈၈၀ | ၇၁၉ | ၃၉၀၅၉ | ၄၁၆၅၈ |

ပဉ္စမလေးနှစ် စီမံကိန်းကာလ ၁၉၈၇-၈၈ ခုနှစ်တွင် မြည်သူပိုင် စက်ရုံအလုပ်ရုံပေါင်း ၁၈၈၀ ရှိသည့်အနက် ၁၄၈ ရုံ သည် အမှတ် (၁) စက်မှုဝန်ကြီးဌာနရှိ စက်မှုကော်ပိုရေးရှင်းပိုင် စက်ရုံများဖြစ်သည်။ ကော်ပိုရေးရှင်းအလိုက် ခွဲခြားလျှင် စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း ကော်ပိုရေးရှင်းတွင် စက်ရုံ ၉ ရုံရှိသည်။ ထိုစက်ရုံ ၉ ရုံမှ စာရေးစက္ကူ၊ ပုံနှိပ်စက္ကူ၊ မိတ္တူကူးစက္ကူ၊ ပိုစကတ်စက္ကူ၊ ထုပ်ပိုးစက္ကူညို၊ ကုန်ထုပ်စက္ကူ၊ ဝါးပျော့ဖတ်ချပ်၊ သစ်သားမီးခြစ်၊ ဘက်ထရီ၊ စက်မှု/စက်ရုံသုံး အောက်စီဂျင်ဓာတ်ငွေ့၊ နိုက်ထြိုဂျင်ဓာတ်ငွေ့၊ အက်စီတလင်းဓာတ်ငွေ့၊ ကော်စတစ်ဆိုဒါ၊ ကလိုရင်းဓာတ်ငွေ့၊ ဟိုက်ဒရိုကလိုရစ်အက်စစ်၊ ဆာလ်ဖြူရစ်အက်စစ်၊ ဓာတ်ဆပ်ပြာရည်၊ ချေး ချွတ်ပေါင်ဒါ၊ အရောင်ချွတ်ဓာတ်မှုန့်၊ ပီစီစီ မြေဖြူမှုန့်၊ ခဲနီမှုန့်၊ ရှာလကာရည်၊ စားပွဲတင်ဆား၊ မဖောက်တုံး၊ မြေဖြူခဲ၊ ရာဘာဆိုလ်း ဖြား၊ ဆန်စက်သုံး ရာဘာဘရိတ်တုံး၊ သဘော်ဆေးအမျိုးမျိုး၊ သင်နှာ၊ အရောင်တင်ဆီ မီးနီ၊ ချိပ်၊ သားရေတု၊ ဆပ်ပြာခွက်၊ သွားပွတ်တံ၊ ပလတ်စတစ်အိတ်၊ ဘီး စသည်တို့ကို ထုတ်လုပ်သည်။

ဂုန်လျှော်ပစ္စည်းလုပ်ငန်း ကော်ပိုရေးရှင်း၌ စက်ရုံ ၁၃ ရုံသည် ဂုန်လျှော်၊ ဂုန်နီဖျင်ပါး၊ ဂုန်နီကော်ဇော၊ ဂုန်နီအိတ်၊ ဂုန်နီပတ္တူဖျင်၊ ဂုန်နီကြိုးနှင့် အုန်းဆံကြိုးများကို ထုတ်လုပ်သည်။ အလားတူပင် ကျွန်နှင့်နွား ဘလူး ကမ်းသားရေ၊ ဆိုလ်းသားရေ၊ ဆိတ်နှင့်သိုးသားရေ

သားရေထည်ပစ္စည်း၊ သားရေဖိနပ်၊ ရက်ကန်းသုံးသားရေသီးနှင့် သားရေကွင်း၊ လုပ်ငန်းသုံး လက်အိတ်၊ ကင်းဘတ်ဖိနပ်၊ တာယာသန်းတင်၊ ပုံသွင်းရောဘာ၊ ဖုံးရောဘာ၊ ကော်ရောဘာ၊ ဘဲမွေး၊ ကြက်တောင်၊ ဘောလုံး၊ ဖောင်တိန်၊ ဘောပင်၊ စာရေးမင်၊ တံဆိပ်ရိုက်မင်၊ ထီး၊ အားကစားပိုက်၊ ထုပ်ပိုးသေတ္တာတို့ကို အထွေထွေ စက်မှုလုပ်ငန်း ကော်ပိုရေးရှင်း စက်ရုံ ၁၄ ရုံက ထုတ်လုပ်သည်။

အမှတ်(၁) စက်မှု ဝန်ကြီးဌာန ကြွေထည်မြေထည် လုပ်ငန်း ကော်ပိုရေးရှင်းတွင် စက်ရုံ ၁၆ ရုံရှိသည်။ ထိုစက်ရုံများမှ ကြွေပန်းကန်မျိုးစုံ၊ ရေအိမ်သုံး ကြွေထည်၊ မီးခံကြွေထည်၊ အိမ်သုံး ဖန်ထည်ပစ္စည်း၊ ပုလင်း၊ မှန်၊ ကျောက်ပြား ကျောက်တုံး၊ ဘိလပ်မြေ၊ အုတ်၊ မီးခံအုတ်၊ ဘိလပ်မြေ မျက်နှာကျက်ပြား၊ ဘိလပ်မြေ အမိုးပြား၊ ကွန်ကရိပိုက် စသည့် သုံးကုန်ပစ္စည်းများ ထုတ်လုပ်လျက် နိုင်ငံအတွင်း လိုအပ်ချက်ကို ဖြည့်ဆည်းပေးသည်။ အလားတူပင် သတ္တုပစ္စည်းလုပ်ငန်း ကော်ပိုရေးရှင်းပိုင် စက်ရုံ ၅ ရုံမှ သံချောင်း၊ သံပြား၊ အိမ်ရိုက်သံ၊ သွပ်ဆူးကြိုး၊ ဒန်သတ္တုပစ္စည်း၊ ကြေးရည်သုတ်ပစ္စည်း စသည်တို့ကို ထုတ်လုပ်ပေးသည်။

ပြည်သူပိုင် စက်ရုံအလုပ်ရုံများသည် ချမှတ်ထားသော ဆိုရှယ်လစ် စီးပွားရေး မူဝါဒအရ ပြည်ပသွင်းကုန် ပစ္စည်းများကို အစားထိုးနိုင်ရန် ရည်မှန်း၍ ကြိုးပမ်း ထုတ်လုပ်ကြသည်။ ထိုရည်မှန်းချက်ကို တတ်နိုင်သမျှ ပြည့်ဝအောင် ဖြည့်ဆည်းပေးရေးကို ရှေးရှု၍ ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း ကော်ပိုရေးရှင်း လက်အောက်ရှိ စက်ရုံအလုပ်ရုံ ၁၄ ရုံမှ ဆေးပြား၊ ဆေးရည်ဆေးမှုန့်၊ လိမ်းဆေး၊ ထိုးဆေး၊ ကပ်ရောဂါ ကာကွယ်ကုသဆေး၊ အရက်ပြန်နှင့် တွဲဖက်ပစ္စည်း၊ ဆေးဝါးကုန်ကြမ်း၊ ဆပ်ပြာ၊ ပလတ်စတစ်ပြား၊ ရေပိုက်မာ၊ ရေပိုက်ပျော့၊ ပုံသွင်းပလတ်စတစ်ပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ အိမ်သုံးဆေးပစ္စည်း၊ အလှကုန်ပစ္စည်း၊ လျှပ်စစ်ဓာတ်ကြိုးများ၊ * ဆီခဲ၊ ဆီမဲ၊ စတီးယားရစ် အက်စစ် စသည်တို့ကို ထုတ်လုပ်သည်။

အမှတ် (၁) စက်မှုဝန်ကြီးဌာန လက်အောက်ရှိ စက်ရုံအလုပ်ရုံများတွင် စားသောက်ကုန်လုပ်ငန်းဆိုင်ရာ စက်ရုံအလုပ်ရုံမှာ ဦးရေအများဆုံးဖြစ်သည်။ စားသောက်ကုန်လုပ်ငန်း ကော်ပိုရေးရှင်းက တာဝန်ယူလျက် လည်ပတ် ထုတ်လုပ်နေသော စက်ရုံပေါင်း ၄၂ ရုံရှိသည်။ ထိုစက်ရုံများမှ သကြား၊ တင်လဲရည်၊ ဘီစကွတ်၊ သကြားလုံး၊ ဘီယာ၊ အရက်၊ စားသုံးဆီ၊ ဆီခဲ၊ ဆီသန့်၊ ခေါက်ဆွဲ၊ မြူစွမ်း၊ ပဲငံပြာရည်၊ ရှာလကာရည်၊ စီးကရက်၊ ဗာဂျီးနီးယားဆေး၊ ကော်ဖီ၊ လက်ဖက်ခြောက်၊ စည်သွတ်ဘူး အမျိုးမျိုး၊ ဘိလပ်ရည်၊ ဖျော်ရည်၊ ရေခဲ၊ ပီလောပိန်ကော်မှုန့်၊ တိရစ္ဆာန်အစာ၊ ကျောက်ကျော၊ အချိုမှုန့် စသည်တို့ ထုတ်လုပ်သည်။

ဝတ်ဆင်ရေးဆိုင်ရာတွင် အထည်အလိပ် ထုတ်လုပ်ရေး လုပ်ငန်းသည် အရေးကြီးသည်။ ပြည်တွင်း လိုအပ်ချက်ကို ပြည့်ဝအောင် ဖြည့်ဆည်းနိုင်မှသာ ပြည်ပကို အားကိုးနေရမှု လျော့နည်းကာ ပြည်ပသွင်းကုန် အဝတ်အထည်များကို အစားထိုးနိုင်မည် ဖြစ်ပေသည်။ အထည်အလိပ် လုပ်ငန်း ကော်ပိုရေးရှင်း လက်အောက်တွင် အထည်အလိပ်ဆိုင်ရာ စက်ရုံကြီး ငယ်ပေါင်း ၃၅ ရုံရှိသည်။ ထိုစက်ရုံများမှ ဝါဂွမ်း၊ ဆေးဂွမ်း၊ ဆေးပတ်တီး၊ ဆေးဝတ် ချည်မျှင်၊ ပိတ်၊ ဆေးဆိုးထည်၊ ပန်းရိုက်ထည်၊ လုံချည်၊ စွပ်ကျယ်၊ ခြေအိတ်၊ စောင်၊ အိပ်ယာခင်း မျက်နှာသုတ်ပဝါ၊ ခန်းဆီးဖျင်၊ ချုပ်ပြီးအထည်၊ ပိုးချည်ခင်၊ အပ်ချည်လုံး၊ မိုးရေကာဖျင် စသည်တို့ကို ထုတ်လုပ်သည်။ သို့သော် ပြည်တွင်း လိုအပ်ချက်ကို ပြည့်မီအောင် ဖြည့်ဆည်းနိုင်ခြင်း မရှိချေ။

ပဉ္စမလေးနှစ် စီမံကိန်းကာလ၏ ပထမနှစ်ဖြစ်သော ၁၉၈၆-၈၇ ခုနှစ်တွင် အမှတ် (၂) စက်မှုဝန်ကြီးဌာန၊ အကြီးစား စက်မှုလုပ်ငန်း ကော်ပိုရေးရှင်းလက်အောက်၌ စက်ရုံ ၆ ရုံ ရှိသည်။ အမှတ် (၁) စက်ရုံသည် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ်တွင် တည်ရှိသည်။ အကြီးစားယာဉ်များ၊စက်ထီးများ၊ရေဒီယို၊ ရုပ်မြင်သံကြားဖမ်းစက်၊ ဂဏန်းတွက်စက်၊ ဓာတ်ခဲ၊မီးသီး မီးချောင်းနှင့် အိမ်သုံး လျှပ်စစ်ပစ္စည်းများ၊ လျှပ်စစ်တပ်ဆင်ရေး တန်ဆာပလာများ၊ ဇွန်း ခရင်း၊ ဓားနှင့် မုတ်ဆိတ်ရိတ်ဓား၊ ဖယောင်းတိုင်စက်၊ မူလီနှင့် ဇာဝီများ ထုတ်လုပ်သည်။ မင်းလှမြို့ မလွန်ရှိ အမှတ် (၂) စက်ရုံမှ ဒီဇယ် လယ်ထွန်စက်နှင့် နောက်တွဲယာဉ်များ၊ ဒီဇယ် လယ်ထွန်စက်အင်ဂျင်၊ ဂီယာ၊ နောက်တွဲယာဉ် အစိတ်အပိုင်းများ၊ ဒီဇယ်အင်ဂျင်မောင်း အမြင့်တင် ရေစုပ်စက်၊ ဓာတ်ခဲ၊ ဒီဇယ်အင်ဂျက်ရှင်းပန့်နှင့် နော်ဇယ်များ ထုတ်လုပ်သည်။ ထို့အတူ ပန်းတောင်းမြို့ ဆင်တဲရှိ အမှတ် (၃) စက်ရုံမှ ရေစုပ်စက်၊ လယ်ထွန်စက်၊ စပါးအရေခွံခြွေစက်၊ စပါးအခွံချွတ်စက်၊ ပိုးသတ်ဆေးဖျန်းကိရိယာ၊ လယ်ယာသုံး ကိရိယာများ၊ ပေါက်ပြား၊ ပေါက်ချွန်း၊ ဂေါ်ပြား၊ လျှပ်စစ်မီတာ၊ လျှပ်စစ်ပန်ကာ၊ ဓာတ်ပြား လက်နှိပ်ဓာတ်မီး၊ စက်ဘီးဒိုင်နမို၊ အိမ်သုံးလျှပ်စစ်ပစ္စည်းများ၊ ဒီဇယ်အင်ဂျင်နှင့် သွန်းလောင်းသံပစ္စည်းများ၊ လျှပ်စစ်မော်တာ၊ ဒီဇယ်အင်ဂျင်အတွက် သံကြွပ်နှင့်ပြုလုပ်သော သံပုံသွင်းပစ္စည်းများ၊ သွန်းလောင်းသံပစ္စည်း၊ သံဂဟေချောင်းများ ထုတ်လုပ်သည်။

ပန်းတောင်းမြို့နယ်၊ ထုံးဘိုတွင်ရှိသော အမှတ် (၄) စက်ရုံသည် ၆၀၀ စီစီအပေါ့စား ယာဉ်များ၊ ပင်စတင်နှင့် ပင်စတင်ကွင်းများ၊ ၂၀၀၀ စီစီ မော်တော်ယာဉ်များ၊ ၂ တန် ဝန်တင်မော်တော်ယာဉ်၊ ဓာတ်ဆီအင်ဂျင်၊ မြင်းကောင်ရေ ၁၄၀ အားရှိ ဒီဇယ်အင်ဂျင်နှင့် ဘက်ထရီအိုးများ ထုတ်လုပ်သော စက်ရုံဖြစ်သည်။ ပန်းတောင်းမြို့နယ်၊ ညောင်ခြေတောက် တွင်တည်ရှိသော အမှတ် (၅) စက်ရုံသည် တွင်ခုံ၊ ကြိတ်စက်၊ ဖောက်ခုံ၊ ရွှေဘော်ခုံ၊

မဝင်ရပ်ဖောက်စက်၊ ဖြတ်စက်၊ လျှပ်စစ်ဂဟေဆော်စက်၊ ပိုက်ထိုးလျှော့စက်တို့ကို ထုတ်လုပ်သော စက်ရုံဖြစ်သည်။ အမှတ် (၆) စက်ရုံသည် သထုံမြို့ ကြာပန်းရွာတွင် တည်ရှိသည်။ ထိုစက်ရုံမှ မော်တော်ယာဉ်ကြီးငယ်၊ တာယာနှင့် ကျွတ်၊ စက်ဘီးတာယာနှင့် ကျွတ်၊ လယ်ယာသုံး စက်ပစ္စည်း တာယာနှင့် ကျွတ်၊ စက်မှုသုံး ရာဘာပစ္စည်းများ၊ ဖလက်အမျိုးမျိုးတို့ကို ထုတ်လုပ်သည်။

အမှတ် (၂) စက်မှုဝန်ကြီးဌာန၊ အကြီးစား စက်မှုလုပ်ငန်း ကော်ပိုရေးရှင်း လက်အောက်ရှိဖော်ပြပါ စက်ရုံ ၆ ရုံသည် သမားရိုးကျ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ချီတက်ရေးတွင် အဓိကကျသော အခန်းမှ ပါဝင်နေပေသည်။ စက်မှုလယ်ယာသုံး ပစ္စည်းကိရိယာများ ထုတ်လုပ်ပေးနိုင်ခြင်း၊ မော်တော်ယာဉ်ကြီးငယ်များထုတ်လုပ်နိုင်ခြင်းတို့ဖြင့် နိုင်ငံတော်၏ ခေတ်မီတိုးတက်ရေးကို တစ်တပ်တစ်အား ပါဝင်ဦးဆောင်နေပေသည်။ ဒေးကုန် ထက်ကုန် သုံးကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရန် လိုအပ်သကဲ့သို့ စက်များ၊ စက်ပစ္စည်းကိရိယာများ စက်အစိတ်အပိုင်းများ ထုတ်လုပ်ရေးသည်လည်း အရေးကြီးပေသည်။ ထိုလုပ်ငန်းများကို စက်ပစ္စည်းစက်ရုံအမှတ် (၁)၊ စက်ပစ္စည်းစက်ရုံ အမှတ် (၂) နှင့် စက်ပစ္စည်းစက်ရုံ အမှတ် (၃) တို့က လုပ်ဆောင် ဖြည့်ဆည်းပေးကြသည်။ စက်ပစ္စည်းစက်ရုံ အမှတ် (၁) လိုင်သည် သံမဏိရိုးသုံးဗိုရို၊ မီးခံသေတ္တာ၊ ကတ္တား၊ သံရည်ကျိုပစ္စည်းများ၊ လက်တွန်းလှည်း၊ ခါးပတ်ခေါင်း စသည်တို့ကိုထုတ်လုပ်သည်။ မရမ်းကုန်းမြို့နယ်ရှိ စက်ပစ္စည်းစက်ရုံ အမှတ် (၂) မှ ဆန်စက်၊ ဆန်စက်အရန်ပစ္စည်း၊ မှုလီတိုင်၊ မှုလီခေါင်း၊ သံရည်ကျိုပစ္စည်းများထုတ်လုပ်၍ စက်ပစ္စည်းစက်ရုံအမှတ် (၃) အင်းစိန်မှ ဆေးရုံသုံး ပရိဘောဂများ၊ ရုံးသုံးသံဗီရို၊ မီးသတ်ဆေးဘူး၊ စက်အရန်ပစ္စည်း၊ သံရည်ကျိုပစ္စည်း၊ မိုးပြဒယ်များ၊ ထယ်အမျိုးမျိုး၊ မှုလီတိုင် မှုလီခေါင်း၊ သစ်သားစုပ်ဝက်အူနှင့် သံပတ္တာ စသည်တို့ကို ထုတ်လုပ်သည်။

## မြည်သူပိုင်စက်ရုံ အလုပ်ရုံများ

အမှတ် (၁) စက်မှုဝန်ကြီးဌာန၊ အမှတ် (၂) စက်မှုဝန်ကြီးဌာနနှင့် အခြားဝန်ကြီးဌာနများရှိ ပြည်သူပိုင်စက်ရုံ အလုပ်ရုံများကို စားသောက်ရေး၊ ဝတ်ဆင်ရေး၊ နေထိုင်ရေးဆိုင်ရာ စသည်ဖြင့် ၁၃ မျိုးခွဲခြားထားသည်။ ထိုသို့ခွဲခြားထားရာ၌ ကုန်ကြမ်းပစ္စည်းထုတ်လုပ်ရေးကဏ္ဍတွင် လုပ်ငန်းအများဆုံးရှိကြောင်း တွေ့ရသည်။ အခြေခံနှစ်ဖြစ်သော ၁၉၈၅-၈၆ ခုနှစ်တွင် ကုန်ကြမ်းပစ္စည်းထုတ်လုပ်ရေးလုပ်ငန်း ၉၀၅ ရှိပြီး ပဉ္စမလေးနှစ် စီမံကိန်း၏ ပထမနှစ်ဖြစ်သော ၁၉၈၆-၈၇ ခုနှစ်တွင် ၉၆၁၊ ဒုတိယနှစ်ဖြစ်သော ၁၉၈၇-၈၈ ခုနှစ်တွင် ၉၉၈ ရှိသည်။ ဒုတိယအများဆုံးလုပ်ငန်းမှာ အလုပ်ရုံနှင့် သင်္ဘောကျင်းလုပ်ငန်းဖြစ်၏။ စတုတ္ထလေးနှစ်စီမံကိန်းကာလမှ ပဉ္စမလေးနှစ် စီမံကိန်းကာလအထိ ထူးခြားပြောင်းလဲမှုမရှိဘဲ လုပ်ငန်းပေါင်း ၉၀၅ ခုရှိနေပေသည်။

စားဝတ်နေရေးဆိုင်ရာ ပြည်သူပိုင်စက်ရုံ အလုပ်ရုံများတွင် စားသောက်ရေးဆိုင်ရာပစ္စည်းများထုတ်လုပ်သော စက်ရုံအလုပ်ရုံမှာ တတိယအများဆုံးဖြစ်၏။ အခြေခံနှစ်ဖြစ်သော ၁၉၇၅-၇၆ ခုနှစ်တွင် စားသောက်ရေးဆိုင်ရာ စက်မှုလက်မှု လုပ်ငန်းပေါင်း ၂၄၄ ရှိရာမှ ပဥ္စမလေးနှစ် စီမံကိန်းကာလ ၁၉၇၆-၇၇ ခုနှစ်တွင် ၂၅၅ ရုံ၊ ၁၉၇၇-၇၈ ခုနှစ်တင် ၂၅၈ ရုံ အထိ တိုးတက်ခဲ့သည်။ နိုင်ငံအတွင်းလိုအပ်သော ဝတ်ဆင်ရေးဆိုင်ရာ ပစ္စည်းများကို ဝတ်ဆင်ရေးဆိုင်ရာ ပြည်သူပိုင် စက်ရုံအလုပ်ရုံ ၆၆ ရုံမှ ဖြည့်ဆည်းပေးသည်။ ကုန်ပစ္စည်းအမျိုးအစားနှင့် ထုတ်လုပ်မှုပမာဏမှာ ပြည်တွင်းလိုအပ်ချက်ကို ပြည့်ဝအောင် ဖြည့်ဆည်းနိုင်ခြင်းမရှိချေ။ ပြည်ပသွင်းကုန် အစားထိုးနိုင်ရန် ရည်မှန်းချက်နှင့် များစွာအလုပ်ဝေးလျက်ရှိနေသေးသည်။ စိုက်ပျိုးရေး အဓိကနိုင်ငံဖြစ်သော်လည်း စိုက်ပျိုးရေးကိရိယာ ထုတ်လုပ်ပေးသော စက်ရုံအလုပ်ရုံ ၃ ရုံသာရှိသည်။ စက်မှုနိုင်ငံထူထောင်နိုင်ရေးကို ရှေးရှုလုပ်ဆောင်နေသော်လည်း စက်နှင့်စက်ပစ္စည်းကိရိယာ ထုတ်လုပ်နိုင်သော စက်ရုံအလုပ်ရုံငယ် ၇ ရုံသာရှိသည်။ စက်ကြီးများ၊ စက်အရန်ပစ္စည်းကြီးငယ်များ လုံလောက်အောင် ထုတ်လုပ်ပေးနိုင်စွမ်းမရှိသေးပေ။ ပြည်သူပိုင် စက်ရုံအလုပ်ရုံများကို ကဏ္ဍ ၁၃ မျိုးအလိုက် ခွဲခြားလျှင် အောက်ပါအတိုင်း တွေ့မြင်ရသည်—

| | ၁၉၇၅-၇၆ | ၁၉၇၆-၇၇ | ၁၉၇၇-၇၈ |
|---|---|---|---|
| ၁။ စားသောက်ရေး .... .... | ၂၄၄ | ၂၅၅ | ၂၅၈ |
| ၂။ ဝတ်ဆင်ရေး .... .... | ၆၅ | ၆၅ | ၆၆ |
| ၃။ နေထိုင်ရေး .... .... | ၁၃၄ | ၁၃၆ | ၁၃၉ |
| ၄။ လူသုံးကုန်ပစ္စည်း .... .... | ၁၈ | ၁၈ | ၁၈ |
| ၅။ အိမ်သုံးကုန်ပစ္စည်း .... .... | ၁၄ | ၁၄ | ၁၄ |
| ၆။ ပုံနှိပ်နှင့် စာအုပ်ထုတ်ဝေရေး .... | ၂၈ | ၂၈ | ၂၈ |
| ၇။ ကုန်ကြမ်းပစ္စည်း .... .... | ၉၀၅ | ၉၆၀ | ၉၉၈ |
| ၈။ သတ္တုနှင့် ရေနံထွက်ကုန်ပစ္စည်း .... | ၂၄ | ၂၆ | ၂၇ |
| ၉။ စိုက်ပျိုးရေးကိရိယာ .... | ၃ | ၃ | ၃ |
| ၁၀။ စက်နှင့် စက်ပစ္စည်းကိရိယာ .... | ၇ | ၇ | ၇ |
| ၁၁။ သယ်ယူပို့ဆောင်ရေး .... | ၅ | ၅ | ၅ |
| ၁၂။ အလုပ်ရုံနှင့် သင်္ဘောကျင်း .... | ၃၀၅ | ၃၀၅ | ၃၀၅ |
| ၁၃။ အထွေထွေ .... | ၁၁ | ၁၁ | ၁၂ |
| | ၁၇၆၃ | ၁၈၃၄ | ၁၈၈၀ |

## သမဝါယမပိုင်နှင့် ပုဂ္ဂလိကပိုင် စက်ရုံအလုပ်ရုံများ

ဆိုရှယ်လစ်စီးပွားရေး မူဝါဒအရ စက်မှုလက်မှုလုပ်ငန်းများကို လုပ်ပိုင်ခွင့် ခွဲဝေသတ်မှတ်ထားရာတွင် သမဝါယမနှင့် ပုဂ္ဂလိက အခန်းကဏ္ဍတို့သည် အလုပ်ရုံနှင့် သဘောကျင်းလုပ်ငန်းကို လုပ်ပိုင်ခွင့်မရကြချေ။ ထို့ကြောင့် သမဝါယမနှင့် ပုဂ္ဂလိကအခန်းတွင် စက်မှုလက်မှုလုပ်ငန်း အမျိုးအစား ၁၂ မျိုးသာရှိသည်။ သမဝါယမနှင့် ပုဂ္ဂလိက အခန်းတို့မှာလည်း စားသောက်ရေးဆိုင်ရာ၊ ဝတ်ဆင်ရေးဆိုင်ရာနှင့် နေထိုင်ရေးဆိုင်ရာ ကုန်ပစ္စည်းများ ထုတ်လုပ်သောစက်မှုလက်မှု လုပ်ငန်းများကို အများဆုံးတည်ထောင်ကြသည်။ ပဉ္စမလေးနှစ် စီမံကိန်းကာလ ၁၉၈၆ - ၈၇ ခုမှ ၁၉၈၇-၈၈ ခုနှစ်များအတွင်း သမဝါယမပိုင် စားသောက်ရေးဆိုင်ရာ စက်မှုလက်မှုလုပ်ငန်းပေါင်း ၃၆၅၊ ဝတ်ဆင်ရေးဆိုင်ရာ ၁၅၂ နှင့် နေထိုင်ရေးဆိုင်ရာ စက်မှုလက်မှုလုပ်ငန်း ၁၁၀ ရှိသည်။ အခြေခံနှစ်ဖြစ်သော ၁၉၈၇-၈၆ ခုနှစ်နှင့် နှိုင်းယှဉ်လျှင် ဝတ်ဆင်ရေးဆိုင်ရာတွင် လုပ်ငန်း ၂ ခု တိုးလာခြင်းမှအပ ထူးခြားပြောင်းလဲမှုမရှိချေ။ သမဝါယမပိုင် စက်ရုံအလုပ်ရုံဦးရေမှာ စုစုပေါင်း ၇၁၉ ရုံရှိသည်။ ပုဂ္ဂလိက စက်မှုလက်မှုလုပ်ငန်းများတွင်လည်း စားသောက်ရေးဆိုင်ရာလုပ်ငန်းမှာ အများဆုံးဖြစ်သည်။ ပုဂ္ဂလိက ကုန်ကြမ်းပစ္စည်း ထုတ်လုပ်ရေးလုပ်ငန်းမှာ တစ်ထောင်ငါးရာကျော်ရှိ၍ အထွေထွေစက်မှုလက်မှုလုပ်ငန်းကလေးများမှာ လေးထောင်ကျော် ငါးထောင်နီးပါးမျှရှိသည်။ ပုဂ္ဂလိကပိုင် စက်ရုံအလုပ်ရုံဦးရေသည် ၁၉၈၆-၈၇ ခုနှစ်အတွင်းက စုစုပေါင်း ၃၉၉၀၁ ရှိ၍ ၁၉၈၇ - ၈၈ ခုနှစ်တွင် ၃၉၀၅၉ သာရှိသဖြင့် စက်ရုံအလုပ်ရုံပေါင်း ၈၄၂ ရုံလျော့နည်းသွားသည်။ သို့သော် ပြည်သူတို့၏ စားဝတ်နေရေးဆိုင်ရာ လိုအပ်ချက်များကို ပုဂ္ဂလိကလုပ်ငန်းများက လုပ်ပိုင်ခွင့်ဘောင်အတွင်းမှ တတ်အားသမျှ ပါဝင်ဖြည့်ဆည်းကြကြောင်း ထင်ရှားသည်။ ပဉ္စမလေးနှစ်စီမံကိန်းကာလအတွင်း သမဝါယမနှင့် ပုဂ္ဂလိက စက်ရုံအလုပ်ရုံဦးရေကို လုပ်ငန်းအမျိုးအစားအလိုက်ခွဲခြားလျှင် အောက်ပါအတိုင်းတွေ့ရသည်။

| | | ၁၉၈၆-၈၇ | | ၁၉၈၇-၈၈ | |
|---|---|---|---|---|---|
| | | သမဝါယမ | ပုဂ္ဂလိက | သမဝါယမ | ပုဂ္ဂလိက |
| စားသောက်ရေး | .... | ၃၆၅ | ၁၃၃၅၉ | ၃၆၅ | ၁၃၁၅၈ |
| ဝတ်ဆင်ရေး | .... | ၁၅၂ | ၉၄၁၀ | ၁၅၂ | ၇၈၉၀ |
| နေထိုင်ရေး | .... | ၁၁၀ | ၁၅၃၇ | ၁၁၁ | ၁၆၂၈ |
| လူသုံးကုန်ပစ္စည်း | .... | ၁၂ | ၅၁၀၄ | ၁၂ | ၅၃၁၃ |
| အိမ်သုံးကုန်ပစ္စည်း | .... | ၂၀ | ၁၁၁၃ | ၂၀ | ၁၁၆၁ |
| ပုံနှိပ်နှင့်စာအုပ်ထုတ်ဝေရေး | .... | | ၉၉ | .... | ၁၁၅ |

| | | ၁၉၈၆-၈၇ | | ၁၉၈၇-၈၈ | |
|---|---|---|---|---|---|
| | | သမဝါယမ | ပုဂ္ဂလိက | သမဝါယမ | ပုဂ္ဂလိက |
| ကုန်ကြမ်းပစ္စည်း | .... | ၇ | ၁၅၆၁ | ၇ | ၁၆၄၄ |
| သတ္တုနှင့်ရေနံထွက်ကုန် | .... | ၁၀ | ၃၀၂၄ | ၁၀ | ၃၂၁၁ |
| စိုက်ပျိုးရေးကိရိယာ | .... | .... | ၇ | .... | ၇ |
| စက်နှင့် စက်ပစ္စည်းကိရိယာ | .... | .... | ၅ | .... | ၅ |
| သယ်ယူပို့ဆောင်ရေး | .... | ၇ | ၇၂၄ | ၇ | ၂၄၇ |
| အထွေထွေ | .... | ၃၆ | ၄၄၅၈ | ၃၆ | ၄၇၁၁ |
| | | ၇၁၉ | ၃၉၉၀၁ | ၇၁၉ | ၃၉၀၅၉ |

**အလုပ်သမားဦးရေအလိုက် ခွဲခြားထားသော စက်မှုလက်မှုလုပ်ငန်းများ**

ဆိုရှယ်လစ်စီးပွားရေး နှစ်ရှည် စီမံကိန်းကာလတစ်လျှောက်တွင် ပြည်သူပိုင် အခန်းကဏ္ဍက ဦးဆောင်နေသော်လည်း စက်မှုလက်မှုလုပ်ငန်း ဦးရေအားဖြင့်သော် ပုဂ္ဂလိကပိုင် အခန်းက အများဆုံးဖြစ်သည်။ သို့သော် ပုဂ္ဂလိက စက်မှုလက်မှုလုပ်ငန်းများသည် လုပ်ငန်းငယ်များသာဖြစ်ကြသည်။ အလုပ်သမား ၁၀ ယောက်အောက် ပါဝင်လုပ်ကိုင်သော အိမ်တွင်းမိသားစု လုပ်ငန်းကများသည်။ စက်ကြီးစက်ငယ်များကို အသုံးပြုနိုင်မှုနည်းသဖြင့် လုပ်သားအင်အားကို အများဆုံးအသုံးပြုသော စက်မှုလက်မှု လုပ်ငန်းများဖြစ်သည်။

စက်ရုံအလုပ်ရုံများ၏ အရွယ်အစားကို ပါဝင်လုပ်ကိုင်သော အလုပ်သမားဦးရေနှင့် ပိုင်းဖြတ်ရလျှင် အခြေခံနှစ်ဖြစ်သော ၁၉၈၅-၈၆ ခုနှစ်အတွင်းက အလုပ်သမား ၁၀ ယောက်အောက် ပါဝင်သော ပြည်သူပိုင် စက်ရုံအလုပ်ရုံပေါင်း ၉၂၆ ရုံ၊ အလုပ်သမား ၁၀ ယောက်မှ ၅၀ အထိပါဝင်သော စက်ရုံအလုပ်ရုံ ၂၄၆ ရုံရှိသည်။ စက်ရုံအလုပ်ရုံပေါင်း ၁၄၅ ရုံတွင် လုပ်သား ၅၁ မှ ၁၀၀ အထိပါဝင်၍ အလုပ်သမား ၁၀၀ အထက်ပါဝင်သော ပြည်သူပိုင် စက်ရုံပေါင်း ၄၄၆ ရုံရှိလေသည်။ ပဉ္စမလေးနှစ် စီမံကိန်းကာလ ပထမနှစ်နှင့် ဒုတိယနှစ်များတွင် ပြည်သူပိုင် စက်ရုံအလုပ်ရုံများ တိုးပွားလာမှုရှိသော်လည်း လုပ်သားအင်အားခွဲဝေပါဝင်မှုမှာ များစွာကွာခြားမှု မရှိလှချေ။ အလုပ်သမား ၁၀ ယောက်အောက် ပါဝင်သော စက်ရုံအလုပ်ရုံပေါင်းမှာ ကိုးရာကျော်ရှိ၍ အလုပ်သမား ၁၀၀ အထက်ပါဝင်သော စက်ရုံအလုပ်ရုံပေါင်း လေးရာကျော်ရှိသည်။ ပဉ္စမလေးနှစ် စီမံကိန်းကာလက ၁၉၈၆-၈၇ ခုနှစ်

၁၉၈၇-၈၈ ခုနှစ်အထိ ပြည်သူပိုင် စက်ရုံအလုပ်ရုံကြီးငယ်များတွင် စက်မှုလုပ်သားများ ခွဲဝေပါဝင်လုပ်ကိုင်မှုအခြေအနေကို အခြေခံနှစ်နှင့်နှိုင်းယှဉ်လျှင် အောက်ပါအတိုင်း တွေ့မြင်ရသည်။

| အလုပ်သမားပါဝင်မှု | | ၁၉၈၅-၈၆ | ၁၉၈၆-၈၇ | ၁၉၈၇-၈၈ |
|---|---|---|---|---|
| ၁၀ ယောက်အောက် | .... | ၉၂၆ | ၉၈၂ | ၉၈၁ |
| ၁၀ ယောက်မှ ၅၀ | .... | ၂၄၆ | ၂၇၇ | ၂၅၆ |
| ၅၀ ယောက်မှ ၁၀၀ | .... | ၁၄၅ | ၁၄၅ | ၁၅၄ |
| ၁၀၀ အထက် | .... | ၄၄၆ | ၄၆၀ | ၄၈၉ |

ပဉ္စမလေးနှစ် စီမံကိန်းကာလအတွင်း သမဝါယမပိုင် စက်ရုံအလုပ်ရုံဦးရေ တိုးတက်ပြောင်းလဲမှုမရှိသကဲ့သို့ အလုပ်သမားများ ခွဲဝေပါဝင်လုပ်ကိုင်မှုလည်း ထူးခြားပြောင်းလဲမှုမရှိချေ။ သမဝါယမ စက်မှုလက်မှုလုပ်ငန်းပေါင်း ၇၁၉ ခုရှိသည့်အနက် စက်မှုလက်မှုလုပ်ငန်း ၄၀၄ ခုသည် အလုပ်သမား ၁၀ ယောက်အောက် ပါဝင်လုပ်ကိုင်သော လုပ်ငန်းငယ်များဖြစ်ကြသည်။ အလုပ်သမား ၁၀ ယောက်မှ ၅၀ အထိ ပါဝင်သော လုပ်ငန်း ၂၈၃ ခုရှိ၍ အလုပ်သမား ၅၀ မှ ၁၀၀ အထိပါဝင်သော လုပ်ငန်း ၃၂ ခုရှိသည်။ သမဝါယမပိုင် စက်မှုလက်မှုလုပ်ငန်းများတွင် အလုပ်သမား ၁၀၀ အထက်ပါဝင်သော လုပ်ငန်းမရှိချေ။

ပုဂ္ဂလိက စက်မှုလက်မှုလုပ်ငန်းများတွင် အလုပ်သမား ၁၀ ယောက်အောက် ပါဝင်လုပ်ကိုင်သော လုပ်ငန်းသုံးသောင်းကျော်ရှိသည်။ ပဉ္စမလေးနှစ် စီမံကိန်း၏ ပထမနှစ်ဖြစ်သော ၁၉၈၆-၈၇ ခုနှစ်တွင် အလုပ်သမား ၁၀ ယောက်မှ ၅၀ အထိပါဝင်သော ပုဂ္ဂလိက စက်မှုလက်မှုလုပ်ငန်းပေါင်း ၁၆၇၆ ရှိရာမှ ၁၉၈၇-၈၈ ခုနှစ်တွင် ၁၇၉၇ သို့ လျော့ကျသွားသည်။ အလုပ်သမား ၁၀၀ အထက်ပါဝင်သော ပုဂ္ဂလိက စက်မှုလက်မှုလုပ်ငန်း ၄ ခုသာ ရှိသည်။ ပဉ္စမလေးနှစ် စီမံကိန်းကာလ ၁၉၈၆-၈၇ ခုမှ ၁၉၈၇-၈၈ ခုနှစ်အထိ ကာလအတွင်း သမဝါယမနှင့် ပုဂ္ဂလိက စက်မှုလက်မှု လုပ်ငန်းကြီးငယ်များတွင် အလုပ်သမား ခွဲဝေပါဝင်မှုမှာ အောက်ပါအတိုင်းဖြစ်သည်။

| | ၁၉၈၆-၈၇ | | ၁၉၈၇-၈၈ | |
|---|---|---|---|---|
| | သမဝါယမ | ပုဂ္ဂလိက | သမဝါယမ | ပုဂ္ဂလိက |
| ၁၀ ယောက်အောက် | ၄၀၄ | ၃၆၂၁၂ | ၄၀၄ | ၃၇၂၄၉ |
| ၁၀ ယောက်မှ ၅၀ | ၂၈၃ | ၁၆၇၆ | ၂၈၃ | ၁၇၉၇ |
| ၅၀ ယောက်မှ ၁၀၀ | ၃၂ | ၉ | ၃၂ | ၉ |
| ၁၀၀ အထက် | .... | ၄ | .... | ၄ |

အမှတ် (၁) စက်မှုဝန်ကြီးဌာနတွင် အခြေခံနှစ်ဖြစ်သော ၁၉၈၅-၈၆ ခုနှစ်အတွင်းက အမြဲတမ်း စက်မှုလုပ်သားအင်အား ၆၅၄၂၀ ရှိသည်။ ပဉ္စမလေးနှစ် စီမံကိန်းကာလ ၁၉၈၆-၈၇ ခုနှစ်တွင် ၆၅၀၃၃ နှင့် ၁၉၈၇-၈၈ ခုနှစ်တွင် ၆၃၆၇၃ အထိ လျော့နည်းသွားသည်။ စက်မှုလုပ်သားအင်အားသည် အထည်အလိပ်လုပ်ငန်း ကော်ပိုရေးရှင်းတွင် နှစ်သောင်းကျော်ရှိသဖြင့် အင်အားအများဆုံးဖြစ်၏။ စားသောက်ကုန်လုပ်ငန်း ကော်ပိုရေးရှင်းတွင် တစ်သောင်းကျော်ရှိသည်။ လုပ်သားအင်အား ဒုတိယအများဆုံးဖြစ်သည်။ အမြဲတမ်းလုပ်သားအင်အားအပြင် အမှတ် (၁) စက်မှုဝန်ကြီးဌာန ကော်ပိုရေးရှင်းများတွင် ၁၉၈၈ ခု၊ ဇွန်လအထိ ယာယီလုပ်သား ၂၂၂၄၄ လည်း ပါဝင်တာဝန်ထမ်းဆောင်လျက်ရှိခဲ့သည်။

မြန်မာနိုင်ငံတွင် ၁၉၈၅-၈၆ ခုနှစ်အတွင်းက လူဦးရေ ၃၇.၁၂ သန်းရှိ ၁၉၈၆-၈၇ ခုနှစ်တွင် ၃၇.၈၅ သန်းနှင့် ၁၉၈၇-၈၈ ခုနှစ်တွင် ၃၈.၆၀ သန်းရှိသည်ဟု ခန့်မှန်းသည်။ လူဦးရေမှာ နှစ်စဉ်ပျမ်းမျှ ၁.၉၈ ရာခိုင်နှုန်း တိုးတက်လျက်ရှိသည်။ ၁၉၈၅-၈၆ ခုနှစ်က အလုပ်လုပ်ကိုင်လျက်ရှိသော ဦးရေမှာ ၁၅.၁၃ သန်းရှိမည်ဟု ခန့်မှန်းသည်။ ထိုလုပ်သားအင်အားအနက် ၁.၆၂ သန်းသည် ပြည်သူပိုင်အခန်းတွင်လည်းကောင်း၊ ၁၃.၅၁ သန်းသည် သမဝါယမနှင့် ပုဂ္ဂလိကအခန်းတွင်လည်းကောင်း အသီးသီးလုပ်ကိုင်လျက်ရှိသည်။ စက်မှုလက်မှုကဏ္ဍတွင် လုပ်ကိုင်လျက်ရှိသော စက်မှုလုပ်သားအင်အားသည် ၁.၂၉ သန်း၊ အချိုးအစားအားဖြင့် ၈.၄၉ ရာခိုင်နှုန်းခန့်ရှိသဖြင့် ကုန်ထုတ်လုပ်မှု ကဏ္ဍများအနက် လုပ်သားအင်အား ဒုတိယအများဆုံးဖြစ်သည်။

ပဉ္စမလေးနှစ် စီမံကိန်းကာလ ၁၉၈၆-၈၇ ခုနှစ်တွင် စက်မှုလက်မှု လုပ်သားအင်အားသည် ခန့်မှန်းခြေအားဖြင့် ပြည်သူပိုင်အခန်းတွင် ၀.၁၉ သန်း၊ သမဝါယမနှင့် ပုဂ္ဂလိကအခန်းတွင် ၁.၁၆ သန်း၊ စုစုပေါင်း ၁.၃၅ သန်းရှိသည်။ နိုင်ငံအတွင်း အလုပ်လုပ်ကိုင်သူဦးရေ ၁၅.၅၁ သန်းနှင့် ချိန်ထိုးလျှင် စက်မှုလက်မှုကဏ္ဍရှိ လုပ်သားအင်အားသည် ၈.၇၀ ရာခိုင်နှုန်းရှိသည်။ ၁၉၈၇-၈၈ ခုနှစ်တွင်လည်း နိုင်ငံအတွင်း စုစုပေါင်းလုပ်သားအင်အားသည် ၁၅.၈၁ သန်းရှိမည်ဟု ခန့်မှန်းသည့်အနက် ၁.၇၅ သန်းသည် ပြည်သူပိုင်အခန်းတွင်လည်းကောင်း၊ ၁၄.၀၆ သန်းသည် သမဝါယမနှင့် ပုဂ္ဂလိကအခန်းတို့တွင်လည်းကောင်း အလုပ်လုပ်ကိုင်ကြသည်။ လယ်ယာကဏ္ဍ လုပ်သားအင်အားသည် ၉.၈၈ သန်းရှိသဖြင့် တစ်နိုင်ငံလုံး အတိုင်းအတာနှင့်သော် ၆၂.၄၉ ရာခိုင်နှုန်းရှိသည်။ စက်မှုနိုင်ငံသို့ ရှေးရှုချီတက်ရာတွင် အဓိက တွန်းအားပေးကဏ္ဍဖြစ်သော စက်မှုလက်မှုကဏ္ဍတွင် လုပ်သားအင်အား ၁.၃၇ သန်း၊ အချိုးအစားအားဖြင့် ၈.၆၆ ရာခိုင်နှုန်းသာရှိရာ မြန်မာနိုင်ငံသည် ပဉ္စမလေးနှစ် စီမံကိန်းကာလတွင် စိုက်ပျိုးရေးအဓိကနိုင်ငံအဖြစ်တွင်ပင် ရှိနေသေးကြောင်း ထင်ရှားသည်။ စက်မှုလက်မှု လုပ်သားအင်အား

၁.၃၇ သန်းအနက် ပြည်သူပိုင် စက်ရုံအလုပ်ရုံများတွင် ၀.၁၈ သန်း၊ သမဝါယမနှင့် ပုဂ္ဂလိက စက်ရုံအလုပ်ရုံများတွင် ၁.၁၉ သန်း ပါဝင်လုပ်ကိုင်လျက်ရှိကြသည်။

## စက်မှုလက်မှုကဏ္ဍ၏ ထုတ်လုပ်မှု

မြန်မာနိုင်ငံကို လယ်ယာစိုက်ပျိုးရေး နိုင်ငံအဖြစ်မှ လယ်ယာကို အခြေခံသော စက်မှုနိုင်ငံ၊ ထို့မှတစ်ဆင့် စက်မှုနိုင်ငံတစ်ခုအဖြစ်သို့ တိုးတက်ပြောင်းလဲရန် အနှစ် ၂၀ နှစ်ရှည်စီမံကိန်းချ၍ ကြိုးပမ်းဆောင်ရွက်ရာ၌ စက်မှုလက်မှုကဏ္ဍကို အဓိက တွန်းအားပေး ကဏ္ဍအဖြစ် သတ်မှတ်ထားသည်။ သို့သော် စက်မှုလက်မှုကဏ္ဍမှာ ပဉ္စမလေးနှစ် စီမံကိန်း ကာလသို့ရောက်သည်အထိ စွမ်းအားသေးငယ်လျက်ရှိနေသေးသည်။ နိုင်ငံတော်က ချမှတ် လုပ်ဆောင်နေသော ဆိုရှယ်လစ်စီးပွားရေး ရည်မှန်းချက်ပန်းတိုင်သို့အရောက် ပို့ဆောင်နိုင် မည့်အလားအလာ နည်းနေသေးသည်။ စက်မှုလက်မှုကဏ္ဍသည် ၁၉၈၆-၈၇ ခုနှစ် တစ်မျိုး သားလုံး၏ ကုန်ထုတ်တန်ဖိုးတွင် ၁၀.၇ ရာခိုင်နှုန်းခန့်သာ ပါဝင်နိုင်သည်။ စက်မှုလက်မှု လုပ်သားအင်အားသည် တစ်နိုင်ငံလုံးရှိ လုပ်သားအင်အား၏ ၈.၇ ရာခိုင်နှုန်းသာရှိသည်။

အဓိက စက်မှုလက်မှုလုပ်ငန်းများမှာ လယ်ယာနှင့် သစ်တောထွက် ကုန်စည်များကို ကြိတ်ခွဲမွမ်းမံခြင်းနှင့် ရေနံချက်လုပ်ခြင်းဖြစ်သည်။ ပြည်သူပိုင် ရေနံချက်စက်ရုံ သုံးရုံရှိသော်လည်း ပြည်တွင်းရေနံစိမ်းအထွက် လျော့နည်းသဖြင့် စက်ရုံများအတွက် လိုအပ်သော ရေနံစိမ်းကုန်ကြမ်းကို ပြည့်ဝအောင် ဖြည့်ဆည်းနိုင်ခြင်းမရှိချေ။ စက်မှုလက်မှု ကဏ္ဍတွင် အချို့ကုန်ပစ္စည်း ထုတ်လုပ်မှုတိုးတက်သော်လည်း စက်မှုလက်မှုကဏ္ဍတစ်ခုလုံး၏ လျာထားသတ်မှတ်ချက် ပြည့်မီရန် များစွာလိုနေသေးသည်။ မျှော်မှန်းချက်နှင့် အလှမ်း ဝေးလျက်ပင် ရှိသေးသည်။ စက်မှုလက်မှုကဏ္ဍသည် ပြည်ပသွင်းကုန် အစားထိုးနိုင်ရေးကို ရှေးရှုရည်မှန်းသော်လည်း လောင်စာဆီ၊ လျှပ်စစ်ဓာတ်အား၊ စက်မှုကုန်ကြမ်း၊ စက်အရန် ပစ္စည်းစသည်တို့ ပြည့်ဝအောင်မရသည့် အခက်အခဲနှင့် ရင်ဆိုင်နေရသည်။ စက်စွမ်းအား ပြည့် လည်ပတ်ထုတ်လုပ်နိုင်ခြင်းမရှိချေ။ အချို့စက်ကြီးစက်ငယ်များ သက်တမ်းကြာမြင့် အိုမင်းကြပြီဖြစ်၍ အစားထိုးပြုပြင်ရန်လည်း လိုအပ်လျက်ရှိသည်။ စက်မှုလက်မှုကဏ္ဍသည် ထိုအခက်အခဲအရပ်ရပ်ကို လွန်မြောက်နိုင်ရန် တစ်ဘက်မှ နည်းလမ်းရှာဖွေလျက် တစ်ဘက်မှ စက်မှုလက်မှု ကုန်ထုတ်စွမ်းအားတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်နေရပေသည်။

ပဉ္စမလေးနှစ် စီမံကိန်း၏ ပထမနှစ်ဖြစ်သော ၁၉၈၆-၈၇ ခုနှစ်တွင် စားသောက်ကုန် ဆိုင်ရာ စက်မှုလက်မှုလုပ်ငန်းများသည် စက်မှုလက်မှုကဏ္ဍ ကုန်ထုတ်တန်ဖိုး၏ ၇၁.၅ ရာခိုင် နှုန်းကို ထုတ်လုပ်ပေးသည်။ ဝတ်ဆင်ရေးဆိုင်ရာ စက်မှုလက်မှု လုပ်ငန်းများမှာ ၆.၃ ရာခိုင် နှုန်း၊ စက်မှုကုန်ကြမ်းထုတ်လုပ်ရေးမှာ ၅.၆ ရာခိုင်နှုန်း၊ ဓာတ်သတ္တုနှင့် ရေနံမှာ ၃.၈

ရာခိုင်နှုန်း၊ ဆောက်လုပ်ရေး ပစ္စည်းဆိုင်ရာ စက်မှုလက်မှုလုပ်ငန်းများမှာ ၃.၅ ရာခိုင်နှုန်း ထုတ်လုပ်ပါဝင်သည်။ ထိုစက်မှုလက်မှုလုပ်ငန်း ၅ မျိုး၏ ကုန်ထုတ်တန်ဖိုးသည် စက်မှုလက်မှု ကဏ္ဍကြီးတစ်ခုလုံး ကုန်ထုတ်တန်ဖိုး၏ ၉၀.၇ ရာခိုင်နှုန်းခန့်ရှိသည်။ ၁၉၈၆-၈၇ ခုနှစ်တွင် ပြည်ပပို့ကုန်တန်ဖိုး တိုးတက်မှုလည်းတွေ့ရသည်။ ပြည်သူပိုင် စက်ရုံစီမံကိန်းသစ်များ ပြုပြင်တိုးချဲ့ တည်ဆောက်မှုများ ပြီးစီးလည်ပတ်နိုင်ပါက ပဉ္စမလေးနှစ် စီမံကိန်းကာလ ၁၉၈၇ ခုမှ ၁၉၈၉ ခုနှစ်များတွင် စားသောက်ကုန်ပစ္စည်းများ၊ သကြား၊ အဝတ်အထည်နှင့် ဓာတ်မြေဩဇာ ထုတ်လုပ်မှုများတွင် တိုးတက်ရန် အလားအလာကောင်းများ ရှိသည်ဟု မျှော်မှန်းနိုင်သော အခြေအနေရှိပေသည်။

အခန်း ၂

# စက်မှုစီမံကိန်းများ

နိုင်ငံတော်၏ အနှစ် ၂၀ စီးပွားရေး စီမံကိန်းများကို အကောင်အထည်ဖော်ရာတွင် လမ်းစဉ်ပါတီ၏ ဦးဆောင်မှုဖြင့် လေးနှစ်စီမံကိန်းများ သတ်မှတ်က ဆောင်ရွက်ရာတွင် ၁၉၇၆-၇၇ ခုနှစ်မှ ၁၉၇၉-၈၀ ခုနှစ်အထိဖြစ်သော ပဌမလေးနှစ် စီမံကိန်းရည်မှန်းချက်များကို မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ၏ ပဌမလေးနှစ် စီမံကိန်း လမ်းညွှန်မှုများကိုခံယူ၍ ရေးဆွဲသည်။ ထို့ပြင် စတုတ္ထလေးနှစ် စီမံကိန်း ရည်မှန်းချက်များကို အကောင်အထည်ဖော်မှု အတွေ့အကြုံများ၊ ပြည်တွင်းရှိ သယံဇာတနှင့် ကုန်ထုတ်စွမ်းအားစုများ အခြေအနေနှင့် ထိုစဉ်က ဖြစ်ပေါ်နေသော ပြည်တွင်းပြည်ပ စီးပွားရေး အခြေအနေများ အပေါ်အခြေခံလျက် ပဌမလေးနှစ် စီမံကိန်း ရည်မှန်းချက်များကို အဆင့်ဆင့် အပြန်အလှန် ညှိနှိုင်းခဲ့သည်။ ပဌမလေးနှစ်စီမံကိန်း ရည်မှန်းချက်များကို စတုတ္ထအကြိမ် ပြည်သူ့လွှတ်တော် အစည်းအဝေးမှ အတည်ပြု ပြဋ္ဌာန်းပေးသည်။

ပဌမအကြိမ် ပါတီညီလာခံမှ ချမှတ်ခဲ့သော ပဌမလေးနှစ် စီမံကိန်း လမ်းညွှန်မှုတွင် အနှစ် ၂၀ နှစ်ရှည် စီမံကိန်း၏ ရည်မှန်းချက်ကို ဦးတည်လျက် လက်ရှိ စီးပွားရေးလုပ်ငန်း ဆောင်တာများတွင် ညီညွတ်မျှတစေရေးအတွက် စီစဉ်မှုများ ပြုလုပ်၍ ကုန်ထုတ်လုပ်မှုကို အရှိန်အဟုန် တိုးမြှင့်ဆောင်ရွက်ရန်ဟူ၍ အမိန့် ချမှတ်ပေးသည်။ ထိုအမိန့် ရည်မှန်းချက်ကို ဦးတည်လျက် ၁၉၇၆-၇၇ ခုနှစ်မှ ၁၉၇၉-၈၀ ခုနှစ်အထိ ပဌမလေးနှစ် စီမံကိန်း ကာလအတွင်း တစ်မျိုးသားလုံး၏ ပြည်တွင်း အသားတင် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုးကို ၁၉၆၉-၇၀ ပုံမှန်ဈေးနှုန်းများအရ ပဌမလေးနှစ် စီမံကိန်း၏ နောက်ဆုံးနှစ်ဖြစ်သော ၁၉၇၉-၈၀ ခုနှစ်တွင် ကျပ် ၂၅၂၁၀·၇၀ ကုဋေ ဖြစ်ပေါ်လာစေရန်နှင့် တစ်နှစ် ၄·၅ ရာခိုင်နှုန်း တိုးတက်စေရန် လျာထားသည်။ မြန်မာ့ စီးပွားရေး အဆောက်အအုံကို နှစ်ရှည်စီမံကိန်းနှင့်အညီ ပြောင်းလဲ

ဖြစ်ပေါ်နိုင်စေရန်၊ ကုန်ပစ္စည်း ထုတ်လုပ်မှု တန်ဖိုးတွင် ၅၄.၄ ရာခိုင်နှုန်း၊ ဝန်ဆောင်မှု တန်ဖိုးတွင် ၂၅.၆ ရာခိုင်နှုန်းနှင့် ကုန်သွယ်မှု တန်ဖိုးကို ၂၀.၀ ရာခိုင်နှုန်းအထိ တိုးတက် ပြောင်းလဲစေရန်လည်း ရည်မှန်းသည်။ ပိုင်ဆိုင်မှု အခန်းအချိုးအစားအနေဖြင့် ပြည်သူပိုင်အခန်းကို ၄၀.၉ ရာခိုင်နှုန်း၊ သမဝါယမပိုင် အခန်းကို ၉.၂ ရာခိုင်နှုန်းနှင့် ပုဂ္ဂလိကပိုင် အခန်းကို ၄၉.၉ ရာခိုင်နှုန်း အသီးသီး ဖြစ်ပေါ်စေရန်၊ ပြည်သူပိုင်အခန်း ရင်းနှီး မြှုပ်နှံမှုကို တစ်နှစ်ပျမ်းမျှ ကျပ် ၈၃၇.၆၀ ကုဋေ ရင်းနှီး မြှုပ်နှံရန်၊ ပြည်ပ ပို့ကုန်ကို ၁၉၈၉-၉၀ ခုနှစ်အတွက် ကျပ် ၅၅၇.၃၁ ကုဋေဖိုးအထိ တင်ပို့ ရောင်းချနိုင်ရေးအတွက် ပြည်ပပို့ကုန် ပစ္စည်းများ တိုးချဲ့ မြှင့်တင်ရန်၊ ပြည်ပသွင်းကုန် တန်ဖိုးကို တစ်နှစ်ပျမ်းမျှ ကျပ် ၆၄၁.၁၄ ကုဋေဖိုး တင်သွင်းရန်၊ လုပ်အား၏ ထုတ်လုပ်မှု စွမ်းအားကို စီမံကိန်း ကာလအတွင်း တစ်နှစ်ပျမ်းမျှ ၂.၁ ရာခိုင်နှုန်း တိုးတက်စေရန်လည်း လျာထားသည်။

ပဉ္စမလေးနှစ် စီမံကိန်း ကာလအတွင်း လူတစ်ဦးချင်းစီနှင့် ပတ်သက်၍ ပြည်တွင်း အသားတင် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို တစ်နှစ်ပျမ်းမျှ ၂.၅ ရာခိုင်နှုန်း တိုးတက်စေရန်၊ လူတစ်ဦးစီအတွက် ပျမ်းမျှဝင်ငွေကို တစ်နှစ်ပျမ်းမျှ ၂.၄ ရာခိုင်နှုန်း တိုးစေရန်၊ လူတစ်ဦးစီ၏ ပျမ်းမျှစားသုံးမှုကို တစ်နှစ်ပျမ်းမျှ ၂.၉ ရာခိုင်နှုန်း တိုးတက်စေရန် ရည်မှန်းထားသည်။

တစ်မျိုးသားလုံးနှင့် ပတ်သက်သော စီမံကိန်း ရည်မှန်းချက်များနှင့်အတူ ကဏ္ဍအလိုက် စီမံကိန်း ရည်မှန်းချက်များကိုလည်း ကဏ္ဍအတွင်းရှိ ပကတိ အခြေအနေများနှင့်အညီ ညှိနှိုင်းရေးဆွဲသည်။ စီးပွားရေး ကဏ္ဍအသီးသီးအနက် စက်မှုလက်မှု ကဏ္ဍ၏ အသားတင် ထုတ်လုပ်မှု တန်ဖိုးကို တစ်နှစ်ပျမ်းမျှ ၅.၁ ရာခိုင်နှုန်း တိုးတက်စေရန် လျာထားသည်။ စက်မှုလက်မှုကဏ္ဍ အောင်မြင်စွာ အကောင်အထည် ဖော်နိုင်ရေးအတွက် ပံ့ပိုးကဏ္ဍများဖြစ်ကြသော သတ္တုကဏ္ဍနှင့် လျှပ်စစ်ဓာတ်အားကဏ္ဍတို့၏ အသားတင် ထုတ်လုပ်မှု တန်ဖိုးကိုကိုလည်း တစ်နှစ်လျှင် ပျမ်းမျှ ၉.၉ ရာခိုင်နှုန်းနှင့် ၉.၃ ရာခိုင်နှုန်း အသီးသီး တိုးတက်ဖြစ်ပေါ်စေရန် ရည်မှန်းသည်။

## စက်မှုလက်မှုကဏ္ဍ၏ ရည်မှန်းချက်များ

စက်မှုလက်မှုကဏ္ဍသည် ပြည်သူများ၏ စားဝတ်နေရေးအတွက် အခြေခံ လိုအပ်သော ကုန်ပစ္စည်းများကို ထုတ်လုပ်ပေးသော စီးပွားရေးကဏ္ဍ တစ်ရပ်ဖြစ်သည်။ စက်မှုလက်မှုကဏ္ဍ၏ ကုန်ထုတ်လုပ်မှုတွင် လယ်ယာ၊ သားငါး၊ သစ်တောနှင့် သတ္တုကဏ္ဍများမှ ထွက်ရှိ

လာသော ကုန်ပစ္စည်းများကို ကြိတ်ခွဲပြုပြင်မွမ်းမံပေးသော စက်မှုလုပ်ငန်းများ၊ လယ်ယာနှင့် အခြားကဏ္ဍများအတွက် လိုအပ်သော မှိုပ်ပစ္စည်းများ၊ စက်ကိရိယာများ ထုတ်လုပ်ပေးသော လုပ်ငန်းများ၊ ပြည်သူများ၏ စားဝတ်နေရေးအတွက် လိုအပ်သော စက်မှုလက်မှု ကုန်ပစ္စည်းများကို ထုတ်လုပ်ပေးသော လုပ်ငန်းများ ပါဝင်သည်။ တစ်နည်းအားဖြင့် စက်မှုလက်မှုကဏ္ဍသည် အခြားသော လယ်ယာ၊ သားငါး၊ သစ်တော၊ သတ္တုစသည့် စီးပွားရေးကဏ္ဍများမှ ထုတ်လုပ်ပေးသော စက်မှုကုန်ကြမ်းအပေါ် မှီခိုအားထားနေရသော ကဏ္ဍတစ်ရပ်လည်းဖြစ်သည်။ လယ်ယာ စိုက်ပျိုးရေးနိုင်ငံအဖြစ်မှ လယ်ယာစိုက်ပျိုးရေးကို အခြေခံသော စက်မှုနိုင်ငံအဖြစ်သို့ ရှေးရှုချီတက်ရာ၌ အဓိက ကုန်းအားပေး ကဏ္ဍအဖြစ် သတ်မှတ်ထားသဖြင့် အဓိကကျသော အခန်းကဏ္ဍတစ်ရပ်လည်းဖြစ်သည်။ ပဥ္စမလေးနှစ် စီမံကိန်း ကာလအတွင်း စက်မှုလက်မှုကဏ္ဍ၏ ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) မြန်မာ့ စီးပွားရေး အဆောက်အအုံကို လယ်ယာစိုက်ပျိုးရေးနိုင်ငံမှ လယ်ယာစိုက်ပျိုးရေးကို အခြေခံသော စက်မှုလက်မှုနိုင်ငံနှင့် စက်မှုနိုင်ငံ အဖြစ်သို့ အချိုးကျကျ တိုးတက်ပြောင်းလဲလာစေရန်ဟူသော လမ်းညွှန်ချက်များကို ဦးတည်၍ စက်မှုလက်မှုကဏ္ဍ၏ ထုတ်လုပ်မှု ပမာဏကို တန်ဖိုးအရသော်လည်းကောင်း၊ ပါဝင်မှုအချိုးအစားအရသော် လည်းကောင်း တိုးတက်စေရန်၊

(၂) စက်ရုံအလုပ်ရုံသစ်များကို တည်ထောင်ရာတွင် ရင်းနှီးမြှုပ်နှံမှု အသင့်အတင့်ဖြင့် ကုန်ပစ္စည်း ထုတ်လုပ်နိုင်မှုကို သိသိသာသာ တိုးမြှင့်နိုင်ရေးအတွက် ကာလတိုအတွင်း ကုန်ပစ္စည်း ထုတ်လုပ်မှု ပမာဏ အများဆုံး ရရှိရန် သေချာသည့် လုပ်ငန်းများကို စနစ်တကျ ရွေးချယ် တည်ဆောက်ရန်၊

(၃) လယ်ယာ၊ သားငါး၊ သစ်တောနှင့် သတ္တုကဏ္ဍများမှ ထုတ်လုပ်သည့် ကုန်ပစ္စည်းများကို အခြေခံ၍ လူသုံးကုန်ချော ထုတ်လုပ်သော စက်ရုံအလုပ်ရုံများကို လည်းကောင်း၊ အဆင့်အတန်း မြင့်မားသည့် ပို့ကုန်ပစ္စည်းများကို ထုတ်လုပ်သည့် စက်ရုံအလုပ်ရုံများကို လည်းကောင်း၊ နိုင်ငံခြားမှ မှာယူတင်သွင်းရသော သွင်းကုန်ပစ္စည်းများကို အစားထိုး ထုတ်လုပ်သည့် စက်ရုံအလုပ်ရုံများကို လည်းကောင်း၊ စက်အပိုပစ္စည်းများ၊ ရင်းနှီးကုန်ပစ္စည်းများ ထုတ်လုပ်သည့် စက်ရုံအလုပ်ရုံများကို လည်းကောင်း ဦးစားပေး ထူထောင်ရန်၊

(၄) စက်မှုနိုင်ငံအဖြစ် ထူထောင်နိုင်ရေးအတွက် စက်မှုနည်းပညာ ရရှိရေးကို ဆောင်ရွက်ရန်၊

(၅) စက်ရုံအလုပ်ရုံသစ်များ ရွေးချယ် တည်ဆောက်ရာတွင် ဒေသ အသီးသီးရှိ ကုန်ထုတ် စွမ်းအားစုများကို ထိရောက်စွာဖြင့် အကျိုးအဖြစ် ထွန်းဆုံး အသုံးချနိုင်မှုအပေါ် မူတည်၍ နေရာဒေသများ ရွေးချယ် တည်ဆောက်ရန်၊

(၆) နှစ်ရှည် စီမံကိန်း ရည်မှန်းချက်များအတိုင်း စက်မှုနိုင်ငံ ထူထောင်နိုင်ရေး ဦးတည်ချက်ဖြင့် အကြီးစား စက်မှုကုန်ထုတ်စွမ်းအားစုများ ပေါ်ထွန်းလာရေးအတွက် အခြေအနေ ပေးသည်နှင့်အမျှ ဆောင်ရွက်ရန်၊

(၇) စက်မှုလုပ်ငန်းများ ထူထောင်ရာတွင် ဒေသဖွံ့ဖြိုးရေးနှင့် ဆက်စပ် အကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(၈) သမဝါယမပိုင် အခန်းမှ ကုန်ပစ္စည်း တိုးတက်ထုတ်လုပ် လာနိုင်ရေးအတွက် နိုင်ငံတော်၏ စီးပွားရေး မူဝါဒဘောင်အတွင်းမှ ပံ့ပိုးဆောင်ရွက်ပေးရန်၊

(၉) စက်မှုလက်မှုကဏ္ဍနှင့် အခြားကဏ္ဍများ၏ အပြန်အလှန် ဆက်စပ်မှု အင်အားကောင်းစေရေးအတွက် အစီအစဉ်များ ချမှတ်ဆောင်ရွက်ရန်နှင့် တစ်ချိန်တည်းမှာပင် စက်မှုလက်မှုကဏ္ဍအတွင်း လုပ်ငန်းတစ်ခုနှင့်တစ်ခု အပြန်အလှန် ဆက်စပ်မှု အားကောင်းစေရေးအတွက်ကိုလည်း စီစဉ် ဆောင်ရွက်ရန်၊

(၁၀) ပုဂ္ဂလိက လုပ်ပိုင်ခွင့် ဥပဒေနှင့် ကိုက်ညီသော ပုဂ္ဂလိက စက်မှုလက်မှု လုပ်ငန်းများကို အခြေအနေပေးသည်နှင့်အမျှ ပံ့ပိုး ဆောင်ရွက်ရန်၊

(၁၁) ပဉ္စမလေးနှစ် စီမံကိန်း ကာလအတွင်း စက်မှုလက်မှု ကဏ္ဍ၏ ပြည်တွင်း အသားတင် ထုတ်လုပ်မှု တန်ဖိုးကို တစ်နှစ်ပျမ်းမျှ ၅.၁ ရာခိုင်နှုန်း တိုးမြှင့် ထုတ်လုပ်ရန်၊

အထက်ပါ ချမှတ်ထားသော ရည်မှန်းချက်များကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက်လည်း ပဉ္စမလေးနှစ် စီမံကိန်းကာလအတွင်း စက်ရုံအလုပ်ရုံများတွင် စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်ရေးကို အထူးအလေးပေး ဆောင်ရွက်စေသည်။ စက်စွမ်းအားပြည့်လည်ပတ်ထုတ်လုပ်ရေးကို စက်ရုံသစ်များတည်ဆောက်ရေးထက်လည်းဦးစားပေးအဆင့်တွင် ထားရှိစေသည်။ စက်ရုံသစ်များ တည်ဆောက်ရာတွင်လည်း ကုန်ချောထုတ်လုပ်နိုင်သော စက်ရုံများသာမက တစ်ဝက်ကုန်ချော ထုတ်လုပ်နိုင်သည့် စက်ရုံများတည်ဆောက်ရေးကိုလည်း လုပ်နည်းစနစ်တစ်ခုအဖြစ် ချမှတ်ပေးထားသည်။ ပြည်တွင်းထွက်ကုန်ပစ္စည်းများကို အဆင့်အတန်း ပိုမိုမြင့်မားလာရေး၊ အရည်အသွေးကောင်းမွန်သော ကုန်ချောအမျိုးအစားများအဖြစ်သို့ တိုးချဲ့ထုတ်လုပ်နိုင်ရေး၊ အလေအလွင့်ပစ္စည်းများ ပြန်လည်အသုံးချနိုင်ရေး၊ ဟောင်းနွမ်းသော စက်များအစားထိုး ပြင်ဆင် သုံးစွဲနိုင်ရေးတို့အတွက် သုတေသနလုပ်ငန်းများကို လေ့လာပြုလုပ်ဆောင်ရွက်ရန် လမ်းညွှန်သည်။

ကိုပြင် စက်ရုံအလုပ်ရုံများ စဉ်ဆက်မပြတ် လည်ပတ်နိုင်ရေးအတွက် လိုအပ်သော ပြည်တွင်းပြည်ပ ကုန်ကြမ်းနှင့် စက်အရန်ပစ္စည်းများ အလုံအလောက်ရရှိစေရန်၊ အသေးစိတ် စီမံချက်များ ရေးဆွဲပြီး စနစ်တကျ စီမံခန့်ခွဲဆောင်ရွက်စေသည်။ အားဖြည့်လောင်စာဆီကို ခြိုးခြံချွေတာ သုံးစွဲရေးအတွက် လျှပ်စစ်ဓာတ်အား၊ သဘာဝဓာတ်ငွေ့နှင့် ကျောက်မီးသွေး တို့ကို ဖြစ်နိုင်သမျှ ပြောင်းလဲသုံးစွဲရန်လည်း လုပ်နည်းစနစ် ချမှတ်ပေးသည်။ ကုန်ကြမ်း စက်ကိရိယာနှင့် ကုန်ထုတ်စွမ်းအားစုများကို နိုင်ငံအတွက် အကျိုးအရှိဆုံး အသုံးချနိုင်ရေးကို အလေးပေးဆောင်ရွက်ပြီး စက်ကိရိယာ အပိုပစ္စည်းများထုတ်လုပ်သည့် စက်ရုံများကို တိုးချဲ့ တည်ဆောက်ရန် ကာလတိုအတွင်း ရင်းနှီးမြှုပ်နှံမှုအသင့်အတင့်ဖြင့် ကုန်ထုတ်လုပ်မှု သိသိ သာသာ တိုးတက်စေမည့်လုပ်ငန်း စီမံကိန်းများကိုရွေးလျှ၍ အခြေအနေပေးသည်နှင့်အမျှ တွက်ခြေအကိုက်ဆုံးလုပ်ငန်းမှ စတင်ဆောင်ရွက်ရန်နှင့် အလုပ်သမားများအား အတတ်ပညာ ပိုင်းဆိုင်ရာ သင်တန်းများပို့ချခြင်း၊ လုပ်ငန်းအတွေ့အကြုံဖလှယ်ခြင်း စသည့်နည်းလမ်းများဖြင့် လုပ်ငန်းကျွမ်းကျင်ပြီး ကုန်ထုတ်စွမ်းရည် တိုးတက်အောင် ဆောင်ရွက်ရန်တို့ကို လုပ်နည်း စနစ်များအဖြစ် ချမှတ်ပေးသည်။

## ဆောင်ရွက်ဆဲ လုပ်ငန်းစီမံကိန်းများ

ထိုလမ်းညွှန်ချက် ချမှတ်ချက်များကိုခံယူလျက် ပြည်သူပိုင်စက်မှုအခန်းသည် ပဉ္စမလေး နှစ်စီမံကိန်းကာလအတွင်းတွင် စတုတ္ထလေးနှစ် စီမံကိန်းကာလအတွင်းက မပြီးပြတ်ခဲ့သော လုပ်ငန်း စီမံကိန်းများကို ဆက်လက်အကောင်အထည်ဖော်သည်။ ထိုစီမံကိန်းများတွင် အမှတ် (၁) စက်မှုဝန်ကြီးဌာနမှ ဆောင်ရွက်ဆဲလုပ်ငန်း စီမံကိန်း ၁၄ ခုနှင့် လုပ်ငန်းစီမံကိန်း သစ် ၄၂ ခုရှိသည်။ အမှတ် (၂) စက်မှုဝန်ကြီးဌာနမှ လုပ်ငန်းစီမံကိန်းသစ် ၂ ခုပါဝင် သည်။ စွမ်းအင်ဝန်ကြီးဌာနတွင်လည်း ဆောင်ရွက်ဆဲ လုပ်ငန်းစီမံကိန်း ၁ ခုနှင့် လုပ်ငန်း စီမံကိန်းသစ် ၃ ခုရှိ၍ လယ်ယာနှင့် သစ်တောဝန်ကြီးဌာနလက်အောက်တွင် ဆောင်ရွက်ဆဲ လုပ်ငန်းစီမံကိန်း ၁ ခုနှင့် လုပ်ငန်းစီမံကိန်းသစ် ၅ ခုရှိသည်။ သတ္တုတွင်းဝန်ကြီးဌာနတွင် မူ လုပ်ငန်းစီမံကိန်းသစ် ၁ ခုသာ အကောင်အထည်ဖော်ရန် လျာထားသည်။ ကုန်သွယ်ရေး ဝန်ကြီးဌာနလက်အောက်တွင် ဆောင်ရွက်ဆဲ လုပ်ငန်းစီမံကိန်း ၁၅ ခု နှင့် လုပ်ငန်းစီမံကိန်းသစ် ၉ ခုရှိသည်။

■ **အမှတ် (၁) စက်မှုဝန်ကြီးဌာန၊** စားသောက်ကုန်လုပ်ငန်း ကော်ပိုရေးရှင်းက ပဉ္စမ လေးနှစ်စီမံကိန်း ကာလအတွင်း ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သည့် လုပ်ငန်း စီမံကိန်းများမှာ ဇေယျဝတီ သကြားစက်စီမံကိန်း၊ စစ်ကိုင်း ဂျုံစက်စီမံကိန်း၊ မှော်ဘီ ဘီစကွတ်စက်ရုံစီမံကိန်း၊ ရေဘာဂျည် သကြားစက်စီမံကိန်း၊ အချက်ချက်စက်ရုံ အမှတ် (၂) မွှမ်းမံပြင်ဆင်ရေး စီမံကိန်းနှင့် သံဘူးထုတ်လုပ်ရေး စက်ရုံစီမံကိန်း (ဖျော်ရည်နှင့် အချက်

ပုလင်းဖုံး ထုတ်လုပ်ရေးစီမံကိန်း) တို့ဖြစ်ကြသည်။ **ဧယျေဝတီသကြားစက် စီမံကိန်း**သည် နိုင်ငံခြားငွေ ကျပ်သိန်းပေါင်း ၁၅၁၁ အပါအဝင် စုစုပေါင်းကျပ် သိန်း ၃၇၇၀ ရင်းနှီးမြှုပ်နှံရန် လျာထား၍ ၁၉၈၁-၈၂ မှစတင်၍အကောင်အထည်ဖော်ခဲ့သော စက်ရုံဖြစ်သည်။ စတုတ္ထ လေးနှစ်စီမံကိန်း ကာလအတွင်းက နိုင်ငံခြားငွေကျပ် ၁၄၄၉ သိန်းအပါအဝင် စုစုပေါင်းကျပ် ၂၅၄၉ သိန်းသာ ရင်းနှီးမြှုပ်နှံရန် လျာထားခဲ့သည်။ တည်ဆောက်မှုကာလကိုလည်း ၁၉၈၃-၈၄ ခုနှစ်မှ ၁၉၈၆-၈၇ အထိ သတ်မှတ်ခဲ့သည်။ နှစ်စဉ်သကြားတန်ချိန် ၁၉၁၂၅၊ ထင်းလဲရည် တန်ချိန် ၉၀၀၀ ထုတ်လုပ်ရန် ရည်မှန်းသော စက်ရုံဖြစ်သည်။ ပထမလေးနှစ် စီမံကိန်း၏ ပထမနှစ်ဖြစ်သော ၁၉၈၆-၈၇ ခုနှစ်တွင် စက်စတင်စမ်းသပ်ကြိတ်ခွဲ၍ ကုန်ပစ္စည်း ကျပ် ၅၆၇ သိန်းဖိုး ထုတ်လုပ်ရန်လည်း လျာထားသည်။

စားသောက်ကုန်လုပ်ငန်း ကော်ပိုရေးရှင်းတွင် ပဥ္စမလေးနှစ် စီမံကိန်းကာလ အတွင်း အကောင်အထည်ဖော်ရန် ရည်မှန်းထားသော **အီသိုင်းအီသာ စက်ရုံ စီမံကိန်း (ဧယျေဝတီ)** လည်းရှိသည်။ Fritz Werner International GmbH နှင့်စာချုပ် ချုပ်ဆို လုပ်ကိုင်မည့် ဤစီမံကိန်း အောင်မြင်ပါက တစ်နှစ်လျှင် အီသိုင်းအီသာ ကီလိုဂရမ် ၉၆၀၀၀ ထုတ်လုပ်နိုင်မည်ဟု မျှော်မှန်းထားသည်။

စတုတ္ထလေးနှစ် စီမံကိန်းကာလ ၁၉၈၃-၈၄ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ခဲ့သော **စစ်ကိုင်း ဂျုံစက်စီမံကိန်း**သည်လည်းပဥ္စမလေးနှစ်စီမံကိန်း၏ပထမနှစ်ဖြစ်သော ၁၉၈၆ခု၊ မေလ ၁ ရက်နေ့မှစ၍ စက်စတင်လည်ပတ်ကာ ဂျုံမှုန့်၊ ဂျုံဖွဲ့ (ဖွဲနုကြမ်း) များကို နှစ်စဉ် ကျပ် ၂၂၆ သိန်းဖိုး ထုတ်လုပ်မည်ဟုလျာထားသော စီမံကိန်းဖြစ်သည်။ စီမံကိန်းကာလ အတွင်း နိုင်ငံခြားငွေကျပ် ၂၈၄ သိန်းအပါအဝင် စုစုပေါင်းကျပ် ၈၄၇ သိန်း ရင်းနှီးမြှုပ်နှံရန် သတ်မှတ်သည်။ ကုန်ထုတ်လုပ်မှုကိုလည်း ဂျုံမှုန့် ၁၈၀၀၀ မက်ထရစ်တန်နှင့် ဂျုံဖွဲ့ ၄၈၀၀ မက်ထရစ်တန်ထုတ်လုပ်ရန် ရည်မှန်းသည်။ စတုတ္ထလေးနှစ် စီမံကိန်းကာလတွင် မပြီးပြတ်၍ ပဥ္စမလေးနှစ် စီမံကိန်းကာလတွင် ဆက်လက်လုပ်ဆောင်ရသော စက်ရုံဖြစ်ပေသည်။

မှော်ဘီမြို့နယ် သရက်ကုန်းကျေးရွာအနီး စက်မှုနယ်မြေတွင် ၁၉၈၄-၈၅ ခုနှစ်က စတင် တည်ဆောက် အကောင်အထည်ဖော်ခဲ့သော **မှော်ဘီ ဘီစကွတ် စက်ရုံ**သည်လည်း စတုတ္ထ လေးနှစ်စီမံကိန်းကာလတွင် မပြီးစီး၍ ပဥ္စမလေးနှစ် စီမံကိန်းကာလတွင် ဆက်လက်အကောင် အထည်ဖော်ရသော စက်ရုံဖြစ်သည်။ ၁၉၈၆-၈၇ ခုနှစ်တွင် စက်ရုံတည်ဆောက်ပြီးစီး၍ စက် စမ်းသပ်လည်ပတ်ကာ ကုန်ပစ္စည်းထုတ်လုပ်ရန် မူလကရည်မှန်းခဲ့သော်လည်း ၁၉၈၈-၈၉ ခုနှစ် တွင်ကျပ် ၈၉ သိန်းဖိုး ထုတ်လုပ်ခြင်းဖြင့် စတင်ရန် ပြုပြင်လျာထားသည်။ ရင်းနှီးမြှုပ်နှံမှုမှာ

စီမံကိန်းစတင်စဉ်က နိုင်ငံခြားငွေကျပ် ၁၂၃ သိန်းအပါအဝင် စုစုပေါင်းကျပ် ၃၃၉ သိန်း သတ်မှတ်ခဲ့သော်လည်း နောက်ပိုင်းတွင်ကျပ် ၃၆၀ သိန်းအထိ တိုးတက်မြှုပ်နှံရန် ပြုပြင်လျာထားခဲ့သည်။ နှစ်စဉ် ဘီစကွတ်မုန့်ဘန်ရှည် ၈၆၀ ထုတ်လုပ်ရန် ရည်မှန်းသတ်မှတ်ထားသည်။

စားသောက်ကုန်လုပ်ငန်း ကော်ပိုရေးရှင်းက ပဉ္စမလေးနှစ် စီမံကိန်းကာလအတွင်း ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ဆဲ စက်ရုံများတွင် **ရေတာရှည် သကြားစက်စီမံကိန်း**လည်း ပါဝင်သည်။ စတင်အကောင်အထည်ဖော်ရန် ရည်မှန်းချက်ချစဉ်က တည်ဆောက်မှုကာလကို ၁၉၈၃-၈၄ မှ ၁၉၈၆-၈၇ ခုနှစ်အထိ သတ်မှတ်ခဲ့သည်။ ကုန်ပစ္စည်းထုတ်လုပ်မှုကိုလည်း ၁၉၈၇-၈၈ ခုနှစ်တွင် စတင်မည်ဟု လျာထားခဲ့သည်။ သို့သော် စတုတ္ထလေးနှစ်စီမံကိန်း၏ နောက်ဆုံးနှစ်ဖြစ်သော ၁၉၈၅-၈၆ ခုနှစ်တွင်မှ စီမံကိန်းကို စတင်နိုင်ခဲ့ပြီး တည်ဆောက်အကောင်အထည်ဖော်ရေးကိုလည်း ပဉ္စမလေးနှစ် စီမံကိန်း၏ ပထမနှစ်ဖြစ်သော ၁၉၈၆-၈၇ ခုနှစ် အောက်တိုဘာလတွင်မှသာ စတင်နိုင်ခဲ့သည်။ နိုင်ငံခြားငွေကျပ် ၁၇၂၃ သိန်းအပါအဝင် စုစုပေါင်းကျပ် ၃၃၃၂ သိန်း ရင်းနှီးမြှုပ်နှံရန် ရည်မှန်းလုပ်ဆောင်သည်။ စက်ရုံပြီးစီးပါက နှစ်စဉ်သကြား ၂၅၀၀၀ တန်ရှည်၊ တင်လဲရည် ၇၀၅၀ တန်ရှည် ထုတ်လုပ်မည်ဖြစ်သည်။ ထုတ်လုပ်မှုကို ပဉ္စမလေးနှစ် စီမံကိန်း၏ တတိယနှစ်ဖြစ်သော ၁၉၈၈-၈၉ ခုနှစ်တွင်ကျပ် ၂၁၁ သိန်းဖိုး ထုတ်လုပ်ခြင်းဖြင့် စတင်ရန် ပြုပြင်လျာထားသတ်မှတ်သည်။

**အရက်ချက်စက်ရုံ အမှတ်(၂) မှမ်းမံပြင်ဆင်ရေး စီမံကိန်း** သည်လည်းစတုတ္ထလေးနှစ်စီမံကိန်းကာလအတွင်း ၁၉၈၅-၈၆ ခုနှစ်က စတင်ခဲ့သော စီမံကိန်းဖြစ်သည်။ ပဉ္စမလေးနှစ်စီမံကိန်းကာလတွင် ဆက်လက်အကောင်အထည်ဖော်ရာတွင် နိုင်ငံခြားငွေကျပ် ၇၃၁ သိန်းအပါအဝင် စုစုပေါင်းကျပ် ၁၇၆၁ သိန်း အကုန်အကျခံရင်းနှီးမြှုပ်နှံရန် လျာထားသည်။ မူလက လျာထားသတ်မှတ်ထားသော ရင်းနှီးမြှုပ်နှံမှုမှာ နိုင်ငံခြားငွေကျပ် ၆၅၇ သိန်းအပါအဝင် စုစုပေါင်းကျပ် ၁၆၁၅ သိန်းသာဖြစ်သည်။ ဤစက်ရုံမှ နှစ်စဉ်ပြုပြင်ထားသော အရက်ပြန် ဂါလန်ထောင်ပေါင်း ၃၆၆၊ မီးသိုင်းပါသော အရက်ပြန် ဂါလန်ထောင်ပေါင်း ၄၃၄၊ မူလသတ္တိပျက် အရက်ပြန်ဂါလန် ထောင်ပေါင်း ၄၀၀၊ အရက်ညှံဂါလန်ထောင်ပေါင်း ၇၉ အသီးသီး ထွက်ရှိမည်ဟု သတ်မှတ်သည်။ ပဉ္စမလေးနှစ် စီမံကိန်းကာလတစ်လျှောက်လုံး ဆက်လက်အကောင်အထည်ဖော်၍ ကုန်ထုတ်လုပ်မှုကို ၁၉၈၇-၈၈ ခုနှစ်တွင် စတင်ရန် မူလက ရည်မှန်းခဲ့သော်လည်း ပဉ္စမလေးနှစ် စီမံကိန်းကာလ ကျော်လွန်မှသာ စတင်နိုင်မည်ဟု ပြုပြင်ရည်မှန်းသည်။

အမှတ် (၁) စက်မှုဝန်ကြီးဌာန စားသောက်ကုန်လုပ်ငန်း ကော်ပိုရေးရှင်းသည် **သံဘူးထုတ်လုပ်ရေးစက်ရုံစီမံကိန်း** (ဖျော့်ရည်နှင့်အရက်ပုလင်းဖုံးထုတ်လုပ်ရေး Rolled Over Seal Project ) ရန်ပုံကို စတုတ္ထလေးနှစ်စီမံကိန်း၏ နောက်ဆုံးနှစ်ဖြစ်သော ၁၉၇၅-၇၆ ခုနှစ်တွင်မှ စတင်ခဲ့သဖြင့် ပဉ္စမလေးနှစ်စီမံကိန်းကာလအတွင်း ဆက်လက် အကောင်အထည်ဖော် တည်ဆောက်ရန် ဆက်လက်သတ်မှတ် လျာထားသည်။ မူလက ၁၉၇၆-၇၇ ခုနှစ်တွင် ကုန်ပစ္စည်းများ စတင်ထုတ်လုပ်ရန် သတ်မှတ်ချက်ရှိသည်။ ထိုစက်ရုံမှ နှစ်စဉ် ပုလင်းဖုံး ခုရေ သိန်းပေါင်း ၁၅၀ ထုတ်လုပ်မည်ဖြစ်သည်။ နိုင်ငံခြားငွေ ကျပ် ၅၇ သိန်း အပါအဝင် စုစုပေါင်း ကျပ် ၂၄၃ သိန်း ရင်းနှီးမြှုပ်နှံလုပ်ဆောင်ရန်လည်း လျာထားသည်။ ပဉ္စမလေးနှစ်စီမံကိန်း၏ ဒုတိယနှစ်ဖြစ်သော ၁၉၇၇-၇၈ ခုနှစ်တွင် နိုင်ငံခြားငွေ ကျပ် ၄၆ သိန်း အပါအဝင် စုစုပေါင်း ကျပ် ၉၇ သိန်းသာ ရင်းနှီးမြှုပ်နှံရန် ပြုပြင်သတ်မှတ်သည်။

စားသောက်ကုန်လုပ်ငန်း ကော်ပိုရေးရှင်းသည် **နမ့်တီး သကြားစက် မွမ်းမံပြင်ဆင်ရေး စီမံကိန်း**ကို ပဉ္စမလေးနှစ်စီမံကိန်းကာလအတွင်း လုပ်ငန်းစီမံကိန်းသစ်တစ်ခုအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ရန် ရည်မှန်းသည်။ ဟောင်းနွမ်းသောစက်များကို ခေတ်မီနည်းစနစ်ဖြင့် ပြန်လည်မွမ်းမံပြင်ဆင်ရန်ဟူသော စက်မှုလက်မှုကဏ္ဍ၏လုပ်နည်းစနစ်ကို လိုက်နာအကောင်အထည်ဖော်ခြင်းဖြစ်သည်။ မွမ်းမံပြင်ဆင်ပြီးပါက သကြားတန်ချိန် ၁၃၅၀၀၊ တင်လဲရည်တန်ချိန် ၆၀၀၀ အထိ နှစ်စဉ် တိုးတက်ထုတ်လုပ်နိုင်မည်ဟု ခန့်မှန်းသည်။ မွမ်းမံပြင်ဆင်ရေးအတွက် နိုင်ငံခြားငွေကျပ် ၄၈၆ သိန်း အပါအဝင် စုစုပေါင်း ကျပ် ၉၁၆ သိန်း အကုန်အကျခံရန် ရည်မှန်းသည်။

**ဇေယျဝတီ သကြားစက် စီမံကိန်း** (၂) သည်လည်း ပဉ္စမလေးနှစ်စီမံကိန်းကာလအတွင်း စားသောက်ကုန်လုပ်ငန်းကော်ပိုရေးရှင်းမှ ဆောင်ရွက်ရန် စီမံလျာထားသည့် လုပ်ငန်းစီမံကိန်းသစ်တစ်ခုဖြစ်သည်။ မူလ ဇေယျဝတီသကြားစက် စီမံကိန်းကို တိုးချဲ့တည်ဆောက်ခြင်းဖြစ်ရာ နိုင်ငံခြားငွေ ကျပ် ၂၁၂၀ သိန်း အပါအဝင် စုစုပေါင်း ကျပ် ၅၁၉၅ သိန်း ရင်းနှီးမြှုပ်နှံရန် သတ်မှတ်သည်။ စက်ရုံတည်ဆောက်ပြီးစီးပါက နှစ်စဉ်သကြားတန်ချိန် ၂၁၇၅၊ တင်လဲရည်တန်ချိန် ၉၀၀၀ ထုတ်လုပ်ရန် ရည်မှန်းသည်။

နိုင်ငံတော်တွင် နမ့်တီး၊ ဘီးလင်း၊ ပျဉ်းမနား၊ ဇေယျဝတီ၊ ရွှေသောင်၊ ကျောက်တော် အသီးသီး၌ သကြားစက်များ တည်ဆောက် လည်ပတ်ကာကုန်ထုတ်လုပ်လျက်ရှိသည်။ သကြားသည် လူနေမှု အဆင့်အတန်းမြင့်မားလာသော မြို့နေလူတန်းစားများအတွက် အရေးကြီးသော စားကုန်ဖြစ်သည့်အပြင် နိုင်ငံခြားသို့ တင်ပို့ရောင်းချခြင်းဖြင့် နိုင်ငံခြားဝင်ငွေရှာပေးနိုင်သော

ကုန်ပစ္စည်းတစ်ခုလည်းဖြစ်သည်။ သို့ဖြစ်၍ ပဥ္စမလေးနှစ်စီမံကိန်းကာလအတွင်း သကြားစက်တစ်ခုထပ်မံတည်ဆောက်ရန် စီမံကိန်းရေးဆွဲလျာထားသည်။ ထိုလုပ်ငန်းစီမံကိန်းတစ်ခုအတွက် နိုင်ငံခြားငွေကျပ် ၄၃၇ သိန်းအပါအဝင် စုစုပေါင်း ကျပ် ၉၂၄ သိန်းရင်းနှီးမြှုပ်နှံလုပ်ဆောင်မည်ဖြစ်သည်။ ထိုလုပ်ငန်းစီမံကိန်းသစ်မှ နှစ်စဉ် သကြားတန်ရှည် ၄၅၀၀၊ တင်လဲရည်တန်ရှည် ၁၀၀၀ ထွက်ရှိမည်ဟု ရည်မှန်းသည်။

အရက်သည် သကြားချက်လုပ်ရာတွင် အပိုပစ္စည်းအဖြစ်ရရှိသော တင်လဲရည်မှ ချက်လုပ်ခြင်းဖြစ်ရာ သကြားစက်တည်ရှိသော ပျဉ်းမနားမြို့တွင်ပင် **ပျဉ်းမနားအရက်ချက်စက်ရုံစီမံကိန်း**သစ်ကို ပဥ္စမလေးနှစ်စီမံကိန်းကာလအတွင်း စတင်တည်ဆောက် အကောင်အထည်ဖော်ရန် ရည်မှန်းသည်။ ယင်းစီမံကိန်း တည်ဆောက်ပြီးပါက နှစ်စဉ်အရက်ပြင်း (၁၅.၅%) ဂါလန် ထောင်ပေါင်း ၁၂၁၀ ထုတ်လုပ်နိုင်မည်ဖြစ်သည်။ ထိုစီမံကိန်းအတွက် နိုင်ငံခြားငွေ ကျပ် ၇၁၂ သိန်းအပါအဝင် စုစုပေါင်း ကျပ် ၁၇၁၄ သိန်း အကုန်အကျခံရန် သတ်မှတ်ထားသည်။

စားသောက်ကုန်လုပ်ငန်း ကော်ပိုရေးရှင်းမှပင် ဘီယာစက်သစ်စီမံကိန်းတစ်ခုကိုလည်း ထပ်မံတည်ဆောက် အကောင်အထည်ဖော်ရန် လျာထားသည်။ နှစ်စဉ်အရက်ပြန် ၂၄ အောင်စဝင်ပုလင်းဒါဇင်ထောင်ပေါင်း ၁၅၅၉ ထုတ်လုပ်ရန် နိုင်ငံခြားငွေ ကျပ် ၇၅၉ သိန်း အပါအဝင် စုစုပေါင်း ကျပ် ၁၇၃၉ သိန်း သုံးစွဲရန် သတ်မှတ်ခဲ့သည်။ ထို့ပြင် ထုတ်လုပ်သော အရက်၊ ဘီယာတို့ကို ပုလင်းများတွင် လွယ်ကူစွာထည့်သွင်း၍ စံချိန်မီထုတ်လုပ်နိုင်ရေးအတွက် ပုလင်းသွင်းစက်ရုံများ စီမံကိန်းတစ်ခုကိုလည်း ပဥ္စမလေးနှစ်စီမံကိန်းကာလအတွင်း၌ပင် စတင်အကောင်အထည်ဖော်ရန် လျာထားသည်။ ထိုစီမံကိန်းသစ်သည် နှစ်စဉ် ၄၆.၅ ယူပီအောင်စ ပုလင်းခုရေထောင်ပေါင်း ၆၉၁၂၀ ကို ထုတ်လုပ်ပေးနိုင်စွမ်းရှိမည်ဖြစ်သည်။ ထိုစက်ရုံအတွက် ရင်းနှီးမြှုပ်နှံမှု လျာထားချက်မှာ နိုင်ငံခြားငွေ ကျပ် ၃၄၅ သိန်း အပါအဝင်စုစုပေါင်း ကျပ် ၉၅၆ သိန်း ဖြစ်သည်။

ဒိုင်းမွန်း ဘိလပ်ရည် စက်ရုံနှင့် ဒဂုန် ဘိလပ်ရည် စက်ရုံတို့သည် ကိုလိုနီ ခေတ်ကပင် တည်ရှိခဲ့သော စက်ရုံများ ဖြစ်သည်။ အသုံးပြုဆဲ စက်များမှာ အိုမင်း ဟောင်းနွမ်း ခေတ်နောက်ကျနေပြီး ကုန်ထုတ်စွမ်းအားလည်း တဖြည်းဖြည်း ကျဆင်းလျက်ရှိသည်။ ထိုစက်ရုံများကို ခေတ်မီစက်သစ်များ အစားထိုး သုံးစွဲရန် **ဒိုင်းမွန်း ဘိလပ်ရည်စက်ရုံ မွမ်းမံပြင်ဆင်ရေးလုပ်ငန်း စီမံကိန်းနှင့် ဒဂုန်ဘိလပ်ရည်စက်ရုံ မွမ်းမံပြင်ဆင်ရေး စီမံကိန်း**များကို ပဥ္စမလေးနှစ် စီမံကိန်းကာလအတွင်း အကောင်အထည် ဖော်ရန် ရည်မှန်းသည်။ ဒိုင်းမွန်းဘိလပ်ရည် စက်ရုံ မွမ်းမံ ပြင်ဆင်ရေး လုပ်ငန်း စီမံကိန်းအတွက် နိုင်ငံခြားငွေ ကျပ် ၁၁၉ သိန်း

အပါအဝင် စုစုပေါင်း ကျပ် ၂၈၇ သိန်း သုံးစွဲရန် လျာထား သတ်မှတ်သည်။ မွမ်းမံပြင်ဆင်ပြီးပါက လက်ရှိ စက်ရုံ၏ ကုန်ထုတ်စွမ်းအား အပါအဝင် နှစ်စဉ် ဘိလပ်ရည် ပုလင်းဒါဇင် ထောင်ပေါင်း ၁၇၆၀ ထွက်ရှိမည် ဖြစ်သည်။ ထို့အတူ အရန် ဘိလပ်ရည် စက်ရုံမွမ်းမံပြင်ဆင်ရေး စီမံကိန်းအတွက် နိုင်ငံခြားငွေကျပ် ၁၁၅ သိန်း အပါအဝင် စုစုပေါင်းကျပ် ၂၇၉ သိန်း ရင်းနှီးမြှုပ်နှံရန် လျာထားသည်။ လက်ရှိ စက်ရုံ၏ ကုန်ထုတ်လုပ်မှု အပါအဝင် ဖျော်ရည် ပုလင်း ဒါဇင် ထောင်ပေါင်း ၂၄၀ နှစ်စဉ် ထွက်ရှိမည် ဖြစ်သည်။

ပဉ္စမ လေးနှစ် စီမံကိန်းကာလ၏ တတိယနှစ်ဖြစ်သော ၁၉၈၈-၈၉ ခုနှစ်တွင် နိုင်ငံခြားငွေကျပ် ၅၅ သိန်း အပါအဝင် စုစုပေါင်းကျပ် ၄၁၇ သိန်း ရင်းနှီးမြှုပ်နှံကာ ရွှေညောင် သကြားစက် တိုးချဲ့အရက်ချက်စက်ရုံ စီမံကိန်းကို အသစ်တည်ဆောက်ရန် ရည်မှန်းသည်။ အရက်ပြင်း ဂါလန် ထောင်ပေါင်း ၁၆၅၊ မူလသတ္တိပျက် အရက်ပြန် ဂါလန် ထောင်ပေါင်း ၁.၆၅ ထွက်ရှိနိုင်သော စီမံကိန်းဖြစ်သည်။ ၁၉၈၉-၉၀ တွင် တည်ဆောက်ပြီးစီး၍ ကုန်ပစ္စည်း ထုတ်လုပ်ရန် ရည်မှန်းသည်။

အမှတ်(၁) စက်မှုဝန်ကြီးဌာန၊ အထည်အလိပ် လုပ်ငန်း ကော်ပိုရေးရှင်းသည် စတုတ္ထ လေးနှစ် စီမံကိန်းကာလ ၁၉၈၄-၈၅ ခုနှစ်ကပင် စတင် အကောင်အထည်ဖော်ခဲ့သော ရွှေတောင်အထည်အချောကိုင်စက်ရုံစီမံကိန်းကို ၁၉၈၇-၈၈ခုနှစ်တွင်ကုန်ပစ္စည်းစတင်ထုတ်လုပ်နိုင်မည်ဟု ရည်မှန်းခဲ့သည်။ သို့သော် အခြေအနေ အရပ်ရပ်ကြောင့် ပဉ္စမ လေးနှစ် စီမံကိန်း၏ တတိယနှစ်ဖြစ်သော ၁၉၈၈-၈၉ ခုနှစ်တွင်မှသာ ကုန်ပစ္စည်း ကျပ် ၆၅၈ သိန်းဖိုး စတင်ထုတ်လုပ်နိုင်ရန်ပြုပြင် ရည်မှန်းလျက် ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်ရသည်။ ၁၉၈၈-၈၉ ခုနှစ်တွင်လည်း ရည်မှန်းသည့်အတိုင်း ကုန်ပစ္စည်း စတင်မထုတ်လုပ်နိုင်သေးသဖြင့် ၁၉၈၉-၉၀ ခုနှစ်မှသာ ထုတ်လုပ်မှု စတင်ရန် ထပ်မံပြုပြင် သတ်မှတ်သည်။ ရွှေတောင် အထည်အချောကိုင် စီမံကိန်း၏ နှစ်စဉ် ကုန်ထုတ် စွမ်းအား ရည်မှန်းချက်မှာ ဆေးဆိုးပန်းရိုက်ထည် ကိုက်သန်းပေါင်း ၁၄.၇၂ ဖြစ်သည်။ ထိုစီမံကိန်းအတွက် ရင်းနှီးမြှုပ်နှံမှုမှာ နိုင်ငံခြားငွေကျပ် ၂၃၂၅ သိန်း အပါအဝင် စုစုပေါင်းကျပ် ၄၉၆၀ သိန်း ဖြစ်သည်။

ပဉ္စမ လေးနှစ် စီမံကိန်းကာလအတွင်း အထည်အလိပ် လုပ်ငန်း ကော်ပိုရေးရှင်းမှ လုပ်ငန်း စီမံကိန်းသစ်ပေါင်း ၁၆ ခုတိုးတက် ဆောင်ရွက်ရန် ရည်မှန်းသည်။ ထိုလုပ်ငန်း စီမံကိန်းများတွင် အထည်ချုပ်စက်ရုံ အမှတ်(၄) စီမံကိန်း၊ အထည်ချုပ်စက်ရုံ အမှတ် (၅) စီမံကိန်း၊ အထည်ချုပ်စက်ရုံ အမှတ်(၆) စီမံကိန်း၊ အထည်ချုပ် စက်ရုံအမှတ် (၇) စီမံကိန်း

များပါဝင်သည်။ ခေတ်မီ၍ အဆင့်အတန်းမြင့်သော ချုပ်ပြီး အထည်များအတွက် ချုပ်လုပ်ခအဖြစ် နိုင်ငံခြား ဝင်ငွေ ပိုမို တိုးတက်ရရှိစေရန် အထည်ချုပ်စက်ရုံများ တိုးတက်တည်ဆောက်ရန် ရည်မှန်းခြင်း ဖြစ်သည်။

**အထည်ချုပ်စက်ရုံ အမှတ် (၄) စီမံကိန်းကို** ၁၉၈၄-၈၅ ခုတွင် စတင်သည်။ နှစ်စဉ် ရှပ်အင်္ကျီ (ကျား ဝတ်)အထည် ထောင်ပေါင်း ၇၂၀ နှင့် အသင့်ဝတ် ချုပ်ပြီး အထည် ထောင်ပေါင်း ၁၂၀ ထုတ်လုပ် နိုင်မည်ဖြစ်သည်။ စီမံကိန်းအတွက် မူလက နိုင်ငံခြားငွေကျပ် သိန်းပေါင်း ၂၄၅ သိန်း အပါအဝင် စုစုပေါင်းကျပ် ၇၉၄ သိန်း ရင်းနှီးမြှုပ်နှံရန် လျာထားခဲ့သော်လည်း နိုင်ငံခြားငွေ ၁၄၆ သိန်းအပါအဝင် စုစုပေါင်းကျပ် ၃၃၉ သိန်းသာ ရင်းနှီးမြှုပ်နှံရန် ပြုပြင်လျာထားသည်။ ပဥ္စမလေးနှစ်စီမံကိန်းကာလ ၁၉၈၇-၈၈ ခုနှစ်တွင် ကုန်ပစ္စည်းများစတင်ထုတ်လုပ်ရန် ရည်မှန်းသည်။ နေ့စဉ် ၈ နာရီတစ်လှည့်အတွင်း ထည်ရေ ၁၂၀၀ ထွက်နှုန်းဖြင့် ၁၉၈၇-၈၈ ခုနှစ်အတွက် အမျိုးသားဝတ် ဖလန်နယ်ရှပ်အင်္ကျီထည်ထောင်ပေါင်း ၅၅၅-၆ ထွက်ရှိရန် ရည်မှန်းသတ်မှတ်ထားသည်။ အထည်ချုပ်စက်ရုံအမှတ် (၅) စီမံကိန်းကိုလည်း နှစ်စဉ် ရှပ်အင်္ကျီ (ကျားဝတ်) အထည်ထောင်ပေါင်း ၇၂၀ နှင့် ဘောင်းဘီရှည်အထည်ထောင်ပေါင်း ၇၂၀ ထုတ်လုပ်ရန် ရည်မှန်းလျက် ၁၉၈၄-၈၅ ခုနှစ်တွင် စီမံကိန်း စတင်ခဲ့သည်။ ရင်းနှီးမြှုပ်နှံမှုမှာလည်းနိုင်ငံခြားငွေ ကျပ် ၂၄၅ သိန်းအပါအဝင် စုစုပေါင်း ကျပ် ၇၉၄ သိန်းဟု သတ်မှတ်လျာထားသည်။ ပဥ္စမလေးနှစ်စီမံကိန်းကာလဖြစ်သော ၁၉၈၈-၈၉ ခုနှစ်တွင် ကုန်ပစ္စည်းစတင်ထုတ်လုပ်ရန် ရည်မှန်းထားသည်။

**အထည်ချုပ်စက်ရုံအမှတ် (၆) စီမံကိန်းကို** စစ်ကိုင်းမြို့တွင် ၁၉၈၈-၈၉ ခုနှစ်၌ စတင်တည်ဆောက် အကောင်အထည်ဖော်ရန် ရည်မှန်းသည်။ နိုင်ငံခြားငွေ ကျပ် ၁၆၀ သိန်းအပါအဝင် စုစုပေါင်း ကျပ် ၅၂၇ သိန်း ရင်းနှီးမြှုပ်နှံမည့် ဤစက်ရုံအတွက် သတ်မှတ်ထားသော ကုန်ထုတ်အင်အားမှာ အောက်ပါအတိုင်းဖြစ်သည်။

| အမျိုးအမည် | တစ်နေ့ရှစ်နာရီအလှည့် | ရေတွက်ပုံ | အရေအတွက် |
|---|---|---|---|
| ၁။ ဦးထုပ် | တစ်လှည့် | လုံးထောင်ပေါင်း | ၂၀၀ |
| ၂။ ရှပ်အင်္ကျီ | ။ | ထည်ထောင်ပေါင်း | ၁၀၀ |
| ၃။ ဘောင်းဘီရှည် | ။ | ထည်ထောင်ပေါင်း | ၃၃၀ |
| ၄။ ခြင်ထောင် | ။ | လုံးထောင်ပေါင်း | ၂၁၀ |
| ၅။ မိုးကာအင်္ကျီ | ။ | ထည်ထောင်ပေါင်း | ၆၀ |
| ၆။ သက်နှီးဖိနပ် | ။ | စုံထောင်ပေါင်း | ၁၀၀ |

ပဉ္စမလေးနှစ်စီမံကိန်း၏ နောက်ဆုံးနှစ်ဖြစ်သော ၁၉၈၉-၉၀ ခုနှစ်တွင် ကုန်ပစ္စည်းစတင်ထုတ်လုပ်ရန်ရည်မှန်းထားသည်။

**အထည်ချုပ်စက်ရုံအမှတ် (၇)** စီမံကိန်းကိုလည်း ပဲခူးမြို့တွင်၁၉၈၇ ၌ စတင်ဆောင်ရွက်ရန် ရည်မှန်းသည်။ ဤစီမံကိန်းအတွက် နိုင်ငံခြားငွေ ကျပ် ၆၈ သိန်း အပါအဝင် စုစုပေါင်း ကျပ် ၅၆၃ သိန်း ရင်းနှီးမြှုပ်နှံရန်လျာထားသတ်မှတ်သည်။ တစ်နေ့ရှစ်နာရီတစ်လှည့်တွင် ဆွယ်တာအမျိုးမျိုး ထည်ရေထောင်ပေါင်း ၂၄၀၀ ထွက်နှုန်းဖြင့် ၁၉၈၈-၈၉ ခုနှစ်တွင် ဆွယ်တာအမျိုးမျိုး ထည်ထောင်ပေါင်း ၅၇၆ ထုတ်လုပ်ရန် ရည်မှန်းသည်။

အထည်အလိပ်လုပ်ငန်းကော်ပိုရေးရှင်းသည် အထည်ချုပ်စက်ရုံ စီမံကိန်းများအပြင် အခြားလုပ်ငန်း စီမံကိန်းသစ်များကိုလည်း ပဉ္စမလေးနှစ်စီမံကိန်းကာလတွင် အကောင်အထည်ဖော်ရန် ရည်မှန်းသည်။ ထိုလုပ်ငန်းစီမံကိန်းများတွင် ပဲခူးမျက်နှာသုတ်ပဝါစက်ရုံ စီမံကိန်း၊ စောင်စက်ရုံအမှတ် (၁) မွမ်းမံပြင်ဆင်ရေးလုပ်ငန်း စီမံကိန်း၊ ပြည် ဝါကြိတ်စက်ရုံမွမ်းမံပြင်ဆင်ရေးလုပ်ငန်းစီမံကိန်း၊ မြစ်သား ဝါငွေ့ဆိုစက်ရုံစီမံကိန်း၊ ပဲခူးချည်မျှင်စက်ရုံစီမံကိန်း၊ မေတ္တုချည်မျှင်စက်ရုံစီမံကိန်း၊ မိတ္ထီလာဝါကြိတ်စက်ရုံစီမံကိန်း၊ ခါးပတ်ကြိုးနှင့် ပူးတွဲသုံးတန်ဆာပလာပစ္စည်းစက်ရုံစီမံကိန်း၊ သမိုင်းချည်မျှင်နှင့်အထည်စက်ရုံ မွမ်းမံပြင်ဆင်ရေးလုပ်ငန်းစီမံကိန်း၊ အင်းစိန်စွပ်ကျယ်စက်ရုံပိုလီအက်စတာထည်နှင့် ပိုလီအက်စတာဝါဂွမ်း ရောစပ်ထည်များထုတ်လုပ်ရန်စက်များ ဖြည့်စွက်တပ်ဆင်ရေးလုပ်ငန်းစီမံကိန်း၊ အထည်ချုပ်စက်ရုံအမှတ် (၁) မွမ်းမံပြင်ဆင်ရေးလုပ်ငန်း စီမံကိန်းနှင့် သီလဝါဆည်မြောင်းဖြန့်ဖြူးရေးစီမံကိန်းတို့ပါဝင်သည်။

ပဲခူးမြို့အနီးတွင် တည်ဆောက်မည့် **ပဲခူးမျက်နှာသုတ်ပဝါစက်ရုံစီမံကိန်း**အတွက်အစီအစဉ်များကို ၁၉၈၄-၈၅ ခုနှစ်ကပင် ချမှတ်လုပ်ဆောင်ခဲ့ရာပဉ္စမလေးနှစ်စီမံကိန်းကာလတွင်လုပ်ငန်းစီမံကိန်းသစ်အဖြစ်ပင်ရှိနေသေးသည်။ မူလက ဤစီမံကိန်းအတွက် နိုင်ငံခြားငွေကျပ် ၁၉၅ သိန်း အပါအဝင်စုစုပေါင်း ကျပ် ၅၁၇ သိန်း ရင်းနှီးမြှုပ်နှံရန်လျာထားသည်။ ပဉ္စမလေးနှစ်စီမံကိန်း၏ တတိယနှစ်ဖြစ်သော ၁၉၈၈-၈၉ ခုနှစ်တွင်မူ ရင်းနှီးမြှုပ်နှံမှုကို နိုင်ငံခြားငွေကျပ် ၂၉၂ သိန်း အပါအဝင်စုစုပေါင်း ကျပ် ၆၉၀ သိန်းဟု ပြုပြင်ရည်မှန်းသည်။ စီမံကိန်း အကောင်အထည်ပေါ်ပြီးပါက မျက်နှာသုတ်ပဝါအရွယ်အစားမျိုးစုံ ထည်ထောင်ပေါင်း ၉၀၀ နှစ်စဉ် ထွက်ရှိမည်ဖြစ်သည်။ ပဉ္စမလေးနှစ်စီမံကိန်းကာလ၏ တတိယနှစ်ဖြစ်သော ၁၉၈၈-၈၉ ခုနှစ်တွင် ပြီးစီးရန်မူလက ရည်မှန်းခဲ့သော်လည်း နောက်ပိုင်းတွင် တည်ဆောက်မှုကာလကို ၁၉၈၈ - ၈၉ ခုမှ ၁၉၉၀-၉၁ ခုဟုလည်းကောင်း ကုန်ပစ္စည်းစတင်ထုတ်လုပ်နိုင်မည့်အချိန်ကို ၁၉၉၀-၉၁ ခုနှစ်ဟုလည်းကောင်း ပြုပြင်ရည်မှန်းသည်။

**မြစ်သား ဝါစေ့ဆီ စက်ရုံ စီမံကိန်းကို** အထည်အလိပ် လုပ်ငန်းကော်ပိုရေးရှင်းသည် ၁၉၇၅-၇၆ ခုနှစ်တွင် လုပ်ငန်း အစီအစဉ်များ စတင်ချမှတ်ပြီး ပဉ္စမ လေးနှစ် စီမံကိန်းကာလ တွင် လုပ်ငန်း စီမံကိန်းသစ် အဖြစ် အကောင်အထည်ဖော်သည်။ ဤစက်ရုံအတွက် မူလက နိုင်ငံခြားငွေကျပ် ၁၄၈ သိန်း အပါအဝင် စုစုပေါင်းကျပ် ၃၇၃ သိန်း အကုန်အကျခံ ရင်းနှီးမြှုပ်နှံရန် လျာထားသည်။ ပဉ္စမ လေးနှစ် စီမံကိန်း၏ တတိယနှစ်ဖြစ်သော ၁၉၇၇-၇၈ ခုနှစ်တွင် ရင်းနှီးမြှုပ်နှံမှုကို နိုင်ငံခြားငွေကျပ် ၁၄၉ သိန်း အပါအဝင် စုစုပေါင်း ကျပ် ၃၆၈ သိန်းဟု ပြုပြင်လျာထားသည်။ စက်ရုံ၏ ကုန်ထုတ်စွမ်းအားမှာ တစ်ရက်လျှင် ၃ လည့် ထုတ်လုပ်ခြင်းဖြင့် တစ်နှစ်လျှင် လင်တာဂွမ်း ၃၆၀ ပေါင်ရှိ ဘေထုပ်ပေါင်း ၃၅၆၀ ထုပ်၊ ဝါစေ့ဆီကြည် ပိဿာ ထောင်ပေါင်း ၃၀၀၊ ဝါစေ့ဆီချေး ပိဿာထောင်ပေါင်း ၁၀၀ နှင့် ဝါစေ့ဖတ်ပိဿာထောင်ပေါင်း ၁၂၀၀ ထွက်မည်ဟု သတ်မှတ်ထားသည်။ ပဉ္စမ လေးနှစ် စီမံကိန်း ကာလ၏ တတိယနှစ်ဖြစ်သော ၁၉၇၇-၇၈ ခုနှစ်တွင် တည်ဆောက်ပြီးစီး၍ ၁၉၇၉-၈၀ ခုနှစ်တွင် ကုန်ထုတ်လုပ်မှု စတင်ရန် ရည်မှန်းချက်ထားသည်။

ပဲခူးစက်မှုနယ်မြေ၌ **ပဲခူး ချည်မျှင်စက်ရုံ စီမံကိန်းသစ်** တစ်ခုကို ပဉ္စမ လေးနှစ်စီမံကိန်း ကာလအတွင်း စတင် အကောင်အထည်ဖော်ရန် အထည်အလိပ် လုပ်ငန်းကော်ပိုရေးရှင်းက ရည်မှန်းသည်။ နိုင်ငံခြားငွေကျပ် သိန်း ၇၀၀ အပါအဝင် စုစုပေါင်းကျပ် ၂၀၂၃ သိန်း ရင်းနှီးမြှုပ်နှံရန် လျာထားသည်။ စက်ရုံမှ နှစ်စဉ် ၁/၃၀၊၁/၄၀ ချည်ချောများ၊ ၁/၆၀ အပ်ချည်များ ပေါင်ထောင်ပေါင်း ၃၅၂၇ ထွက်မည်ဖြစ်သည်။ ထို့အတူ ဓာတုချည်မျှင်စက်ရုံ စီမံကိန်းသစ် တစ်ခုကိုလည်း နိုင်ငံခြားငွေကျပ် ၇၇၃ သိန်း အပါအဝင် စုစုပေါင်း ကျပ် ၂၂၁၃ သိန်း ကုန်ကျခံ၍ ရင်းနှီးမြှုပ်နှံ တည်ဆောက်ရန် ရည်မှန်းသည်။ စီမံကိန်းအကောင် အထည်ဖော်ပြီးစီးပါက ပိုလီအက်စတာဖိုင်ဘာနှင့် ပိုလီအက်စတာချည်မျှင် မက်ထရစ်တန် ၃၀၀၀ နှင့် ပိုလီအက်စတာရောစပ်ချည် မက်ထရစ်တန် ၃၀၀၀ နှစ်စဉ် ထုတ်လုပ် နိုင်မည်ဖြစ်သည်။

အထည်အလိပ်လုပ်ငန်းကော်ပိုရေးရှင်းက ပဉ္စမ လေးနှစ် စီမံကိန်းကာလအတွင်း အကောင်အထည်ဖော်မည့် လုပ်ငန်း စီမံကိန်းသစ်များတွင် **မိတ္ထီလာ ဝါကြိတ်စက်ရုံ စီမံကိန်း** လည်းပါဝင်သည်။ နှစ်စဉ် ဝါဂွမ်း ၁၈၀ ပေါင်ဝင် ဘေထုပ် ၄၇၇၉၉ ထုပ်နှင့် ဝါစေ့ပိဿာ ပေါင်း ၄၆ သိန်း ကုန်ထုတ်အင်အားရှိသည့် ဤစက်ရုံကို တည်ဆောက်ရန် ရင်းနှီးမြှုပ်နှံမှု လျာထားငွေမှာ နိုင်ငံခြားငွေ ကျပ် ၁၆၁ သိန်း အပါအဝင် စုစုပေါင်းကျပ် ၄၇၇ သိန်း ဖြစ်သည်။

ခါးပတ်ကြိုးနှင့် ပုံးတွဲသုံး တန်ဆာပလာများကို တပ်မတော် သားများအတွက် ထုတ်လုပ်ပေးနိုင်ရန် စက်ရုံ စီမံကိန်းသစ် တစ်ခုကိုလည်း အကောင်အထည် ဖော်ရန်ရည်မှန်းသည်။ တပ်မတော်သုံး ကိရိယာ တန်ဆာပလာပစ္စည်း အစုံ ခုရေထောင်ပေါင်း ၂၀၀ နှစ်စဉ်ထွက်နိုင်မည့် ဤစက်ရုံအတွက် နိုင်ငံခြားငွေကျပ် ၂၁၁ သိန်း အပါအဝင် စုစုပေါင်း ကျပ် ၅၂၈ သိန်း ရင်းနှီးမြှုပ်နှံရန် လျာထားသတ်မှတ်သည်။

ပဉ္စမ လေးနှစ် စီမံကိန်းကာလအတွင်း စက်မှုလက်မှုကဏ္ဍအတွက် ရည်မှန်းချက်များ အောင်မြင်စွာ အကောင်အထည် ဖော်နိုင်ရန် လုပ်နည်းစနစ်များ ချမှတ်ရာတွင် ဟောင်းနွမ်းသော စက်များကို ဖြည့်စွက်အစားထိုး သုံးစွဲရန် မွမ်းမံပြင်ဆင်၍ ကုန်ထုတ်လုပ်မှုတိုးမြင့်အောင် လုပ်ရန် စသော အချက်များပါသည်။ အထည်အလိပ် လုပ်ငန်းကော်ပိုရေးရှင်းသည် ပဉ္စမ လေးနှစ် စီမံကိန်းကာလအတွင်း မွမ်းမံပြင်ဆင်ရေး လုပ်ငန်း စီမံကိန်း ၅ ခုကိုဆောင်ရွက်ရန် ရည်မှန်းသည်။ ၎င်းတို့မှာ စောင်စက်ရုံအမှတ်(၁)မွမ်းမံ ပြင်ဆင်ရေး လုပ်ငန်း စီမံကိန်း၊ ပြည်ဝါကြိတ်စက်ရုံ မွမ်းမံပြင်ဆင်ရေးလုပ်ငန်း စီမံကိန်း၊ သမိုင်းချည်မျှင်နှင့်အထည်စက်ရုံ မွမ်းမံပြင်ဆင်ရေး လုပ်ငန်း စီမံကိန်း၊ အင်းစိန်စွပ်ကျယ်စက်ရုံ ပိုလီအက်စတာထည်နှင့် ပိုလီအက်စတာ ဝါဂွမ်းရောစပ် ထည်များ ထုတ်လုပ်ရန် စက်များ ဖြည့်စွက်တပ်ဆင်ရေး လုပ်ငန်း စီမံကိန်းနှင့် အထည်ချုပ်စက်ရုံ အမှတ်(၁)မွမ်းမံ ပြင်ဆင်ရေး စီမံကိန်းတို့ဖြစ်သည်။

**စောင်စက်ရုံ အမှတ် (၁) မွမ်းမံပြင်ဆင်ရေး လုပ်ငန်း စီမံကိန်းကို** ၁၉၈၅-၈၆ ခုနှစ်ကပင် စတင်ကာ လုပ်ငန်း အစီအစဉ်များ ချမှတ်ဆောင်ရွက်သည်။ တစ်နှစ်လျှင် တစ်ထပ်စောင်အထည်ထောင်ပေါင်း ၃၀၀၊ နှစ်ထပ်စောင် အထည်ထောင်ပေါင်း ၂၀၀ ထိ ထုတ်လုပ်မှုကို မြှင့်တင်နိုင်ရန်အတွက် နိုင်ငံခြားငွေကျပ် ၄၅၁ သိန်း အပါအဝင် စုစုပေါင်းကျပ် ၉၀၁ သိန်း ကုန်ကျခံကာ ရင်းနှီးမြှုပ်နှံရန် လျာထားသည်။ မွမ်းမံပြင်ဆင်ရေး လုပ်ငန်းများသည် ၁၉၈၈-၈၉ ခုနှစ်တွင် ပြီးစီး၍ထိုနှစ်မှာပင် ကုန်ထုတ်လုပ်မှုများစတင်နိုင်ရန်မျှော်မှန်းသည်။

**ပြည် ဝါကြိတ်စက်ရုံ မွမ်းမံပြင်ဆင်ရေးလုပ်ငန်း စီမံကိန်းကိုလည်း** ၁၉၈၅-၈၆ ခုနှစ်ကပင် အစီအစဉ်များ စတင်ခဲ့သည်။ နိုင်ငံခြားငွေကျပ် ၁၆၁ သိန်း အပါအဝင် စုစုပေါင်းကျပ် ၄၈၈ သိန်း ရင်းနှီးမြှုပ်နှံခြင်းဖြင့် နှစ်စဉ် ဝါဂွမ်း ၁၈၀ ပေါင်ဝင် ဓာတုပ် ၄၇၇၉၉ နှင့် ဆီကြိတ်နိုင်သော ဝါစေ့ပိဿာ ထောင်ပေါင်း ၄၆၀၀ အထိ ကုန်ထုတ်လုပ်မှု တိုးတက်မည်ဖြစ်သည်။ ၁၉၈၈-၈၉ ခုနှစ်တွင် စီမံကိန်းအပြီးသတ်၍ ကုန်ထုတ်လုပ်မှု စတင်နိုင်ရန် ရည်မှန်းခဲ့သည်။

**သမိုင်းချည်မျှင်နှင့် အထည်စက်ရုံ မွမ်းမံပြင်ဆင်ရေး လုပ်ငန်း စီမံကိန်း** အတွက်လည်း နိုင်ငံခြားငွေကျပ် ၈၄၄ သိန်း၊ မြန်မာငွေကျပ် ၉၀၃ သိန်း ရင်းနှီးမြှုပ်နှံ၍ ကုန်ထုတ်အင်အား ကိုတိုးချဲ့ ဆောင်ရွက်ရန် ရည်မှန်းသည်။ မွမ်းမံ ပြင်ဆင်ပြီးပါက နှစ်စဉ် ၁/၄၀ ဘီးဖီးချည် ပေါင်သိန်းပေါင်း ၁၆.၄၊ ပိတ်ပိတ်ညိုကိုက် သိန်းပေါင်း ၃၃.၅ အထိ တိုးတက်ထုတ်လုပ်ရန် သတ်မှတ်သည်။

**အင်းစိန် စွပ်ကျယ်စက်ရုံ ပိုလီအက်စတာထည်နှင့် ပိုလီအက်စတာ ဝါဂွမ်း ရောစပ်ထည် များ ထုတ်လုပ်ရန် စက်များ ဖြည့်စွက် တပ်ဆင်ရေး လုပ်ငန်း စီမံကိန်းကို** လည်း ပဉ္စမ လေးနှစ် စီမံကိန်းကာလအတွင်း နိုင်ငံခြား ငွေကျပ် ၁၅၈ သိန်း၊ မြန်မာငွေကျပ် ၉၄ သိန်း၊ စုစုပေါင်း ငွေကျပ် ၂၅၂ သိန်း သုံးစွဲ၍ အကောင်အထည်ဖော်ရန် ရည်မှန်းသည်။ နှစ်စဉ် စွပ်ကျယ်အရွယ်စုံ အထည်ထောင်ပေါင်း ၁၄၇၀ နှင့် အပြင်ဝတ်အထည် (Outer wear) အထည်ထောင်ပေါင်း ၁၀၃၂ တိုးတက် ထွက်ရှိနိုင်ရန် ဖြစ်သည်။

**အထည်ချုပ်စက်ရုံအမှတ် (၁)** သည် တပ်မတော်သားများအတွက် ယူနီဖောင်း ဘောင်း ဘီရှည်၊ ရှပ်အင်္ကျီ နှင့် ဘောင်းဘီတို၊ ခြင်ထောင်များ ချုပ်လုပ်ပေးနေသော စက်ရုံဖြစ်သည်။ စက်များမှာ နှစ်ပရိစ္ဆေဒ ရှည်လျားလာသည်နှင့်အမျှ အိုမင်းဟောင်းနွမ်းလာပြီဖြစ်ရာ အထည် ချုပ်စက်ရုံအမှတ် (၁) မွမ်းမံပြင်ဆင်ရေး လုပ်ငန်းစီမံကိန်းကို ပဉ္စမ လေးနှစ် စီမံကိန်းကာလ အတွင်း အကောင်အထည် ဖော်ရန် လျာထားသည်။ နိုင်ငံခြားငွေကျပ် ၁၈၅ သိန်း အပါအဝင် စုစုပေါင်း ကျပ် ၅၄၅ သိန်း ရင်းနှီးမြှုပ်နှံခြင်းဖြင့် နှစ်စဉ် ဘောင်းဘီရှည်ထည် သိန်းပေါင်း ၂.၂၊ ရှပ်အင်္ကျီ ထည် သိန်းပေါင်း ၁.၂၊ ဘောင်းဘီတိုထည် သိန်းပေါင်း ၁.၀ နှင့် ခြင်ထောင် အလုံးသိန်းပေါင်း ၁.၀ တိုးမြှင့်ချုပ်လုပ် ပေးနိုင်မည်ဖြစ်သည်။

သန်လျင် စက်မှုနယ်မြေတွင် တည်ဆောက်ထားသော စက်ရုံများအတွက် လိုအပ်သော ရေကို ဖြန့်ဖြူးပေးနိုင်ရန် **သီလဝါ ဆည်ရေ ဖြန့်ဖြူးရေး စီမံကိန်းကို** အထည်အလိပ်လုပ်ငန်း ကော်ပိုရေးရှင်းကပင် တာဝန်ယူ ဆောင်ရွက်ရန် လျာထားသည်။ ပဉ္စမ လေးနှစ် စီမံကိန်း၏ ဒုတိယနှစ်ဖြစ်သော ၁၉၈၈-၈၉ ခုနှစ်တွင် စတင်တည်ဆောက်ပြီး နောက်ဆုံးနှစ်ဖြစ်သော ၁၉၈၉-၉၀ ခုနှစ်တွင် အပြီးသတ် တည်ဆောက်ရန် သတ်မှတ်သည်။ ယင်းစီမံကိန်းအတွက် နိုင်ငံခြားငွေ ကျပ် ၄၉ သိန်း အပါအဝင် စုစုပေါင်း ကျပ် ၂၆၁ သိန်း ကုန်ကျမည်ဖြစ်ပြီးနှစ်စဉ် သန့်စင်ပြီး ရေဂါလန်သန်းပေါင်း ၁၇၃.၄ ကို စက်ရုံများသို့ ဖြန့်ဖြူးပေးရန်ရည်မှန်းသည်။

အမှတ်(၁) စက်မှုဝန်ကြီးဌာန လက်အောက်ရှိ ဂုန်လျှော်ပစ္စည်းလုပ်ငန်း ကော်ပိုရေးရှင်းသည် လက်ရှိ လည်ပတ်ဆဲ စက်ရုံ လုပ်ငန်းများကို ဆက်လက် လုပ်ဆောင်သည့်အပြင် ပဉ္စမ လေးနှစ် စီမံကိန်းကာလအတွင်း လုပ်ငန်း စီမံကိန်းသစ် တစ်ခုကိုလည်း အကောင်အထည်ဖော်ရန် ရည်မှန်း ချမှတ်သည်။ ယင်းလုပ်ငန်း စီမံကိန်းသစ်မှာ **ပုသိမ်အုန်းဆံကြိုး စက်ရုံ စီမံကိန်း**ဖြစ်သည်။ နှစ်စဉ် သိုက်မ် အုန်းဆံကြိုး အရွယ်အစား မျိုးစုံ ပိဿာသိန်းပေါင်း ၁၀ ထုတ်လုပ်နိုင်မည့် ပုသိမ် အုန်းဆံကြိုး စက်ရုံ စီမံကိန်းအတွက် နိုင်ငံခြားငွေကျပ် ၁၁၅ သိန်း အပါအဝင် စုစုပေါင်း ငွေကျပ် ၃၇၀ သိန်းရင်းနှီးမြှုပ်နှံရန် လျာထားသတ်မှတ်သည်။ ထို့ပြင် ဂုန်လျှော်ပစ္စည်း လုပ်ငန်း ကော်ပိုရေးရှင်းမှပင် ပဉ္စမ လေးနှစ် စီမံကိန်း၏ တတိယနှစ်ဖြစ်သော ၁၉၈၈-၈၉ ခုနှစ်တွင် **ဂုန်လျှော် သယ်ယူပို့ဆောင်ရေး ရေယာဉ်များ တည်ဆောက်မှု စီမံကိန်း**ကို အကောင်အထည် ဖော်ဆောင်ရွက်ရန် ရည်မှန်းသည်။ ရင်းနှီးမြှုပ်နှံမှု လျာထားသတ်မှတ်ချက်မှာ နိုင်ငံခြားငွေကျပ် ၂၇၇ သိန်း မြန်မာငွေကျပ် ၅၉၇ သိန်း ဖြစ်သည်။ ဂုန်လျှော်နှင့် အခြား ကုန်ချောပစ္စည်းများကို သယ်ယူပို့ဆောင်နိုင်ရန်၊ ရေနံထွက်ပစ္စည်းလောင်စာ အမျိုးမျိုး သယ်ယူပို့ဆောင်နိုင်ရန် ဤစီမံကိန်း အကောင်အထည်ဖော်ရန် ရည်မှန်းချက် ချမှတ်ခြင်း ဖြစ်သည်။ စီမံကိန်း ပြီးစီးပါက ကော်ပိုရေးရှင်းအတွက် နှစ်စဉ် ဂုန်လျှော်နှင့် အခြားကုန်ချော ပစ္စည်းတန် ထောင်ပေါင်း ၁၀၈.၇၅ နှင့် ရေနံထွက် ပစ္စည်း အမျိုးမျိုး တန်ထောင်ပေါင်း ၃.၂၀ ကို သယ်ယူပို့ဆောင်ပေးနိုင်ပြီး အခြား အဖွဲ့အစည်းများအတွက် ကုန်ပစ္စည်း အမျိုးမျိုး တန်ထောင်ပေါင်း ၄၃.၇၁ နှင့် ရေနံထွက်ပစ္စည်း အမျိုးမျိုး တန်ထောင်ပေါင်း ၃.၄၀ သယ်ယူပို့ဆောင်ပေးနိုင်မည် ဖြစ်သည်။ တည်ဆောက်မှု ကာလမှာ တစ်နှစ်ခန့်ကြာမြင့်ရန် လျာထားပြီး စီမံကိန်း၏ လုပ်ငန်းများကို ၁၉၉၀-၉၁ ခုနှစ်တွင် စတင်နိုင်ရန် သတ်မှတ်ထားသည်။

အမှတ်(၁) စက်မှုဝန်ကြီးဌာန အထွေထွေ စက်မှု လုပ်ငန်း ကော်ပိုရေးရှင်းတွင် ပဉ္စမ လေးနှစ် စီမံကိန်းကာလ၌ ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်ရမည့် စီမံကိန်းမှာ **သစ်သားသေတ္တာ ထုပ်ပိုး ပစ္စည်းစက်ရုံ** စီမံကိန်း ဖြစ်သည်။ စီမံကိန်းအတွက် လုပ်ငန်း အဆင့်ဆင့်ကို ၁၉၈၂-၈၃ ခုနှစ်ကပင် စတင်ခဲ့သည်။ ၁၉၈၅-၈၆ ခုနှစ်တွင် စက်ရုံ တည်ဆောက်ပြီးစီး၍ ၁၉၈၆-၈၇ ခုနှစ်တွင် ကုန်ပစ္စည်းစတင်ထုတ်လုပ်ရန် မူလက ရည်မှန်းခဲ့သည်။ နှစ်စဉ် သစ်သားသေတ္တာ အမျိုးမျိုး တန်ရှည် ၄၂၀၀ ထုတ်လုပ်စွမ်းအားရှိသော ဤစီမံကိန်းအတွက် နိုင်ငံခြားငွေကျပ် ၆၂ သိန်း အပါအဝင် စုစုပေါင်း ကျပ် ၂၁၅ သိန်း ရင်းနှီးမြှုပ်နှံရန် လျာထားခဲ့သည်။ ပဉ္စမ လေးနှစ် စီမံကိန်း၏ဒုတိယနှစ်ဖြစ်သော ၁၉၈၇-၈၈ ခုနှစ်တွင် ကုန်ထုတ်လုပ်မှု ကျပ်သိန်းပေါင်း ၈၁ ဖိုး ထုတ်လုပ်ခြင်းဖြင့် စတင်ရန် ပြုပြင်သတ်မှတ်သည်။

ပဉ္စမ လေးနှစ် စီမံကိန်းကာလအတွင်း အထွေထွေ စက်မှုလုပ်ငန်း ကော်ပိုရေးရှင်းက အသစ် တည်ဆောက်ရန် လျာထားသည့် လုပ်ငန်းမှာ **ကင်းဘတ်ဖိနပ် ထုတ်လုပ်ရေးလုပ်ငန်း စီမံကိန်း**ဖြစ်သည်။ မူလကရင်းနှီးမြှုပ်နှံမှု နိုင်ငံခြားငွေကျပ် ၂၅၃ သိန်းအပါအဝင်စုစုပေါင်း ကျပ် ၆၃၆ သိန်း လျာထားချက်ကို ပြုပြင်၍ ရင်းနှီးမြှုပ်နှံမှုကို နိုင်ငံခြားငွေကျပ် ၂၀၅ သိန်း အပါအဝင် စုစုပေါင်း ငွေကျပ် ၇၀၃ သိန်းဟု ပြန်လည် လျာထားသတ်မှတ်သည်။ နှစ်စဉ် ကင်းဘတ် ဖိနပ် အရန် ထောင်ပေါင်း ၅၀၀၊ အားကစား ဖိနပ် အရန် ထောင်ပေါင်း ၁၀၀ ထုတ်လုပ်ရန် သတ်မှတ်သည်။ ၁၉၇၉-၈၀ ခုနှစ်တွင် ကျပ် ၂၂၀ သိန်း တန်ဖိုးရှိ ကုန်ပစ္စည်း များထုတ်လုပ် နိုင်မည်ဟု မူလကရည်မှန်းသည်။ အမှန်ကား ကုန်ပစ္စည်း ထုတ်လုပ်မှုကို ၁၉၈၈-၈၉ ခုနှစ်တွင် စတင်ရန် ပြုပြင်သတ်မှတ်သည်။ ၁၉၈၈-၈၉ ခုနှစ်အတွက် သတ်မှတ်ထားသော ကုန်ထုတ်လုပ်မှုမှာ ကင်းဘတ်ဖိနပ် အရန် ထောင်ပေါင်း ၇၀ နှင့် အားကစား ဖိနပ် အရန်ထောင်ပေါင်း ၁၅ ဖြစ်သည်။

ကြွေထည်မြေထည် လုပ်ငန်း ကော်ပိုရေးရှင်းတွင် ဆောင်ရွက်ဆဲ လုပ်ငန်း စီမံကိန်း များမှာ ပဉ္စမ လေးနှစ်စီမံကိန်းကာလတွင် ၃ ခုရှိသည်။ ဘားအံ ဘိလပ်မြေစက်ရုံစီမံကိန်း၊ ချောက်ဖန်ချက်စက်ရုံ စီမံကိန်းနှင့် ကြံခင်း ဘိလပ်မြေ စက်ရုံအမှတ်(၂)အတွက် လျှပ်စစ် ရထား စီမံကိန်း တို့ဖြစ်သည်။ **ဘားအံ ဘိလပ်မြေ စက်ရုံစီမံကိန်း**သည် ၁၉၈၀ ပြည့်နှစ်က စတင်ခဲ့သော စီမံကိန်း ဖြစ်သည်။ စတုတ္ထ လေးနှစ် စီမံကိန်းကာလ ပြီးဆုံးချိန်တွင် စီမံကိန်း အကောင်အထည်ဖော်မှုမှာ ရာနှုန်းပြည့်နီးပါး ပြီးစီးနေပြီ ဖြစ်၏။ ကုန်ထုတ်လုပ်မှုကို ပဉ္စမ လေးနှစ် စီမံကိန်း၏ ပထမနှစ်ဖြစ်သော ၁၉၈၆ ခုနှစ်တွင် စတင် ထုတ်လုပ်ရန် ရည်မှန်းသည်။ ဘားအံ ဘိလပ်မြေ စက်ရုံစီမံကိန်းအတွက် နိုင်ငံခြားငွေကျပ် ၄၇၁၆ သိန်း အပါအဝင် စုစုပေါင်း ကျပ် ၉၅၃၂ သိန်း ရင်းနှီးမြှုပ်နှံရန် သတ်မှတ်ခဲ့သည်။ နှစ်စဉ် ကုန်ထုတ်လုပ်မှု လျာထားချက်မှာ ဘိလပ်မြေ မက်ထရစ်တန် ထောင်ပေါင်း ၂၄၀ ဖြစ်သည်။ ၁၉၈၆-၈၇ ခုနှစ်တွင် ဘိလပ်မြေ ကျပ် ၆၀၆ သိန်းကို ထုတ်လုပ်ရန် ရည်မှန်းသည်။

**ချောက် ဖန်ချက် စက်ရုံစီမံကိန်း** (ချောက်ကြွေထည်နှင့် ဖန်ထည်ပစ္စည်း စက်ရုံ စီမံကိန်း)သည် နိုင်ငံတော်အစိုးရနှင့် ကိုရီးယား ဒီမိုကရက်တစ် ပြည်သူ့သမ္မတ နိုင်ငံအစိုးရတို့ အဆက်အသွယ်ဖြတ်လိုက် သဖြင့် အကောင်အထည်ဖော်မှုကို ၁၉၈၃ ခုနှစ်ကာလတွင် ရပ်ဆိုင်းထားခဲ့သော စီမံကိန်း ဖြစ်သည်။ ဤစီမံကိန်းကို ပဉ္စမ လေးနှစ် စီမံကိန်းကာလ အတွင်း ပြန်လည် အကောင်အထည်ဖော်ရန် ရည်မှန်းသည်။ နိုင်ငံခြားငွေကျပ် ၁၆၁၁ သိန်း အပါအဝင် စုစုပေါင်း ကျပ် ၂၆၀၀ သိန်းထပ်မံ ရင်းနှီးမြှုပ်နှံရန် လျာထားသည်။ နှစ်စဉ် ပန်းကန်ခွက်ယောက်များ မက်ထရစ်တန် ၈၀၀၊ ကြွေပြားများ မက်ထရစ်တန် ၂၀၀၊ အိမ်သုံး

ဖန်ထည်များ မက်ထရစ်တန် ၁၀၀၀ နှင့် ပုလင်းများ မက်ထရစ်တန် ၁၃၀၀၀ ထုတ်လုပ်ရန် သတ်မှတ်သည့် စီမံကိန်းဖြစ်သည်။ တည်ဆောက်မှု ကာလကို ၁၉၈၆-၈၇ ခုနှစ်မှ ၁၉၈၈-၈၉ ခုနှစ်အထိ ရည်မှန်း၍ ၁၉၈၈-၈၉ ခုနှစ်တွင် ပစ္စည်းများ စတင် ထုတ်လုပ်ရန် ရည်မှန်းခဲ့သည်။

ကြံခင်း ဘိလပ်မြေစက်ရုံ အမှတ် (၂) အတွက် **လျှပ်စစ်ရထား စီမံကိန်းများ** ၁၉၈၃-၈၄ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ခဲ့သော စီမံကိန်းဖြစ်သည်။ စတုတ္ထလေးနှစ် စီမံကိန်း ကာလ ပြီးဆုံးချိန်တွင် လျှပ်စစ်ရထား စီမံကိန်း၏ လုပ်ငန်းများမှာ ရာခိုင်နှုန်းပြည့်နီးပါး ပြီးနေပြီဖြစ်၏။ ပဉ္စမလေးနှစ် စီမံကိန်းကာလ၏ ပထမနှစ် ၁၉၈၆ ခုနှစ် ဩဂုတ်လအတွင်း စာချုပ်ပါ သတ်မှတ်ချက်များအတိုင်း အောင်မြင်စွာ စမ်းသပ်မောင်းနှင်ခဲ့သည်။ ၁၉၈၆ ခု စက်တင်ဘာလ (၁) ရက်နေ့မှစ၍ လျှပ်စစ်ရထားကို ကုန်ထုတ်လုပ်မှု လုပ်ငန်းများတွင် အသုံးပြုလျက်ရှိသည်။ ယင်းစီမံကိန်းအတွက် နိုင်ငံခြားငွေကျပ် ၁၀၁၃ သိန်းအပါအဝင် စုစုပေါင်းကျပ် ၁၈၁၆ သိန်း ရင်းနှီးမြှုပ်နှံရန် သတ်မှတ်ခဲ့သည်။

ကြွေထည်မြေထည်လုပ်ငန်း ကော်ပိုရေးရှင်းသည် ပဉ္စမလေးနှစ် စီမံကိန်းကာလအတွင်း **အသေးစား ဘိလပ်မြေစက်သစ် စီမံကိန်း** သစ်တစ်ခုကို အကောင်အထည်ဖော်ရန် ရည်မှန်းချက်ချမှတ်သည်။ နိုင်ငံခြားငွေကျပ် ၆၈ သိန်းအပါအဝင် စုစုပေါင်းကျပ် ၁၀၁ သိန်း အကုန်အကျခံ တည်ဆောက်ရန် လျာထားသည်။ ယင်းအသေးစား ဘိလပ်မြေစက်သစ် စီမံကိန်း၏ ကုန်ထုတ်အင်အားမှာ တစ်နှစ်လျှင် မက်ထရစ်တန် ၃၀၀၀ ဖြစ်သည်။

ထို့ပြင် ပဉ္စမလေးနှစ် စီမံကိန်း၏ ဒုတိယနှစ်ဖြစ်သော ၁၉၈၇-၈၈ ခုနှစ်တွင် **သန့်လျှင် ဖန်ချက်စက်ရုံ တိုးချဲ့စီမံကိန်း**ကို စတင်အကောင်အထည်ဖော်ရန် ရည်မှန်းခဲ့သည်။ စီမံကိန်းအတွက် နိုင်ငံခြားငွေကျပ် ၈၄၉ သိန်းအပါအဝင် စုစုပေါင်းကျပ် ၂၀၁၈ သိန်း ရင်းနှီးမြှုပ်နှံရန် လျာထားသည်။ နှစ်စဉ်ဘီယာပုလင်း ခုရေထောင်ပေါင်း ၁၃၈၂၄ နှင့် ဆေးရည်ပုလင်း ခုရေထောင်ပေါင်း ၃၅၃၆ ထုတ်လုပ်စွမ်းအားရှိသော စီမံကိန်းဖြစ်သည်။ ၁၉၈၉-၉၀ ခုနှစ်တွင် ကုန်ပစ္စည်းစတင်ထုတ်လုပ်ရန် ရည်မှန်းသတ်မှတ်ထားသည်။

အမှတ် (၁) စက်မှုဝန်ကြီးဌာန လက်အောက်ရှိ သတ္တုပစ္စည်းလုပ်ငန်း ကော်ပိုရေးရှင်းသည် အကောင်အထည်ဖော် ဆောင်ရွက်ဆဲ လုပ်ငန်းဖြစ်သော **သံမဏိစက်ရုံ မှုန်းမံပြင်ဆင်ရေးလုပ်ငန်းစီမံကိန်း**ကို ပဉ္စမလေးနှစ် စီမံကိန်းကာလတွင် ဆက်လက်အကောင်အထည်ဖော် လုပ်ဆောင်သည်။ ဤစီမံကိန်းသည် စတုတ္ထလေးနှစ် စီမံကိန်း၏ တတိယနှစ်ဖြစ်သော ၁၉၈၄-၈၅ ခုနှစ်တွင် စတင်ခဲ့သောလုပ်ငန်း စီမံကိန်းဖြစ်သည်။ မွမ်းမံပြင်ဆင်ရေးအတွက်

နိုင်ငံခြားငွေကျပ် ၁၆၀၃ သိန်းအပါအဝင် စုစုပေါင်းကျပ် ၃၂၀၄ သိန်း အကုန်အကျခံရန် သတ်မှတ်လျာထားသည်။ မွမ်းမံပြင်ဆင်ပြီးပါက နှစ်စဉ် အောက်ပါကုန်ပစ္စည်းများကို တိုးတက်ထုတ်လုပ်နိုင်မည်ဖြစ်သည်။

| ကုန်ပစ္စည်းအမျိုးအမည် | | | ရေတွက်ပုံ | အရေအတွက် |
|---|---|---|---|---|
| ၁။ သံချောင်းအမျိုးမျိုး | .... | .... | မက်ထရစ်တန် | ၂၀၅၀၀ |
| ၂။ ၁၆ ဂိတ်၊ ပရလ သံစည်သံပြား .... | | .... | ။ | ၃၀၀၀ |
| ၃။ သံပြားထူ (၁၈ ဂိတ်နှင့် ၂၆ ဂိတ်) | | .... | ။ | ၃၀၀၀ |
| ၄။ အိမ်ရိုက်သံ | .... | .... | ။ | ၁၀၀၀၀ |
| ၅။ GI ဝါယာ | .... | .... | ။ | ၅၁၀ |
| ၆။ R ဝါယာ | .... | .... | ။ | ၆၂၀ |
| ၇။ BRC ဝါယာ | .... | .... | ။ | ၁၅၀၀ |
| ၈။ သံဆန်ခါ | .... | .... | ။ | ၁၅၀၀ |
| ၉။ သွပ်ဆူးကြိုး | .... | .... | ။ | ၂၁၀၀ |

ထိုသို့ ကုန်ပစ္စည်း တိုးတက်ထုတ်လုပ်ရာ၌ ပဉ္စမလေးနှစ် စီမံကိန်းကာလ၏ ပထမနှစ်ဖြစ်သော ၁၉၈၆-၈၇ ခုနှစ်တွင်ကျပ် ၇၈၁ သိန်းဖိုး စတင်ထုတ်လုပ်ရန် ရည်မှန်းခဲ့သည်။ သို့သော် ရည်မှန်းချက်မအောင်မြင်သဖြင့် ၁၉၈၇-၈၈ ခုနှစ်တွင် သံဆန်ခါအမည်း မက်ထရစ်တန် ၉၅၀ နှင့် သွပ်ရည်စိမ် သံဆန်ခါ မက်ထရစ်တန် ၉၅၁ ထုတ်လုပ်ခြင်းဖြင့် ကုန်ထုတ်လုပ်မှု စတင်မည်ဟု ပြုပြင်ရည်မှန်းသည်။ နှစ်စဉ် ကုန်ထုတ်စွမ်းအားကိုလည်း အောက်ပါအတိုင်း ပြုပြင်သတ်မှတ်သည်။

| | | | | |
|---|---|---|---|---|
| ၁။ သံချောင်းအမျိုးမျိုး | .... | .... | မက်ထရစ်တန် | ၆၄၆၄ |
| ၂။ သံပြားအမျိုးမျိုး | .... | .... | ။ | ၂၅၉၅ |
| ၃။ အိမ်ရိုက်သံ | .... | .... | ။ | ၄၃၂၀ |
| ၄။ သွပ်ဆူးကြိုး | .... | .... | ။ | ၈၆၅ |
| ၅။ သွပ်ရည်စိမ် သံဆန်ခါ | .... | .... | ။ | ၁၅၂၄ |
| ၆။ သံဆန်ခါအမည်း | .... | .... | ။ | ၂၆၇၂ |

ပဉ္စမလေးနှစ် စီမံကိန်းကာလအတွင်း သတ္တုပစ္စည်းလုပ်ငန်း ကော်ပိုရေးရှင်းက အကောင်အထည် စတင်ဖော်ရန်ရည်မှန်းသော လုပ်ငန်းစီမံကိန်းသစ် ၄ ခုရှိသည်။ ယင်းလုပ်ငန်းစီမံကိန်းသစ် ၄ ခုမှာ ဒန်သတ္တုပစ္စည်းစက်ရုံ မွမ်းမံပြင်ဆင်ရေးလုပ်ငန်း စီမံကိန်း၊ သံမဏိပိုက် ထုတ်လုပ်ရေး စက်ရုံစီမံကိန်း၊ သံမဏိပြားလုပ်ငန်း စီမံကိန်းနှင့် ကြေးရည်သုတ်ပစ္စည်းစက်ရုံစီမံကိန်း (အထက်မြန်မာပြည်) တို့ဖြစ်ကြသည်။ **ဒန်သတ္တုပစ္စည်းစက်ရုံ မွမ်းမံပြင်ဆင်ရေးလုပ်ငန်း**ကို နိုင်ငံခြားငွေကျပ် ၈၇၈ သိန်းအပါအဝင် စုစုပေါင်းကျပ် ၁၉၃၆ သိန်း အကုန်အကျခံ တည်ဆောက်ရန် လျာထားသတ်မှတ်ခဲ့သည်။ လုပ်ငန်းစီမံကိန်း ပြီးစီးပါက နှစ်စဉ် ဒန်သတ္တုပစ္စည်းအမျိုးမျိုး မက်ထရစ်တန် ၁၃၈၂ အရေအတွက်ရှိသော ကုန်ပစ္စည်းများကို တိုးတက်ထုတ်လုပ်နိုင်မည်ဟု မျှော်မှန်းသည်။

**သံမဏိပိုက်ထုတ်လုပ်ရေးစက်ရုံစီမံကိန်း**အတွက်ရင်းနှီးမြှုပ်နှံရန်နိုင်ငံခြားငွေကျပ် ၆၀၆ သိန်းအပါအဝင် စုစုပေါင်းကျပ် ၁၁၉၄ သိန်း လျာထားသတ်မှတ်သည်။ နှစ်စဉ် သံမဏိပိုက်လုံးအမျိုးမျိုး မက်ထရစ်တန် ၄၀၆၃ အရေအတွက်ရှိ ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရန် ရည်မှန်းသည်။ ပဉ္စမလေးနှစ် စီမံကိန်း၏ တတိယနှစ်ဖြစ်သော ၁၉၇၇-၇၈ ခုနှစ်တွင် ကျပ်သိန်း ၁၀၀ ဖိုးကုန်ပစ္စည်းများ စတင်ထုတ်လုပ်နိုင်မည်ဟု မျှော်မှန်းခဲ့သည်။

ထို့အတူ **သံမဏိသံပြားလုပ်ငန်း စီမံကိန်း**အတွက်လည်း နိုင်ငံခြားငွေကျပ် ၁၀၀၁၃ သိန်း၊ မြန်မာငွေကျပ် ၈၇၂၀ သိန်း ရင်းနှီးမြှုပ်နှံရန် လျာထားသည်။ နှစ်စဉ်ထွက်ရှိနိုင်မည့် ကုန်ထုတ်အင်အား ရည်မှန်းချက်မှာ သွပ်ရည်စိမ်သံပြား မက်ထရစ်တန် ၄၀၀၀၀၊ သံဖြူပြား မက်ထရစ်တန် ၁၀၀၀၀၊ ရိုးရိုးသံပြား မက်ထရစ်တန် ၅၀၀၀ ဖြစ်သည်။

အထက်မြန်မာပြည်အတွက် ကြေးရည်သုတ်ပစ္စည်းစက်ရုံငယ်တစ်ခု တည်ဆောက်အကောင်အထည်ဖော်ရန် စီမံကိန်းသစ် ရေးဆွဲခဲ့သည်။ **ကြေးရည်သုတ်ပစ္စည်းစက်ရုံ စီမံကိန်း (အထက်မြန်မာပြည်)** အတွက် နိုင်ငံခြားငွေကျပ်သိန်း ၃၉၀ အပါအဝင် စုစုပေါင်းကျပ်သိန်း ၉၂၀ ရင်းနှီးမြှုပ်နှံရန် လျာထားသတ်မှတ်သည်။ နှစ်စဉ် ကြေးရည်သုတ်ပစ္စည်းအမျိုးမျိုး ခုထောင်ပေါင်း ၄၄၄၃ ထွက်ရှိရန် ရည်မှန်းသော လုပ်ငန်းစီမံကိန်းဖြစ်သည်။

အမှတ် (၁) စက်မှုဝန်ကြီးဌာန လက်အောက်ရှိ ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း ကော်ပိုရေးရှင်းတွင် ဆောင်ရွက်ဆဲလုပ်ငန်း စီမံကိန်းအဖြစ် **ပိုးသတ်ဆေး ရှေ့ပြေးစက်ရုံ စီမံကိန်း**ရှိသည်။ စတုတ္ထလေးနှစ် စီမံကိန်းကာလအတွင်း ၁၉၇၃-၇၄ ခုနှစ်တွင် ပြင်ဆင်ပြီး ၁၉၇၄-၇၅ ခုနှစ်တွင် စတင်တည်ဆောက် အကောင်အထည်ဖော်ခဲ့သည်။ နိုင်ငံခြားငွေ

ကျပ် ၂၂၄ သိန်းအပါအဝင် စုစုပေါင်းကျပ် ၁၀၂ သိန်း ရင်းနှီးမြှုပ်နှံသောလုပ်ငန်း စီမံကိန်း ဖြစ်သည်။ စီမံကိန်း အကောင်အထည်ဖော်မှုမှာ မျှော်မှန်းထားသည့်အတိုင်း ဖြစ်မြောက်ခြင်း မရှိသဖြင့် ပဉ္စမလေးနှစ် စီမံကိန်း၏ တတိယနှစ်ဖြစ်သော ၁၉၈၈-၈၉ ခုနှစ်တွင် ရင်းနှီးမြှုပ်နှံမှုကို နိုင်ငံခြားငွေကျပ် ၁၅၀ သိန်းအပါအဝင် စုစုပေါင်းကျပ် ၆၁၇ သိန်းဟု တိုးတက်ပြုပြင် သတ်မှတ်သည်။ နှစ်စဉ် ပိုးသတ်ဆေးအရည် ဂါလန်ထောင်ပေါင်း ၁၈၀ နှင့် ပိုးသတ်ဆေး အမှုန့် မက်ထရစ်တန် ၂၀၀၀ ထုတ်လုပ်နိုင်စွမ်းရှိမည့် စက်ရုံဖြစ်သည်။ ၎င်းကို ပဉ္စမလေးနှစ် စီမံကိန်းကာလ၏ ပထမနှစ်ဖြစ်သော ၁၉၈၆-၈၇ ခုနှစ်တွင် ကုန်ပစ္စည်း စတင်ထုတ်လုပ်ရန် ရည်မှန်းခဲ့သော်လည်း ၁၉၈၉-၉၀ ခုနှစ်တွင်မှသာ တည်ဆောက်ပြီးစီး၍ ကုန်ပစ္စည်းစတင် ထုတ်လုပ်နိုင်မည်ဟု ပြုပြင်သတ်မှတ်ခဲ့သည်။

ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း ကော်ပိုရေးရှင်းတွင် ပဉ္စမလေးနှစ် စီမံကိန်းကာလ အတွင်း အကောင်အထည်ဖော်ရန် ရည်မှန်းသော စီမံကိန်းသစ် ငါးခုရှိသည်။ ယင်းစီမံကိန်း များမှာ မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်းစက်ရုံ တိုးချဲ့ရေးစီမံကိန်း၊ ဖွဲနုဆီစက်ရုံသစ် စီမံကိန်း၊ ပလတ်စတစ်ပိုက်နှင့် ပိုက်ဆက်ပစ္စည်းစက်ရုံ စီမံကိန်း၊ ဖွဲနုဆီစက်ရုံများ မွမ်းမံပြင်ဆင်ရေး စီမံကိန်းနှင့် ပလတ်စတစ်ကုန်ကြမ်းစက်ရုံ စီမံကိန်းတို့ဖြစ်ကြသည်။

**မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်းစက်ရုံ တိုးချဲ့ရေးစီမံကိန်း**ကို စတုတ္ထလေးနှစ် စီမံကိန်း၏ စတုတ္ထနှစ်ဖြစ်သော ၁၉၈၅-၈၆ ခုနှစ်ကပင် စတင်နိုင်ရန် စီစဉ်ဆောင်ရွက်ခဲ့သည်။ ထိုစဉ်က နိုင်ငံခြားငွေကျပ် ၂၆၃၄ သိန်းအပါအဝင် စုစုပေါင်းကျပ် ၅၃၂၂ သိန်း ရင်းနှီးမြှုပ်နှံရန် လျာထားခဲ့သည်။ ပဉ္စမလေးနှစ် စီမံကိန်းကာလတွင် လုပ်ငန်းစီမံကိန်းသစ်တစ်ခုအဖြစ် စတင် ပြီး နိုင်ငံခြားငွေကျပ် ၂၇၈၉ သိန်းအပါအဝင် စုစုပေါင်းကျပ် ၆၉၃၈ သိန်း ရင်းနှီးမြှုပ်နှံရန် ပြုပြင်သတ်မှတ်သည်။ စက်ရုံတိုးချဲ့ရေး စီမံကိန်း ပြီးစီးအောင်မြင်ပါက နှစ်စဉ် ကုန်ထုတ် စွမ်းအားများစွာ တိုးတက်မည်ဟု မျှော်မှန်းသော လုပ်ငန်းဖြစ်ပေသည်။

ပဉ္စမလေးနှစ် စီမံကိန်းကာလအတွင်း ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း ကော်ပိုရေးရှင်း၏ အသစ်တည်ဆောက်မည့် လုပ်ငန်းစီမံကိန်းသစ်တစ်ခုမှာ **ဖွဲနုဆီစက်ရုံသစ် စီမံကိန်း**ဖြစ် သည်။ နိုင်ငံခြားငွေကျပ် ၁၁၅၇ သိန်း အပါအဝင် စုစုပေါင်းကျပ် ၂၅၅၁ သိန်း ရင်းနှီး မြှုပ်နှံရန် လျာထားသည်။ ယင်းဖွဲနုဆီစက်ရုံသစ် စီမံကိန်း အကောင်အထည်ဖော် ပြီးပါက ဆီထုတ်ပြီး ဖွဲဖတ်တန်ချိန် ၂၈၀၂၅၊ ဖယောင်းကြမ်းတန်ချိန် ၃၃၆၊ ဆပ်ပြာကြမ်းတန်ချိန် ၄၂၀၀၊ အရောင်ချွတ်ဖတ်တန်ချိန် ၁၄၇၊ ဖယောင်းချောတန်ချိန် ၂၉၊ စားသုံးဆီတန်ချိန် ၃၁၅၀ နှင့် စက်မှုဆီကြမ်းတန်ချိန် ၁၀၅၀ ထုတ်လုပ်နိုင်မည်ဖြစ်သည်။ ပဉ္စမလေးနှစ် စီမံကိန်း ကာလ၏ တတိယနှစ်ဖြစ်သော ၁၉၈၈-၈၉ ခုနှစ်တွင် ကျပ် ၁၄၂ သိန်းဖိုး ကုန်ပစ္စည်းများ စတင်ထုတ်လုပ်ရန် ရည်မှန်းထားသည်။

ဖွဲနုစားသုံးဆီသည် အရေးပါသော လူသုံးကုန်၊ စားသုံးကုန်တစ်ခုဖြစ်ရာ နိုင်ငံအတွင်း လူဦးရေ တိုးတက်သည်နှင့်အမျှ နှစ်စဉ်တိုးတက်ထုတ်လုပ်ရန် လိုအပ်လျက်ရှိသည်။ စတုတ္ထ လေးနှစ်စီမံကိန်းကာလ၏ နောက်ဆုံးနှစ်ဖြစ်သော ၁၉၈၅-၈၆ ခုနှစ်တွင် လူတစ်ဦးကျဆီစားသုံး မှုကို ၅.၂၄ ကီလိုဂရမ်မှ၇.၀၄ ကီလိုဂရမ် (၃.၂၀ ပိဿာမှ ၄.၃၀ ပိဿာ) အထိတိုးတက်စေရန် ရည်မှန်းချက်ရှိသည်။ ဖွဲနုဆီစက်များသည် စားသုံးဆီသာမက ဖွဲဖတ်၊ စက်မှုဆီကြမ်း၊ ဆပ်ပြာ ကြမ်း၊ ဖယောင်းကြမ်း၊ ဖယောင်းချော၊အရောင်ချွတ်ဖတ်တို့ကိုလည်း ထုတ်လုပ်ပေးနိုင်သည်။ ထို့ကြောင့် နိုင်ငံအတွင်း လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် ဆေးဝါးနှင့် အိမ်သုံးပစ္စည်း လုပ်ငန်း ကော်ပိုရေးရှင်းသည် စက်စွမ်းအားပြည့်မီခြင်းမရှိသော ဆီကြိတ်စက်များကို ခေတ်မီ စက်သစ်များဖြင့် အစားထိုးရန်၊ စက်ကြိတ်အား တိုးတက်စေရန်၊ Continuous type စက်အမျိုးအစားများ တပ်ဆင်နိုင်ရန် ဖွဲနုဆီစက်ရုံများ မွမ်းမံပြင်ဆင်ရေး စီမံကိန်းကို ပဉ္စမ လေးနှစ်စီမံကိန်းကာလအတွင်း စီမံကိန်းသစ်တစ်ရပ်အဖြစ် ချမှတ်လုပ်ဆောင်ရန် လျာထား သည်။ ထိုစီမံကိန်းသစ်အတွက် နိုင်ငံခြားငွေကျပ် ၃၄၄၃ သိန်းအပါအဝင် မြန်မာငွေကျပ် ၈၄၉၄ သိန်း ရင်းနှီးမြှုပ်နှံရန်ရည်မှန်းသည်။စက်ရုံများမွမ်းမံပြင်ဆင်ပြီးပါက ဖွဲနုဆီမက်ထရစ် တန် ၁၆၇၄၄၂ အထိ တိုးတက်ထုတ်လုပ်နိုင်မည်ဟု မျှော်မှန်းသည်။

**ပလတ်စတစ်ပိုက်နှင့် ပိုက်ဆက်ပစ္စည်းစက်ရုံ စီမံကိန်း**ကိုလည်း နိုင်ငံခြားငွေကျပ် ၁၆၂ သိန်းအပါအဝင် စုစုပေါင်းကျပ် ၄၁၂ သိန်း အကုန်အကျခံ တည်ဆောက်ရန် လျာထား သတ်မှတ်သည်။ နှစ်စဉ် ပလတ်စတစ်ပိုက် မက်ထရစ်တန် ၁၉၈၀ ထုတ်လုပ်နိုင်မည့် လုပ်ငန်း ဖြစ်သည်။ အလားတူပင် ပလတ်စတစ် ကုန်ကြမ်းစက်ရုံတစ်ခုကိုလည်း ပဉ္စမလေးနှစ် စီမံကိန်း ကာလအတွင်း အသစ်တည်ဆောက်ရန် ရည်မှန်းသည်။ ဤစီမံကိန်းသစ်အတွက် နိုင်ငံခြားငွေ ကျပ် ၆၂၉၇ သိန်း အပါအဝင် စုစုပေါင်းကျပ် ၁၃၁၀ သိန်း ရင်းနှီးမြှုပ်နှံရန် လျာထား သတ်မှတ်သည်။ နှစ်စဉ် ပီဗွီစီ ပလတ်စတစ်ကုန်ကြမ်း မက်ထရစ်တန် ၆၅၀၀ နှင့် ကော့စတစ် ဆိုဒါ မက်ထရစ်တန် ၄၄၀၀ ကုန်ထုတ်အင်အားရှိသော လုပ်ငန်းစီမံကိန်းဖြစ်သည်။

အမှတ် (၁) စက်မှုဝန်ကြီးဌာန၊ စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း ကော်ပိုရေးရှင်း လက်အောက်တွင် ဆောင်ရွက်ဆဲလုပ်ငန်း စီမံကိန်းတစ်ခုရှိသည်။ ယင်းစီမံကိန်းမှာ **ရေနီ အမှတ် (၂) စက္ကူစက် စီမံကိန်း (ဒုတိယအဆင့်)**၏ တစ်နေ့တန် (၁၀၀)ကျ ပျော့ဖတ်စက်ရုံ စီမံကိန်းဖြစ်သည်။နိုင်ငံခြားငွေကျပ် ၄၈၉၈ သိန်း အပါအဝင် စုစုပေါင်းကျပ် ၈၆၀၇ သိန်း ရင်းနှီးမြှုပ်နှံသော စက်ရုံစီမံကိန်းဖြစ်သည်။ နှစ်စဉ် အရောင်ချွတ် ဝါးပျော့ဖတ်ချပ် မက်ထရစ် တန် ၂၆၄၀၊ အရောင်မချွတ်ထားသော ပျော့ဖတ်အနည်ရည် (သစ်မျှင်ရှည်) မက်ထရစ် တန် ၃၃၀၀၊ အရောင်ချွတ် ဝါးပျော့ဖတ်အနည်ရည် မက်ထရစ်တန် ၃၃၀၀၊ ကော့စတစ်ဆိုဒါ

မက်ထရစ်တန် ၁၇၄၉၊ ဟိုက်ဒရိုကလိုရစ်အက်စစ် မက်ထရစ်တန် ၂၁၄၅၊ ကာဗင်တိုင်ဆီ လီတာ ၁၂၁၁၁ တိုးချဲ့ထုတ်လုပ်ရန် ရည်မှန်းထားသည်။ ၁၉၇၄-၇၅ ခုနှစ်တွင် စတင် တည်ဆောက်၍ ပဉ္စမလေးနှစ် စီမံကိန်းကာလ၏ နောက်ဆုံးနှစ်ဖြစ်သော ၁၉၇၉-၈၀ ခုနှစ်တွင် ကုန်ပစ္စည်းကျပ် ၅၁၉ သိန်းဖိုး စတင်ထုတ်လုပ်ရန် လျာထားသတ်မှတ်ခဲ့သည်။ ပဉ္စမလေးနှစ် စီမံကိန်း၏တတိယနှစ်ဖြစ်သော ၁၉၇၇-၇၈ ခုနှစ်တွင်ဤစီမံကိန်း၏ ရင်းနှီးမြှုပ်နှံမှုကို နိုင်ငံခြား ငွေကျပ် ၄၉၂၂ သိန်းအပါအဝင် စုစုပေါင်းကျပ် ၇၇၃၁ သိန်း တိုးတက်မြင့်ဆင့်သတ်မှတ်ပြီး ၁၉၈၀-၈၁ ခုနှစ်တွင် တစ်နေ့ သတင်းစာစက္ကူတန် ၁၀၀ ထွက်ရှိနိုင်ရန် ပြုပြင်ရည်မှန်းသည်။

စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း ကော်ပိုရေးရှင်းသည် ပဉ္စမလေးနှစ် စီမံကိန်းကာလတွင် **မီးခြစ်စက်ရုံများ ပြန်လည်မွမ်းမံရေးလုပ်ငန်း စီမံကိန်း**ကိုလည်း ရေးဆွဲချမှတ်သည်။ မီးခြစ်စက်ရုံ (ရန်ကုန်)နှင့် မီးခြစ်စက်ရုံ (မန္တလေး)တို့ကို နိုင်ငံခြားငွေကျပ် ၃၁.၂ သိန်း အပါအဝင် စုစုပေါင်းကျပ် ၆၄.၄၀ သိန်း ရင်းနှီးမြှုပ်နှံ၍ မွမ်းမံမြှင့်ဆင့်ရန် ရည်မှန်းသည်။ စီမံကိန်း ပြီးစီးပါက တစ်နှစ်လျှင် မီးခြစ်ကာတွန်းပေါင်း ၂.၂ သိန်း ထုတ်လုပ်နိုင်ရန် မျှော်မှန်းသော ပြုပြင်မွမ်းမံရေး စီမံကိန်းဖြစ်သည်။

ပဉ္စမလေးနှစ် စီမံကိန်းကာလအတွင်း စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း ကော်ပိုရေးရှင်းက အသစ်တည်ဆောက်ရန် လျာထားသော လုပ်ငန်းစီမံကိန်းသစ် ၅ ခုရှိသည်။ ယင်းလုပ်ငန်း စီမံကိန်းသစ်များမှာ ဂုန်လျှော်ရိုးကတ်ထူပြားစက္ကူစက် စီမံကိန်း၊ ကော့စတစ်ဆိုဒါနှင့် ကလို ရင်းစက်ရုံ စီမံကိန်း၊ ဓာတ်ငွေ့ထုတ်လုပ်ရေးစက်ရုံ စီမံကိန်း အမှတ် (၂)၊ သတင်းစာစက္ကူ စက်ရုံစီမံကိန်းနှင့် ဓာတ်ငွေ့ထုတ်လုပ်ရေးစက်ရုံ အမှတ် (၁) မွမ်းမံတိုးချဲ့ရေးလုပ်ငန်း စီမံကိန်း တို့ဖြစ်ကြသည်။ **ဂုန်လျှော်ရိုး ကတ်ထူပြား ထုတ်လုပ်ရေးစီမံကိန်း**ကို ဧရာဝတီတိုင်း မအူပင် မြို့နယ်တွင် နိုင်ငံခြားငွေကျပ် ၃၂ သိန်း အပါအဝင် စုစုပေါင်းကျပ် ၃၇၅ သိန်း ရင်းနှီး မြှုပ်နှံ၍ တည်ဆောက်ရန် လျာထားသည်။ နှစ်စဉ် ကုန်ထုတ်အင်အားမှာ ဂုန်လျှော်ရိုး ကတ်ထူပြား မက်ထရစ်တန် ၁၉၇၀ ထွက်ရှိမည် ဖြစ်ပြီး ပဉ္စမ လေးနှစ် စီမံကိန်း ကာလ၏ ဒုတိယနှစ်ဖြစ်သော ၁၉၇၇-၇၈ ခုနှစ်တွင် ကုန်ပစ္စည်းကျပ် ၇၁ သိန်းဖိုး စတင်ထုတ်လုပ်ရန် သတ်မှတ်ခဲ့သည်။ ပဉ္စမလေးနှစ် စီမံကိန်း၏ တတိယနှစ်တွင် တည်ဆောက်မှုကာလကို ၁၉၇၆-၇၇ မှ ၁၉၇၇-၇၈ အထိ မြင့်ဆင့်သတ်မှတ်ပြီး ကုန်ထုတ်လုပ်မှုကိုလည်း ၁၉၇၉-၈၀ ခုနှစ်မှသာ စတင်ရန် ပြန်လည်လျာထားသည်။ ရင်းနှီးမြှုပ်နှံမှုကိုလည်း နိုင်ငံခြားငွေကျပ် ၉၂ သိန်းအပါအဝင် စုစုပေါင်းကျပ် ၅၆၇ သိန်းသို့ မြင့်ဆင့်သတ်မှတ်သည်။

**ကော့စတစ်ဆိုဒါနှင့် ကလိုရင်းစက်ရုံ စီမံကိန်း**ကို ဧရာဝတီတိုင်း ကျိုက်လတ်မြို့နယ်တွင် နိုင်ငံခြားငွေကျပ် ၁၇၉၇ သိန်းအပါအဝင် စုစုပေါင်းကျပ် ၄၃၉၆ သိန်း ရင်းနှီးမြှုပ်နှံ

တည်ဆောက်ရန် ရည်ရွယ်သည်။ ပဉ္စမလေးနှစ် စီမံကိန်း၏ တတိယနှစ်ဖြစ်သော ၁၉၈၈-၈၉ ခုနှစ်တွင် ရင်းနှီးမြှုပ်နှံမှုကို နိုင်ငံခြားငွေကျပ် ၂၀၂၃ သိန်းအပါအဝင် စုစုပေါင်းကျပ် ၄၃၆၃ သိန်းဟု တိုးတက် ပြုပြင်လျာထားသည်။ နှစ်စဉ်ထွက်ရှိနိုင်မည့် ကုန်ထုတ်အင်အားမှာ ကော့စတစ်ဆိုဒါ အခဲ မက်ထရစ်တန် ၆၀၀၀၊ ကလိုရင်း မက်ထရစ်တန် ၁၅၀၀၊ ဟိုက်ဒရို ကလိုရစ် အက်စစ် မက်ထရစ်တန် ၂၄၀၀၊ အရောင်ချွတ် ဆေးမှုန့် မက်ထရစ်တန် ၆၀၀၀ နှင့် အရောင်ချွတ်ဆေးရည် ကုဗမီတာ ၁၀၅၀၀ ဖြစ်သည်။ ပဉ္စမလေးနှစ် စီမံကိန်းကာလ၏ နောက်ဆုံးနှစ်ဖြစ်သော ၁၉၈၉-၉၀ ခုနှစ်တွင် တည်ဆောက်မှုပြီးစီးရန်နှင့် ကုန်ပစ္စည်း ကျပ် ၃၂၃ သိန်းဖိုး စတင်ထုတ်လုပ်ရန် ရည်မှန်းသည်။

**ခေါက်ငွေထုတ်လုပ်ရေးစက်ရုံ စီမံကိန်း အမှတ် (၂)** ကို နိုင်ငံခြားငွေကျပ် ၈၃ သိန်း အပါအဝင် စုစုပေါင်းကျပ် ၁၇၈ သိန်း ရင်းနှီးမြှုပ်နှံ၍ တည်ဆောက်ရန် လျာထားသတ်မှတ်သည်။ ထိုစက်ရုံမှ အဆက်တလင်းခေါက်ငွေ ကုဗပေ သန်းပေါင်း ၈၊ အောက်စီဂျင် ကုဗပေ သန်းပေါင်း ၂၅ နှင့် နိုက်ထြိုဂျင်ခေါက်ငွေ ကုဗပေ သန်းပေါင်း ၂။ နှစ်စဉ်ထွက်ရှိနိုင်မည်ဖြစ်သည်။

စက္ကူနှင့် ခေါက်ဗေဒလုပ်ငန်း ကော်ပိုရေးရှင်းသည် ပဉ္စမလေးနှစ် စီမံကိန်းကာလအတွင်း **သတင်းစာစက္ကူစက်ရုံ စီမံကိန်း**သစ်တစ်ခုကိုလည်းရေးဆွဲ၍ အကောင်အထည်ဖော်ရန် ရည်မှန်းသည်။ တစ်နှစ်လျှင် မက်ထရစ်တန် ၁၂၁၀၀ ထွက်ရှိမည့် သတင်းစာစက္ကူစက်ရုံ စီမံကိန်း အတွက် နိုင်ငံခြားငွေကျပ် ၁၁၅၅ သိန်းအပါအဝင် စုစုပေါင်းကျပ် ၂၇၄၈ သိန်း ရင်းနှီး မြှုပ်နှံရန် လျာထားသတ်မှတ်သည်။ ၁၉၈၇-၈၈ ခုနှစ်တွင် စက်ရုံစတင်တည်ဆောက်၍ ၁၉၈၈-၈၉ ခုနှစ်တွင် ပြီးစီးမည်ဟုလည်း မျှော်မှန်းခဲ့သည်။

ပဉ္စမလေးနှစ် စီမံကိန်း၏ ဒုတိယနှစ်ဖြစ်သော ၁၉၈၇-၈၈ ခုနှစ်တွင် စက္ကူနှင့် ခေါက်ဗေဒ လုပ်ငန်း ကော်ပိုရေးရှင်းသည် **ခေါက်ငွေထုတ်လုပ်ရေးစက်ရုံ အမှတ် (၁) မွမ်းမံတိုးချဲ့ရေး လုပ်ငန်းစီမံကိန်း** ကိုလည်း နိုင်ငံခြားငွေ ကျပ် ၁၈၉ သိန်းအပါအဝင် စုစုပေါင်းကျပ် ၄၆၁ သိန်း ရင်းနှီးမြှုပ်နှံ၍ အကောင်အထည်ဖော်ရန် ရည်မှန်းသည်။ ကုန်ထုတ်အင်အားမှာ နှစ်စဉ် အောက်စီဂျင် ကုဗပေထောင်ပေါင်း ၂၂၆၀၊ နိုက်ထြိုဂျင် ကုဗပေထောင်ပေါင်း ၁၉၄၄ နှင့် အဆက်တလင်း ကုဗပေထောင်ပေါင်း ၉၄၅၀ ထွက်ရှိနိုင်သည့် စီမံကိန်းဖြစ်သည်။ ၁၉၈၈-၈၉ ခုနှစ်တွင် တည်ဆောက်ပြီးစီး၍ ၁၉၈၉-၉၀ ခုနှစ်တွင် ကုန်ပစ္စည်း စတင်ထုတ်လုပ်နိုင်ရန် ရည်မှန်းသည်။

**အမှတ် (၂) စက်မှုဝန်ကြီးဌာန၊** အကြီးစား စက်မှုလုပ်ငန်း ကော်ပိုရေးရှင်းတွင် ပဉ္စမလေးနှစ် စီမံကိန်းကာလအတွင်း အသစ်တည်ဆောက် အကောင်အထည်ဖော်မည့်လုပ်ငန်း စီမံကိန်းသစ် ၂ ခုရှိသည်။ ယင်းလုပ်ငန်း စီမံကိန်းသစ်များမှာ သတ္တုဘယ်ရာရင်နှင့် ဘွတ်ရှ် ထုတ်လုပ်မှုစီမံကိန်း၊ အမိုးနီးယမ်း နိုက်ထရိတ်နှင့် ကယ်လ်စီယမ် အမိုးနီးယမ်း နိုက်ထရိတ် ထုတ်လုပ်မှု စီမံကိန်းတို့ဖြစ်သည်။ **သတ္တုဘယ်ရာရင်နှင့် ဘွတ်ရှ် ထုတ်လုပ်မှုစီမံကိန်းသစ်**အတွက် နိုင်ငံခြားငွေကျပ် ၁၂၇၈ သိန်းအပါအဝင် စုစုပေါင်းကျပ် ၂၂၇၉ သိန်း ရင်းနှီးမြှုပ်နှံရန် ရည်မှန်းထားသည်။ နှစ်စဉ်သတ္တု ဘယ်ရာရင်ခြမ်း (၂၅-၂၀၀ မီလီမီတာ) ခုရေထောင်ပေါင်း ၁၁၇၂၊ ဘွတ်ရှ် (၁၄-၆၀ မမ) ခုထောင်ပေါင်း ၄၀၀ နှင့် ထရပ်ဝါရှာ ခုရေထောင်ပေါင်း ၁၄၄ ထုတ်လုပ်နိုင်စွမ်းရှိမည်ဟု မျှော်မှန်းသော လုပ်ငန်းစီမံကိန်းဖြစ်သည်။

**အမိုးနီးယမ်း နိုက်ထရိတ်နှင့် ကယ်လ်စီယမ် အမိုးနီးယမ်း နိုက်ထရိတ် ထုတ်လုပ်မှု စီမံကိန်း**အတွက် နိုင်ငံခြားငွေကျပ် ၁၄၁၂ သိန်းအပါအဝင် စုစုပေါင်းကျပ် ၁၇၈၁ သိန်း အကုန်အကျခံ တည်ဆောက်ရန် လျာထားသည်။ နှစ်စဉ် အမိုးနီးယမ်း နိုက်ထရိတ် ၄၀၀၂ တန်နှင့် ကယ်လ်စီယမ် အမိုးနီးယမ်း နိုက်ထရိတ် ၁၄၉၉၄ တန် ထွက်ရှိနိုင်သော လုပ်ငန်းစီမံကိန်းသစ်ဖြစ်သည်။ ပဉ္စမလေးနှစ် စီမံကိန်းကာလ၏ တတိယနှစ်ဖြစ်သော ၁၉၈၈-၈၉ ခုနှစ်တွင် ကုန်ပစ္စည်းကျပ် ၁၇၅ သိန်းဖိုး စတင်ထုတ်လုပ်ရန်ရည်မှန်းသည်။

**စွမ်းအင်ဝန်ကြီးဌာန** ရေနံဓာတုဗေဒနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ကော်ပိုရေးရှင်းတွင် ဆောင်ရွက်ဆဲ လုပ်ငန်းစီမံကိန်းတစ်ခုရှိသည်။ ယင်းစီမံကိန်းမှာ **ရေနံဓာတ်ငွေ့ရည်စက်ရုံ စီမံကိန်း (ဒုတိယဆင့်)** ဖြစ်သည်။ ၁၉၈၄ ခုနှစ်၊ နိုဝင်ဘာလမှစတင်၍ တည်ဆောက်မှုလုပ်ငန်းများကို လုပ်ဆောင်ခဲ့သည်။ ၁၉၈၇-၈၈ ခုနှစ်တွင် ရေနံဓာတ်ငွေ့ရည် ကျပ် ၄၆၆ သိန်းဖိုး စတင်ထုတ်လုပ်ရန် ရည်မှန်းထားသည်။ ရင်းနှီးမြှုပ်နှံမှု ရည်မှန်းချက်မှာ နိုင်ငံခြားငွေကျပ် ၂၃၇၀ သိန်းအပါအဝင် စုစုပေါင်းကျပ် ၃၀၀၈ သိန်းဖြစ်၏။ နှစ်စဉ် ရေနံဓာတ်ငွေ့ရည် မက်ထရစ်တန် ၃၀၀၀၀ ထွက်ရှိနိုင်မည့် လုပ်ငန်းစီမံကိန်းဖြစ်သည်။

ရေနံဓာတုဗေဒနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ကော်ပိုရေးရှင်းတွင် ပဉ္စမလေးနှစ် စီမံကိန်းကာလအတွင်း အသစ်တည်ဆောက်မည့်လုပ်ငန်း စီမံကိန်းသစ် ၃ ခုရှိသည်။ ယင်းလုပ်ငန်း စီမံကိန်းသစ်များမှာ ရေနံဓာတ်ငွေ့ရည်စက်ရုံ စီမံကိန်း (တတိယဆင့်)၊ အသုံးပြုပြီးသော စက်ဆီများ ပြန်လည်သန့်စင်သည့် စက်ရုံစီမံကိန်းနှင့် မင်္ဂလာ ကမ်းလွန်ရေနံ ဝိုးတက်ဖွံ့ဖြိုးရေး စီမံကိန်းတို့ဖြစ်သည်။ **ရေနံဓာတ်ငွေ့ရည်စက်ရုံ စီမံကိန်း တတိယဆင့်**ကို နိုင်ငံခြားငွေကျပ် ၄၂၀၀ သိန်း အပါအဝင် စုစုပေါင်းငွေကျပ် ၆၀၀၀ သိန်း ရင်းနှီးမြှုပ်နှံရန် ရည်မှန်းသည်။

နှစ်စဉ် ရေနံဓာတ်ငွေ့ရည် မက်ထရစ်တန် ၆၀၀၀၀ ထွက်ရှိရန် လျာထားသည်။ ပဉ္စမလေးနှစ်စီမံကိန်းကာလ၏ နောက်ဆုံးနှစ်ဖြစ်သော ၁၉၈၉-၉၀ ခုနှစ်တွင် ကုန်ပစ္စည်းကျပ် ၉၃၃ သိန်းဖိုး စတင်ထုတ်လုပ်နိုင်ရန်လည်း ရည်မှန်းထားသည်။

**အသုံးပြုပြီးသော စက်ဆီများ ပြန်လည်သန့်စင်သည့်စက်ရုံ စီမံကိန်း**ကို နိုင်ငံခြားငွေကျပ် ၇၀၀ သိန်းအပါအဝင် စုစုပေါင်းကျပ် ၉၅၀ သိန်း ရင်းနှီးမြှုပ်နှံ တည်ဆောက်ရန် ရည်ရွယ်သည်။ နှစ်စဉ် သန့်စင်ပြီး စက်ဆီများ မက်ထရစ်တန် ၁၃၄၅၄ ထွက်ရှိနိုင်မည်ဟု မျှော်မှန်းထားသည်။

**မုတ္တမ ကမ်းလွန်ရေနံ တိုးတက်ဖွံ့ဖြိုးရေး စီမံကိန်း**ကိုလည်း နိုင်ငံခြားငွေကျပ် ၃၄၅၃ သိန်းအပါအဝင် စုစုပေါင်းကျပ် ၄၂၄၁ သိန်း ရင်းနှီးမြှုပ်နှံ၍ အသစ်တည်ဆောက်ရန် ရည်မှန်းသည်။ နှစ်စဉ် အမိုးနီးယား မက်ထရစ်တန် ၃၉၆၀၀၀ နှင့် ယူရီးယား ဓာတ်မြေဩဇာ မက်ထရစ်တန် ၃၃၀၀၀၀ ကုန်ထုတ်အင်အားရှိသော လုပ်ငန်းစီမံကိန်းသစ်ဖြစ်သည်။

**လယ်ယာနှင့် သစ်တောဝန်ကြီးဌာန၊** သစ်လုပ်ငန်း ကော်ပိုရေးရှင်းက စတုတ္ထလေးနှစ်စီမံကိန်းကာလ ၁၉၈၄-၈၅ ခုနှစ်က စတင်ခဲ့ပြီး ပဉ္စမလေးနှစ် စီမံကိန်းကာလတွင် ဆက်လက်အကောင်အထည်ဖော်ရမည့် လုပ်ငန်းစီမံကိန်းမှာ **သစ်အခြေခံ စက်မှုလုပ်ငန်း စီမံကိန်း (၂)** ဖြစ်သည်။ သစ်အခြေခံ စက်မှုလုပ်ငန်း စီမံကိန်း (၂)တွင် ပါဝင်သော လုပ်ငန်းများမှာ အမှတ် (၅) အထပ်သားစက်ရုံနှင့် ကျွန်းခွဲစက် နှစ်လုံးဖြစ်သည်။ အမှတ် (၅) အထပ်သားစက်ရုံအတွက် နိုင်ငံခြားငွေကျပ် ၈၄၅ သိန်းအပါအဝင် စုစုပေါင်းကျပ် ၁၆၁၇ သိန်း ရင်းနှီးမြှုပ်နှံရန် ရည်မှန်းသည်။ ၎င်းစက်ရုံမှ နှစ်စဉ် ကျွန်းအထပ်သားချပ်ပေါင်း ၂၀၀၀၀၀၊ သစ်မာ အထပ်သားချပ်ပေါင်း ၂၀၀၀၀၀ နှင့် သစ်ပါးလွှာ စတုရန်းပေပေါင်း ၁၂၀၀၀ ထွက်နိုင်မည်ဟု မျှော်မှန်းသည်။ ကျွန်းခွဲစက်နှစ်လုံးအတွက်လည်း နိုင်ငံခြားငွေကျပ် ၁၃၆၈ သိန်းအပါဝင် စုစုပေါင်းကျပ် ၂၄၃၈ သိန်း ရင်းနှီးမြှုပ်နှံရန် လျာထားသည်။ သစ်အခြေခံ စက်မှုလုပ်ငန်း စီမံကိန်း (၂) အတွက် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုကို နိုင်ငံခြားငွေကျပ် ၂၃၆၉ သိန်းအပါအဝင် စုစုပေါင်းကျပ် ၄၆၂၅ သိန်းအထိ တိုးတက်ပြုပြင်သတ်မှတ်သည်။ နှစ်စဉ် ကျွန်းခွဲသား ကုဗတန် ၄၁၄၀၀ နှင့် သစ်မာခွဲသား ကုဗတန် ၇၂၀၀ ထွက်ရှိနိုင်မည့် စီမံကိန်းဖြစ်သည်။ အမှတ် (၅) အထပ်သားစက်ရုံကို ၁၉၈၈-၈၉ ခုနှစ်တွင် ကျပ်သိန်း ၆၈ ဖိုး စတင်လည်ပတ် ကုန်ထုတ်လုပ်ရန် လျာထားသည်။ ကျွန်းခွဲစက်နှစ်လုံးအတွက်မှ ၁၉၈၇-၈၈ ခုနှစ်တွင် ကျပ် ၇၂၁ သိန်းဖိုးဖြင့် ကုန်ထုတ်လုပ်မှု စတင်နိုင်ရန် သတ်မှတ် ရည်မှန်းခဲ့သည်။

ပဉ္စမလေးနှစ် စီမံကိန်းကာလအတွင်း သစ်လုပ်ငန်း ကော်ပိုရေးရှင်းက အသစ်တည်ဆောက်မည့် လုပ်ငန်းစီမံကိန်းသစ်များမှာ သစ်စပ်ပြားစက်ရုံ စီမံကိန်း၊ သစ်ဆေးသွင်းစက်ရုံ စီမံကိန်း၊ တန် ၁၀၀၀၀ ကျ သစ်မာစက် စီမံကိန်း၊ တန် ၆၀၀၀ ကျ သစ်မာစက် စီမံကိန်းနှင့် ကော်စက်ရုံ စီမံကိန်းတို့ဖြစ်ကြသည်။ **သစ်စပ်ပြားစက်ရုံ စီမံကိန်း**အတွက် နိုင်ငံခြားငွေကျပ် ၂၅၉ သိန်းအပါအဝင် စုစုပေါင်းကျပ် ၆၇၂ သိန်း ရင်းနှီးမြှုပ်နှံရန် ရည်မှန်းသည်။ နှစ်စဉ် သစ်စပ်ပြားချပ်ရေ ၁၀၀၀၀၀ ထုတ်လုပ်နိုင်မည့် လုပ်ငန်းစီမံကိန်းဖြစ်သည်။ ပဉ္စမလေးနှစ်စီမံကိန်းကာလ၏ တတိယနှစ်ဖြစ်သော ၁၉၈၈-၈၉ ခုနှစ်တွင် ကုန်ပစ္စည်းကျပ် ၃၂၃ သိန်းဖိုး စတင်ထုတ်လုပ်ရန် ရည်မှန်းသည်။

နှစ်စဉ် သစ်မာခွဲသား (ဆေးသွင်း) ကုဗတန် ၆၀၀၀ ထွက်ရှိနိုင်မည့် **သစ်ဆေးသွင်းစက်ရုံ စီမံကိန်း**ကိုလည်း နိုင်ငံခြားငွေကျပ် ၂၀ သိန်း အပါအဝင် စုစုပေါင်းကျပ် ၅၆ သိန်း ရင်းနှီးမြှုပ်နှံ၍ တည်ဆောက်ရန် လျာထားသည်။ ပဉ္စမလေးနှစ် စီမံကိန်း၏ တတိယနှစ်ဖြစ်သော ၁၉၈၈-၈၉ ခုနှစ်တွင် ကုန်ပစ္စည်း ၈၁ သိန်းဖိုး ထုတ်လုပ်ခြင်းဖြင့် စတင်လည်ပတ်ရန် သတ်မှတ်သည်။

**တန် ၁၀၀၀၀ ကျ သစ်မာစက် စီမံကိန်း**ကိုလည်း နိုင်ငံခြားငွေကျပ် သိန်း ၂၀၀ အပါအဝင် စုစုပေါင်းကျပ် ၄၂၅ သိန်း ရင်းနှီးမြှုပ်နှံ အသစ်တည်ဆောက်ခြင်းဖြင့် နှစ်စဉ် ကုန်ချော သစ်မာခွဲသား ကုဗတန် ၅၅၀၀ ထွက်ရှိမည်ဟု မျှော်မှန်းသည်။ ပဉ္စမလေးနှစ် စီမံကိန်းကာလ၏ နောက်ဆုံးနှစ်ဖြစ်သော ၁၉၈၉-၉၀ ခုနှစ်တွင် ကျပ် ၃၂ သိန်းဖိုး စတင်ထုတ်လုပ်နိုင်ရန် သတ်မှတ်ထားသည်။

**တန် ၆၀၀၀ ကျ သစ်မာစက် စီမံကိန်း**အတွက်ကိုမူ နိုင်ငံခြားငွေကျပ် သိန်း ၆၀ အပါအဝင် စုစုပေါင်းကျပ် သိန်း ၁၆၀ ရင်းနှီးမြှုပ်နှံရန် လျာထားသည်။ နှစ်စဉ် ကုန်ချော သစ်မာခွဲသား ကုဗတန် ၃၃၀၀ ထွက်ရှိနိုင်ပြီး၊ ပဉ္စမလေးနှစ် စီမံကိန်း၏ ဒုတိယနှစ်ဖြစ်သော ၁၉၈၇-၈၈ ခုနှစ်တွင် ကျပ် ၁၉ သိန်းဖိုး စတင်ထုတ်လုပ်နိုင်မည်ဟု မျှော်မှန်းသည်။

သစ်လုပ်ငန်း ကော်ပိုရေးရှင်းက ပဉ္စမလေးနှစ် စီမံကိန်းကာလအတွင်း အသစ်တည်ဆောက်မည့် စီမံကိန်းများတွင် **ကော်စက်ရုံ စီမံကိန်း**သည်းပါဝင်သည်။ ယင်းစီမံကိန်းအတွက် နိုင်ငံခြားငွေကျပ် ၃၂၄၀ သိန်း အပါအဝင် စုစုပေါင်းကျပ် ၆၃၄၉ သိန်း ရင်းနှီးမြှုပ်နှံရန် လျာထားသည်။ နှစ်စဉ် ကော်မက်ထရစ်တန် ၁၄၄၀ ထုတ်လုပ်နိုင်ပြီး ပဉ္စမလေးနှစ် စီမံကိန်းကာလ၏ ပထမ နှစ်တွင်ပင် စတင်လည်ပတ်၍ ကုန်ပစ္စည်း ၇၄ သိန်းဖိုး ထုတ်လုပ်နိုင်မည်ဟု မျှော်မှန်းထားသည်။

**သတ္တုတွင်းဝန်ကြီးဌာန** ဆားလုပ်ငန်း ကော်ပိုရေးရှင်း၏ ပဉ္စမလေးနှစ် စီမံကိန်းကာလ အတွင်း အသစ်တည်ဆောက် အကောင်အထည်ဖော်မည့် လုပ်ငန်းစီမံကိန်းသစ်မှာ **မဂ္ဂနီဆီယမ် အောက်ဆိုက် ပင်လယ်ရေ စီမံကိန်း**ဖြစ်သည်။ ယင်းစီမံကိန်းအတွက် နိုင်ငံခြားငွေကျပ် ၂၂၅ သိန်း အပါအဝင် စုစုပေါင်းကျပ် ၃၄၇ သိန်း ရင်းနှီးမြှုပ်နှံရန် လျာထားသည်။ နှစ်စဉ် မဂ္ဂနီယမ်အောက်ဆိုက် တန် ၁၀၀ ထွက်ရှိမည့် လုပ်ငန်းစီမံကိန်းဖြစ်သည်။ **၁၉၈၇-၈၈** ခုနှစ်တွင် **စတင်**တည်ဆောက်ပြီး ၁၉၈၉-၉၀ ခုနှစ်တွင် ကုန်ပစ္စည်း စတင်ထုတ်လုပ်ရန် သတ်မှတ်**ထား** သည်။

**ကုန်သွယ်ရေး ဝန်ကြီးဌာန၊** လယ်ယာကိုင်းကျွန်းနှင့် ဥယျာဉ်ခြံမြေထွက်ကုန် ပစ္စည်း ကုန်သွယ်ရေး ကော်ပိုရေးရှင်း၏ လက်အောက်တွင် ဆောင်ရွက်ဆဲ လုပ်ငန်းစီမံကိန်း ၁၅ ခု ရှိသည်။ ယင်းစီမံကိန်းများမှာ တန် ၁၀၀ ကျ ဆန်စက် စီမံကိန်း ၁၂ ခုနှင့် တန် ၂၅၀ ကျ ဆန်စက် စီမံကိန်း ၃ ခုတို့ဖြစ်ကြသည်။ **တန် ၁၀၀ကျ ဆန်စက်စီမံကိန်း** များကို ၁၉၇၉-၈၀ ခုနှစ်ကပင် ပုသိမ်၌ ၂ လုံး၊ လပွတ္တာ၌ ၂ လုံး၊ ငပုတော၊ မအူပင်၊ ဒေးဒရဲ၊ ကွမ်းခြံကုန်း၊ ကော့မှူး၊ သန်လျင်၊ ကျောက်တံခါး၊ ကြို့ပင်ကောက်တို့၌ တစ်လုံးစီ တည်ဆောက် အကောင် အထည်ဖော်ခဲ့သည်။ ထိုဆန်စက်များသည် နှစ်စဉ် ဆန်တန်ချည် ၁၃၃၃၃၊ ဆန်ကွဲတန်ချည် ၃၀၈ နှင့် ဖွဲနုတန်ချည် ၁၁၂၈ အသီးသီး ထုတ်လုပ်နိုင်စွမ်းရှိကြသည်။ ပဉ္စမ လေးနှစ်စီမံကိန်း ကာလ၏ ပထမ နှစ်ဖြစ်သော ၁၉၈၆-၈၇ ခုနှစ်တွင် စတင် လည်ပတ်ထုတ်လုပ်ရန် ရည်မှန်း သတ်မှတ်ထားသည်။ ယင်းဆန်စက်များ တည်ဆောက်ရာ၌ ရင်းနှီးမြှုပ်နှံမှုများကို အောက်ပါ ဇယားအတိုင်းလျာထားခဲ့သည်—

| **တန် ၁၀၀ ကျ ဆန်စက်များ** | | **ရင်းနှီးမြှုပ်နှံမှု ကျပ်သိန်းပေါင်း** | |
|---|---|---|---|
| | | **စုစုပေါင်း** | **နိုင်ငံခြားငွေ** |
| ၁။ ပုသိမ်(၁) | .... | ၂၇၃ | ၈၄ |
| ၂။ ပုသိမ် (၂) | .... | ၂၇၇ | ၈၇ |
| ၃။ လပွတ္တာ(၁) | .... | ၄၀၈ | ၁၄၃ |
| ၄။ လပွတ္တာ(၂) | .... | ၄၀၉ | ၁၄၃ |
| ၅။ ငပုတော | .... | ၄၀၉ | ၁၄၃ |
| ၆။ မအူပင် | .... | ၄၀၈ | ၁၄၃ |

| တန် (၁၀၀) ကျဆန်စက်များ | | ရင်းနှီးမြှုပ်နှံမှု ကျပ်သိန်းပေါင်း | |
|---|---|---|---|
| | | စုစုပေါင်း | နိုင်ငံခြားငွေ |
| ၇။ ဒေးဒရဲ | .... | ၄၀၈ | ၁၄၃ |
| ၈။ ကွမ်းခြံကုန်း | .... | ၄၁၁ | ၁၄၃ |
| ၉။ ကော့မှူး | .... | ၄၀၇ | ၁၄၃ |
| ၁၀။ သန်လျင် | .... | ၂၈၀ | ၉၁ |
| ၁၁။ ကျောက်တံခါး | .... | ၂၇၇ | ၈၈ |
| ၁၂။ ကြို့ပင်ကောက် | .... | ၂၆၅ | ၈၃ |

လယ်ယာကိုင်းကျွန်းနှင့် ဥယျာဉ်ခြံမြေ ထွက်ကုန်ပစ္စည်း ကုန်သွယ်ရေး ကော်ပိုရေးရှင်း၏ လက်အောက်တွင် ဆောင်ရွက်ဆဲ **တန် ၂၅၀ ကျ ဆန်စက် စီမံကိန်း**လည်း ၃ ခုရှိသည်။ နှစ်စဉ် ဆန်တန်ချိန် ၃၀၂၅၀၊ ဆန်ကွဲတန်ချိန် ၃၃၄၅၊ ဖွဲနုတန်ချိန် ၃၄၈၈ ထွက်နိုင်သော ထိုဆန်စက် ၃ လုံးကို ၁၉၈၃-၈၄ ခုနှစ်ကပင် မြောင်းမြ၊ လက်ပံတန်းနှင့် ခနောင်တိုတို့တွင် စတင် တည်ဆောက်ခဲ့သည်။ ပဥ္စမ လေးနှစ် စီမံကိန်းကာလ၏ ဒုတိယနှစ်ဖြစ်သော ၁၉၈၇-၈၈ ခုနှစ်တွင် ကျပ် သိန်း ၁၂၀ ဖိုးစီ အသီးသီး စတင်ထုတ်လုပ်ရန် ရည်မှန်းသည်။ ယင်းဆန်စက် ၃ လုံးအတွက် ရင်းနှီးမြှုပ်နှံမှုမှာ အောက်ပါအတိုင်းဖြစ်သည်—

| လုပ်ငန်းစီမံကိန်းအမည် | စုစုပေါင်းရင်းနှီးမြှုပ်နှံမှု ကျပ်သိန်းပေါင်း | |
|---|---|---|
| | စုစုပေါင်း | နိုင်ငံခြားငွေ |
| ၁။ မြောင်းမြတန် ၂၅၀ ကျ ဆန်စက်စီမံကိန်း | ၁၀၆၀ | ၄၁၈ |
| ၂။ လက်ပံတန်းတန် ၂၅၀ ကျ ဆန်စက်စီမံကိန်း | ၁၀၆၀ | ၄၁၈ |
| ၃။ ခနောင်တိုတန် ၂၅၀ ကျ ဆန်စက်စီမံကိန်း။ | ၁၃၅၆ | ၅၈၆ |

ပဉ္စမ လေးနှစ် စီမံကိန်းကာလအတွင်း လယ်ယာကိုင်းကျွန်းနှင့် ဥယျာဉ်ခြံမြေထွက် ကုန်ပစ္စည်း ကုန်သွယ်ရေး ကော်ပိုရေးရှင်းက အသစ် တည်ဆောက် အကောင်အထည် ဖော်မည့် လုပ်ငန်းစီမံကိန်းသစ်လည်း ၃ ခု ရှိသည်။ တန် ၁၀၀ ကျ ဆန်စက်နှစ်လုံးနှင့်တန် ၂၅၀ ကျ ဆန်စက်တစ်လုံးတို့ ဖြစ်သည်။ တန် ၁၀၀ ကျ ဆန်စက်နှစ်လုံးကို နိုင်ငံခြားငွေ ကျပ် ၉၉ သိန်းအပါအဝင် စုစုပေါင်းကျပ် ၂၀၄ သိန်းစီ ရင်းနှီးမြှုပ်နှံ တည်ဆောက်ရန် ရည်မှန်းသည်။ ယင်းတန် ၁၀၀ ကျ ဆန်စက်တစ်လုံးစီမှ ဆန်တန်ရှည် ၁၃၅၄၇၊ ဆန်ကွဲတန်ရှည် ၁၀၀၄ နှင့် ဖွဲနုတန်ရှည် ၁၄၉၀ ထွက်ရှိနိုင်မည်ဟု မျှော်မှန်းသည်။ တန် ၂၅၀ ကျ ဆန်စက်တစ်လုံးကိုလည်း နိုင်ငံခြား ငွေကျပ် ၃၅၀ သိန်းအပါအဝင် စုစုပေါင်းကျပ် ၇၀၀ သိန်း ရင်းနှီးမြှုပ်နှံ၍ တည်ဆောက်ရန် လျာထားသည်။ ယင်းဆန်စက်မှ ဆန်တန်ရှည် ၃၃၈၆၊ ဆန်ကွဲတန်ရှည် ၂၇၀၉ နှင့် ဖွဲနုတန်ရှည် ၃၇၂၅ ထွက်နိုင်မည် ဖြစ်သည်။ ဆန်စက်သစ် ၃ လုံးကို ၁၉၇၃-၇၄ ခုနှစ်တွင် စတင် တည်ဆောက်ခဲ့ပြီး ၁၉၉၀-၉၁ ခုနှစ်တွင် ပြီးစီးရန်နှင့် ကုန်ထုတ်လုပ်မှုကို ၁၉၉၁-၉၂ ခုနှစ်တွင် စတင်ရန် လျာထား သတ်မှတ်သည်။

ပဉ္စမ လေးနှစ် စီမံကိန်း၏ ဒုတိယနှစ်ဖြစ်သော ၁၉၇၇-၇၈ ခုနှစ်တွင်လည်း **တန် ၁၅၀ ကျ ဆန်စက်**အသစ် ၆ လုံးကို ကျောက်တန်း၊ နတ်တလင်း၊ ပေါင်၊ ဖျာပုံ၊ မော်လမြိုင်ကျွန်းနှင့် ကျောင်းကုန်းတို့တွင် တည်ဆောက်ရန် စီမံကိန်း ရေးဆွဲချမှတ်သည်။ စီမံကိန်းသစ်ဝင်ဆန်စက် ၆ လုံးသည်။ ၁၉၉၂-၉၃ ခုနှစ်တွင် တည်ဆောက်ပြီးစီး၍ စတင်လည်ပတ်နိုင်မည်ဟု မျှော်မှန်းခဲ့သည်။ တစ်နှစ်လျှင် ဆန်မက်ထရစ်တန် ၁၀၀၀၀၊ ဆန်ကွဲ မက်ထရစ်တန် ၂၄၀၀ နှင့် ဖွဲနုမက်ထရစ်တန် ၃၃၀၀ ကုန်ထုတ်အင်အားရှိသည်။ ရင်းနှီးမြှုပ်နှံမှု အသီးသီးမှာ အောက်ပါအတိုင်း ဖြစ်သည်—

| တန် ၁၅၀ ကျ ဆန်စက်စီမံကိန်း | | ရင်းနှီးမြှုပ်နှံမှု (ကျပ်သိန်းပေါင်း) စုစုပေါင်း | နိုင်ငံခြားငွေ |
|---|---|---|---|
| ၁။ ကျောက်တန်း | .... | ၄၅၃ | ၂၀၅ |
| ၂။ နတ်တလင်း | .... | ၄၅၃ | ၂၀၅ |
| ၃။ ပေါင် | .... | ၄၅၃ | ၂၀၅ |
| ၄။ ဖျာပုံ | .... | ၄၅၉ | ၂၀၆ |
| ၅။ မော်လမြိုင်ကျွန်း | .... | ၄၅၉ | ၂၀၆ |
| ၆။ ကျောင်းကုန်း | .... | ၄၇၂ | ၂၁၁ |

မြန်မာနိုင်ငံသည် စိုက်ပျိုးရေး အဓိက နိုင်ငံဖြစ်သည်။ စိုက်ပျိုးရေးကို အခြေခံသော စက်မှုနိုင်ငံအဖြစ် စတင်ထူထောင်ရာ၌ အဓိက စက်မှုလက်မှု လုပ်ငန်းများသည် လယ်ယာ သစ်တောထွက် ကုန်ကြမ်းများကို ခွဲစိတ် မွမ်းမံခြင်းဖြစ်သည်။ မြန်မာနိုင်ငံရှိ ဆန်စက်များမှာ ဟောင်းနွမ်းအိုမင်း၍ စွမ်းအား လျော့နည်းနေကြပေပြီ။ အရည်အသွေးကောင်းမွန်သော အဆင့်အတန်းမြင့်သော ဆန်ရရှိရေးအတွက် ခေတ်မီ ဆန်စက်ကြီးများ တည်ဆောက်ရန် စီမံကိန်းများသည် အလွန် အရေးပါလှသည်။ ဆန်စက်စီမံကိန်းများ ပြီးစီးအောင်မြင်ပါက ပဉ္စမ လေးနှစ် စီမံကိန်းကာလတွင် ဆန်နှင့် ဆန်ထွက်ပစ္စည်းများ ပြည်တွင်းလိုအပ်ချက်ကိုဖြည့်ဆည်းနိုင်မည့်အပြင် ပြည်ပပို့ကုန် တိုးမြှင့်ရေးတွင်လည်း မျှော်မှန်းလျာထားချက်ပြည့်မီနိုင်မည့် အလားအလာရှိပေသည်။

နိုင်ငံတော်၏ ခေတ်မီ တိုးတက်ရေး၊ လယ်ယာကို အခြေခံသော စက်မှုနိုင်ငံ၊ထို့မှ တစ်ဆင့် စက်မှုနိုင်ငံတစ်ခုအဖြစ် ထူထောင်ရေးတို့တွင် စက်မှုလက်မှုကဏ္ဍသည် အဓိကတွန်းအားပေးကဏ္ဍမှ ပါဝင်နေပေသည်။ ထို့ကြောင့် ပဉ္စမ လေးနှစ်စီမံကိန်းကာလတွင် စက်မှုကုန်ထုတ်တန်ဖိုး လျာထားချက်ပြည့်မီရေးကို ပြည်သူ့ပိုင် အခန်းမှ စီမံကိန်း လျာထားချက်များ၊ ပါတီ၏ ဦးဆောင်လမ်းညွှန်မှုများနှင့်အညီ ကြိုးပမ်းလုပ်ဆောင်သည်။ ပြည်သူ့ပိုင် စက်မှုလက်မှု အခန်းတွင် စတုတ္ထ လေးနှစ် စီမံကိန်းကာလ၌ စတင်ခဲ့သော မပြီးပြတ်ခဲ့သော စက်ရုံများ စီမံကိန်းများကို ဆက်လက် အကောင်အထည် ဖော်ရသည်။ ပဉ္စမ လေးနှစ် စီမံကိန်းဆိုင်ရာ နှစ်စဉ် စီမံကိန်းသစ်များကိုလည်း ရေးဆွဲချမှတ်၍ အကောင်အထည်ဖော်ရန် ကြိုးပမ်းသည်။

ပြည်သူ့ပိုင် စက်မှုစီမံကိန်းများ၏ ရည်မှန်းချက်၊ လျာထားချက်များသည် ပြည်သူတို့၏ စားဝတ်နေရေးဆိုင်ရာ လိုအပ်ချက်ကို ဖြည့်ဆည်းရန်၊ ပြည်ပသွင်းကုန် အစားထိုး ထုတ်လုပ်နိုင်ရန်၊ ပြည်တွင်းထွက်စက်မှုကုန်ကြမ်းလုံလောက်စွာ ရရှိစေရန်၊ ပြည်ပပို့ကုန် တိုးမြှင့်ထုတ်လုပ်နိုင်ရန်တို့ကို ဦးတည်သည်။ စီမံကိန်းများကို လက်တွေ့ အကောင်အထည်ဖော်ရာတွင်မှု အကြောင်းအမျိုးမျိုးကြောင့် လျာထားသတ်မှတ်ချက်အတိုင်း အချိန်မီ ပြီးစီးထုတ်လုပ်နိုင်ခြင်း မရှိသဖြင့် စတုတ္ထ လေးနှစ် စီမံကိန်းကာလမှ စီမံကိန်းဟောင်းများကို ရင်းနှီးမြှုပ်နှံမှု၊ တည်ဆောက်မှုကာလ၊ ကုန်ထုတ်စွမ်းအား စသည်တို့ ပြုပြင်ပြောင်းလဲ သတ်မှတ်ရခြင်းရှိသည်။

စက်မှုလက်မှု ကဏ္ဍ၏ ကုန်ထုတ်စွမ်းအားကို အရှိန်အဟုန် တိုးမြှင့်ရန် ရည်ရွယ်၍ စီမံကိန်းများ လျာထားချမှတ် လုပ်ဆောင်သော်လည်း စက်မှုလက်မှုကဏ္ဍ၏ အောင်မြင်မှု

သည် ကမ္ဘာ့ စီးပွားရေး မတည်ငြိမ်မှု၊ ငွေရေးကြေးရေးနှင့် ကုန်သွယ်ရေး ဖြစ်ပေါ်ပြောင်းလဲမှုများမှတစ်ဆင့် ဆက်နွယ်ပေါ်ပေါက်လာသော အခက်အခဲများကို ရင်ဆိုင်ရသည်။ ထို့ပြင် ရာသီဥတု ဖောက်ပြန်မှု သဘာဝ အဖျက်အဆီးအန္တရာယ်စသည့် အခက်အခဲများလည်းရှိသည်။ စီမံကိန်းသစ်များအတွက် ရင်းနှီးမြှုပ်နှံရန် နိုင်ငံခြားငွေ အခက်အခဲ၊ လောင်စာဆီ၊ စက်မှုကုန်ကြမ်း၊ စက်နှင့်စက်အရန် ပစ္စည်းကိရိယာများ စသည့် အခက်အခဲများက ပိုမိုကြီးမားသည်။ ထို့ကြောင့် စက်မှုစီမံကိန်း အချို့သည် အကောင်အထည် မဖော်နိုင်ဘဲ စီမံကိန်းအဆင့်တွင်ပင် နှစ်ကာလ ကြာရှည်နေမှုများ ရှိသည်။

စက်မှုလက်မှုကဏ္ဍသည် ဖော်ပြပါ အခက်အခဲ အမျိုးမျိုးကို ရင်ဆိုင်ဖြေရှင်းလျက် ပဉ္စမ လေးနှစ် စီမံကိန်းကာလတွင် လုပ်ဆောင်ခဲ့ စီမံကိန်း အဟောင်းများကိုသာမက စီမံကိန်း အသစ်များကိုပါ သတ်မှတ် လျာထားချက်အတိုင်း အချိန်မီ ပြီးစီး၍ စက်မှုကုန်ထုတ်စွမ်းအားကို လျာထားချက် ပြည့်မီအောင် တိုးမြှင့် ထုတ်လုပ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ရန် ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များ ချမှတ်ထားပေသည်။



အထည်ချုပ်စက်ရုံ အမှတ် (၅) သန်လျင်

အထည်စက်ရုံ အမှတ် (၇) မရမ်းကုန်း





သကြားစက် (ရေတာရှည်)

ပလတ်စတစ်စက်ရုံ အမှတ် (၃) မှော်ဘီ



## အခန်း ၃

# စက်မှုစီမံကိန်းများ အကောင်အထည်ဖော်မှု

ပဉ္စမလေးနှစ် စီမံကိန်း ရည်မှန်းချက်များအောင်မြင်စေရန် ပြည်သူပိုင် စက်မှုလက်မှုကဏ္ဍသည် အဘက်ဘက်မှ စွမ်းဆောင်နိုင်သမျှ ကြိုးစားဆောင်ရွက်သည်။ စက်မှုလက်မှုကဏ္ဍ၏ ကုန်ထုတ်လုပ်မှုတွင် လယ်ယာသားငါး၊ သစ်တောနှင့် သတ္တုကဏ္ဍများက ထွက်ရှိလာသော ထွက်ကုန်များကို ကြိတ်ခွဲပြုပြင် မွမ်းမံပေးသော စက်မှုလုပ်ငန်းများ၊ လယ်ယာနှင့် အခြားကဏ္ဍများအတွက် လိုအပ်သော ပုံပိုးပစ္စည်းများ၊ စက်ကိရိယာများ၊ ရင်းနှီးပစ္စည်းများ စသည်တို့ကို ထုတ်လုပ်ပေးသော လုပ်ငန်းများနှင့် လုပ်သားပြည်သူများ၏ စားဝတ်နေရေး အတွက် လိုအပ်သော စက်မှုလက်မှုကုန်ပစ္စည်းများကို ထုတ်လုပ်ပေးသော လုပ်ငန်းများ ပါဝင်သည်။

ပြည်သူပိုင် စက်မှုလက်မှုလုပ်ငန်းများကို အမှတ် (၁) စက်မှုဝန်ကြီးဌာန၊ အမှတ် (၂) စက်မှုဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာန၊ လယ်ယာနှင့်သစ်တော ဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာန၊ ပို့ဆောင်ဆက်သွယ်ရေး ဝန်ကြီးဌာန၊ ကုန်သွယ်ရေး ဝန်ကြီးဌာန နှင့် စက်မှုလုပ်ငန်းရှိသော အခြားဝန်ကြီးဌာနများက တာဝန်ယူ အကောင်အထည်ဖော်သည်။

### အကောင် အထည်ဖော် ဆောင်ရွက်သည့် စီမံကိန်းများ

စက်မှုလက်မှုကဏ္ဍ၏ ကုန်ထုတ်စွမ်းအား တိုးတက်မြင့်မားရေး လျှာထားချက် ပြည့်မီရေး တို့ကိုရှေးရှု၍ စက်မှုဝန်ကြီးဌာနများ၊ စက်မှုကော်ပိုရေးရှင်းများသည် စက်မှုလုပ်ငန်းစီမံကိန်း များကို ရေးဆွဲအကောင်အထည်ဖော်ရာတွင် စတုတ္ထလေးနှစ် စီမံကိန်းတွင် မပြီးပြတ်သဖြင့် ပဉ္စမလေးနှစ် စီမံကိန်းတွင် ဆက်လက်ဆောင်ရွက် အကောင်အထည်ဖော်ရသော စက်ရုံ စီမံကိန်း အဟောင်းများနှင့် စက်ရုံစီမံကိန်း အသစ်များကိုပါ ရည်မှန်းထားသည့်အတိုင်း အောင်မြင်စေရန် ကြိုးပမ်းဆောင်ရွက်ကြသည်။ ထိုပြည်သူပိုင် စက်မှုစီမံကိန်းအမျိုးမျိုးကို

ပဉ္စမလေးနှစ် စီမံကိန်းကာလတွင် ပြီးပြတ်အောင် အကောင်အထည်ဖော်နိုင်မှုနည်းသည်။ ပဉ္စမလေးနှစ် စီမံကိန်းကာလ၏ ဒုတိယနှစ်ဖြစ်သော ၁၉၇၇-၇၈ ခုနှစ်တွင် များသောအားဖြင့် ပြီးပြတ်အောင်မြင်မှု မရှိသေးဘဲ ရှိနေကြပေသည်။

အမှတ်(၁) စက်မှု ဝန်ကြီးဌာနသည် စတုတ္ထလေးနှစ် စီမံကိန်းမှ မပြီးပြတ်သေးဘဲ ကျန်နေသော လုပ်ငန်းစီမံကိန်း စုစုပေါင်း ၁၄ ခု ကို ပဉ္စမလေးနှစ် စီမံကိန်းကာလတွင် ဆက်လက်အကောင်အထည်ဖော်သည်။ ထိုသို့ ဆက်လက်လုပ်ဆောင်ရသော စက်မှုစီမံကိန်း များမှာ စားသောက်ကုန်လုပ်ငန်း ကော်ပိုရေးရှင်းတွင် ၆ ခု၊ အထည်အလိပ်လုပ်ငန်း ကော်ပို ရေးရှင်းတွင် ၁ ခု၊ ကြွေထည်မြေထည်လုပ်ငန်း ကော်ပိုရေးရှင်းတွင် ၃ ခု၊ သတ္တုပစ္စည်း လုပ်ငန်း ကော်ပိုရေးရှင်းတွင် ၁ ခု၊ ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း ကော်ပိုရေးရှင်းတွင် ၁ ခု၊ အထွေထွေစက်မှုလုပ်ငန်း ကော်ပိုရေးရှင်းတွင် ၁ ခုနှင့် စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း ကော်ပိုရေးရှင်းတွင် ၁ ခု တို့ဖြစ်သည်။

မပြီးပြတ်သော စက်မှုလုပ်ငန်းများကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက် သကဲ့သို့ ပဉ္စမလေးနှစ် စီမံကိန်းကာလအတွက် စီမံကိန်းသစ်များကိုလည်း ဆောင်ရွက်ရန် ရည်မှန်းချက်များ ချမှတ်သည်။ အမှတ် (၁) စက်မှုဝန်ကြီးဌာနတွင် ထိုသို့ချမှတ်သော စီမံကိန်းသစ်ပေါင်း ၃၇ ခုရှိသည်။ စားသောက်ကုန်လုပ်ငန်း ကော်ပိုရေးရှင်းတွင် ၈ ခု၊ အထည်အလိပ်လုပ်ငန်း ကော်ပိုရေးရှင်းတွင် ၁၃ ခု၊ ဂုန်လျှော်ပစ္စည်းလုပ်ငန်း ကော်ပိုရေးရှင်း တွင် ၁ ခု၊ ကြွေထည်မြေထည်လုပ်ငန်း ကော်ပိုရေးရှင်းတွင် ၁ ခု၊ သတ္တုပစ္စည်းလုပ်ငန်း ကော်ပိုရေးရှင်းတွင် ၄ ခု၊ ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း ကော်ပိုရေးရှင်းတွင် ၅ ခု၊ အထွေထွေစက်မှုလုပ်ငန်း ကော်ပိုရေးရှင်းတွင် ၁ ခု၊ စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း ကော်ပို ရေးရှင်းတွင် ၄ ခု တို့ဖြစ်သည်။

ထိုသို့ ရည်မှန်းထားသည်များကို အမှန်တကယ်အကောင်အထည်ဖော်သောအခါ စီမံကိန်း အများစုသည် သတ်မှတ်သည့်ကာလအတွင်း ပြီးပြတ်အောင်မြင်ခြင်း မရှိချေ။ အကြောင်း အမျိုးမျိုးကြောင့် ကြန့်ကြာ နှောင့်နှေးမှုများ ရှိလေသည်။ စီမံကိန်း ရည်မှန်းချက်တွင် မပါသော်လည်း လတ်တလော အကောင်အထည်ဖော်သော စီမံကိန်းများလည်းရှိသည်။

အမှတ် (၁) စက်မှုဝန်ကြီးဌာန၊ အထည်အလိပ်လုပ်ငန်း ကော်ပိုရေးရှင်းသည် ပဉ္စမ လေးနှစ်စီမံကိန်းကာလအတွင်းတွင် ဆက်လက်ဆောင်ရွက်ဆဲ စီမံကိန်း ၁ ခုနှင့် အကောင် အထည်ဖော်ရန် ရည်မှန်းသော စီမံကိန်းသစ် ၁၃ ခု၊ စုစုပေါင်း စီမံကိန်း ၁၄ ခုကို အကောင် အထည်ဖော်ရန် မျှော်မှန်းလုပ်ဆောင်ခဲ့သည်။

စတုတ္ထလေးနှစ် စီမံကိန်းကာလတွင် မပြီးပြတ်သဖြင့် ဆက်လက်အကောင်အထည်ဖော်ရန် ရှိသော စီမံကိန်းသည် ရွှေတောင် အထည်အချောကိုင်စက်ရုံ စီမံကိန်းဖြစ်၏။ ရွှေတောင် အထည်ချောကိုင် စက်ရုံစီမံကိန်းကို သည် ၁၉၇၄-၇၅ ခုနှင်တွင် စတင်တည်ဆောက် အကောင်အထည်ဖော်သော စက်ရုံဖြစ်သည်။ မူလက ၁၉၇၆-၇၇ ခုနှစ်တွင် ပြီးစီးမည်ဟု မျှော်မှန်းထားသည်။ ထိုစက်ရုံပြီးစီးပါက နှစ်စဉ် ဆေးဆိုးပန်းရိုက်ထည် ကိုက်ပေါင်း ၁၄.၇၂ သန်း ထုတ်လုပ်နိုင်မည်ဖြစ်သည်။ စက်ရုံအတွက် ပြည်တွင်းငွေကျပ်သန်း ၂၆၃.၅ နှင့် နိုင်ငံခြားငွေကျပ်သန်း ၂၃၂.၅ အပါအဝင် စုစုပေါင်း ကျပ်သန်း ၄၉၆.၀ ရင်းနှီးမြှုပ်နှံရန် လျာထားသည်။ လိုအပ်သည့်ငွေကို ကမ္ဘာ့ဘဏ်၏ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးမှုရန်ပုံငွေ၏ ချေးငွေမှရယူသည်။

စက်ရုံတည်ဆောက်မှုအတွက် ၁၉၇၆ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့မှ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ ကာလတွင် နိုင်ငံခြားမှ ဝယ်ယူတင်သွင်းရမည့် စက်ပစ္စည်းကိရိယာများနှင့် အခြားလိုအပ်သော ပစ္စည်းများကို ပစ္စည်းအုပ်စုများခွဲ၍ တင်ဒါခေါ် ကာဝယ်သည်။ ထိုအချိန်က ဝယ်ယူတင်သွင်းပြီးသည့် ဆောက်လုပ်ရေးပစ္စည်းများကို ဆောက်လုပ်ရေးလုပ်ငန်းများတွင် အသုံးပြုနေပြီဖြစ်သည်။ ပင်မစက်ရုံ စက်မှုဆိုင်ရာ အဆောက်အအုံများနှင့် သိုလှောင်ရုံများကိုလည်း အုတ်မြစ်ချပြီးဖြစ်သည်။ လိုအပ်သော အချို့ပစ္စည်းများမှာ စာချုပ်အရ သဘောတူတင်ဆဲဖြစ်သည်။ ရေနွေးငွေ့ ထုတ်လုပ်ရေး စက်ပစ္စည်းများနှင့် ရေသန့်စင်ရေး စက်ပစ္စည်းများအတွက်မူ စာချုပ်ချုပ်ဆိုရန် စီစဉ်ဆဲဖြစ်သကဲ့သို့ အချို့ပစ္စည်းများအတွက် ခေါ်ယူထားသော တင်ဒါများကို ရွေးချယ်ရန် စီစဉ်ဆောင်ရွက်ဆဲဖြစ်သည်။

အဆောက်အအုံဆိုင်ရာ ပစ္စည်းများသည် ၁၉၇၇ ခု၊ ဇန်နဝါရီလ ၁ ရက်နေ့မှ ဇွန်လ ၃၀ ရက်နေ့အတွင်း ရန်ကုန်ဆိပ်ကမ်းသို့ ရာနှုန်းပြည့်နီးပါး ရောက်ရှိသော်လည်း စီမံကိန်းနယ်မြေသို့ ၆၀ ရာခိုင်နှုန်းခန့်သာ တင်ပို့နိုင်သည်။ ထိုအချိန်တွင် ပင်မစက်ရုံ စက်မှုဆိုင်ရာ အဆောက်အအုံနှင့် သိုလှောင်ရုံများတွက် သံထည်လုပ်ငန်းများကို စတင်ဆောင်ရွက်သည်။ သို့သော် ဘွိုင်လာ စက်ပစ္စည်းများ၊ ရေသန့်စင်ရေးနှင့် ရေပေးရေး စက်ပစ္စည်းများ၊ ကုန်ထုတ်စက်ကိရိယာများကို စာချုပ်ချုပ်ဆိုဝယ်ယူ၍ ပစ္စည်းများ အချိန်မီရောက်ရှိလာရန် စီစဉ်ဆောင်ရွက်ရဆဲဖြစ်သည်။ လျှပ်စစ်တပ်ဆင်ရေးဆိုင်ရာ ပစ္စည်းကိရိယာများ ဝယ်ယူရေးမှာလည်း စာချုပ်ချုပ်ဆိုပြီးရုံမျှသာ ရှိသေးသည်။ ၁၉၇၇ ခုနှစ်၏ ဒုတိယနှစ်ဝက်ဖြစ်သည့် ဇူလိုင်လ ၁ ရက်နေ့မှ ဒီဇင်ဘာလ ၃၁ ရက်နေ့အတွင်းတွင် အဆောက်အအုံဆိုင်ရာ ပစ္စည်းများ စီမံကိန်းနယ်မြေသို့ ရာခိုင်နှုန်းပြည့် ရောက်ရှိပြီးဖြစ်သဖြင့် စက်မှုအဆောက်အအုံ ၉ ခု၏ သံထည်လုပ်ငန်းများ အမိုးနှင့်အကာများ တည်ဆောက်မှု ပြီးစီးသွားသည်။ ဘွိုင်လာ စက်ပစ္စည်းများမှာမူ စီမံကိန်းနယ်မြေသို့ ၈၀ ရာခိုင်နှုန်းခန့်သာ ရောက်ရှိသေးသည်။ ရေသန့်စင်ရေးနှင့်

ရေပေးရေး စက်ပစ္စည်းများမှာလည်း ၃၀ ရာခိုင်နှုန်းခန့်သာ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိသေးမလာသည်။

အထည်အချောကိုင်စက်ရုံ (ရွှေတောင်) စီမံကိန်းကို မူလက ၁၉၈၈ ခုနှစ်၊ ဒီဇင်ဘာလကုန်တွင် စက်စမ်းသပ် လည်ပတ်မှုများ ပြုလုပ်ရန် ရည်ရွယ်ခဲ့သည်။ သို့သော် ၁၉၈၈ ခုနှစ် အရေးအခင်းကာလအတွင်း လုပ်ငန်းများ ခေတ္တရပ်ဆိုင်းခဲ့သဖြင့် စက်စမ်းသပ်လည်ပတ်မှုကို ၁၉၈၉-၉၀ ဘဏ္ဍာနှစ်တွင်မှ ဆောင်ရွက်ရန် ပြင်ဆင်သတ်မှတ်သည်။ ထိုသို့ ပြင်ဆင်သတ်မှတ်ခဲ့ရခြင်းမှာ ၁၉၈၉ ခုနှစ် မတ်လအထိ စီမံကိန်းနယ်မြေသို့ စက်ပစ္စည်းများ ၁၀၀ ရာခိုင်နှုန်း ရောက်ရှိပြီးဖြစ်သော်လည်း စက်တပ်ဆင်မှုမှာ ၃၅ ရာခိုင်နှုန်းခန့်သာ ပြီးစီးသေးသောကြောင့်ဖြစ်သည်။ ဆောက်လုပ်ရေး လုပ်ငန်းများလည်း ၉၂ ရာခိုင်နှုန်းခန့်သာ ပြီးစီးသည်။ စက်စမ်းသပ်လည်ပတ်မှုကို မဆောင်ရွက်နိုင်သေးချေ။ စက်စမ်းသပ် လည်ပတ်မှုကို ပဉ္စမလေးနှစ်စီမံကိန်းကာလ ပြီးဆုံးချိန်တွင်မှ ရာခိုင်နှုန်းပြည့် ဆောင်ရွက်ပြီးစီးသဖြင့် ပုံမှန်ကုန်ထုတ်လုပ်မှုကို ၁၉၉၀ ပြည့်နှစ် ဧပြီလတွင် စတင်ဆောင်ရွက်ရန် ရည်မှန်းသတ်မှတ်ထားသည်။ စတုတ္ထလေးနှစ်စီမံကိန်းကာလတွင် စတင်ခဲ့သော်လည်း ပဉ္စမလေးနှစ် စီမံကိန်းကာလ ကုန်သည်အထိ အကောင်အထည်မပေါ်သေးသော စက်ရုံဖြစ်သည်။

အမှတ်(၁) စက်မှုဝန်ကြီးဌာန၊ အထည်အလိပ် လုပ်ငန်း ကော်ပိုရေးရှင်းမှ စီမံကိန်းသစ် ၁၃ ခုကို အကောင်အထည်ဖော်ရာ၌ **အထည်ချုပ်စက်ရုံ အမှတ်(၄)** စီမံကိန်းသည်လည်း တစ်ခုအပါအဝင် ဖြစ်သည်။ အဆိုပါ စီမံကိန်းသည် အသင့်ချုပ်ပြီး အထည်များ ပြည်တွင်း၌ တွင်ကျယ်စွာ ဖြန့်ဖြူးရောင်းချနိုင်ရန်နှင့် နိုင်ငံခြား ဝင်ငွေ ရရှိစေရန် ရည်သန်သော စီမံကိန်းဖြစ်သည်။ အထည်ချုပ်စက်ရုံ အမှတ်(၄) စီမံကိန်းအတွက် နိုင်ငံခြားငွေကျပ် ၂၄၅ သိန်း အပါအဝင် စုစုပေါင်း ကျပ် ၇၉၄ သိန်းမြှုပ်နှံရန် လျာထား၍ စတင် အကောင်အထည်ဖော်သည်။

အထည်ချုပ်စက်ရုံ အမှတ်(၄)ကို သန်လျင်မြို့နယ်တွင် တည်ဆောက်ကာ ကိုရီးယားသမ္မတနိုင်ငံ ဒေဝူးကော်ပိုရေးရှင်းနှင့် စာချုပ်ချုပ်ဆို၍ အကောင်အထည် ဖော်သည်။ လုပ်ငန်းများကို ၁၉၈၆-၈၇ ခုနှစ်တွင် စတင်၍ ၁၉၈၇-၈၈ ခုနှစ်တွင် ပြီးစီးရန် လျာထားသည့်အတိုင်း ၁၉၈၇ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့တွင် စက်စတင် လည်ပတ်နိုင်ခဲ့သည်။ ရင်းနှီးမြှုပ်နှံမှုမှာ မူလလျာထား သတ်မှတ်ထားသည့် အောက်လျော့၍ နိုင်ငံခြားငွေကျပ် ၁၄၆ သိန်း အပါအဝင် စုစုပေါင်း ကျပ် ၃၃၉ သိန်းသာမြှုပ်နှံ ရင်းနှီးခဲ့ရသည်။

အထည်ချုပ်စက်ရုံ အမှတ်(၄) စီမံကိန်းဖြင့် နိုင်ငံခြားဝင်ငွေ ရရှိသကဲ့သို့ နိုင်ငံခြားငွေရရှိစေရန် အထည်ချုပ်စက်ရုံ အမှတ်(၅) စီမံကိန်းကိုလည်း စစ်ကိုင်းမြို့နယ်တွင် တည်ဆောက်အကောင်အထည်ဖော်သည်။ စက်ရုံ တည်ဆောက်ရေး လုပ်ငန်းများကို ၁၉၈၆-၈၇ ခုနှစ်တွင် စတင်၍ ၁၉၈၈-၈၉ ခုနှစ်တွင် ပြီးစီးရန် မျှော်မှန်းလုပ်ဆောင်ခဲ့သည်။ သို့သော် ၁၉၈၇ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့တွင် ကျင်းပသည့် ဝန်ကြီးအဖွဲ့ စီးပွားရေး ညှိနှိုင်းမှုကော်မတီ၏ ၄/၁၆ အစည်းအဝေး၏ သဘောတူညီချက်အရ အထည်ချုပ်စက်ရုံ အမှတ်(၅)နေရာတွင် အထည်ချုပ်စက်ရုံ အမှတ်(၆)ကို အစားထိုး အကောင်အထည် ဖော်သည်။ အထည်ချုပ်စက်ရုံ အမှတ်(၅) စီမံကိန်းကိုမူ သန်လျင်မြို့သို့ ပြောင်းရွှေ့အကောင်အထည်ဖော်သည်။

သန်လျင် စက်မှုနယ်မြေသို့ ရွှေ့ပြောင်း တည်ဆောက် အကောင်အထည် ဖော်မည့် အမှတ်(၅) အထည်ချုပ်စက်ရုံ စီမံကိန်းအတွက် စက်ပစ္စည်းများကို ကိုရီးယား သမ္မတနိုင်ငံ ဒေဝူး ကော်ပိုရေးရှင်းမှ ဝယ်ယူရန် စက်ပစ္စည်းတန်ဖိုး၏ တစ်ဝက်တစ်ဒေသကို လက်ငင်းပေးချေ၍ ကျန်တစ်ဝက်တစ်ဒေသကို ရုပ်ထည်ချုပ်ခများဖြင့် ခုနှိမ်ပေးချေသည့် အစီအစဉ်ဖြင့် အကောင်အထည် ဖော်သည်။ ဒေဝူး ကော်ပိုရေးရှင်းသည် အထည်ချုပ် စက်ရုံအမှတ်(၄) စီမံကိန်းအတွက် စက်ပစ္စည်းများကို အလားတူ ပေးသွင်းခဲ့သဖြင့် အထည်ချုပ်စက်ရုံ အမှတ်(၅)အတွက်လည်း အလားတူ ဆောင်ရွက်ရန် သဘောတူသည်။ သို့သော် စက်ရုံတည်ဆောက် အကောင်အထည် ဖော်မှုမှာ မျှော်မှန်းသကဲ့သို့ လျင်လျင်ထက်ထက် မဖြစ်ခဲ့ချေ။ စက်ပစ္စည်းပေးသွင်းရေး စာချုပ်ကို ပဉ္စမလေးနှစ် စီမံကိန်း၏ နောက်ဆုံးနှစ်ဖြစ်သော ၁၉၈၉-၉၀ ခုနှစ် ပထမ ၃ လပတ်အတွင်းချုပ်ဆိုနိုင်ရန် ပြုပြင်သတ်မှတ်ခဲ့ရသည်။ အဆိုပါစီမံကိန်းအတွက် နိုင်ငံခြားငွေကျပ် ၂၄၅ သိန်း အပါအဝင် စုစုပေါင်းကျပ် ၇၉၄ သိန်းရင်းနှီးမြှုပ်နှံရန် လျာထားသတ်မှတ်သည်။ ၁၉၉၀ ပြည့်နှစ် မတ်လတွင်မှ ကုန်ထုတ်လုပ်မှုကိုစတင်နိုင်ခဲ့သည်။

အထည်ချုပ်စက်ရုံ အမှတ်(၅)နေရာဖြစ်သည့် စစ်ကိုင်းမြို့နယ်တွင် အကောင်အထည်ဖော်မည့် အထည်ချုပ်စက်ရုံ အမှတ်(၆)စီမံကိန်းသစ်အတွက် နိုင်ငံခြားချေးငွေ/ထောက်ပံ့ငွေမရရှိသည့်အတွက် မိမိကိုယ်ပိုင် မြန်မာကျပ်ငွေဖြင့် စတင် အကောင်အထည် ဖော်သည်။ ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်မှ ၁၉၈၉ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့အတွင်း အဆောက်အအုံများ ဆောက်လုပ်သည့် လုပ်ငန်းကို လုပ်ဆောင်ရာ ၆၁ ရာခိုင်နှုန်းခန့် ပြီးစီးသည်။ စက်ပစ္စည်း ကိရိယာများ တပ်ဆင်ရေးကို မလုပ်နိုင်သေးချေ။ စီမံကိန်းအတွက် နိုင်ငံခြားငွေကျပ် ၁၆၀ သိန်း အပါအဝင် စုစုပေါင်းကျပ် ၅၂၇ သိန်း ရင်းနှီးရန် လျာထား သတ်မှတ်ထားသည်။

တစ်နှစ်လျှင် ဆွယ်တာ အမျိုးမျိုးပါဝင် ၂၄၀၀၀ ထုတ်လုပ်မည့် အထည်ချုပ်စက်ရုံ အမှတ်(၇) စီမံကိန်းကို ပဲခူးစက်မှုနယ်မြေတွင် အကောင်အထည် ဖော်ရန် ၁၉၈၇ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်နေ့တွင် ကျင်းပသည့် ဝန်ကြီးအဖွဲ့ စီးပွားရေးညှိနှိုင်းမှုကော်မတီ၏ ၄/၇၀ အစည်းအဝေးမှ ခွင့်ပြုသည်။ အကောင်အထည် ဖော်နိုင်ရန် စက်ပစ္စည်းများကို အကြွေး ဝယ်ယူပြီး ဆွယ်တာ ချုပ်ခဖြင့် ခုနှိမ်ပေးချေသည့်စနစ်ဖြင့် လည်းကောင်း၊ စက်ပစ္စည်းအချို့ ကိုအငှားဝယ်ယူသည့်စနစ်ဖြင့် လည်းကောင်း။ ဟောင်ကောင်နိုင်ငံ Kalomex Trading Corporation Ltd. မှတင်သွင်းသည်။ ပဲခူးဒေသတွင်ဆောက်လုပ်နေသည့် စက်ရုံအဆောက် အအုံများမပြီးစီးမီမှာပင် အဆိုပါကုမ္ပဏီအတွက် ကုန်ချောများကို စတင်ထုတ်လုပ်ပေးနိုင်ရန် ယာယီအစီအစဉ်အနေဖြင့် ၁၉၈၈ ခု၊ ဖေဖော်ဝါရီလ ၈ ရက်နေ့တွင်စတင်၍ အထည်ချုပ်စက်ရုံ အမှတ်(၁)မင်္ဂလာဒုံ၏ အဆောက်အအုံတွင် စက်ပစ္စည်းများကိုတပ်ဆင်ကာကုန်ထုတ်လုပ်မှုကို ၁၉၈၈ ခုနှစ် မေလတွင် စတင် ဆောင်ရွက်သည်။ ကုန်ချောများကိုပြည်ပသို့ တင်ပို့သည်။

စက်ပစ္စည်း ပေးသွင်းရေး စာချုပ် ကန်ထရိုက် နံပါတ် ၁ ကို ၁၉၈၇ ခုနှစ်၊ စက်တင် ဘာလ ၁၅ ရက်နေ့တွင် ချုပ်ဆိုသည်။ စာချုပ်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၇၆၉၅၄ ဖြစ်သည်။ အမေရိကန် ဒေါ်လာ ၆၁၉၄၈.၂ တန်ဖိုးရှိသော နောက်ဆက်တွဲ စာချုပ်ကို ၁၉၈၈ ခုနှစ်၊ မတ်လ ၂၉ ရက်နေ့တွင် ချုပ်သည်။ ထိုအချိန်တွင် အဆောက်အအုံဆောက်လုပ်မှုမှာ ၁၅ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်သည်။ သို့သော် နောက်ပိုင်း အခြေအနေများအရ စက်ရုံကို ပဲခူးစက်မှုနယ်မြေသို့ မပြောင်း ဖြစ်ခဲ့ချေ။

မျက်နှာသုတ်ပဝါသည် အထူးအသုံးများလာသော ပစ္စည်းဖြစ်သည်။ လူနေမှုအဆင့် အတန်း မြင့်မားလာသည်နှင့်အမျှ မျက်နှာသုတ်ပဝါ အသုံးပြုမှုသည်လည်း တစေ့စေ့မြို့ပါ တိုးမြင့်လာသည်။ တိုးမြင့်လာသော လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန်အတွက် စက်ရုံများ ထပ်မံတည်ထောင်ရန် လိုအပ်လာသဖြင့် အထည်အလိပ် လုပ်ငန်း ကော်ပိုရေးရှင်းသည် ပဲခူး စက်မှုနယ်မြေတွင် မျက်နှာသုတ်ပဝါ စက်ရုံ(ပဲခူး)စီမံကိန်းကို ၁၉၈၆-၈၇ ခုနှစ်တွင် စတင် အကောင်အထည်ဖော်သည်။ စက်ရုံတည်ဆောက်ရေးအတွက် ပြည်တွင်း ငွေကျပ် ၃၂၂.၀၅ သိန်းနှင့် နိုင်ငံခြားငွေကျပ် ၁၉၅.၃၀ သိန်းအပါအဝင် စုစုပေါင်းကျပ် ၅၁၇.၃၅ သိန်းမြှုပ်နှံရန် ရည်ရွယ်သည်။ စက်ရုံကို ၁၉၈၇-၈၈ ခုနှစ်တွင် ပြီးစီးရန် မျှော်မှန်းခဲ့သော်လည်း ၁၉၈၉ ခုနှစ် တိုင်အောင်ပင် ပြီးစီးခြင်း မရှိသေးချေ။ ပဲခူးမျက်နှာသုတ်ပဝါ စက်ရုံအတွက် ၁၉၈၈-၈၉ ခုနှစ်၊ စီမံကိန်းလျာထားချက်တွင် နိုင်ငံခြားငွေကျပ် ၂၉၂ သိန်း အပါအဝင် စုစုပေါင်းကျပ် ၆၉၀ သိန်းမြှုပ်နှံရန် ပြင်ဆင်လျာထား သတ်မှတ်သဖြင့် မူလရည်မှန်းချက်ထက် ကျပ် ၁၇၃ သိန်းခန့် ပိုမိုကုန်ကျမည်ဖြစ်သည်။ သို့သော် စီမံကိန်းကို အောင်မြင်အောင် အကောင်အထည် ဖော်နိုင်မှု မရှိသေးချေ။

အထည်အလိပ် လုပ်ငန်း ကော်ပိုရေးရှင်းသည် **မြစ်သားဝါစေ့ဆီ စက်ရုံစီမံကိန်း**ကို ၁၉၈၆ ခုနှစ်၊ ဇူလိုင်လ ၈ ရက်နေ့တွင် ကျင်းပသည့် ဝန်ကြီးအဖွဲ့၏ ၄/၂၅ ကြိမ်မြောက်အစည်းအဝေးမှ ခွင့်ပြုချက်အရ မန္တလေးတိုင်း မြစ်သား နယ်တွင် ၁၉၈၆-၈၇ ခုနှစ်မှစတင်အကောင်အထည်ဖော်သည်။ စီမံကိန်းအတွက် ပြည်တွင်း ငွေကျပ် ၂၂·၄၂ သန်း နိုင်ငံခြားငွေ ကျပ် ၁၄·၈၅ သန်းအပါအဝင် စုစုပေါင်းကျပ် ၃၇·၂၇ သန်း ရင်းနှီးမြှုပ်နှံရန် ရည်ရွယ်ခဲ့သည်။ အာရှ ဖွံ့ဖြိုးရေးဘဏ်၏ ဒုတိယအကြိမ် ချေးငွေ အမေရိကန်ဒေါ်လာ ၁·၇၉ သန်းဖြင့် အကောင်အထည်ဖော်၍ ၁၉၈၇-၈၈ ခုနှစ်တွင် လုပ်ငန်း ပြီးစီးရန် ရည်မှန်းခဲ့သည်။

ချေးငွေ ရရှိရေးအတွက် ပဏာမ စာချုပ်ကို ၁၉၈၆ ခု၊ ဇွန်လ ၁၀ ရက်နေ့တွင် ချုပ်ဆိုသည်။ သုံးနှစ်အတွင်း သုံးစွဲရန်နှင့် ၁၀ နှစ်ကာလနှင့် ဆိုင်းငံ့ကာလ ၂ နှစ်အတွင်း ပြန်ဆပ်ရမည်ဖြစ်သည်။ စက်ပစ္စည်းပေးသွင်းရေး စာချုပ်ကို ၁၉၈၇ ခုနှစ်၊ ဧပြီလ ၉ ရက်နေ့တွင် Simon Rosedowns Ltd., Hull, England နှင့် ချုပ်ဆိုသည်။ ၁၉၈၈ ခု၊ နိုဝင်ဘာလကုန်တွင် စက်ပစ္စည်း ဝယ်ယူရောက်ရှိမှု အခြေအနေမှာ ၁၀၀ ရာခိုင်နှုန်းဖြစ်သည်။ ထိုအချိန်တွင် နိုင်ငံခြားငွေ ကျပ်သန်းပေါင်း ၁၀·၉၃၁ အပါအဝင် စုစုပေါင်းကျပ် သန်းပေါင်း ၂၃·၁၈၇ သုံးစွဲပြီးဖြစ်သည်။

မြစ်သားဝါစေ့စက်ရုံ၏ Delinting နှင့် Oil Mill အဆောက်အအုံ ၂ ခုအနက် Delinting အဆောက်အအုံမှာ ၁၉၈၈ ခု၊ နိုဝင်ဘာလတွင် ၁၀၀ ရာခိုင်နှုန်းဆောက်လုပ်ပြီးစီးပြီဖြစ်သည်။ Oil Mill အဆောက်အအုံမှာ ၉၀ ရာခိုင်နှုန်း ဆောက်လုပ်ပြီးစီး၍ အဓိက စက်များနေရာတကျ တပ်ဆင်ပြီး ဖြစ်သည်။ စက်စမ်းသပ်လည်ပတ်မှုမှာလည်း ၂၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။ မူလအစီအစဉ်အရ ပဋ္ဌမ လေးနှစ် စီမံကိန်းကာလ ၁၉၈၉ ခုနှစ်ဇန်နဝါရီလတွင် စက်စမ်းသပ်လည်ပတ်ရန် လျာထားခဲ့သော်လည်း အရေးအခင်းကာလတွင် စက်တပ်ဆင်ရေး လုပ်ငန်းများ ရပ်ဆိုင်းခဲ့ရသဖြင့် အကောင်အထည် ဖော်မှုမပြီးပြတ်သေးဘဲရှိနေခဲ့သည်။ ဤစီမံကိန်းအတွက် စက်တပ်ဆင်မှု၊ စက်စမ်းသပ်လည်ပတ်ခြင်း လုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်ပြီးနောက် ၁၉၈၉ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်နေ့မှစတင်၍ ပုံမှန် ကုန်ထုတ်လုပ်မှု လုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

**ခါးပတ်ကြိုးနှင့် ပူးတွဲသုံး တန်ဆာပလာပစ္စည်းစက်ရုံ စီမံကိန်း**ကိုလည်း ရန်ကုန်တိုင်းအတွင်း တည်ဆောက် အကောင်အထည်ဖော်ရန် ရည်ရွယ်ခဲ့သည်။ လုပ်ငန်းပြီးစီးပါက တစ်နှစ်လျှင် ခါးပတ်ကြိုးနှင့် ပူးတွဲသုံး တန်ဆာပလာပစ္စည်း ၂၀၀၀၀၀ ခု ထုတ်လုပ်နိုင်မည်ဖြစ်သည်။ နိုင်ငံခြားငွေကျပ် ၂၀·၁ သန်းအပါအဝင် စုစုပေါင်းကျပ် ၅၂·၇၈ သန်း ရင်းနှီး

မြှုပ်နှံရန် လျာထားသတ်မှတ်ထားသည်။ လိုအပ်သည့်ငွေကြေးကို ပြည်ပမှ ချေးငွေအဖွဲ့ အစည်းတစ်ခု၏ အကူအညီဖြင့် ရယူရန် မျှော်မှန်းသည်။ အဆိုပါခါးပတ်ကြိုးနှင့် ပုံးတွဲသုံး တန်ဆာပလာပစ္စည်းစက်ရုံကို ၁၉၈၈-၈၉ ခုနှစ်တွင် စတင်ပြီး ၁၉၉၀-၉၁ ခုနှစ်တွင် ပြီးစီး အောင် အကောင်အထည်ဖော်ရန် ရည်မှန်းသော်လည်း ၁၉၈၈-၈၉ ခုနှစ်တွင် စတင်နိုင်ခြင်း မရှိသေးချေ။

**ပြည် ဝါကြိတ်စက်ရုံ မွမ်းမံပြင်ဆင်ရေးလုပ်ငန်း စီမံကိန်း**ကို အထည်အလိပ်လုပ်ငန်း ကော်ပိုရေးရှင်းက အကောင်အထည်ဖော်ရန် ကြိုးပမ်းသည်။ ရင်းနှီးမြှုပ်နှံမှုအတွက် နိုင်ငံခြား ငွေကျပ် ၁၆.၁၂ သန်းအပါအဝင် စုစုပေါင်းကျပ် ၄၇.၇၇ သန်း လိုအပ်သည်ကို ပြည်ပ ချေးငွေ အဖွဲ့အစည်းတစ်ခုခု၏ အကူအညီဖြင့် ရယူရန်မျှော်မှန်းသည်။ မူလက ၁၉၈၈-၈၉ ခုနှစ်တွင် လုပ်ငန်းပြီးစီး၍ ကုန်ထုတ်လုပ်မှု စတင်နိုင်ရန် မျှော်မှန်းခဲ့သော်လည်း ပဉ္စမလေးနှစ် စီမံကိန်းကာလတွင် အကောင်အထည်မပေါ်သေးဘဲ ရှိနေခဲ့လေသည်။

**ပဲခူး ချည်မျှင်စက်ရုံ စီမံကိန်း**ကိုလည်း ပဲခူး စက်မှုနယ်မြေတွင် တည်ဆောက်အကောင် အထည်ဖော်ရန် ချမှတ်သည်။ ပြည်ပချေးငွေ အဖွဲ့အစည်းတစ်ခုခု၏ အကူအညီဖြင့် ဆောင် ရွက်ရန် မျှော်မှန်းသော စီမံကိန်းဖြစ်သည်။ နိုင်ငံခြားငွေကျပ် သိန်း ၇၀၀ အပါအဝင် စုစုပေါင်းကျပ် ၂၀၂၃ သိန်း မြှုပ်နှံရန် ရည်ရွယ်သည်။ လုပ်ငန်းကို ပဉ္စမလေးနှစ် စီမံကိန်း၏ နောက်ဆုံးနှစ်ဖြစ်သော ၁၉၈၉-၉၀ ခုနှစ်တွင် စတင်ရန် ရည်မှန်းသော်လည်း အကောင် အထည်ဖော်နိုင်ခြင်း မရှိသေးချေ။

အထည်အလိပ်လုပ်ငန်း ကော်ပိုရေးရှင်းတွင် ပဉ္စမလေးနှစ် စီမံကိန်းအတွင်း အကောင် အထည်ဖော်ရန် လုပ်ငန်းစီမံကိန်းများလည်း ချမှတ်သည်။ စောင်စက် အမှတ် (၁) မွမ်းမံ ပြင်ဆင်ရေးလုပ်ငန်း စီမံကိန်း၊ မိတ္ထီလာ ဝါကြိတ်စက်ရုံ စီမံကိန်း၊ သမိုင်း ချည်မျှင်နှင့် အထည်စက်ရုံ ပြင်ဆင်ရေး စီမံကိန်း၊ အင်းစိန် စုပ်ကျယ်စက်ရုံ တိုးချဲ့တပ်ဆင်ရေး စီမံကိန်း၊ အထည်ချုပ်စက်ရုံ အမှတ် (၁) ပြုပြင်မွမ်းမံရေး စီမံကိန်း စသည်တို့ဖြစ်သည်။ နိုင်ငံခြားငွေ ရရှိမှု အခက်အခဲနှင့် နိုင်ငံအတွင်း မငြိမ်သက်မှုများကြောင့် စီမံကိန်းများကို အကောင်အထည်မဖော်နိုင်ခဲ့ချေ။

ပဉ္စမလေးနှစ် စီမံကိန်းကာလအတွင်း အထည်အလိပ်လုပ်ငန်း ကော်ပိုရေးရှင်း၏ လုပ်ဆောင် ဆဲစီမံကိန်းသည်လည်းကောင်း၊ လျာထားချမှတ်သော စီမံကိန်းသစ်များသည်လည်းကောင်း

မျှော်မှန်းသကဲ့သို့ အောင်မြင်ပြီးစီးခြင်း မရှိချေ။ အချို့စီမံကိန်းများကို စတင်အကောင်အထည် ဖော်နိုင်သော်လည်း အချို့ကိုမူ ပဉ္စမလေးနှစ် စီမံကိန်းကာလအတွင်း စတင်လုပ်နိုင်ခြင်းမရှိ မရှိသဖြင့် စီမံကိန်းလျာထားချက် အဆင့်တွင်ပင် ရှိနေသေးလေသည်။

အမှတ် (၁) စက်မှုဝန်ကြီးဌာန လက်အောက်ရှိ စားသောက်ကုန်လုပ်ငန်း ကော်ပိုရေးရှင်းတွင်လည်း စတုတ္ထလေးနှစ် စီမံကိန်းကာလအတွင်း မပြီးပြတ်ဘဲ ကျန်နေသော စီမံကိန်းများနှင့် ပဉ္စမလေးနှစ် စီမံကိန်းကာလအတွက် ချမှတ်လျာထားသော စီမံကိန်းသစ်များ ရှိသည်။ ထိုစီမံကိန်း အဟောင်းအသစ်များကို ပဉ္စမလေးနှစ် စီမံကိန်းကာလအတွင်း ဆက်လက်အကောင်အထည်ဖော်ရာ ပြီးစီးအောင်မြင်သွားသော စီမံကိန်းများ ရှိသည့်နည်းတူ မပြီးပြတ်ဘဲ ကျန်နေသော စီမံကိန်းများ၊ လုံးဝအကောင်အထည် မဖော်နိုင်သော စီမံကိန်းများလည်းရှိသည်။ ထိုစီမံကိန်းများအနက် ဇေယျဝတီ သကြားစက် စီမံကိန်းသည် ပဉ္စမလေးနှစ် စီမံကိန်းအတွင်း ဆက်လက်အကောင်အထည်ဖော် ပြီးစီးသည့် စီမံကိန်းဟောင်း တစ်ခုဖြစ်သည်။

**ဇေယျဝတီ သကြားစက် စီမံကိန်းသည်** စတုတ္ထလေးနှစ် စီမံကိန်းကာလ ၁၉၈၃-၈၄ ခုနှစ်တွင် စတင်အကောင်အထည်ဖော်သော စီမံကိန်းဖြစ်သည်။ ၁၉၈၆-၈၇ ခုနှစ်တွင် ပြီးစီး၍ ကုန်ပစ္စည်း စတင်ထုတ်လုပ်နိုင်ရန် မျှော်မှန်းလုပ်ဆောင်ခဲ့သည်။ စီမံကိန်းအတွက် နိုင်ငံခြားငွေကျပ် ၁၅၁.၁ သန်းအပါအဝင် စုစုပေါင်းကျပ် ၃၇၇.၀ သန်း ရင်းနှီးမြှုပ်နှံရန် သတ်မှတ်ထားသည်။ လိုအပ်သော နိုင်ငံခြားငွေကို ချက်ကိုစလိုဗေးကီးယား နိုင်ငံချေးငွေမှ ရယူသည်။ စီမံကိန်းကို သတ်မှတ်သည့် အချိန်အတွင်း ပြီးစီးရန် ကြိုးပမ်း အကောင် အထည်ဖော်ခဲ့ရာ ၁၉၈၅ ခု၊ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် ဆောက်လုပ်ရေးလုပ်ငန်းများ ရာခိုင်နှုန်းပြည့် ပြီးစီးခဲ့သည်။ စက်တပ်ဆင်ရေး လုပ်ငန်းများမှာလည်း ရာခိုင်နှုန်းပြည့်နီးပါး ပြီးစီးပြီဖြစ်၍ စက်စမ်းသပ်လည်ပတ်မှုကို ၁၉၈၆ ခုနှစ်၊ ဇန်နဝါရီလအတွင်း စတင်နိုင်ရန် စီစဉ်ဆောင်ရွက်ခဲ့ရာ အမှန်တကယ် စက်စမ်းသပ် လည်ပတ်မှုကို ၁၉၈၆-၈၇ ခုနှစ် ကြံရာသီတွင် ဆောင်ရွက်နိုင်ပြီး စက်ပုံမှန်လည်ပတ်ကာ ကုန်ပစ္စည်း ထုတ်လုပ်နိုင်သည်။ ပဉ္စမလေးနှစ် စီမံကိန်းကာလ၏ ပထမနှစ်တွင် အကောင်အထည်ဖော် အောင်မြင်သွားသော စီမံကိန်းဟောင်း တစ်ခုဖြစ်သည်။

ပဉ္စမလေးနှစ် စီမံကိန်းကာလအတွင်း စားသောက်ကုန်လုပ်ငန်း ကော်ပိုရေးရှင်းက အကောင်အထည်ဖော်သော စီမံကိန်းသစ် တစ်ခုမှာ **သကြားစက် (ရေတာရှည်)** ဖြစ်သည်။ ပဲခူးတိုင်း ရေတာရှည်မြို့နယ် အင်ဒိုင်းကျေးရွာအုပ်စု အနောက်ဘက်၊ ရန်ကုန်-မန္တလေး ကားလမ်းမိုင်တိုင် ၁၉၃/၄ မှ တာလမ်းအရှေ့ဘက် ဒိုးတန်းကျေးရွာအုပ်စုနှင့်အင်ဒိုင်းကျေးရွာ

အုပ်စု ဆက်သွယ်ထားသော ကားလမ်းဘေးတွင် တည်ဆောက်သော စက်ရုံဖြစ်သည်။ ဤစီမံကိန်းသည် စတုတ္ထလေးနှစ် စီမံကိန်း၏ နောက်ဆုံးနှစ်ဖြစ်သော ၁၉၇၅-၇၆ ခုနှစ် စီမံကိန်းများတွင် ပါဝင်သော်လည်း တည်ဆောက် အကောင်အထည်ဖော်ရေးသည် ပဉ္စမလေးနှစ်စီမံကိန်းကာလ ၁၉၇၆ ခုနှစ် အောက်တိုဘာလတွင်မှ စတင်ခဲ့သည်။

သကြားစက် (ရေတာရှည်)ကို ဂျပန်နိုင်ငံ ပင်လယ်ရပ်ခြား စီးပွားပူးပေါင်း ဆောင်ရွက်မှုရန်ပုံငွေအဖွဲ့၏ ချေးငွေယန်း ၅၁၀၀ သန်းဖြင့် တည်ဆောက်သည်။ အတိုင်ပင်ခံ ငှားရမ်းရေးစာချုပ်ကို Santo Engineering နှင့် ၁၉၇၄ ခုနှစ်၊ ဇွန်လ ၈ ရက်နေ့တွင် ချုပ်ဆိုသည့် ပင်မစက်ပစ္စည်းများပေးသွင်းရေးစာချုပ်ကို Tsukishima Kikai Co. Ltd, Japan နှင့် ၁၉၇၆ ခု၊ ဧပြီလ ၃ ရက်နေ့တွင် ချုပ်ဆို၍ စက်အပိုပစ္စည်းများအတွက် သီးခြားစာချုပ်ကို ၁၉၇၇ ခု၊ အောက်တိုဘာလ ၆ ရက်နေ့တွင်ချုပ်ဆိုသည်။ စာချုပ်နှစ်ရပ်ပေါင်း၏ တန်ဖိုးသည် ဂျပန်ယန်း ၃၅၁၈.၆ သန်းဖြစ်သည်။ ထပ်မံလိုအပ်သော စက်ပစ္စည်းများအတွက် Tokyo Maruichi shoji Co ltd. နှင့် ၁၉၇၇ ခု၊ အောက်တိုဘာလ ၁၅ ရက်နေ့တွင် စာချုပ်သည်။ စာချုပ်တန်ဖိုးမှာ ဂျပန်ယန်း ၁၅၈.၉၈ သန်းဖြစ်သည်။

သကြားစက်(ရေတာရှည်)စီမံကိန်းအကောင်အထည်ဖော် ပြီးစီးအောင်မြင်ပါက တစ်နှစ်လျှင်သကြား ၁၆၀၀၀ တန်၊ သန့်စင်သကြား ၉၀၀၀ တန်နှင့် တင်လဲရည်တန် ၇၀၅၀ ထုတ်လုပ်နိုင်မည်ဟု မျှော်မှန်းထားသည်။

အဆောက်အအုံများ ဆောက်လုပ်ရေး၊ စက်ပစ္စည်းများ ရောက်ရှိရေးတို့သည် မျှော်မှန်းသတ်မှတ်သကဲ့သို့ လျင်လျင်မြန်မြန် ပြီးမြောက်ခြင်းမရှိချေ။ ၁၉၇၇ ခုနှစ်တွင် စက်ပစ္စည်းများရာနှုန်းပြည့် ရောက်ရှိပြီးဖြစ်ပါသည်။ ဆောက်လုပ်ရေးလုပ်ငန်းများမှာ ၇၅ ရာခိုင်နှုန်း စက်တပ်ဆင်မှု လုပ်ငန်းများမှာ ၇၀ ရာခိုင်နှုန်းခန့် ပြီးစီးသည်။ မီးရထားလမ်း ဖောက်လုပ်ရေးလုပ်ငန်းမှာ ၉၅ ရာခိုင်နှုန်းခန့် ပြီးစီးသည်။

စက်ပစ္စည်းများ ရာနှုန်းပြည့် ရောက်ရှိသော်လည်း စက်တပ်ဆင်မှု၊ အဆောက်အအုံများ ဆောက်လုပ်မှုတို့သည် ၁၉၇၈ ခုနှစ်အထိ ပြီးပြည့်စုံခြင်း မရှိသေးချေ။ နောက်ပိုင်း ဖြစ်ပေါ်လာသော အခြေအနေများကြောင့် ပဉ္စမလေးနှစ် စီမံကိန်းကာလ ကုန်ဆုံးသည်အထိ အကောင်အထည်ဖော်မှု မပြီးပြတ်ဘဲ ရှိနေပေသည်။

**စစ်ကိုင်း ဂျုံစက်ရုံ အမှတ် (၁)**သည် စစ်ကိုင်းမြို့မှ မန္တလေး ရွှေဘိုကားလမ်း အရှေ့ဘက် မိုင်တိုင် ၂၁ အနီး စစ်ကိုင်းမြို့မှ ၇ မိုင်အကွာတွင်ရှိသော ၉ ဒသမ ၈၄ ဧက ကျယ်ဝန်းသည့် မြေနေရာ၌ တည်ထောင်ထားသော စက်ရုံဖြစ်သည်။ စားသောက်ကုန်လုပ်ငန်း ကော်ပိုရေးရှင်းသည် စီမံကိန်းကို စတုတ္ထလေးနှစ် စီမံကိန်းကာလ ၁၉၈၃-၈၄ ခုနှစ်တွင် စတင်အကောင်အထည်ဖော်သည်။ စီမံကိန်း ရေးဆွဲချမှတ်စဉ်က ဂျုံစက်အတွက် ကျပ် ၃၅၁·၉၆ သိန်း ရင်းနှီးမြှုပ်နှံရန် လျာထားသည်။

စက်ရုံ တည်ဆောက် အကောင်အထည်ဖော်မှု မပြီးစီးသဖြင့် စတုတ္ထလေးနှစ် စီမံကိန်း၏ စတုတ္ထနှစ်ဖြစ်သော ၁၉၈၅-၈၆ ခုနှစ်တွင် နိုင်ငံခြားငွေကျပ် ၂၈၄ သိန်းအပါအဝင် စုစုပေါင်း ကျပ် ၈၄၇ သိန်း ရင်းနှီးမြှုပ်နှံရန် ပြင်ဆင်သတ်မှတ်၍ ပဉ္စမလေးနှစ် စီမံကိန်းကာလတွင် ဆက်လက်လုပ်ဆောင်ရသော စက်ရုံဖြစ်သည်။ ပဉ္စမလေးနှစ် စီမံကိန်း ရည်မှန်းချက်များ ရေးဆွဲချမှတ်သောအခါတွင်လည်း စုစုပေါင်းကျပ် ၈၄၇ သိန်း မြှုပ်နှံရန်ပင် လျာထားခဲ့သည်။ စက်ရုံကို အမှန်တကယ် တည်ဆောက် အကောင်အထည်ဖော်သောအခါ ကုန်ကျစရိတ် စုစုပေါင်းမှာ ကျပ် ၈၄၆·၉၆ သိန်းဖြစ်သည်။ လိုအပ်သော နိုင်ငံခြားငွေကျပ် ၂၇၆ သိန်းကို ဒိန်းမတ်နိုင်ငံမှ ချေးယူသည်။

စစ်ကိုင်းဂျုံစက်ကို အကောင်အထည် ဖော်ရာ၌ ၁၉၈၅ ခုနှစ် ဇွန်ဘာလကုန်တွင် ဒိန်းမတ်နိုင်ငံမှ ဝယ်ယူသော စက်ပစ္စည်းများအားလုံး တပ်ဆင်ပြီးစီးသည်၊ ဂျုံမှုန့်ကြိတ်စက်
ဒိန်းမတ်နိုင်ငံမှ ဝယ်ယူသော စက်ပစ္စည်းများအားလုံး တပ်ဆင်ပြီးစီးသည်၊ ဂျုံမှုန့်ကြိတ်စက်
၁၂ လုံးနှင့် တန် ၁၀၀၀ ဆံ့ဆိုင်လို ၂ လုံးပါသည်။ တစ်နေ့လျှင် ဂျုံတန် ၁၀၀ ကြိတ်ခွဲနိုင်သည်။ ၁၉၈၆ ခုနှစ် ဧပြီလ ၁ ရက်နေ့မှစ၍ စတင် လည်ပတ်ကာ ဂျုံမှုန့်၊ ဂျုံဖွဲ များ ထုတ်လုပ်သည်။

မော်ဘီမြို့နယ် သရက်ကုန်း ကျေးရွာအနီး စက်မှုနယ်မြေတွင် ၁၉၈၄ - ၈၅ ခုနှစ်မှစတင် တည်ဆောက်အကောင်အထည်ဖော်သော **မော်ဘီ ဘီစကွတ်စက်ရုံ**သည် အာရှဖွံ့ဖြိုးရေးဘဏ်ချေးငွေဖြင့် တည်ဆောက်သော စက်ရုံဖြစ်သည်။ ရင်းနှီးမြှုပ်နှံငွေမှာ နိုင်ငံခြားငွေကျပ် ၁၂၃·၃၆ သိန်းအပါအဝင် စုစုပေါင်း ကျပ် ၃၅၉·၆၆ သိန်းဖြစ်သည်။ ဘီစကွတ်တနှစ်ရှည် ၄ တန် ထုတ်လုပ်နိုင်စွမ်းရှိသည်။ ကုန်ထုတ်လုပ်မှုကို ၁၉၈၅ - ၈၆ ခုနှစ်တွင် စတင်နိုင်ရန် ရည်မှန်းလျာထားသော်လည်း စတုတ္ထလေးနှစ် စီမံကိန်းကာလကို ကျော်လွန်ကာ ပဉ္စမလေးနှစ်စီမံကိန်းကာလ ၁၉၈၆ - ၈၇ ခုနှစ်တွင်မှ စက်ရုံတည်ဆောက်ပြီးစီး၍ ကုန်ပစ္စည်း စတင်ထုတ်လုပ်နိုင်သည်။

**အိသိုင်းအိသာ စက်ရုံစီမံကိန်း (ဧေယျဝတီ)** သည် ပဥ္စမလေးနှစ် စီမံကိန်း ရည်မှန်းချက်တွင် ပါဝင်ခြင်း မရှိသော်လည်း ၁၉၇၄ - ၇၅ ခုနှစ်မှ စတင်၍ မိမိကိုယ်ပိုင်ငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သော စက်ရုံဖြစ်သည်။ တစ်နှစ်လျှင် အိသိုင်းအိသာ ကီလိုဂရမ် ၉၆၀၀၀ ထုတ်လုပ်ရန် စားသောက်ကုန်လုပ်ငန်း ကော်ပိုရေးရှင်းနှင့် ပြည်ထောင်စု သမ္မတ ဂျာမနီနိုင်ငံ Fritz Werner International GmbH တို့ စာချုပ် ချုပ်ဆို၍ စီမံကိန်းကို အကောင်အထည်ဖော်ခဲ့ရာ၌ ၁၉၇၇ ခု၊ ဇွန်လတွင် အိသာကြမ်း ထုတ်လုပ်မှု အဆင့်အထိ စမ်းသပ်လည်ပတ်နိုင်ခဲ့သည်။ ဆေးဝါးသုံး အိသာ ထုတ်လုပ်သည့် အဆင့်တွင် စမ်းသပ်မှု မအောင်မြင်သေးဘဲ ရှိနေခဲ့သည်။ ကုမ္ပဏီမှ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့် စက်ပြုပြင် မွမ်းမံရေးကို ၁၉၇၈ ခု၊ ဇူလိုင်လတွင် ညှိနှိုင်း ဆွေးနွေးကြသည်။ သို့သော် ဖြစ်ပေါ်လာသော အခြေအနေများကြောင့် **Fritz Werner** မှ ကျွမ်းကျင်ပညာရှင်သည် ၁၉၇၈ ခု၊ ဩဂုတ်လတွင် ပြန်လည် ထွက်ခွာသွားသဖြင့် စီမံကိန်း အကောင်အထည် ဖော်မှုမှာ ပဥ္စမလေးနှစ် စီမံကိန်း ကာလတွင် မပြီးပြတ်သေးဘဲ ရှိနေခဲ့သည်။

**အရက်ချက်စက်ရုံ အမှတ် (၂)** မွမ်းမံပြင်ဆင်ရေး စီမံကိန်းကို ဂျပန်နိုင်ငံ အစိုးရ ပင်လယ်ရပ်ခြား စီးပွားရေး ပူးပေါင်း ဆောင်ရွက်မှု ရန်ပုံငွေအဖွဲ့မှ ချေးငွေဖြင့် ဘီးလင်း မြို့နယ်တွင် ၁၉၇၅ - ၇၆ ခုနှစ်မှ စတင်၍ တည်ဆောက်ရန် လျာထားလုပ်ဆောင်သည်။ အကောင်အထည်ဖော် ပြီးစီးမှု အခြေအနေမှာ ၁၉၇၇ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့တွင် စက်ပစ္စည်း ပေးသွင်းရေး တင်ဒါများကို ရွေးချယ်ပြီးရုံမျှသာဖြစ်သည်။ ထိုအချိန်တွင် တည်ဆောက်မှု လုပ်ငန်းအတွက် မြေစမ်းသပ်ခြင်း လုပ်ငန်းကို စတင်ဆောင်ရွက်သည်။ ထို့နောက် စက်ပစ္စည်း ပေးသွင်းရေး စာချုပ်ကို ဂျပန်နိုင်ငံ ဟီတာချီဇိုဇန် ကော်ပိုရေးရှင်းနှင့် ၁၉၇၇ ခု၊ ဇူလိုင်လ ၁၅ ရက်နေ့တွင် စာချုပ်ချုပ်ဆိုသည်။ စာချုပ်တန်ဖိုးမှာ ယန်း ၁၆၂၅.၈ သန်း ဖြစ်သည်။ ဒီဇင်ဘာလကုန်တွင် ယာယီရုံးနှင့် ယာယီ သိုလှောင်ရုံများ ဆောက်လုပ်ပြီးစီးသည်။ စီမံကိန်းအတွက် ကုမ္ပဏီမှ ပေးပို့သော စက်ပစ္စည်းများ ၆၇ ရာခိုင်နှုန်းခန့် ရောက်ရှိပြီးဖြစ်သည်။

အရေးအခင်းကာလဖြစ်သော ၁၉၈၈ ခုတွင် ဂျပန်အစိုးရက ချေးငွေကို ရပ်ဆိုင်းထားခြင်းကြောင့် စက်ပစ္စည်း သဘော်တင်ပို့မှု ရပ်ဆိုင်းသွားသည်။ ဆောက်လုပ်ရေး လုပ်ငန်းများလည်း နှောင့်နှေးသွားသည်။ ဆောက်လုပ်ရေး လုပ်ငန်းမှာ ၁၉၈၉ ခုနှစ်၊ ဇွန်လ အထိ ၄၁ ရာခိုင်နှုန်းသာ ပြီးစီးသေးသည်။ ချေးငွေသက်တမ်း တိုးမြှင့်ရေးစသော ငွေရေးကြေးရေး ပြဿနာများ ရှိသဖြင့် အရက်ချက်စက်ရုံ အမှတ်(၂) မွမ်းမံ ပြင်ဆင်ရေး စီမံကိန်းသည် ပဥ္စမလေးနှစ် စီမံကိန်း ကာလတွင် အကောင်အထည်ဖော်မှု ပြီးစီးခြင်း မရှိဘဲဖြစ်နေပေသည်။

နိုင်ငံခြားငွေ ကျပ် ၇၃·၁ သန်း အပါအဝင် စုစုပေါင်းငွေကျပ် ၁၇၆·၁ သန်း ရင်းနှီးမြှုပ်နှံရန် လျာထားသော စီမံကိန်းဖြစ်သည်။

ဖျော်ရည်နှင့် အရက်ပုလင်းထုတ်လုပ်ရေး စီမံကိန်း(Crown Cork and R.O. Seal) ကို စားသောက်ကုန် လုပ်ငန်း ကော်ပိုရေးရှင်းသည် ၁၉၈၄ - ၈၅ ခုနှစ်၊ စီမံကိန်းအဖြစ် အကောင်အထည်ဖော် ဆောက်လုပ်ရန် နိုင်ငံခြားငွေ ကျပ် ၂၂·၂၅ သန်း အပါအဝင် စုစုပေါင်း ၅၆·၂၅ သန်း ရင်းနှီးမြှုပ်နှံရန် စတင်လျာထားသည်။ ထိုစက်ရုံစီမံကိန်းကို ၁၉၈၅ - ၈၆ ခုနှစ်တွင် ဖျော်ရည်နှင့် အရက်ပုလင်းဖုံး ထုတ်လုပ်ရေး စီမံကိန်း (Rolled Over Seal Project ) အဖြစ်ဖြင့် ပြုပြင်သတ်မှတ်သောအခါ နိုင်ငံခြားငွေ ကျပ် ၅·၇ သန်း အပါအဝင် စုစုပေါင်းကျပ် ၂၄·၃ သန်း ရင်းနှီးမြှုပ်နှံရန် လျာထားသတ်မှတ်သည်။

စီမံကိန်း အကောင်အထည်ဖော်နိုင်ရန် အာရှဖွံ့ဖြိုးရေးဘဏ်မှ ပထမအကြိမ် ချေးယူငွေ အမေရိကန်ဒေါ်လာ ၇၀၄၇၂၃ အတွက် ၁၉၈၄ ခု ဇွန်လ ၁၈ ရက်နေ့တွင်စာချုပ်ချုပ်ဆိုသည်။ စက်ပစ္စည်းများ ပေးသွင်းရေးကို (Fritz Werner International GmbH) ကုမ္ပဏီနှင့် ၁၉၈၆ ခု၊ ဇန်နဝါရီလ ၃ ရက်နေ့တွင် စာချုပ်၍ ဂျာမန်မတ်ငွေ ၁၆၂၈၁၀၀ တန်သော ပုလင်းဖုံးစက် တည်ဆောက်ရန် စာချုပ်ချုပ်ဆိုသည်။ စင်စစ်အားဖြင့် ဤစက်ရုံစီမံကိန်းသည် စတုတ္ထလေးနှစ် စီမံကိန်း ကာလတွင် စတင်အခြေခံခဲ့ပြီး ပဉ္စမလေးနှစ် စီမံကိန်း ကာလတွင်မှ အကောင်အထည်ဖော်ရသော စီမံကိန်းဖြစ်သည်။

ဖျော်ရည်နှင့် ပုလင်းဖုံး ထုတ်လုပ်ရေး စက်ရုံစီမံကိန်းကို ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ၇ ရပ်ကွက်ယာဒ်လမ်း၌ ၁၉၈၄ - ၈၅ ခုနှစ်တွင် စတင်ခဲ့သည်။ ၁၉၈၆ ခုနှစ်၊ စက်တင်ဘာလတွင် တည်ဆောက်မှု လုပ်ငန်းများ စတင်ဆောင်ရွက်သည်။ ၁၉၈၇ ခုနှစ် ဧပြီလ ၁၃ ရက်နေ့တွင် လုပ်ငန်း အကောင်အထည်ဖော် ပြီးစီးခဲ့သည်။

ဤစက်ရုံအတွက် စက်ပစ္စည်း များ လက်ခံရရှိကြောင်း လက်မှတ်ကို ပြည်ထောင်စု သမ္မတ ဂျာမနီနိုင်ငံ ဖရစ်ဝါနာ ကုမ္ပဏီသို့ ထုတ်ပေးပြီးဖြစ်ပါ၍၊ ၁၉၈၈ ခု၊ ဇန်နဝါရီလ ၁ ရက်နေ့မှစ၍ စက်ရုံ၏ ပုံမှန်ကုန်ထုတ်လုပ်မှုဆိုင်ရာ ကိစ္စရပ်များကို ကြီးကြပ် ဆောင်ရွက်ခဲ့သည်။ ပဉ္စမလေးနှစ် စီမံကိန်းကာလ၏ဒုတိယနှစ်တွင်အကောင်အထည်ဖော်အောင်မြင်ပြီးစီးသွားသော စက်ရုံဖြစ်သည်။

ဖျော်ရည်နှင့် အရက်ပုလင်းဖုံး ထုတ်လုပ်ရေး စက်ရုံစီမံကိန်းကို အကောင်အထည်ဖော် ရာ၌ နိုင်ငံခြားငွေ ကျပ် ၅·၂၁ သန်း အပါအဝင် စုစုပေါင်း ငွေကျပ် ၉·၉၂ သန်း ရင်းနှီး ကုန်ကျခဲ့သည်။

စားသောက်ကုန်လုပ်ငန်း ကော်ပိုရေးရှင်း အနေဖြင့် ပဉ္စမလေးနှစ် စီမံကိန်းအတွင်း အကောင်အထည်ဖော်ရန် မျှော်မှန်းထားသည့် လုပ်ငန်းစီမံကိန်းများ ဖြစ်သော်လည်း ပဉ္စမလေးနှစ် စီမံကိန်း၏ ပထမနှစ်ဖြစ်သော ၁၉၈၆-၈၇ နှင့် ဒုတိယနှစ်ဖြစ်သည့် ၁၉၈၇-၈၈ ခုနှစ်များတွင် စတင်အကောင်အထည် ဖော်နိုင်ခြင်း မရှိသေးသော လုပ်ငန်း စီမံကိန်းများ ရှိသည်။ အဆိုပါ စီမံကိန်းများမှာ နမ္မတီး သကြားစက် မွမ်းမံပြင်ဆင်ရေး စီမံကိန်း၊ ဇေယျဝတီသကြားစက်သစ် စီမံကိန်း (၂)၊ သကြားစက် စီမံကိန်း၊ ပျဉ်းမနား အရက်ချက်စက်ရုံ စီမံကိန်း၊ ဘီယာစက်သစ် စီမံကိန်း၊ ပုလင်းသွင်းစက်ရုံများ စီမံကိန်း၊ ဗိုင်းမုန့်ဘိလပ်ရည်စက်ရုံမွမ်းမံ ပြင်ဆင်ရေး လုပ်ငန်းစီမံကိန်းနှင့် ဒဂုံဘိလပ်ရည်စက်ရုံ မွမ်းမံပြင်ဆင်ရေး စီမံကိန်း များဖြစ်သည်။

ပဉ္စမလေးနှစ် စီမံကိန်း ရည်မှန်းချက်တွင် မပါဝင်သော်လည်း စီမံကိန်းကာလအတွင်း ပြီးစီးခဲ့သော စီမံကိန်းတစ်ခုမှာ **မျဉ်ပုံကြီး ရေလှောင်တမံစီမံကိန်း** ဖြစ်သည်။ ဤစီမံကိန်းသည် မြန်မာ့ စားသောက်ကုန် လုပ်ငန်း၏ ရန်ပုံငွေဖြင့် ဆည်မြောင်းဦးစီးဌာနမှ တည်ဆောက်ပေးသော လုပ်ငန်းဖြစ်သည်။ ဒိုက်ဦးစက်မှုနယ်မြေဒေသရှိ စက်ရုံများနှင့် ပီလောပီနံ စိုက်ခင်းများအတွက် လိုအပ်သော ရေကိုအပြည့်အဝ ဖြန့်ဝေပေးနိုင်မည်ဖြစ်သည်။ ဤစီမံကိန်းသည် ၁၉၈၉ ခုတွင် လုပ်ငန်းပြီးစီး၍ ရေများ ဖြန့်ဝေပေးရန် မျှော်မှန်းထားသည်။

ကမ္ဘာ့(၁) စက်မှုဝန်ကြီးဌာန စားသောက်ကုန်လုပ်ငန်း ကော်ပိုရေးရှင်းက ပဉ္စမလေးနှစ်စီမံကိန်း ကာလတွင် အကောင်အထည်ဖော်ရန် ကြိုးပမ်းသော **စည်သွတ်စက်ရုံ စီမံကိန်း (မိုက်ဦး)** သည် စင်စစ်အားဖြင့် စတုတ္ထ လေးနှစ် စီမံကိန်းကာလတွင်စတင်အခြေတည်ခဲ့သည်။ စီမံကိန်းတွင် ဝက်သားနှင့် ဝက်သားအစားအစာထုတ်စက်ရုံ၊ တိရစ္ဆာန်အစာစပ် စက်ရုံနှင့် မွေးမြူရေးခြံများ၊ ဇီဝဓာတ်ငွေ့နှင့် စွန့်ပစ်ရေ သန့်စင်ရေး စက်ရုံများပါဝင်သည်။ ပဉ္စမလေးနှစ်စီမံကိန်းကာလ စတင်ချိန်တွင် ဝက်သားနှင့် ဝက်သားအစားအစာထုတ်စက်ရုံ၊ တိရစ္ဆာန်အစာစပ်စက်ရုံနှင့် ဝက်မွေးမြူရေးခြံ (ပထမယူနစ်) တို့တွင် စက်စမ်းသပ် လည်ပတ်မှုများပြီးစီးနေပြီဖြစ်သည်။ ဇီဝဓာတ်ငွေ့နှင့် စွန့်ပစ်ရေသန့်စင်ရေး စက်ရုံတွင်လည်း တည်ဆောက်ရေးနှင့် စက်တပ်ဆင်ရေး လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်၍ စက်စမ်းသပ် လည်ပတ်ရန် စီစဉ်လျက်ရှိပြီဖြစ်သည်။ ထိုအချိန်က ဝက်မွေးမြူရေးခြံ (ဒုတိယယူနစ်) အဆောက်အအုံ ဆောက်လုပ်ခြင်းမှာ ၈၇ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်သည်။ စက်များ တပ်ဆင်မှုမှာ မပြီးစီးသေးချေ။

ပဉ္စမလေးနှစ် စီမံကိန်း၏ ဒုတိယနှစ်ဖြစ်သော ၁၉၈၇ ခုနှစ်တွင် နိုင်ငံခြားမှ လိုအပ်သော ပစ္စည်းများ အပြည့်အစုံ ရောက်ရှိလာသည်။ ဝက်မွေးမြူရေးခြံ (ဒုတိယယူနစ်) မှာ ၉၀ ရာခိုင်နှုန်း ပြီးစီး၍ ဇီဝဓာတ်ငွေ့နှင့် စွန့်ပစ်ရေ သန့်စင်ရေး စက်ရုံမှာ ရာနှုန်းပြည့် ပြီးစီးပြီ

ဖြစ်သည်။ စက်များ စမ်းသပ်လည်ပတ်ရန်သာ လိုတော့သော အခြေအနေတွင်ရှိသည်။ အကောင်အထည်ဖော်နိုင်မှုမှာ ပဉ္စမလေးနှစ် စီမံကိန်း ကာလအတွင်း အောင်မြင်သည်ဟု ဆိုရပေမည်။ စီမံကိန်းအတွက် စက်ပစ္စည်းများ ကျွမ်းကျင်ပညာရှင်များကို အီတလီနိုင်ငံ ဂျီဇာကုမ္ပဏီက ပေးသွင်းသည်။ စက်ရုံများကို လျာထား သတ်မှတ်ထားသည့်အတိုင်း တည်ဆောက် အကောင်အထည် ဖော်နိုင်ပါက ဇီဝဓာတ်ငွေ့ထုတ်စက်ရုံသည် တစ်လလျှင် ဇီဝဓာတ်ငွေ့ ၁၃၀၀၀၀ ကုဗမီတာ ထုတ်လုပ်နိုင်မည်ဖြစ်သည်။ သို့သော် ယင်းလုပ်ငန်းမှာ ဝက်မွေးမြူရေးခြံများ၏ အောင်မြင်မှုပေါ်တွင် မူတည်နေပေသည်။ ဖိုက်ဦးစက်မှုနယ်မြေ တစ်ခုလုံးရှိ စက်ရုံများအတွက် လိုအပ်သော ဇီဝဓာတ်ငွေ့ကို ထုတ်လုပ်ပေးနိုင်ခြင်း မရှိသေးသဖြင့် လျှပ်စစ်ဓာတ်အားဖြင့်ပင် လည်ပတ်နေရဆဲဖြစ်သည်။

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း ကော်ပိုရေးရှင်းသည် ပဉ္စမလေးနှစ် စီမံကိန်းအတွင်း ပိုးသတ်ဆေး ရွှေပြေးစက်ရုံ စီမံကိန်းကို အကောင်အထည်ဖော်ရန် ကြိုးပမ်းဆောင်ရွက်သည်။ စိုက်ပျိုးရေး လုပ်ငန်းများကို အထောက်အကူ ပြုစေမည့် ပိုးသတ်ဆေး ရွှေပြေးစက်ရုံစီမံကိန်း (မြော်ဘီ)သည် တစ်နှစ်လျှင် လယ်ယာသုံး ပိုးသတ်ဆေးရည်လီတာ ၉ သိန်း ထုတ်လုပ်နိုင်မည်ဖြစ်သည်။ စီမံကိန်းကို ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ်၏ ငွေကြေးနှင့် ကျွမ်းကျင်မှုအကူအညီဖြင့် အကောင်အထည်ဖော်သည်။ စက်ပစ္စည်းများ ပေးသွင်းရေးကို အီတလီနိုင်ငံမှ ကုမ္ပဏီတစ်ခုနှင့် စီစဉ်၍ ၁၉၈၈ ခု နိုဝင်ဘာလတွင် စက်ပစ္စည်းများ ပေးသွင်းရောက်ရှိမည်ဟု မျှော်မှန်းကာ လုပ်ဆောင်ခဲ့သည်။ သို့သော် ၁၉၈၉ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ အီတလီနိုင်ငံ ကုမ္ပဏီမှ စက်မှုအချက်အလက်များကို မပေးပို့သေးသည့်အတွက် ပိုးသတ်ဆေးအရည် ဖျော်စပ်ထုတ်လုပ်မည့် စက်မှုအဆောက်အအုံကို စတင်ဆောက်လုပ်နိုင်ခြင်း မရှိဘဲဖြစ်နေခဲ့သည်။ ထို့ပြင် ပိုးသတ်ဆေးပုလင်း ပုံစံရွေးချယ်ခြင်းကို အကြံပြုရန် နိုင်ငံခြား ကျွမ်းကျင်သူတစ်ဦး လာရောက်ရေးကိုလည်း စောင့်ဆိုင်းနေရသည်။ အဆောက်အအုံများကို ၁၉၈၉ ခုနှစ်၊ ဇူလိုင်လအတွင်း အပြီးဆောက်လုပ်နိုင်ပါက ဒီဇင်ဘာလတွင် စက်စမ်းသပ် လည်ပတ်နိုင်မည်ဟု မျှော်မှန်းထားသော်လည်း ၁၉၈၉ ခုနှစ်၊ ဇွန်လကုန်တွင် ဆောက်လုပ်ရေး လုပ်ငန်းမှာ ၇၃·၆ ရာခိုင်နှုန်းသာ ပြီးစီးသေးသည်။

ပိုးသတ်ဆေးရွှေပြေးစက်ရုံ စီမံကိန်းအတွက် မူလက နိုင်ငံခြားငွေ ကျပ် ၁၀၆ သိန်း အပါအဝင် စုစုပေါင်း ကျပ် ၃၀၂ သိန်း ရင်းနှီးမြှုပ်နှံရန် လျာထားခဲ့သည်။ အကောင်အထည်ဖော်သည့် ကာလဖြစ်သော ၁၉၈၈-၈၉ ခုနှစ်တွင် ရင်းနှီးမြှုပ်နှံမှုကို နိုင်ငံခြားငွေ ကျပ် ၁၅၀ သိန်း အပါအဝင် စုစုပေါင်း ကျပ် ၆၁၇ သိန်းသို့ တိုးမြှင့်သတ်မှတ်သည်။ ထိုရင်းနှီးမြှုပ်နှံမှုတွင် ကုလသမဂ္ဂ အစီအစဉ် ထည့်ဝင်ငွေ အမေရိကန်ဒေါ်လာ ၂·၂၉၈ သန်းနှင့် ကိုယ်ပိုင်နိုင်ငံခြားငွေ ကျပ် ၁၅·၂၂ သန်း ပါဝင်ရန် လျာထားချက်ရှိသည်။

ဖွဲ့နုစားဆီသည် အရေးပါသော လူသုံးကုန် စားသုံးကုန်တစ်ရပ်ဖြစ်သည်။ မြန်မာနိုင်ငံတွင် လူဦးရေ တိုးတက်လာသည်နှင့်အမျှ တစ်နှစ်ထက်တစ်နှစ် တိုးတက်ထုတ်လုပ်ရန် လိုလာသည်။ စားသုံးဆီ လိုအပ်ချက်ကို ဖြည့်ဆည်းရန်သာမက ဆေးထွက် စက်မှုကုန်ကြမ်းလည်း ရရှိနိုင်သဖြင့် ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်းကော်ပိုရေးရှင်းသည် ဖွဲ့နု ဆီစက်ရုံသစ် စီမံကိန်းကို ပဉ္စမလေးနှစ် စီမံကိန်းကာလတွင် အကောင်အထည်ဖော်ခဲ့သည်။ ဤစီမံကိန်းသည် ကုန်သွယ်ရေးဝန်ကြီးဌာန လက်အောက်မှ အမှတ် (၁) စက်မှုဝန်ကြီးဌာန လက်အောက်သို့ ပြောင်းရွှေ့ရောက်ရှိလာသော စီမံကိန်းဖြစ်သည်။

ဖွဲ့နုဆီစက်ရုံသစ် စီမံကိန်းသည် တစ်နှစ်လျှင် ဖွဲ့နုစားသုံးဆီတန် ၃၃၈၀၊ ဖွဲ့ဖတ်တန် ၂၅၆၀၀ နှင့် အခြားဆေးထွက်ပစ္စည်းများ ထုတ်ပေးနိုင်မည်ဖြစ်သည်။ ဂျပန်နိုင်ငံ ပင်လယ်ရပ်ခြား စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ရန်ပုံငွေ၏ ချေးငွေယန်းသန်းပေါင်း ၃၅၀၀ ဖြင့် အကောင်အထည်ဖော်ခဲ့ရာ ၁၉၈၈ ခု၊ ဇူလိုင်လ ၁၃ ရက်နေ့တွင် ဂျပန်ယန်းသန်းပေါင်း ၂၅၄၅.၀၄ တန်ဖိုးရှိသော စက်ပစ္စည်းများ ပေးသွင်းရေးစာချုပ်ကို ဂျပန်နိုင်ငံ မစ်ဆူဘီရှိ အကြီးစား စက်မှုလီမိတက်နှင့် စာချုပ်ချုပ်ဆိုပြီးစီးသည်။ အဆောက်အအုံဆောက်လုပ်ရေး အတွက် အင်းစိန်မြို့နယ်၌ စက်ရုံတည်ဆောက်မည့် မြေနေရာတွင် လမ်းကြမ်း ဖောက်လုပ်ခြင်း၊ ရေစမ်းသပ်ခြင်းနှင့် မြေစမ်းသပ်ခြင်းလုပ်ငန်းများကို စတင်ဆောင်ရွက်၍ ၁၉၈၇ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့တွင် စီမံကိန်းအတွက် အကြို အရည်အချင်းသတ်မှတ်ခြင်းတင်ဒါကို စိစစ်ရွေးချယ်ခဲ့သည်။ စက်ရုံအတွင်း ဝင်လမ်းများဖောက်လုပ်ခြင်း၊ သိုလှောင်ရုံ တည်ဆောက်ခြင်းတို့ကို ဆက်လက်လုပ်ဆောင်ရာ ၁၉၈၇ ခုနှစ်အကုန်တွင် ပြီးစီးသည့်လုပ်ငန်းများ ပြီးစီး၍ သိုလှောင်ရုံ ဆောက်လုပ်ရေးလုပ်ငန်းများမှာ ၅၀ ရာခိုင်နှုန်းခန့်သာ ပြီးစီးသည်။ စက်ပစ္စည်းများ တင်သွင်းနိုင်ခြင်း မရှိသေးချေ။

ဖွဲ့နုဆီစက်ရုံသစ် စီမံကိန်းအတွက် နိုင်ငံခြားငွေကျပ် ၁၁၅.၇ သန်းအပါအဝင် စုစုပေါင်း ကျပ် ၂၅၅.၁ သန်း ရင်းနှီးမြှုပ်နှံရန် လျာထားသတ်မှတ်ထားသည်။

ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း ကော်ပိုရေးရှင်းသည် ပလတ်စတစ်ပိုက်နှင့် ပိုက်ဆက်ပစ္စည်း စက်ရုံ စီမံကိန်းကို ပဉ္စမလေးနှစ် စီမံကိန်းကာလအတွင်း အကောင်အထည်ဖော်ရန် ကြံရွယ်ခဲ့သည်။ စီမံကိန်းအတွက် ဖြစ်နိုင်ခြေ လေ့လာရေးအစီရင်ခံစာကို ကုလသမဂ္ဂ ဖွံ့ဖြိုးမှု အကူအညီ၏ ထောက်ပံ့ငွေဖြင့် ၁၉၈၇ ခုနှစ်တွင် အီတလီနိုင်ငံ ကုမ္ပဏီမှ ပြုစုခဲ့ပြီးဖြစ်သည်။ ရွှေပြေးစက်ရုံ စီမံကိန်းအတွက် လိုအပ်သည့်ထောက်ပံ့ငွေ အမေရိကန်ဒေါ်လာ ၂.၅ သန်းကို ရရှိရေးအတွက် ကုလသမဂ္ဂဖွံ့ဖြိုးမှု အကူအညီနှင့် ဆက်လက်ညှိနှိုင်းခဲ့ရာ ဦးစားပေးအဆင့်

(ခ) သာသတ်မှတ်ခြင်းခံရသည်။ သို့ဖြစ်၍ ပဥ္စမလေးနှစ် စီမံကိန်းကာလတွင် အကောင်အထည်မဖော်နိုင်ချေ။ ကာလသမဂ္ဂ ဖွံ့ဖြိုးမှုအကူအညီမှ ထောက်ပံ့ငွေ ရရှိသည့်အချိန်မှသာ စတင်အကောင်အထည်ဖော်နိုင်မည့် ရေရှည် ဆက်လက်ဆောင်ရွက်ရမည့် စီမံကိန်းဖြစ်သည်။

အလားတူပင် ပဥ္စမလေးနှစ် စီမံကိန်းကာလတွင် အကောင်အထည်ဖော်ရန် မျှော်မှန်းထားသော မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်းစက်ရုံ တိုးချဲ့ရေး စီမံကိန်း၊ ဖန်စက်ရုံများ မွမ်းမံပြင်ဆင်ရေး စီမံကိန်း၊ ပလတ်စတစ် ကုန်ကြမ်းစက်ရုံ စီမံကိန်းများသည် ပဥ္စမလေးနှစ် စီမံကိန်း၏ ပထမနှစ်နှင့် ဒုတိယနှစ်တွင် စတင်အကောင်အထည်ဖော်နိုင်ခြင်း မရှိသေးပေ။ ရေရှည် ဆက်လက်ဆောင်ရွက်ရမည့် စီမံကိန်းများဖြစ်သည်။

အမှတ် (၁) စက်မှုဝန်ကြီးဌာန၊ သတ္တုပစ္စည်းလုပ်ငန်း ကော်ပိုရေးရှင်းသည် **သံမဏိစက်ရုံ မွမ်းမံ ပြင်ဆင်ရေးလုပ်ငန်း စီမံကိန်း**ကို ပဥ္စမလေးနှစ် စီမံကိန်းကာလတွင် ဆောင်ရွက်ဆဲလုပ်ငန်းအဖြစ် ဆက်လက်လုပ်ဆောင် အကောင်အထည်ဖော်သည်။ လုပ်ငန်းစီမံကိန်းအတွက် နိုင်ငံခြားငွေကျပ် ၁၆၀၃ သိန်း အပါအဝင် စုစုပေါင်းကျပ် ၃၂၀၄ သိန်း ရင်းနှီးမြှုပ်နှံရန် ရည်မှန်း၍ ၁၉၇၄-၇၅ ခုနှစ်က စတင်အကောင်အထည်ဖော်ခဲ့သည်။ ၁၉၇၆-၇၇ ခုနှစ်တွင် ပြီးစီးရန် မျှော်မှန်းသည်။ ဂျပန်နိုင်ငံမှ ဝယ်ယူသော စက်မှုပစ္စည်းများမှာ ၁၉၇၅ ခုနှစ်၊ ဒီဇင်ဘာလတွင် ၉၇ ရာခိုင်နှုန်း ရောက်ရှိသော်လည်း ဆောက်လုပ်ရေးလုပ်ငန်းမှာ ၂၀ ရာခိုင်နှုန်းသာ ပြီးစီးသည်။ ၁၉၇၆ ခုနှစ်၊ ဒီဇင်ဘာလကုန်တွင် ဂျပန်နိုင်ငံမှ တတိယစာချုပ်ဖြင့် ဝယ်ယူသော ပစ္စည်းများအနက် ၆.၂ ရာခိုင်နှုန်းရောက်ရှိ၍ ဆောက်လုပ်ရေးလုပ်ငန်း ၉၂ ရာခိုင်နှုန်း ပြီးစီးသဖြင့် စက်တပ်ဆင်မှု လုပ်ကိုင်ခဲ့ရာ ၇၀ ရာခိုင်နှုန်း ပြီးသွားသည်။ သံမဏိလုပ်ငန်းဌာန၊ ဝါယာဌာနနှင့် သံဖလိမ့်တုံးဌာနတို့ကို စက်စမ်းသပ်လည်ပတ်ရန် ရှိသည့်အနက် သံမဏိလုပ်ငန်းဌာန၏ စက်စမ်းသပ် လည်ပတ်ခြင်းကို ၁၉၇၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်နေ့မှ စတင်ဆောင်ရွက်သည်။ ၁၉၇၇ ခုနှစ်၊ ဇွန်လတွင် သံမဏိလုပ်ငန်း ဌာနတွင် ဝယ်ယူတပ်ဆင်ခဲ့သော လေထုညစ်ညမ်းမှု ကာကွယ်ရေးဆိုင်ရာ စက်ကိရိယာများ တပ်ဆင်မှုလုပ်ငန်း ၇၅ ရာခိုင်နှုန်း ပြီးစီးသည့်အပြင် သံမဏိလုပ်ငန်းဌာနနှင့် ဝါယာဌာနတို့၏ စက်စမ်းသပ် လည်ပတ်မှုကိုလည်း အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည်။ သံဖလိမ့်တုံးဌာန၏ စက်စမ်းသပ် လည်ပတ်မှုကို ဆက်လက်ဆောင်ရွက်ရဆဲဖြစ်သည်။ သံမဏိလုပ်ငန်းဌာန၊ ဝါယာဌာနတို့သည် မွမ်းမံပြင်ဆင်မှု စီမံကိန်းလုပ်ငန်းများ ပြီးစီးအောင်မြင်သဖြင့် ပုံမှန်ထုတ်လုပ်မှုကို ၁၉၇၇ ခုနှစ် ဩဂုတ်လမှစ၍ ဆောင်ရွက်နိုင်သည်။

သတ္တုပစ္စည်းလုပ်ငန်း ကော်ပိုရေးရှင်းအနေဖြင့် ပဥ္စမလေးနှစ် စီမံကိန်းအတွင်း အကောင်အထည်ဖော်ရန် ရည်ရွယ်ခဲ့သော်လည်း စီမံကိန်း၏ ပထမနှစ်ဖြစ်သော ၁၉၇၆-၇၇ ခုနှစ်နှင့်

ဒုတိယနှစ်ဖြစ်သော ၁၉၇၇-၇၈ ခုနှစ်တို့တွင် အကောင်အထည်ဖော်နိုင်ခြင်း မရှိသေးသည့် စီမံကိန်းများမှာ ဒန်သတ္တုပစ္စည်း စက်ရုံ မွမ်းမံပြင်ဆင်ရေးလုပ်ငန်း စီမံကိန်း၊ သံမဏိပိုက် ထုတ်လုပ်ရေးစက်ရုံ စီမံကိန်း၊ သံမဏိ သံပြားလုပ်ငန်း စီမံကိန်းနှင့် ကြေးနီသတ္တုပစ္စည်း စက်ရုံစီမံကိန်း (အထက်မြန်မာပြည်) တို့ဖြစ်သည်။

သတ္တုပစ္စည်းလုပ်ငန်း ကော်ပိုရေးရှင်းသည် ကုန်ကြမ်းအဖြစ် သံအော်ပျက်များကို အခကြေးငွေယူ၍ ဖြတ်တောက်ပေးမည့် **သံထည်လုပ်ငန်းစက်ရုံ စီမံကိန်း (သန်လျင်)** ကို မိမိကိုယ်ပိုင် မြန်မာကျပ်ငွေဖြင့် ပဉ္စမလေးနှစ် စီမံကိန်းကာလတွင် အကောင်အထည် စတင်ဖော်သည်။ ဤစီမံကိန်းမှာ သံအော်ပျက်များကို ပြည်ပမှဝယ်ယူပြီး ဖြတ်တောက်၍ ထွက်ရှိလာသော သံတို သံစများကို ပြည်ပသို့ တင်ပို့ရောင်းချခြင်းဖြင့် နိုင်ငံခြားဝင်ငွေ ရှာဖွေနိုင်မည့်လုပ်ငန်းဖြစ်သည်။ ထို့ပြင် ပြည်ပကုမ္ပဏီများက ဝယ်ယူလာသော သံအော်ပျက်များကို နိုင်ငံခြားငွေဖြင့် အခကြေးငွေရယူပြီး ဖြတ်တောက်ပေးရန်လည်း ရည်ရွယ်သည်။ အဓိကအားဖြင့် နိုင်ငံပိုင် သံမဏိစက်ရုံအတွက် လိုအပ်သော ကုန်ကြမ်း သံတိုသံစများရရှိမည့် စီမံကိန်းဖြစ်သည်။ ၁၉၇၈ ခုနှစ်တွင် စက်နှင့်စက်ပစ္စည်း ကိရိယာ တန်ဆာပလာ ဝယ်ယူရေးလုပ်ငန်း ၁၀ ရာခိုင်နှုန်းနှင့် ဆောက်လုပ်ရေးလုပ်ငန်း ၆၇ ရာခိုင်နှုန်းသာ ပြီးစီးသေးသည်။ ဆက်လက် အကောင်အထည်ဖော်ရဦးမည့် လုပ်ငန်းဖြစ်သည်။ စီမံကိန်းအတွက် စုစုပေါင်း ကျပ် ၂၅.၇၉ သန်း ရင်းနှီးမြှုပ်နှံထားသည်။

ကြွေထည်မြေထည်လုပ်ငန်း ကော်ပိုရေးရှင်းသည် ပဉ္စမလေးနှစ် စီမံကိန်းကာလ၏ ပထမနှစ်ဖြစ်သော ၁၉၇၄ ခုနှစ်တွင် **ဘားအံ ဘိလပ်မြေ စက်ရုံ စီမံကိန်း**ကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သည်။ **ဘိလပ်မြေစက်ရုံ** (ဘားအံ) စီမံကိန်းကို စတုတ္ထလေးနှစ် **စီမံကိန်းကာလ** ၁၉၇၀-၇၁ ခုနှစ်မှ စတင်အကောင်အထည်ဖော်ခဲ့သည်။ ပြင်သစ်နိုင်ငံ **Fives—Cail Babcock** ကုမ္ပဏီနှင့် ကြွေထည်မြေထည်လုပ်ငန်း ကော်ပိုရေးရှင်းတို့ချုပ်ဆိုသော စာချုပ်အရ ၁၉၇၃ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့တွင် စက်များတပ်ဆင်ပြီးစီး လည်ပတ်ရမည်ဖြစ်သော်လည်း အသစ်ပြန်လည်ပြုပြင်ရသော နှောင့်နှေးမှုများနှင့် အခက်အခဲများကြောင့် မူလရည်မှန်းချက်ထက် သုံးနှစ်ခန့် နောက်ကျကာ ၁၉၇၆ ခု၊ ဇူလိုင်လတွင်မှ စမ်းသပ်လည်ပတ်နိုင်ခဲ့သည်။

ကုန်ကြမ်း အစာလှောင်ကန်များ အစာရောစပ်ကန်များဆိုင်ရာ လုပ်ငန်းများကို ၁၉၇၆ ခု၊ မေလ ၇ ရက်တွင်မှ လုပ်ဆောင်ပြီးစီးသည်။ သို့သော် အစာရောစပ်ကန်နှင့် အစာသိုလှောင်ကန်များ၏ အောက်ခြေအုတ်ခုံ နိမ့်ကျကျ ဝင်သွားသဖြင့် အကြိမ်ကြိမ် တိုင်းတာမှု

များပြုလုပ်ရသည်။ ကုန်ကြမ်းကြိတ်စက် Raw mill shell တည်ဆောက်သည့်နေရာတွင် လည်း အောက်ခံမြေသားနိမ့်နိုင်ရည်နည်းမှုကြောင့် မြောက်ဘက်အောက်ခံအုတ်မြစ်နိမ့်ကျသွားသည်။

မီးသင်းဖို Rotary Kiln ကို ၁၉၈၆ ခု ဇွန်လ ၂ ရက်နေ့တွင် စတင်မီးထိုး အခြောက်ခံပြီး ၁၉၈၆ ခု ဇွန်လ ၁၃ ရက်နေ့တွင်မှ ကုန်ကြမ်းမှုန့်ထည့်၍ စက်လည်ပတ် ထုတ် လုပ်နိုင်သည်။ ကုန်ချောကြိတ်စက်ကိုလည်း ထိုနှစ် ဇွန်လ ၂၇ ရက်နေ့တွင် ဝန်မဲ့စမ်းသပ်၍ ဇူလိုင်လ ၂၆ ရက်နေ့မှစ၍ ဝန် ၆၀ ရာခိုင်နှုန်းဖြင့် စမ်းသပ်လည်ပတ်ကာ ကုန်ပစ္စည်းထုတ် လုပ်သည်။ ဒီဇယ်သုံးစက် စမ်းသပ်လည်ပတ်မှုကို ၁၉၈၆ ခု ဇူလိုင်လ ၂၇ ရက်နေ့တွင် စတင် လုပ်ဆောင်သည်။ စက်ကိရိယာများ ပုံမှန်အချိန်ပြည့်လည်ပတ်၍ ပုံမှန်ကုန်ထုတ်လုပ်မှုကို ၁၉၈၆ ခုနှစ် ဩဂုတ်လမှစ၍ ဆောင်ရွက်နိုင်သည်။ စတုတ္ထလေးနှစ် စီမံကိန်းကာလတွင် စက်ပြီးစီးလည်ပတ် ကုန်ထုတ်လုပ်ရန် ရည်မှန်းခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ပဉ္စမလေးနှစ် စီမံကိန်းကာလ ပထမနှစ်တွင်မှ အကောင်အထည်ဖော် အောင်မြင်ခဲ့သော စက်ရုံစီမံကိန်းဖြစ်သည်။

အလားတူပင် ကြံခင်း ဘိလပ်မြေစက်ရုံ အမှတ် (၂) လျှပ်စစ်ရထား စီမံကိန်းသည် ပဉ္စမလေးနှစ် စီမံကိန်းကာလ ပထမနှစ်တွင်မှ ပြီးစီးအကောင်အထည်ဖော်သည်။ စတုတ္ထ လေးနှစ် စီမံကိန်းကာလတွင် စတင်လုပ်ဆောင်ခဲ့သော်လည်း ၁၉၇၅ ခုနှစ် ဒီဇင်ဘာလကုန် တွင် ကြံခင်း ဘိလပ်မြေစက်ရုံ၌ လက်ရှိရထားလမ်းများ မွမ်းမံပြင်ဆင်ခြင်း လုပ်ငန်းနှင့် ဘိလပ်မြေစက်ရုံ အမှတ် (၂) ကြံခင်း တိုးချဲ့လုပ်ငန်းအတွက် လိုအပ်မည့် ရထားလမ်းသစ် ဖောက်လုပ်ခြင်းဟူ၍ နှစ်ပိုင်းခွဲကာ အကောင်အထည်ဖော်ရခဲ့ဖြစ်သည်။ ထိုစဉ်က လက်ရှိ ရထားလမ်းများ မွမ်းမံပြင်ဆင်ခြင်းလုပ်ငန်းတွင် မွမ်းမံပြင်ဆင်ခြင်းလုပ်ငန်း ၈၇ ရာခိုင်နှုန်း၊ လမ်းခင်းကျောက် ဖြည့်တင်းခြင်းလုပ်ငန်း ၉၀ ရာခိုင်နှုန်းနှင့် ၇၅ ပေါင်စီး သံလမ်းသစ်များ ဖြင့် အစားထိုး လဲလှယ်ခြင်းလုပ်ငန်း ၃၃ ရာခိုင်နှုန်းသာ ပြီးစီးသေးသည်။ ဂျပန်နိုင်ငံမှ ဝယ်ယူတင်သွင်းသော စက်ပစ္စည်းများလည်း ၇၅ ရာခိုင်နှုန်းခန့်သာ ရောက်ရှိသေးသည်။ ရထားလမ်းသစ် ဖောက်လုပ်ခြင်းလုပ်ငန်းကို ရထားပို့ဆောင်ရေး ကော်ပိုရေးရှင်းက ဆောင် ရွက်ပေးသည်။ ထိုလုပ်ငန်းတွင်လည်း ဝါယာလုပ်ငန်း ရာခိုင်နှုန်းပြည့် ပြီးစီးပြီး၍ တာဘောင် လုပ်ငန်းမှာ ၉၅ ရာခိုင်နှုန်းနှင့် သံလမ်းလုပ်ငန်းမှာ ၈၃ ရာခိုင်နှုန်းသာ ပြီးစီးသည်။ လျှပ်စစ် ရထားလမ်း စမ်းသပ်ပြေးဆွဲခြင်းကို ၁၉၈၆ ခုနှစ် ဩဂုတ်လအတွင်း စာချုပ်ပါ သတ်မှတ် ချက်များအတိုင်း အောင်မြင်စွာ စမ်းသပ်မောင်းနှင်နိုင်ခဲ့သည်။ ထို့ကြောင့် လျှပ်စစ်ရထားကို ကုန်ထုတ်လုပ်မှုလုပ်ငန်းတွင် ၁၉၈၆ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့မှစ၍ အသုံးပြုသည်။

စားသောက်ကုန်လုပ်ငန်း ကော်ပိုရေးရှင်းအတွက် ဘိယာပုလင်းများ၊ ဆေးဝါးနှင့် အိမ်သုံးပစ္စည်း ကော်ပိုရေးရှင်းအတွက် ပုလင်းများလိုအပ်ချက်သည် တစ်နှစ်ထက်တစ်နှစ် တိုးတက်လာသည်။ ထို့ကြောင့် ကြွေထည်မြေထည်လုပ်ငန်း ကော်ပိုရေးရှင်းသည် ဖန်ချက်စက်ရုံ (သန်လျင်) တိုးချဲ့စီမံကိန်းကို ပဉ္စမလေးနှစ် စီမံကိန်းကာလတွင် အကောင်အထည်ဖော်ရန် ကြိုးပမ်းသည်။

ဖန်ချက်စက်ရုံ (သန်လျင်) တိုးချဲ့စီမံကိန်း အကောင်အထည်ဖော်မှု အောင်မြင်ပါက တစ်နှစ်လျှင် ၅၀၀ ဂရမ်ဘီယာ ပုလင်းအညို ၁၃၀ သိန်းနှင့် ၃၅၀ ဂရမ် ဆေးရည်ပုလင်း ၃၁၅ သိန်း ထုတ်လုပ်နိုင်မည်ဖြစ်သည်။ စီမံကိန်းကိုပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံ ကုန်ပစ္စည်းအကူအညီချေးငွေ ဂျာမန် ဒီမတ် ၇ သန်းဖြင့် အကောင်အထည်ဖော်သည်။ စက်ပစ္စည်း ပေးသွင်းရေးစာချုပ်ကို မူလဖန်ချက်စက်ရုံကို တည်ဆောက်ပေးသူ Nicholus Sorg ကုမ္ပဏီနှင့် ၁၉၈၈ ခု မတ်လ ၃ ရက်နေ့တွင် ဂျာမန်ဒီမတ် ၇ သန်းဖိုး စာချုပ်ချုပ်သည်။

ပင်မစက်ရုံ၊ ကြိတ်ခွဲစက်ရုံ၊ စက်မှုအလုပ်ရုံ၊ ဓာတုဗေဒ ကုန်ကြမ်းသိုလှောင်ရုံများကို ၁၉၈၈ ခုနှစ်တွင် စတင်တည်ဆောက်သည်။ စီမံကိန်းအတွက် နိုင်ငံခြားငွေကျပ် ၈၄.၉၀ သန်း အပါအဝင် စုစုပေါင်းကျပ် ၂၁၁.၈၂ သန်း ရင်းနှီးမြှုပ်နှံရန် လျာထားသတ်မှတ်ချက်ရှိသည်။ ပဉ္စမလေးနှစ် စီမံကိန်းကာလတွင် အကောင်အထည်ဖော်ရမည်ဖြစ်သည်။ လုပ်ငန်းအခြေအနေ အရပ်ရပ် အဆင်ပြေ ချောမောပြီးပြတ်ပါက ပဉ္စမလေးနှစ် စီမံကိန်းကာလအကုန် ၁၉၉၀ ပြည့်နှစ် ဇူလိုင်လခန့်တွင် စက်စမ်းသပ်လည်ပတ်နိုင်မည်ဟု မျှော်မှန်းထားသည်။

ကြွေထည်မြေထည်လုပ်ငန်း ကော်ပိုရေးရှင်း၏ လုပ်ငန်းစီမံကိန်းသစ်များ ဖြစ်သော အသေးစား ဘိလပ်မြေစက်သစ် စီမံကိန်းမှာ ပဉ္စမလေးနှစ် စီမံကိန်းကာလ၏ ပထမနှစ်နှင့် ဒုတိယနှစ်တို့တွင် အကောင်အထည်ဖော်ခြင်း မရှိသေးချေ။

စက်မှုကော်ပိုရေးရှင်း အသီးသီးမှ ထုတ်လုပ်သော ကုန်ပစ္စည်းများကို ထုပ်ပိုးရန် သစ်သားသေတ္တာများ လိုအပ်သည်။ ထို့ကြောင့် အမှတ်(၁) စက်မှုဝန်ကြီးဌာန လက်အောက်ရှိ အထွေထွေ စက်မှုလုပ်ငန်း ကော်ပိုရေးရှင်းသည် စတုတ္ထလေးနှစ် စီမံကိန်းကာလအတွင်းကပင် သစ်သားသေတ္တာ ထုပ်ပိုးပစ္စည်းစက်ရုံ စီမံကိန်းကို စတင်အကောင်အထည်ဖော်သည်။

ရန်ကုန်တိုင်း လှိုင်မြို့နယ်၊ မန္တလေးတိုင်း အမရပူရမြို့နယ်တို့ရှိ စက်ရုံခွဲများကို ၁၉၈၄ - ၈၅ ခုနှစ်အတွင်းက အာရှဖွံ့ဖြိုးရေးဘဏ်၏ ပထမအကြိမ် ချေးငွေဖြင့်လည်းကောင်း၊ ရောဝတီတိုင်း

စုသိမ်မြို့နယ်တွင် နိုင်ငံပိုင်ငွေဖြင့် လည်းကောင်း စတင်တည်ဆောက် အကောင်အထည်ဖော်သည်။ ပုသိမ်စက်ရုံခွဲသည် ၁၉၈၄-၈၅ ခုနှစ်တွင် စက်ပုံမှန်လည်ပတ်၍ ကုန်ပစ္စည်း ထုတ်လုပ်နိုင်သည်။ ရန်ကုန်နှင့် မန္တလေး စက်ရုံခွဲများမှာမူ စီမံကိန်း ကာလကို ကျော်လွန်၍ ပဉ္စမလေးနှစ် စီမံကိန်းကာလ ၁၉၈၆-၈၇ ခုနှစ်တွင်မှ စတင်လည်ပတ် ထုတ်လုပ်နိုင်ကြသည်။

ပြည်တွင်း လိုအပ်ချက်ကို ဖြည့်ဆည်းရန် ပဉ္စမလေးနှစ် စီမံကိန်းကာလ ၁၉၈၇-၈၈ ခုနှစ်တွင် သစ်သားသေတ္တာ ထုပ်ပိုးပစ္စည်း စက်ရုံစီမံကိန်းကို ဆက်လက်၍ အကောင်အထည်ဖော်သည်။ ၁၉၈၇-၈၈ ခုနှစ် စီမံကိန်း အဖြစ်ဖြင့် ပဲခူးတိုင်း အုတ်တွင်းမြို့နယ်တွင် စက်ရုံခွဲတစ်ခု တည်ဆောက်ရန် ချမှတ်စီစဉ်ချက်ရှိသည်။

ပဉ္စမလေးနှစ် စီမံကိန်း လျာထားချက်များ ရေးဆွဲစဉ်က ဤစီမံကိန်းအတွက် နိုင်ငံခြားငွေကျပ် ၆၂ သိန်း အပါအဝင် စုစုပေါင်း ကျပ် ၂၁၅ သိန်းမြုပ်နှံရန် လျာထားခဲ့သည်။ သို့သော် လက်တွေ့ အကောင်အထည်ဖော်သောအခါ ရင်းနှီးမြုပ်နှံမှုသည် နိုင်ငံခြားငွေ ကျပ် ၆၀ သိန်း အပါအဝင် စုစုပေါင်း ကျပ် ၃၈၂ သိန်း ဖြစ်လာသဖြင့် မူလလျာထားချက်ထက် စုစုပေါင်း ကျပ် ၁၆၇ သိန်း ပိုမိုကုန်ကျသည်။

အထွေထွေ စက်မှုလုပ်ငန်း ကော်ပိုရေးရှင်းသည် ပဉ္စမလေးနှစ် စီမံကိန်းကာလ၏ စီမံကိန်းသစ်ဖြစ်သော ကင်းဘတ်ဖိနပ်စက်ရုံ စီမံကိန်းကို ရန်ကုန်တိုင်း သန်လျင်မြို့နယ်တွင် ၁၉၈၆-၈၇ ခုနှစ်အတွင်း စတင်အကောင်အထည်ဖော်သည်။ ၁၉၈၈-၈၉ ခုနှစ်တွင် ပြီးစီးရန် ရည်မှန်းထားသည်။ စီမံကိန်းအတွက် နိုင်ငံခြားငွေ ကျပ် ၂၅၃ သိန်း အပါအဝင် စုစုပေါင်း ကျပ် ၆၃၆ သိန်း ရင်းနှီး မြုပ်နှံရန်လည်း လျာထား သတ်မှတ်သည်။ အကောင်အထည်ဖော်ခဲ့ကာလ ၁၉၈၈-၈၉ ခုနှစ်တွင် နိုင်ငံခြားငွေ ကျပ် ၂၀၅ သိန်း အပါအဝင် စုစုပေါင်း ကျပ် ၇၀၃ သိန်း မြုပ်နှံရန် တိုးမြှင့်သတ်မှတ်သည်။ မူလလျာထားချက်ထက် စုစုပေါင်း ကျပ် ၆၇ သိန်း တိုးမြှင့်မြုပ်နှံရန် ပြင်ဆင်လျာထားခြင်းဖြစ်သည်။

ကင်းဘတ်ဖိနပ်စက်ရုံ စီမံကိန်းကို အာရှဖွံ့ဖြိုးရေးဘဏ်၏ အစီအစဉ် ချေးငွေဖြင့် အကောင်အထည်ဖော်သည်။ တစ်နှစ်လျှင် ကင်းဘတ်ဖိနပ်အရန် ငါးသိန်းနှင့် အားကစားဖိနပ်အရန် တစ်သိန်း၊ စုစုပေါင်း ဖိနပ်အရန် ခြောက်သိန်း ထုတ်လုပ်ရန် ရည်မှန်းသည်။ စက်ပစ္စည်းများ ပေးသွင်းရေး စာချုပ်ကို ကိုရီးယား သမ္မတနိုင်ငံ ကုမ္ပဏီနှင့် ၁၉၈၇ ခုနှစ် မတ်လ ၉ ရက်နေ့တွင် ချုပ်ဆိုသည်  ၁၉၈၇ ခုနှစ် ဒီဇင်ဘာလကုန်တွင် ကိုရီးယား သမ္မတ

နိုင်ငံမှ ပေးပို့သော စက်ပစ္စည်းများ ၉၅ ရာခိုင်နှုန်းခန့် ရောက်ရှိပြီးဖြစ်သည်။ ဆောက်လုပ်ရေး လုပ်ငန်းများလည်း ၆၀ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်သည်။ ပဉ္စမလေးနှစ် စီမံကိန်း ကာလတွင် ပြီးစီးရန် ရည်မှန်း၍ အကောင်အထည်ဖော်ဆဲ စက်ရုံဖြစ်သည်။

ဂုန်လျှော်ပစ္စည်း လုပ်ငန်း ကော်ပိုရေးရှင်း အနေဖြင့် ပဉ္စမလေးနှစ် စီမံကိန်း ကာလ အတွင်း၌ ပုသိမ် အုန်းဆံကြိုး စက်ရုံ စီမံကိန်းကို အကောင်အထည်ဖော်ရန် ရည်မှန်းခဲ့သည်။ သို့သော်လည်း ပဉ္စမလေးနှစ် စီမံကိန်း၏ ပထမနှစ်ဖြစ်သော ၁၉၈၆-၈၇ နှင့် ဒုတိယနှစ် ဖြစ်သော ၁၉၈၇-၈၈ တွင်အကောင်အထည် စတင်ဖော်နိုင်ခြင်း မရှိသေးချေ။

အမှတ်(၁) စက်မှုဝန်ကြီးဌာန၊ စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း ကော်ပိုရေးရှင်းသည် ပဉ္စမလေးနှစ် စီမံကိန်း ကာလအတွင်း ဆောင်ရွက်ဆဲလုပ်ငန်း စီမံကိန်းအနေဖြင့် ရေနီ **အမှတ်(၂) စက္ကူစက် စီမံကိန်း (တတိယဆင့်)** ဖြစ်သော တစ်နေ့တန် ၁၀၀ ကျပျော့ဖတ် စက်ရုံစီမံကိန်းကို အကောင်အထည်ဖော်ရန် ရည်မှန်းခဲ့သည်။ အဆိုပါစီမံကိန်းအတွက် နိုင်ငံခြား ငွေ ကျပ် ၄၈၉၈ သိန်း အပါအဝင် စုစုပေါင်း ကျပ် ၈၆၀၇ သိန်း ရင်းနှီးမြှုပ်နှံရန် ရည်ရွယ်သည်။ စီမံကိန်းဝင် စက်ရုံကို ပဲခူးတိုင်း ရေတာရှည်မြို့နယ် ရေနီမြို့အနီး စီမံကိန်း၏ ပထမဆင့်နှင့် ဒုတိယဆင့် စက်ရုံမြေနေရာများနှင့်ကပ်၍ တည်ဆောက်ရန်နှင့် လုပ်ငန်းကို ၁၉၈၅-၈၆ ခုနှစ်တွင် စတင်ပြီး ၁၉၈၉-၉၀ တွင် ပြီးစီးရန် မျှော်မှန်းသည်။

ဤစီမံကိန်း အကောင်အထည်ဖော် ပြီးစီးပါက တစ်နှစ်လျှင် အရောင်ချွတ်ပြီးဝါးပျော့ ဖတ်ချပ်ရေ ၈၀ တန်နှင့် အရောင်ချွတ်ပြီးဝါးပျော့ဖတ်ရည် ၁၀ တန်နှင့် အရောင်မချွတ် ရသေးသည့် သစ်မျှင်ရည် ပျော့ဖတ်ရည် ၁၀ တန် ထုတ်လုပ်နိုင်မည်ဖြစ်သည်။ စီမံကိန်း အကောင်အထည်ဖော်ရန် ဂျပန်နိုင်ငံ အစိုးရ ပင်လယ်ရပ်ခြား စီးပွားရေး ပူးပေါင်း ဆောင် ရွက်မှု ရန်ပုံငွေအဖွဲ့မှ ချေးငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သည်။

ဂျပန်နိုင်ငံ အစိုးရ ပင်လယ်ရပ်ခြား စီးပွားရေး ပူးပေါင်း ဆောင်ရွက်မှုအဖွဲ့နှင့် စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း ကော်ပိုရေးရှင်းတို့သည် ၁၉၈၅ ခုနှစ် မေလ ၂၁ ရက်နေ့တွင် ငွေချေး စာချုပ်ကိုချုပ်ဆိုကြသည်။ စက်ပစ္စည်းများ ဝယ်ယူရန်အတွက် အပြည်ပြည်ဆိုင်ရာ တင်ဒါများ ခေါ်ယူသည်။ ထို့နောက် ၁၉၈၆ ခုနှစ် ဒီဇင်ဘာလကုန်တွင် မူလရည်ရွယ်ချက်ကို ပြုပြင်၍ စီမံကိန်းမှ သတင်းစာ စက္ကူများ ပြောင်းလဲထုတ်လုပ်ရေးအတွက် ဂျပန်နိုင်ငံ အစိုးရ ပင်လယ် ရပ်ခြား စီးပွားရေး ပူးပေါင်း ဆောင်ရွက်မှု ရန်ပုံငွေအဖွဲ့နှင့် ပြန်လည်ညှိနှိုင်းကြသည်။ ဤညှိနှိုင်းမှုသည် ၁၉၈၇ ခုနှစ် ဒီဇင်ဘာလကုန်သည်အထိ ပြီးပြတ်ခြင်း မရှိသေးချေ။

လုပ်ငန်း အကောင်အထည်ဖော်မှုနှင့် စပ်လျဉ်း၍ ၁၉၈၈ - ၈၉ ခုနှစ်တွင် ရင်းနှီးမြှုပ်နှံမှုကို ပြောင်းလဲခဲ့သည်။ နိုင်ငံခြားငွေ ကျပ် ၄၉၂၂ သိန်း အပါအဝင် စုစုပေါင်း ကျပ် ၈၄၇၁ သိန်း မြှုပ်နှံရန် ပြင်ဆင်၍ မူလလျာထားချက်အောက် စုစုပေါင်း ကျပ် ၁၃၆ သိန်း လျော့နည်း ရင်းနှီးရန် ပြန်လည်သတ်မှတ်သည်။

စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း ကော်ပိုရေးရှင်းသည် တစ်နေ့လျှင် ဂုန်လျှော်ရိုး ကတ်ထူပြား ၆ တန် ထုတ်လုပ်မည့်ဂုန်လျှော်ရိုး ကတ်ထူပြား ထုတ်လုပ်ရေး စက်ရုံစီမံကိန်း (မအူပင်)ကို ၁၉၈၆ ခုနှစ်တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်သည်။ စီမံကိန်းအတွက် တည်ဆောက် အကောင်အထည်ဖော်မှု လုပ်ငန်းများနှင့် စက်တပ်ဆင်မှု လုပ်ငန်းများကို အမှတ်(၂) စက်မှုဝန်ကြီးဌာန လက်အောက်ရှိ စက်မှုဆောင်ရွက်မှု လုပ်ငန်းကော်ပိုရေးရှင်း၊ အကြီးစား စက်မှုလုပ်ငန်း ကော်ပိုရေးရှင်းနှင့် ဗဟိုသုတေသနလုပ်ငန်း အဖွဲ့တို့ပါဝင်သော အဖွဲ့မှ ဆောင်ရွက်ပေးသည်။ အဆိုပါအဖွဲ့နှင့် စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း ကော်ပိုရေးရှင်းတို့သည် ဆောက်လုပ်ရေးလုပ်ငန်းများနှင့် ပတ်သက်သည့် စာချုပ်ကို ၁၉၈၆ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ချုပ်ဆိုကြသည်။

စက်ရုံတည်ဆောက်မည့် မြေနေရာတွင် မြေတိုင်းတာခြင်းနှင့် မြေစမ်းသပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီး၍ မြေနေရာ ပြုပြင်ခြင်း၊ လမ်းဖောက်လုပ်ခြင်း လုပ်ငန်းများကို ၁၉၈၇ ခုနှစ် ဇန်နဝါရီလ မှ ဇွန်လအတွင်း ဆောင်ရွက်သည်။ စက်ရုံ တည်ဆောက်ရေးကို တာဝန်ယူသော စက်မှုဆောင်ရွက်မှုလုပ်ငန်း ကော်ပိုရေးရှင်း၊ အကြီးစား စက်မှုလုပ်ငန်း ကော်ပိုရေးရှင်း၊ ဗဟိုသုတေသနလုပ်ငန်း အဖွဲ့တို့သည် စက်တပ်ဆင်ရေး၊ စက်စမ်းသပ် လည်ပတ်ရေး၊ ကုန်ကြမ်းသုံးစွဲရေး၊ ကုန်ချော ထွက်ရှိရေးနှင့် အရည်အသွေး အာမခံချက်များ ပါသော စာချုပ်ကို စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း ကော်ပိုရေးရှင်းနှင့် ၁၉၈၈ ခုနှစ်တွင် ချုပ်ဆိုရန် စီစဉ်ကြသည်။ ပြည်တွင်းတွင် ပြုလုပ်တည်ဆောက်သည့် စက်ပစ္စည်းများကို အကြီးစား စက်မှုလုပ်ငန်း ကော်ပိုရေးရှင်းက တာဝန်ယူ လုပ်ဆောင်ပေးသည်။ ပြည်ပမှ စက်ပစ္စည်း အချို့ကို ဂျပန်နိုင်ငံ ပင်လယ်ရပ်ခြား စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ရန်ပုံငွေအဖွဲ့ OECF ကုန်ပစ္စည်းချေးငွေဖြင့် ကျပ် ၅-၄၃ သန်းဖိုး ဝယ်ယူသည်။ ကျပ် ၈-၁ သန်းဖိုး ပစ္စည်းများကို နိုင်ငံပိုင် နိုင်ငံခြားငွေဖြင့် ဝယ်ယူရန် စီစဉ်သည်။ ၁၉၈၈ ခုနှစ်တွင် အဆောက်အအုံ ဆောက်လုပ်ရေး လုပ်ငန်းမှာ ၄၀ ရာခိုင်နှုန်းသာ ပြီးစီးသေးသည်။

ပဉ္စမလေးနှစ် စီမံကိန်း ရည်မှန်းချက်များ ရေးဆွဲစဉ်က ဂုန်လျှော်ရိုး စက္ကူစက် စီမံကိန်း အတွက် နိုင်ငံခြားငွေကျပ် ၃၂ သိန်း အပါအဝင် စုစုပေါင်းကျပ် ၃၈၅ သိန်း မြှုပ်နှံရန်

ရှည်မှန်းခဲ့သည်။ သို့သော် လက်တွေ့အကောင်အထည်ဖော်သောအခါ ဂုန်လျှော်ရိုး စက္ကူစက် စီမံကိန်းအတွက် နိုင်ငံခြားငွေကျပ် ၉၂ သိန်းအပါအဝင် စုစုပေါင်းကျပ် ၅၆၇ သိန်းသို့ တိုးမြှင့် မြှုပ်နှံရန် ၁၉၈၈-၈၉ တွင် ပြင်ဆင်သတ်မှတ်ခဲ့သည်။ သို့ဖြစ်၍ မူလရည်မှန်းချက်ထက် စုစုပေါင်းကျပ် ၁၈၂ သိန်း ပိုမိုမြှုပ်နှံရသည်။

ပဉ္စမလေးနှစ် စီမံကိန်းကာလတွင် စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း ကော်ပိုရေးရှင်းသည် ရွာဝတီဝိုင်း ကျိုက်လတ်မြို့နယ်တွင် တစ်နေ့လျှင် ကော့စတစ်ဆိုဒါတန် ၂၀ ထုတ်လုပနိုင်သည့် **ကော့စတစ်ဆိုဒါ စက်ရုံ**ကို တည်ဆောက်ရန် ကြိုးပမ်းသည်။ စီမံကိန်းကို ဂျပန်နိုင်ငံအစိုးရ ပင်လယ်ရပ်ခြား စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ရန်ပုံငွေအဖွဲ့၏ ချေးငွေ ယန်း ၅၅၀၀ သန်းဖြင့် အကောင်အထည်ဖော်ရန် စီစဉ်သဖြင့် ချေးငွေစာချုပ်ကို ၁၉၈၆ ခုနှစ် မေလ ၂၂ ရက်နေ့ကပင် ချုပ်ဆိုပြီးဖြစ်သည်။ မြေစမ်းသပ်ခြင်းနှင့် ရေစမ်းသပ်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ရာ ၁၉၈၇ ခုနှစ် ဇွန်လကုန်တွင် မြေစမ်းသပ်ခြင်းလုပ်ငန်းကို ဆောင်ရွက်ပြီးစီးသည်။ ၁၉၈၈ ခုနှစ်တွင် ယာယီတဲတားများနှင့် ယာယီရုံး ဆောက်လုပ်ရေးလုပ်ငန်းများ၊ စက်ရုံအတွင်း လမ်းများကျောက်ခင်းခြင်း၊ မြေဖို့ခြင်းများကို စတင်လုပ်ဆောင်သည်။ လိုအပ်သောစက်ပစ္စည်းများ ပေးသွင်းရေးအတွက် ဂျပန်နိုင်ငံ **Chiyoda Corporation** ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် ၁၉၈၈ ခုနှစ် ဇူလိုင်လ ၂၉ ရက်နေ့တွင် စာချုပ်ချုပ်ဆို၍ ယန်း ၅၁၈၇.၇၂၅ သန်းဖိုး စက်ပစ္စည်းများဝယ်ယူသည်။

ဂျပန်နိုင်ငံအစိုးရသည် ၁၉၈၈ ခုနှစ်တွင် ဖြစ်ပေါ်သည့် အရေးအခင်းကိစ္စကြောင့် ဖိုအီး စီအက်ဖ် ချေးငွေ ထုတ်ယူသုံးစွဲမှုကို ရပ်ဆိုင်းခဲ့သည်။ သို့ဖြစ်၍ စက်ပစ္စည်းပေးသွင်းမှု အဆောက်အအုံပုံစံများ မရရှိသေးသဖြင့် ၁၉၈၈ ခုနှစ်ကုန်တွင် အဓိကစက်မှု အဆောက်အအုံများကို တည်ဆောက်နိုင်ခြင်းမရှိသေးချေ။ ပဉ္စမလေးနှစ် စီမံကိန်း လျာထားချက်များရေးဆွဲစဉ်က ကော့စတစ်ဆိုဒါနှင့်ကလိုရင်းစက်ရုံကို နိုင်ငံခြားငွေကျပ် ၁၈၅၇သိန်း အပါအဝင် စုစုပေါင်းကျပ် ၄၃၉၆ သိန်း ရင်းနှီးရန် လျာထားခဲ့သည်။ ပဉ္စမလေးနှစ် စီမံကိန်း၏ တတိယနှစ်ဖြစ်သော ၁၉၈၈-၈၉ တွင် နိုင်ငံခြားငွေကျပ် ၂၀၂.၃ သိန်းအပါအဝင် စုစုပေါင်းကျပ် ၄၃၆၁ သိန်း မြှုပ်နှံရန် ပြုပြင်သတ်မှတ်ထားသည်။

စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း ကော်ပိုရေးရှင်းသည် ပဉ္စမလေးနှစ် စီမံကိန်းကာလတွင် **ဓာတ်ငွေ့ ထုတ်လုပ်ရေး စက်ရုံအမှတ်(၁) မှမ်းမံ တိုးချဲ့ရေး စီမံကိန်း**ကိုလည်း အကောင်အထည်ဖော်ရန် ကြိုးပမ်းဆောင်ရွက်သည်။ စီမံကိန်း အောင်မြင်ပြီးစီးပါက တစ်နှစ်လျှင်

အောက်ဆီဂျင်ဓာတ်ငွေ့ ကုဗပေထောင်ပေါင်း ၂၂·၇ သန်း၊ နိုက်ထရိုဂျင်ဓာတ်ငွေ့ ကုဗပေထောင်ပေါင်း ၁·၉ သန်း၊ အက်စီတလင်းဓာတ်ငွေ့ကုဗပေထောင်ပေါင်း ၉·၅ သန်း ထုတ်လုပ်နိုင်မည်ဖြစ်သည်။

စီမံကိန်းကို အာရှဖွံ့ဖြိုးရေးဘဏ် အစီအစဉ်ချေးငွေ အမေရိကန်ဒေါ်လာ ၂·၅၈ သန်းဖြင့် အကောင်အထည်ဖော်သည်။ အမေရိကန်ဒေါ်လာ ၆၉၇၄၂၉ တန်ဖိုးရှိ စက်ပစ္စည်းများ ပေးသွင်းရန် စာချုပ်ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ China National Machinery Export and Import Corporation နှင့် ၁၉၈၇ ခုနှစ် ဒီဇင်ဘာလ ၁၁ ရက်နေ့တွင် စာချုပ်ချုပ်ဆိုကြသည်။ သို့သော် ၁၉၈၈ ခုနှစ် ကုန်သည်အထိ စက်ပစ္စည်းများတင်ပို့ရေးသည် စီစဉ်ဆဲအဆင့်တွင်ပင် ရှိနေသေးသည်။ စက်ရုံမြေနေရာ ရှင်းလင်းပြုပြင်ခြင်းမှာ ၆၀ ရာခိုင်နှုန်းပြီးစီး၍ တည်ဆောက်ရေးလုပ်ငန်းမှာ ၆ ရာခိုင်နှုန်းသာပြီးစီးသေးသည်။ ထို့ကြောင့် ဓာတ်ငွေ့ထုတ်လုပ်ရေး စက်ရုံအမှတ် (၁) မွမ်းမံ တိုးချဲ့ရေးစီမံကိန်းကို ပဉ္စမလေးနှစ် စီမံကိန်းကာလတွင် မျှော်မှန်းထားသကဲ့သို့ အကောင်အထည်ဖော်နိုင်ခြင်း မရှိဟု ဆိုရမည်ဖြစ်သည်။

မီးခြစ်သည် ဒေသရောမြို့ပါ အကျိုးဝင်သော နေ့စဉ်သုံး ကုန်တစ်ခုဖြစ်သည်။ နိုင်ငံအတွင်းရှိ ပြည်သူပိုင် မီးခြစ်စက်ရုံများသည် သက်တမ်းကြာမြင့်၍ အိုမင်းနေကြပေပြီ။ ပြုပြင်မွမ်းမံရန် အထူးလိုအပ်လျက် ရှိနေပြီဖြစ်သည်။ ထို့ကြောင့် စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း ကော်ပိုရေးရှင်းသည် ပဉ္စမလေးနှစ် စီမံကိန်းကာလတွင် မီးခြစ်စက်ရုံ (ရန်ကုန်) နှင့် မီးခြစ်စက်ရုံ (မန္တလေး) တို့ကို ပြုပြင်မွမ်းမံရန် စီမံကိန်း ရေးဆွဲချမှတ်သည်။ ထိုသို့ ပြုပြင် မွမ်းမံပြီးပါက ကုန်ထုတ်စွမ်းအားတိုးတက်၍ တစ်နှစ်လျှင် မီးခြစ်ကာတွန်းပေါင်း ၂·၂ သန်းထုတ်လုပ်နိုင်မည်ဟု မျှော်မှန်းထားသည်။

မီးခြစ်စက်ရုံများ မွမ်းမံပြင်ဆင်ရေး စီမံကိန်းကို အာရှဖွံ့ဖြိုးရေးဘဏ် အစီအစဉ် ချေးငွေ အမေရိကန်ဒေါ်လာ ၄·၃၃ သန်းဖြင့် အကောင်အထည်ဖော်သည်။ စက်ပစ္စည်းများ ပေးသွင်းရေးကို ဆွီဒင်နိုင်ငံမှ Arenco Match Machinery AB ကုမ္ပဏီနှင့် ၁၉၈၇ ခုနှစ် နိုဝင်ဘာလ ၂၅ ရက်နေ့တွင် စာချုပ်ချုပ်ဆိုသည်။ စာချုပ်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄·၁၇ သန်းဖြစ်၏။ ၁၉၈၈ ခုနှစ်ကုန်တွင် စက်ပစ္စည်းများ တင်ပို့ရေးကို စီစဉ်ဆောင်ရွက်ဆဲဖြစ်သည်။ ထိုအချိန်တွင် ဆောက်လုပ်ရေး လုပ်ငန်းများမှာ ၁၁ ရာခိုင်နှုန်းခန့်ပြီးစီးပြီဖြစ်သည်။ စက်ပစ္စည်းများ အချိန်မီ မရောက်လာသဖြင့်လည်းကောင်း၊ အခြေအနေ အရပ်ရပ်တို့ကြောင့်လည်းကောင်း စီမံကိန်းမှာ ပဉ္စမလေးနှစ် စီမံကိန်းကာလတွင် အကောင်

အထည်ဖော် ပြီးစီးခြင်းမရှိဘဲ ဖြစ်နေခဲ့သည်။ နိုင်ငံခြားငွေကျပ် ၃၀.၂ သန်း အပါအဝင် စုစုပေါင်းကျပ် ၆၄.၄၀ သန်း ရင်းနှီးမြှုပ်နှံရန် လျာထားသတ်မှတ်ထားသော စီမံကိန်း ဖြစ်ပေသည်။

အမှတ်(၂) စက်မှု ဝန်ကြီးဌာန၊ အကြီးစား စက်မှုလုပ်ငန်း ကော်ပိုရေးရှင်းသည် ပဉ္စမလေးနှစ် စီမံကိန်းကာလတွင် လုပ်ငန်းစီမံကိန်းသစ် နှစ်ခုဖြစ်သော သတ္တု ဘယ်ရာရင်နှင့် ဘွတ်ရှ်ထုတ်လုပ်မှု စီမံကိန်းနှင့် အမိုးနီးယမ်နိုက်ထရိတ်နှင့် ကယ်လ်စီယမ် အမိုးနီးယမ်း နိုက်ထရိတ် ထုတ်လုပ်မှုစီမံကိန်းကို အကောင်အထည်ဖော်ရန် ရည်ရွယ်လုပ်ဆောင်သည်။

သတ္တုဘယ်ရာရင်နှင့် ဘွတ်ရှ် ထုတ်လုပ်မှုစီမံကိန်းကို ပဉ္စမလေးနှစ် စီမံကိန်း လျာထားချက်တွင် နိုင်ငံခြားငွေကျပ် ၁၂၇၈ သိန်း အပါအဝင် စုစုပေါင်းကျပ် ၂၂၇၉ သိန်း မြှုပ်နှံရန် ရည်မှန်းသည်။ အမိုးနီးယမ်း နိုက်ထရိတ်နှင့် ကယ်လ်စီယမ် အမိုးနီးယမ်း နိုက်ထရိတ် ထုတ်လုပ်မှု စီမံကိန်းအတွက် နိုင်ငံခြားငွေကျပ် ၁၄၁၂ သိန်း အပါအဝင် စုစုပေါင်းကျပ် ၁၇၈၃ သိန်း မြှုပ်နှံရန် ရည်မှန်းသည်။ သို့သော် ပဉ္စမလေးနှစ် စီမံကိန်းကာလတွင် ပြီးပြတ်အောင် မြင်အောင် အကောင်အထည်မဖော်နိုင်သေးဘဲ ရှိနေပေသည်။

အကြီးစားစက်မှုလုပ်ငန်း ကော်ပိုရေးရှင်းသည် ဗီဇယ်အင်ဂျင်ရှင်းပန့်နှင့် နော်ဇယ် ထုတ်လုပ်မှု စီမံကိန်းကို အမှတ် (၂) စက်ရုံ မလွန်တွင် အကောင်အထည်ဖော်ရန် ၁၉၇၈ ခုနှစ်မှစ၍ ချက်ကိုစလိုဗားကီးနိုင်ငံရှိ အိုမနီပေါ ကော်ပိုရေးရှင်းနှင့် လက်မှတ်ရေးထိုးချုပ်ဆို၍ အကောင်အထည်ဖော်ခဲ့သည်။ စက်ရုံတည်ဆောက်မှုကို ၁၉၈၀ ပြည့်နှစ်တွင် စတင်ခဲ့သည်။ သို့သော် စီမံကိန်းသည် ပြီးပြတ်ခြင်းမရှိသဖြင့် ပဉ္စမလေးနှစ် စီမံကိန်းကာလတွင် ဆက်လက် အကောင်အထည်ဖော်ရသည်။ စက်ရုံ ဆောက်လုပ်မှုလုပ်ငန်းသည် ၁၉၈၈ ခု ဒီဇင်ဘာလကုန်တွင်ပြီးစီး၍ စက်တပ်ဆင်မှုလုပ်ငန်းမှာ ပင်မထုတ်လုပ်ရေး အလုပ်ရုံ ၉၈ ရာခိုင်နှုန်း၊ သွန်းလောင်းရုံ ၆၅ ရာခိုင်နှုန်း၊ အထောက်အကူပြု အလုပ်ရုံ ၉၃ ရာခိုင်နှုန်း၊ ကွန်ပရက်ဆာရုံ ရာနှုန်းပြည့်၊ ရေအေးပန့်ရုံ ရာနှုန်းပြည့် ပြီးစီးသည်။ ပဉ္စမလေးနှစ် စီမံကိန်းကာလ ၁၉၈၉ ခုနှစ်တွင် ဆက်လက်အကောင်အထည်ဖော် ဆောက်လုပ်ခဲ့ရာ ပင်မထုတ်လုပ်ရေး အလုပ်ရုံတွင် ၉၉ ရာခိုင်နှုန်း၊ သွန်းလောင်းရုံတွင် ၆၅ ရာခိုင်နှုန်း၊ အထောက်အကူပြု အလုပ်ရုံတွင် ၉၆ ရာခိုင်နှုန်း၊ ကွန်ပရက်ဆာရုံတွင် ရာနှုန်းပြည့်နှင့် ရေအေးပန့်ရုံတွင် ရာနှုန်းပြည့် တပ်ဆင်ပြီးစီးသည်။

စက်ရုံစီမံကိန်းကို စတုတ္ထလေးနှစ် စီမံကိန်းကာလကပင် စတင်အကောင်အထည်ဖော်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ပဉ္စမလေးနှစ် စီမံကိန်းကာလ ၁၉၈၉ ခုနှစ်တွင်ပင် ပြီးစီးအောင်မြင်ခြင်း မရှိသေးသဖြင့် ရည်မှန်းထားသော ကုန်ထုတ်လုပ်မှုကို စတင်လုပ်ဆောင်နိုင်ခြင်း မရှိသေးဘဲ ဖြစ်နေပေသည်။

**စွမ်းအင်ဝန်ကြီးဌာန၏** ပဉ္စမလေးနှစ်စီမံကိန်းကာလအတွင်းဆက်လက်အကောင်အထည် ဖော်နေသည့် ဆောင်ရွက်ဆဲလုပ်ငန်း စီမံကိန်းများတွင် ရေနံ ဓာတုဗေဒနှင့် သဘာဝ ဓာတ်ငွေ့လုပ်ငန်း ကော်ပိုရေးရှင်းမှ **ရေနံဓာတ်ငွေ့ရည်ထုတ်လုပ်ရေးစီမံကိန်း ဒုတိယအဆင့်** လည်းပါဝင်သည်။ ဤစီမံကိန်းအတွက် နိုင်ငံခြားငွေကျပ် ၂၃၇၀ သိန်း အပါအဝင် စုစုပေါင်း ကျပ် ၃၀၀၈ သိန်း ရင်းနှီးမြှုပ်နှံရန် ရည်ရွယ်သည်။ စင်စစ်အားဖြင့် မန်းနှင့်ထောက်ရှာပင် ရေနံမြေတို့မှ ရေနံနှင့်အတူထွက်ရှိသော သဘာဝဓာတ်ငွေ့ တစ်ရက်လျှင် ကုဗပေ ၂၄ သန်းမှ ရေနံဓာတ်ငွေ့ရည်များ ထုတ်လုပ်ရန် မန်းရေနံမြေအနီး၌ ရေနံဓာတ်ငွေ့ရည်ထုတ်လုပ်ရေးစီမံ ကိန်း ဒုတိယအဆင့်ကို ၁၉၈၄ နိုဝင်ဘာလကပင် စတင်အကောင်အထည်ဖော် တည်ဆောက် သည်။ စက်ရုံ စက်ပစ္စည်းများတပ်ဆင်ခြင်း၊ ရေနံဓာတ်ငွေ့ရည် ပိုက်လိုင်းများ၊ သဘာဝ ဓာတ်ငွေ့ပိုက်လိုင်းများ၊ ရေပိုက်လိုင်းများ သွယ်တန်းခြင်း၊ မင်းဘူး သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံမှ ၃၃ ကေဗွီဓာတ်အားလိုင်း ဆက်သွယ်ခြင်းတို့ကို အကောင်အထည် ဖော်ပြီးစီး၍ တပ်ဆင်ပြီးစီးသောစက်ပစ္စည်းများကို အဆင့်ဆင့် စမ်းသပ်လည်ပတ်သည်။ ၁၉၈၆ ခု၊ အောက်တိုဘာလ ၈ ရက်နေ့တွင် မင်းဘူး ဓာတ်အားပေးစက်ရုံမှ ၃၃ ကေဗွီ ဓာတ်အားကိုသည်းကောင်း၊ ဒီဇင်ဘာလ ၂ ရက်နေ့တွင် မြန်မာ့ရေနံ ကော်ပိုရေးရှင်းမှ သဘာဝဓာတ်ငွေ့ကိုလည်းကောင်း စတင်လက်ခံအသုံးပြုခဲ့သည်။

စက်ရုံကို စတင်လည်ပတ်ရန်အတွက် စက်ရုံသုံးအတွက် လိုအပ်သည့်ပရိုပိန်းနက်ဖသာနှင့် အပူပေးဆီ အစရှိသည်တို့ ဖြည့်တင်းခြင်း၊စက်ပစ္စည်းများနှင့် စက်ထိန်းကိရိယာများ စစ်ဆေး ခြင်း၊ချိန်ညှိခြင်းအစရှိသည်တို့ကိုအစီအစဉ်အတိုင်းဆောင်ရွက်ခဲ့သည်။ ၁၉၈၆ ခု၊ ဒီဇင်ဘာလ ၁၇ ရက်နေ့တွင်စက်ရုံရှိ သဘာဝဓာတ်ငွေ့ကို ဖိအားမြှင့်ပေးသည့် ဘွန်ပရက်ဆာကိုမောင်းသည့် ဂက်စ်တာဘိုင်ကို စမ်းသပ်မောင်းနှင် စစ်ဆေးပြီးနောက် တပ်ဆင်ထားသော စက်ပစ္စည်း ချွတ်ယွင်းမှုကြောင့် သဘာဝဓာတ်ငွေ့မောင်းနှင်းကို တင်မရခဲ့ပေ။ ထို့ကြောင့် ၁၉၈၆ ခု၊ ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် စက်ရုံကိုရပ်ပြီး ချွတ်ယွင်းချက်များရှိနေသည့် စက်ပစ္စည်းများကို ပြုပြင်လဲလှယ်ခြင်းများ ပြုလုပ်ရန် ကန်ထရိုက်တာအား ဆောင်ရွက်စေခဲ့သည်။ ကန်ထရိုက် တာက အမြန်ဆုံး ဆောင်ရွက်ပြုပြင်ပြီး ၁၉၈၇ ခု၊ ဇန်နဝါရီလ ၁၃ ရက်နေ့တွင် သဘာဝ ဓာတ်ငွေ့ စတင်လက်ခံယူ၍ လည်ပတ်ပြီး လိုအပ်သောချိန်ညှိမှုများ ပြုလုပ်လည်ပတ်ခဲ့ရာ ၁၉၈၇ ခု၊ ဇန်နဝါရီလ ၂၃ ရက်နေ့တွင် ရေနံဓာတ်ငွေ့ရည်များ စတင်ထွက်ရှိသည်။

စက်ရုံ၏ ချက်လုပ်စွမ်းဆောင်မှုကို စစ်ဆေးရန် ၁၉၈၇ ခု၊ ဇန်နဝါရီလ ၂၅ ရက်နေ့မှ ၂၈ ရက်နေ့အထိ သဘာဝဓာတ်ငွေ့ တစ်ရက်လျှင် ကုဗပေ ၁၂ သန်းနှုန်းဖြင့် လည်းကောင်း၊ ၁၉၈၇ ခု၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့မှ ၁၅ ရက်နေ့အထိ ၁၃.၅ သန်း နှုန်းဖြင့်လည်းကောင်း

လည်ပတ်၍ ရေနံဓာတ်ငွေ့ရည် ရရှိနှုန်းအရည်အသွေးနှင့် သုံးစွဲနှုန်းများကို စစ်ဆေးခဲ့သည်။ ထို့ကြောင့် စက်ရုံတွင် တပ်ဆင်ထားသော ဓာတ်ငွေ့ဖိအားမြှင့်စက်ကို မောင်းနှင်သည့် ဓာတ်ငွေ့သုံး တာဘိုင်ကို သတ်မှတ်လည်ပတ်ချိန်ပြည့်သဖြင့် ရပ်နားစစ်ဆေးပြီး အခြားစက်ကိရိယာများကိုလည်း လိုအပ်သော စစ်ဆေးပြုပြင်မှုများ ဆောင်ရွက်သည်။ စက်ရုံသို့ ၁၉၈၇ ခု ဧပြီလ ၁၁ ရက်နေ့တွင် တရားဝင် လွှဲပြောင်းလက်ခံသည်။ လုပ်ငန်းအကောင်အထည်ဖော်မှု ပြီးစီးသဖြင့် ၁၉၈၇-၈၈ ခုနှစ်မှစ၍ ရေနံဓာတ်ငွေ့ရည် မက်ထရစ်တန် ၃၀၀၀၀ ကို နှစ်စဉ် ထုတ်ပေးနိုင်မည်ဖြစ်သည်။

ဤစီမံကိန်းအတွက် ဂျပန်နိုင်ငံ ပင်လယ်ရပ်ခြား စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ရန်ပုံငွေအဖွဲ့မှ ဂျပန်ယန်းသန်း ၇၁၀၀ ချေးယူ တည်ဆောက်ခဲ့ရာ ဂျပန်ယန်းသန်း ၆၆၇၀ ကုန်ကျသည်။ စက်ရုံတည်ဆောက် ပြီးစီးပြီဖြစ်၍ လက်ကျန်ငွေ ဂျပန်ယန်းသန်း ၄၃၀ ဖြင့် အရန်ပစ္စည်းများ ဝယ်ယူရန် ၁၉၈၇ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်နေ့တွင် သက်ဆိုင်ရာ ကုမ္ပဏီနှင့် စာချုပ်ချုပ်ဆို၍ ဆက်လက်ဆောင်ရွက်သည်။

ထို့ပြင် ရွှေပြည်သာ၊ မြန်အောင်၊ ထန်းတပင် ရေနံမြေတို့မှ စက်လည်ရက် တစ်ရက်လျှင် အပေါင်းပါဓာတ်ငွေ့ ကုဗပေသန်း ၅၀ မှ ရေနံဓာတ်ငွေ့ရည်များ ထုတ်လုပ်ရန် ကြံခင်းမြို့ အနီးတွင် **ရေနံဓာတ်ငွေ့ ရည် ထုတ်လုပ်ရေး စီမံကိန်း တတိယအဆင့်** တည်ဆောက်ရေးအတွက် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီအဖွဲ့မှ ကိုယ်စားလှယ်အဖွဲ့ တစ်ဖွဲ့သည် ၁၉၈၅ ခု၊ ဧပြီလကုန်မှ မေလအလယ်အထိလာရောက်၍ ဖြစ်မြောက်နိုင်စွမ်းရှိ မရှိ လေ့လာမှုများပြုလုပ်ကာ ၁၉၈၅ ခု၊ ဩဂုတ်လကုန်တွင် အစီရင်ခံစာမူကြမ်း တင်ပြခဲ့သည်။ ထို့နောက် ဂျပန်နိုင်ငံ ပင်လယ်ရပ်ခြား စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ရန်ပုံငွေမှ ကိုယ်စားလှယ်အဖွဲ့ တစ်ဖွဲ့သည် ၁၉၈၅ ခု၊ စက်တင်ဘာလတွင် စီမံကိန်းတည်ဆောက်မည့် ဒေသသို့ သွားရောက်လေ့လာကြည့်ရှုသည်။ စီမံကိန်း အကောင်အထည်ဖော်ရေး ကိစ္စရပ်များ အတွက် ဆွေးနွေးညှိနှိုင်းခဲ့သည်။ စီမံကိန်း အကောင်အထည်ဖော်ရန်အတွက် ခန့်မှန်းခြေ ကုန်ကျမည့် နိုင်ငံခြားငွေ ပမာဏမှာ ဂျပန်ယန်းငွေ သန်းပေါင်း ၁၂၉၀၀ (မြန်မာကျပ်ငွေ သန်းပေါင်း ၄၅၁.၅) ဖြစ်၍ ပင်လယ်ရပ်ခြား စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (အိုအီးစီအက်ဖ် )၏ ၁၉၈၆-၈၇ ခုနှစ်အတွက် လျာထားသောချေးငွေမှာ ရယူအကောင်အထည်ဖော်ရန် ရည်မှန်းထားသည်။ အခြေအနေ အကြောင်းအရပ်ရပ်တို့ကြောင့် စီမံကိန်း အကောင်အထည်ဖော်မှုမှာ ပဉ္စမလေးနှစ် စီမံကိန်းကာလတွင် မပြီးပြတ်သေးဘဲ ရှိနေပေသည်။

စွမ်းအင်ဝန်ကြီးဌာန၏ လုပ်ငန်းစီမံကိန်းသစ်များဖြစ်သည့် အသုံးပြုပြီးသော စက်ဆီများ ပြန်လည်သန့်စင်သည့် စက်ရုံစီမံကိန်း၊ မင်္ဂလာ ကမ်းလွန်ရေနံ တိုးတက်ဖော်ထုတ်ရေး စီမံကိန်းတို့မှာ ပဉ္စမလေးနှစ် စီမံကိန်း၏ ပထမနှစ်နှင့် ဒုတိယနှစ်တို့တွင် စတင်အကောင်အထည်ဖော်ခြင်း မရှိသေးချေ။

သတ္တုတွင်းဝန်ကြီးဌာန လက်အောက်ရှိ ဆားလုပ်ငန်း ကော်ပိုရေးရှင်းသည်လည်း ပဉ္စမလေးနှစ် စီမံကိန်းကာလအတွင်း မဂ္ဂနီဆီယမ်အောက်ဆိုက် ပင်လယ်ရေ စီမံကိန်းကို အကောင်အထည်ဖော်ရန် ရည်မှန်းခဲ့သည်။ အဆိုပါစီမံကိန်းကို ၁၉၈၇-၈၈ ခုနှစ်တွင် စတင်တည်ဆောက် အကောင်အထည်ဖော်ပြီး ၁၉၈၉-၉၀ တွင် ပြီးစီးရန် မျှော်မှန်းသည်။ တည်ဆောက်ပြီးစီးပါက ၁၉၈၉-၉၀ တွင် ကုန်ပစ္စည်း စတင်ထုတ်လုပ်နိုင်မည်ဖြစ်သည်။ အဆိုပါ လုပ်ငန်းအတွက် နိုင်ငံခြားငွေကျပ် ၂၂.၅ သန်းအပါအဝင် စုစုပေါင်းကျပ် ၃၄.၇ သန်း ရင်းနှီးရန် လျာထားသည်။ ပဉ္စမလေးနှစ် စီမံကိန်းကာလတွင် မျှော်မှန်းထား သကဲ့သို့ အကောင်အထည်ဖော်နိုင်ခြင်း မရှိခဲ့ချေ။

လယ်ယာနှင့် သစ်တောဝန်ကြီးဌာန သစ်လုပ်ငန်း ကော်ပိုရေးရှင်းသည် ပဉ္စမလေးနှစ် စီမံကိန်း၏ ဒုတိယနှစ်ဖြစ်သော ၁၉၈၇-၈၈ ခုနှစ်တွင် ဆက်လက်တည်ဆောက်နေသည့် စက်မှုလက်မှု စီမံကိန်းအနေဖြင့် သစ်အခြေခံ စက်မှုလုပ်ငန်း စီမံကိန်း (၁)ကို အကောင်အထည်ဖော်သည်။ အဆိုပါစီမံကိန်းကို ၁၉၈၁-၈၂ ခုနှစ်မှ စတင်အကောင်အထည်ဖော်ခဲ့ရာ နိုင်ငံခြားငွေကျပ် ၂၂၄.၉ သန်းအပါအဝင် စုစုပေါင်းကျပ် ၄၄၅.၆ သန်း ရင်းနှီးမြှုပ်နှံရန် သတ်မှတ်ထားသည်။ ၁၉၈၇-၈၈ ခုနှစ်တွင် တည်ဆောက်ပြီးစီး၍ ၁၉၈၈-၈၉ ခုနှစ်တွင် ကုန်ပစ္စည်း စတင်ထုတ်လုပ်နိုင်ရန်လည်း မျှော်မှန်းထားသည်။ မျှော်မှန်းလျာထားချက်အတိုင်း အကောင်အထည်ဖော်မှု အောင်မြင်သဖြင့် ပဉ္စမလေးနှစ် စီမံကိန်းကာလ ၁၉၈၈-၈၉ ခုနှစ်တွင် ပြီး စီး၍ ကုန်ပစ္စည်းထုတ်လုပ်နိုင်သည်။

အလားတူပင် သစ်အခြေခံ စက်မှုလုပ်ငန်း စီမံကိန်း (၂) ကို ၁၉၈၄-၈၅ ခုနှစ်မှစ၍ ကမ္ဘာ့ဘဏ်ချေးငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။ စီမံကိန်းအတွက် နိုင်ငံခြားငွေကျပ် ၂၃၆.၉ သန်းအပါအဝင် စုစုပေါင်းကျပ် ၄၆၂.၅ သန်း ရင်းနှီးမြှုပ်နှံရန် လျာထားသည်။ ၁၉၈၅-၈၆ ခုနှစ်တွင် တင်ဒါခေါ်ယူခြင်းနှင့် စာချုပ်ချုပ်ဆိုခြင်း လုပ်ငန်းများပြုလုပ်၍ ၁၉၈၇-၈၈ခုနှစ်တွင် မြန်မာအထပ်သားစက်ရုံအမှတ်(၅)ကိုသံထည်ပစ္စည်းများဖြင့် တည်ဆောက်ရေးလုပ်ငန်း စတင်နိုင်ခဲ့သည်။ သစ်ခွဲသား သိုလှောင်ရုံ ဆောက်လုပ်ခြင်းလုပ်ငန်းနှင့် ရွှေ့ပြောင်းစက်များကိုလည်း စတင်တည်ဆောက်သည်။ အမှတ် (၄) သစ်စက် မွမ်းမံပြင်ဆင်

ရေးလုပ်ငန်းမှာ ပြီးစီး၍ စက်ပစ္စည်းများတပ်ဆင်သည်။ ဆက်လက်အကောင်အထည်ဖော်ရာ ၁၉၈၈-၈၉ ခုနှစ်တွင် မုံရွာအထပ်သားစက်ရုံ၏ ဆောက်လုပ်ရေး လုပ်ငန်းများတွင် အလုပ်ရုံနှင့် သစ်ခွဲသား/သိုလှောင်ရုံ ဆောက်လုပ်ခြင်းလုပ်ငန်းများ ပြီးစီးခဲ့သည်။ အမှတ် (၄) သစ်စက် မွမ်းမံပြင်ဆင်ခြင်းလုပ်ငန်းနှင့် ရွှေ့ပြောင်းလွယ် သစ်မာစက်လုပ်ငန်းများ၊ မုံရွာအထပ်သား စက်ရုံနှင့် ရွှေ့ပြောင်းလွယ် သစ်မာစက် လုပ်ငန်းများမှာ ၁၉၉၀-၉၁ ခုနှစ်တွင် ပြီးစီးမည်ဟု မျှော်မှန်းထားသည်။

မူလ ပဥ္စမလေးနှစ် စီမံကိန်း ရည်မှန်းချက်များ ရေးဆွဲစဉ်က ဤသစ်အခြေခံ စက်မှု လုပ်ငန်းစီမံကိန်း (၂)ကို နိုင်ငံခြားငွေကျပ် ၂၂၁.၃ သန်းအပါအဝင် စုစုပေါင်းကျပ် ၄၀၇.၅ သန်း မြှုပ်နှံရန် လျာထားသော်လည်း အကောင်အထည် စတင်ဖော်ပြီးနောက် ၁၉၈၇-၈၈ ခုနှစ်၊ စီမံကိန်းကာလတွင် နိုင်ငံခြားငွေကျပ် ၂၁၆.၉ သန်းအပါအဝင် စုစုပေါင်းကျပ် ၄၆၂.၅ သန်းမြှုပ်နှံရန် ပြင်ဆင်သတ်မှတ်ခဲ့လေသည်။

လုပ်ငန်းစီမံကိန်းသစ်များဖြစ်သည့် သစ်စပ်ပြားစက်ရုံ စီမံကိန်း၊ သစ်ခြောက်သွင်းစက်ရုံ စီမံကိန်း၊ တန် (၁၀၀၀၀) ကျသစ်မာစက် စီမံကိန်း၊ တန် (၆၀၀၀) ကျ သစ်မာစက် စီမံကိန်းနှင့် ကော်စက်ရုံစီမံကိန်းတို့သည် ပဥ္စမလေးနှစ် စီမံကိန်း၏ ပထမနှစ်နှစ်တွင် စတင်နိုင်ခြင်း မရှိကြောင်း တွေ့ရှိရသည်။

**ကုန်သွယ်ရေး ဝန်ကြီးဌာန** လယ်ယာ ကိုင်းကျွန်းနှင့် ဥယျာဉ်ခြံမြေထွက် ကုန်ပစ္စည်း ကုန်သွယ်ရေး ကော်ပိုရေးရှင်းသည် ပဥ္စမလေးနှစ် စီမံကိန်းကာလအတွင်း ဆောင်ရွက်ဆဲ လုပ်ငန်း စီမံကိန်းအဖြစ် **တန် ၁၀၀ ကျဆန်စက်** စီမံကိန်း ၁၂ ခုနှင့် **တန် ၂၅၀ ကျဆန်စက် ၃** လုံး တည်ဆောက်ရေးကို ဆက်လက် အကောင်အထည်ဖော်သည်။

တန် ၁၀၀ ကျဆန်စက် ၁၂ လုံးကို ၁၉၈၁-၈၂ ခုနှစ်မှစ၍ အာရှဖွံ့ဖြိုးရေးဘဏ် ဒုတိယချေးငွေဖြင့် ဆောင်ရွက်ခဲ့ရာ ပဥ္စမလေးနှစ် စီမံကိန်း ကာလ၏ ပထမနှစ်ဖြစ်သော ၁၉၈၆-၈၇ ခုနှစ်တွင် ပြီးစီးခဲ့သည်။ ထိုသို့တည်ဆောက် အကောင်အထည် ဖော်ခဲ့သော ဆန်စက် စီမံကိန်းများနှင့် ရင်းနှီးမြှုပ်နှံမှုမှာ အောက်ပါအတိုင်း ဖြစ်သည်—

| **စီမံကိန်းအမည်** | **စုစုပေါင်းရင်းနှီးမြှုပ်နှံမှု (ကျပ်သိန်း)** | |
|---|---|---|
| | **စုစုပေါင်း** | **နိုင်ငံခြားငွေ** |
| ပုသိမ်(၁) တန် ၁၀၀ ကျ ဆန်စက်စီမံကိန်း | ၂၇၃ | ၈၄ |
| ပုသိမ်(၂) တန် ၁၀၀ ကျ ဆန်စက်စီမံကိန်း | ၂၇၇ | ၈၇ |
| လပွတ္တာ (၁) တန် ၁၀၀ ကျ ဆန်စက်စီမံကိန်း | ၄၀၈ | ၁၄၃ |

| စီမံကိန်းအမည် | စုစုပေါင်းရင်းနှီးမြှုပ်နှံမှု (ကျပ်သိန်း) | |
|---|---|---|
| | စုစုပေါင်း | နိုင်ငံခြားငွေ |
| လပွတ္တာ (၂) တန် ၁၀၀ ကျ ဆန်စက်စီမံကိန်း | ၄၀၉ | ၁၄၃ |
| ပုတောတန် ၁၀၀ ကျ ဆန်စက်စီမံကိန်း | ၄၀၉ | ၁၄၃ |
| မအူပင် တန် ၁၀၀ ကျ ဆန်စက်စီမံကိန်း | ၄၀၈ | ၁၄၃ |
| ဒေးဒရဲ တန် ၁၀၀ ကျ ဆန်စက်စီမံကိန်း | ၄၀၈ | ၁၄၃ |
| ကွမ်းခြံကုန်း တန် ၁၀၀ ကျ ဆန်စက်စီမံကိန်း | ၄၁၁ | ၁၄၃ |
| ကော့မှူး တန် ၁၀၀ ကျ ဆန်စက်စီမံကိန်း | ၄၀၇ | ၁၄၃ |
| သန်လျင် တန် ၁၀၀ ကျ ဆန်စက်စီမံကိန်း | ၂၇၀ | ၉၁ |
| ကျောက်တံခါး တန် ၁၀၀ ကျ ဆန်စက်စီမံကိန်း | ၂၇၇ | ၈၈ |
| ကြို့ပင်ကောက် တန် ၁၀၀ ကျ ဆန်စက်စီမံကိန်း | ၂၆၅ | ၈၃ |

အဆိုပါ စီမံကိန်းများကို အောင်မြင်စွာ အကောင်အထည်ဖော် ပြီးစီးသဖြင့် ပဉ္စမ လေးနှစ်စီမံကိန်း ကာလတွင် နှစ်စဉ်ဆန်တန်ရှည် ၁၃၃၃၃၊ ဆန်ကွဲ တန်ရှည် ၃၀၈ နှင့်ဖွဲနု တန်ရှည် ၁၁၂၈ အသီးသီး ထုတ်လုပ်နိုင်မည်ဖြစ်သည်။

အလားတူပင် လယ်ယာကိုင်းကျွန်းနှင့် ဥယျာဉ်ခြံမြေထွက် ကုန်ပစ္စည်း ကုန်သွယ်ရေး ကော်ပိုရေးရှင်းသည် စတုတ္ထလေးနှစ် စီမံကိန်းကာလ ၁၉၈၃ - ၈၄ ခုနှစ်ကပင် တန် ၂၅၀ ကျ ဆန်စက်သုံးလုံးဖြစ်သော မြောင်းမြတန် ၂၅၀ ကျဆန်စက် စီမံကိန်း၊ လက်ပံတန်းတန် ၂၅၀ ဆန်စက်စီမံကိန်းနှင့် ခနောင်တို တန် ၂၅၀ ကျဆန်စက် စီမံကိန်းတို့ကို စတင်အကောင်အထည် ဖော်ခဲ့သည်။ အဆိုပါ စီမံကိန်းများအတွက် ရင်းနှီးမြှုပ်နှံမှုမှာ အောက်ပါအတိုင်းဖြစ်သည်—

| စီမံကိန်းအမည် | စုစုပေါင်းရင်းနှီးမြှုပ်နှံမှု (ကျပ်သိန်း) | |
|---|---|---|
| | စုစုပေါင်း | နိုင်ငံခြားငွေ |
| မြောင်းမြ တန် ၂၅၀ ကျ ဆန်စက်စီမံကိန်း | ၁၀၆၀ | ၄၁၈ |
| လက်ပံတန်း တန် ၂၅၀ ကျ ဆန်စက်စီမံကိန်း | ၁၀၆၀ | ၄၁၈ |
| ခနောင်တို တန် ၂၅၀ ကျ ဆန်စက်စီမံကိန်း | ၁၃၅၆ | ၅၈၆ |


တန် ၂၅၀ ကျ ဆန်စက်စီမံကိန်းများကို ပဉ္စမလေးနှစ် စီမံကိန်းကာလ ၁၉၈၈-၈၉ ခုနှစ်တွင် တည်ဆောက်ပြီးစီး၍ ၁၉၈၉-၉၀ ခုနှစ်တွင် ကုန်ပစ္စည်းများ စတင်ထုတ်လုပ်ရန် ရည်မှန်းခဲ့သည်။ လုပ်ငန်း အကောင်အထည်ဖော်မှုမှာ ၁၉၈၇-၈၈ ခုနှစ်တွင်-ဆောင်ရွက်ဆဲ အခြေတွင်ပင်ရှိ နေသေးသည်။ အရေးအခင်းဖြစ်သည့် ၁၉၈၈ ခုနှစ် နောက်ပိုင်းတွင် အဆိုပါ စီမံကိန်းများ၏ တည်ဆောက်ပြီးစီးမှု ကာလကို ၁၉၉၀-၉၁ ခုနှစ်သို့ တိုးမြှင့်သတ်မှတ်လိုက်သည်။ သို့ဖြစ်၍ အဆိုပါ စီမံကိန်းများသည် ပဉ္စမလေးနှစ် စီမံကိန်းကာလတွင် အကောင်အထည်မပေါ်သေးဘဲ ကုန်ပစ္စည်းများကို ၁၉၉၁-၉၂ ခုနှစ်တွင်မှ စတင်ထုတ်လုပ်နိုင်မည်ဟု ပြုပြင်သတ်မှတ်ထားသည်။

လယ်ယာကိုင်းကျွန်းနှင့် ဥယျာဉ်ခြံမြေထွက် ကုန်ပစ္စည်း ကုန်သွယ်ရေး ကော်ပိုရေးရှင်းတွင် ပဉ္စမလေးနှစ် စီမံကိန်းကာလအတွင်း အကောင်အထည်ဖော်ရန် ရည်မှန်းထားသော ဆန်စက်သစ်စီမံကိန်းများလည်းရှိသည်။ အဆိုပါ စီမံကိန်းများမှာ ကျောက်တန်း တန် (၁၅၀) ကျ ဆန်စက်စီမံကိန်း၊ နတ်တလင်းတန် (၁၅၀) ကျ ဆန်စက်စီမံကိန်း၊ ပေါင် တန် (၁၅၀) ကျ ဆန်စက်စီမံကိန်း၊ ဖျာပုံတန် (၁၅၀) ကျဆန်စက်စီမံကိန်း၊ မော်လမြိုင်ကျွန်း တန် (၁၅၀) ကျ ဆန်စက် စီမံကိန်းနှင့် ကျောင်းကုန်း တန် (၁၅၀) ကျ ဆန်စက် စီမံကိန်းများ ဖြစ်ကြသည်။ ၁၉၈၇-၈၈ ခုနှစ်တွင်မှ စတင်တည်ဆောက် အကောင်အထည်ဖော်ရန် သတ်မှတ်ထားသည်။ သို့သော် အခြေအနေ အမျိုးမျိုးကြောင့် တန် ၁၅၀ ကျဆန်စက်သစ် စီမံကိန်းများမှာ ပဉ္စမလေးနှစ် စီမံကိန်းကာလတွင် အကောင်အထည် မဖော်နိုင်သေးဘဲ နှောင့်နှေးလျက် ရှိနေကြပေသည်။

အမှတ်(၁) စက်မှုဝန်ကြီးဌာန၊ အမှတ်(၂) စက်မှုဝန်ကြီးဌာနနှင့် စက်မှုလုပ်ငန်း၊ စက်မှု ပံ့ပိုးလုပ်ငန်းများကို တာဝန်ယူကြသော ဝန်ကြီးဌာနများ၊ စက်မကော်ပိုရေးရှင်းများသည် နိုင်ငံတော်၏ စက်မှုကဏ္ဍ စည်ပင်တိုးတက်ရေးကို ဝိုင်းဝန်း ကြိုးပမ်းလုပ်ဆောင်ကြသည်။ နှစ်ရှည်စီမံကိန်းက ချမှတ် လျာထားသော ရည်မှန်းချက်များ ပြည့်ဝအောင်မြင်ရေး၊ ပြည်သူတို့၏ စားဝတ်နေရေး အဆင့်အတန်း မြင့်မားတိုးတက် ပြေလည်ရေးတို့ကို မျှော်မှန်းလျက် စီမံကိန်းကာလများအလိုက် စက်ရုံအလုပ်ရုံသစ်များကို တည်ဆောက်ကြသည်။ စက်ရုံအလုပ်ရုံဟောင်းများကို ပြုပြင်မွမ်းမံ တိုးချဲ့လျက် စက်မှုကုန်ထုတ်စွမ်းအား တိုးတက်ရေးကို ဆောင်ရွက်ကြသည်။

ထိုသို့ဆောင်ရွက်ရာ၌ စတုတ္ထလေးနှစ် စီမံကိန်းကာလတွင် စတင်အခြေခံသော်လည်း သတ်မှတ်လျာထားချက်အတိုင်း မပြီးပြတ်သဖြင့် ပဉ္စမလေးနှစ် စီမံကိန်းကာလတွင် ဆက်လက်

အကောင်အထည်ဖော်ရသော စက်ရုံများကို ပြီးပြတ်အောင်မြင်အောင် ဆက်လက် လုပ်ဆောင်ကြရသည်။ စက်ရုံစီမံကိန်းသစ်များကိုလည်း အကောင်အထည်ဖော်ကြရသည်။ ပဥ္စမလေးနှစ် စီမံကိန်းကာလသည် ၁၉၈၆ - ၈၇ ခုနှစ်တွင် စတင်၍ ၁၉၈၉ - ၉၀ ခုနှစ်တွင် ပြီးဆုံးမည် ဖြစ်သည်။ သို့သော် ဖြစ်ပေါ်လာသော နိုင်ငံရေး မတည်ငြိမ်မှုများကြောင့် စက်ရုံစီမံကိန်းများ အကောင်အထည်ဖော်မှုကို ပထမနှင့် ဒုတိယနှစ်ဖြစ်သော ၁၉၈၆ ခုနှင့် ၁၉၈၇ ခုနှစ်တို့တွင်သာ လုပ်ဆောင်နိုင်သည်။ နိုင်ငံခြားငွေ ရရှိမှုအခက်အခဲ၊ ပြည်ပမှ စက်များ၊ စက်ပစ္စည်း ကိရိယာများရရှိမှု အခက်အခဲစသည်တို့ကြောင့်လည်း နှောင့်နှေးမှုများ ရှိခဲ့သည်။ ထို့ကြောင့် စက်ရုံစီမံကိန်းများသည် ပဥ္စမလေးနှစ် စီမံကိန်းကာလ ရည်မှန်း သတ်မှတ်ချက်အတိုင်း မဟုတ်ဘဲ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ တက်လာပြီးသည့်နောက်ပိုင်းတွင်မှ ဆက်လက် အကောင်အထည်ဖော်ရဆဲ အဆင့်တွင် ရှိနေကြလေသည်။



ဘိလပ်မြေစက်ရုံ အမှတ် (၂)
ကြံခင်း




ဘောလုံးစက်ရုံ (မှော်ဘီ)



ဂုန်နီကော်ဇောစက်ရုံ (ဓါပုံ)

အမှတ် (၁) စက္ကူစက် (စစ်တောင်း)



အခန်း ၄

# စက်မှုကဏ္ဍ၏ ကုန်ထုတ်စွမ်းအား

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်၏ စီးပွားရေးကို အရှိန်အဟုန်မြင့်မားတိုးတက်လာစေရေးအတွက် နှစ်တိုနှစ်ရှည် နှစ်စဉ်စီမံကိန်းများ ချမှတ်ကာ လုပ်ငန်းကဏ္ဍအလိုက် ခွဲဝေ၍ အားသွန်ခွန်စိုက် ကြိုးပမ်းလုပ်ဆောင်ခဲ့သည်။ ထိုသို့လုပ်ဆောင်ခဲ့ရာတွင် ပဉ္စမလေးနှစ် စီမံကိန်း ကာလအတွင်း စက်မှုလက်မှုကဏ္ဍနှင့် ပတ်သက်၍ ထားရှိခဲ့သော အဓိက ရည်မှန်းချက်များမှာ လယ်ယာစိုက်ပျိုးရေးနိုင်ငံမှ လယ်ယာစိုက်ပျိုးရေးကို အခြေခံသော စက်မှုလက်မှုနိုင်ငံအဖြစ် အချိုးကျကျ တိုးတက်ပြောင်းလဲရန်အတွက် စက်မှုလက်မှုကဏ္ဍ၏ ထုတ်လုပ်မှုကို တိုးတက်အောင် ဆက်လက်ဆောင်ရွက်သွားရန်ဖြစ်သည်။ ဤသို့ စက်မှုလက်မှုကဏ္ဍ၏ ကုန်ထုတ်လုပ်မှု တိုးတက်လာစေရေးအတွက် ပြည်သူပိုင်အခန်း ထုတ်လုပ်မှုသာမက သမဝါယမပိုင်အခန်းနှင့် ပုဂ္ဂလိကပိုင်အခန်းတို့၏ ထုတ်လုပ်မှုများ တိုးတက်လာစေရေးအတွက် နိုင်ငံတော်ပိုင်းမှ လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးခဲ့သည့်ပြင် ပုဂ္ဂလိက လုပ်ငန်း လုပ်ပိုင်ခွင့် ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပုဂ္ဂလိက စက်မှုလက်မှု လုပ်ငန်းရှင်များအား စနစ်တကျစိစစ်၍ လုပ်ပိုင်ခွင့်များ ချမှတ်ပေးခြင်း၊ သမဝါယမပိုင် စက်မှုလက်မှုလုပ်ငန်းများနှင့် မှတ်ပုံတင်ထားသော ပုဂ္ဂလိက စက်မှုလက်မှု လုပ်ငန်းများအား ပြည်တွင်းပြည်ပ ကုန်ကြမ်းနှင့် အရန်ပစ္စည်းများကို အတတ်နိုင်ဆုံး ဖြန့်ဖြူး ရောင်းချပေးခြင်း၊ ပြည်သူပိုင်စက်ရုံ၊ အလုပ်ရုံများအတွက် အသုံးပြုရန် မလိုတော့သည့် ပစ္စည်းများအား ရောင်းချပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့သည်။

သို့ရာတွင် ပဉ္စမလေးနှစ် စီမံကိန်း၏ ပထမနှစ်နှင့် ဒုတိယနှစ်များဖြစ်သော ၁၉၇၆-၇၇ နှင့် ၁၉၇၇-၇၈ ခုနှစ်များတွင် စက်မှုလက်မှုကဏ္ဍ၏ စီမံကိန်း လျာထားချက်များမှာ လျာထားချက်အတိုင်း အပြည့်အဝ မရရှိသည်ကို တွေ့ရှိရသည်။ အချို့အချို့သော လုပ်ငန်းများမှာ

တိုးတက်မှုရှိသော်ငြားလည်း ပြည်သူပိုင်အခန်းကဏ္ဍ အနေဖြင့်မူ သိသိသာသာ လျော့နည်းသွားကြောင်း တွေ့ရှိရသည်။ ဤသို့ဖြစ်ရသည်မှာလည်း ကုန်ကြမ်းပစ္စည်း လုံလောက်စွာရရှိနိုင်မှုမရှိခြင်း၊ နိုင်ငံခြားငွေ ရရှိနိုင်မှု အင်အား ကျဆင်းသွားခြင်း စသည့်အကြောင်းများလည်းပါဝင်ပေသည်။ ထို့အပြင် ကမ္ဘာ့စီးပွားရေး အခြေအနေ တည်ငြိမ်မှု မရှိဘဲ အစဉ်ပြောင်းလဲလျက်ရှိခြင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံ တစ်ခုအနေဖြင့် ကမ္ဘာ့စီးပွားရေး အခြေအနေပြောင်းလဲမှု၏ ဂယက်ရိုက်ခတ်မှုကို ခံရခြင်း၊ ကမ္ဘာ့နိုင်ငံ အသီးသီးတွင် ငွေကြေးဖောင်းပွမှု၊ ကမ္ဘာ့ရေနံ ရောင်းချဈေးနှုန်း တိုးမြင့်၍ ကမ္ဘာ့လောင်စာ စွမ်းအင် အကျပ်အတည်းပေါ်မှု စသော ဂယက်အမျိုးမျိုး၏ ဒဏ်ကို ခံရခြင်းတို့ကြောင့်လည်း မြန်မာ့စီးပွားရေး အခြေအနေမှာ စီမံကိန်းများက မျှော်မှန်းထားချက်အတိုင်း ပြည့်မီအောင် မတိုးတက်နိုင်ဘဲ ဖြစ်နေရခြင်းကြောင့်များလည်းဖြစ်သည်။ ထိုအခက်အခဲများကို တွန်းလှန်၍ နိုင်ငံတော်၏ စက်မှုလက်မှုကဏ္ဍ၏ ကုန်ထုတ်စွမ်းအား တိုးမြင့်ရေးကို ပြည်သူပိုင်၊ သမဝါယမပိုင်နှင့် ပုဂ္ဂလိကပိုင် စက်ရုံများမှ စွမ်းစွမ်းတမံ ကြိုးပမ်းလုပ်ဆောင်လျက်ရှိရာ ၁၉၈၆ - ၈၇ ခုနှစ်တွင်မူ စက်မှုလက်မှုကဏ္ဍ၏ အဓိက ထွက်ကုန်ပစ္စည်းများဖြစ်သည့် သကြား၊ ဆား၊ လုံချည်၊ စွပ်ကျယ်၊ အုတ်၊ ဘိလပ်မြေ၊ ဓာတ်ဆီ၊ ဒီဇယ်ဆီ၊ ဓာတ်မြေဩဇာ၊ ရေစုပ်စက်၊ လယ်ထွန်စက် စသည်တို့ကို တိုးတက်ထုတ်လုပ်နိုင်ခဲ့ပေသည်။

**စက်မှုလက်မှုကဏ္ဍ၏ အဓိကရည်မှန်းချက်များ**

ပဉ္စမလေးနှစ် စီမံကိန်း ကာလအတွင်း စက်မှုလက်မှုကဏ္ဍ၏ အဓိက ရည်မှန်းချက်များမှာ လယ်ယာစိုက်ပျိုးရေး နိုင်ငံမှ လယ်ယာစိုက်ပျိုးရေးကို အခြေခံသော စက်မှုလက်မှုနိုင်ငံအဖြစ် အချိုးကျကျ တိုးတက်ပြောင်းလဲရန်အတွက် စက်မှုလက်မှု ကဏ္ဍ၏ ထုတ်လုပ်မှုကို တိုးတက်အောင် ဆက်လက်ဆောင်ရွက်ရန်၊ စက်ရုံအလုပ်ရုံသစ်များ ထူထောင်ရာတွင် ရင်းနှီးမြှုပ်နှံမှု အသင့်အတင့်ဖြင့် ကာလတိုအတွင်း ကုန်ပစ္စည်း ထုတ်လုပ်မှု ပမာဏ အများဆုံးရရှိရန် သေချာသည့် လုပ်ငန်းများကို စနစ်တကျ စိစစ်ရွေးချယ် ထူထောင်ရန်၊ လယ်ယာ သားငါး၊ သစ်တောနှင့် သတ္တုကဏ္ဍမှ ကုန်ပစ္စည်းများကို အခြေခံ၍ လူသုံးကုန် ပစ္စည်းများ အရည်အသွေး ကောင်းမွန်သည့် ပို့ကုန်ပစ္စည်းများ၊ သွင်းကုန်အစားထိုး ပစ္စည်းများ၊ စက်အပိုပစ္စည်းများ၊ ရင်းနှီးကုန်ပစ္စည်းများ စသည့် ပစ္စည်းများကို ထုတ်လုပ်သည့် စက်ရုံ၊ အလုပ်ရုံများကို ဦးစားပေး အစီအစဉ်အရ ထူထောင်ရန်၊ စက်ရုံအလုပ်ရုံများ ထူထောင်ရာတွင် ဒေသဖွံ့ဖြိုးရေးနှင့် ဆက်စပ်၍ ဒေသအသီးသီးရှိ ကုန်ထုတ်စွမ်းအားစုများကို အကျိုးအဖြစ်ထွန်းဆုံး အသုံးချနိုင်မှုအပေါ် တည်၍ နေရာဒေသ ရွေးချယ်တည်ဆောက်ရန်၊ စက်မှုလက်မှုကဏ္ဍနှင့် အခြားကဏ္ဍများ အကြားတွင် လည်းကောင်း၊ စက်မှုလက်မှု ကဏ္ဍအတွင်း လုပ်ငန်း

တစ်ခုနှင့် တစ်ခုအကြားတွင် လည်းကောင်း၊ အပြန်အလှန် ဆက်စပ်မှု အားကောင်းစေရေး အတွက် စီစဉ်ဆောင်ရွက်မှုများ ပြုလုပ်ရန်၊ ပုဂ္ဂလိက လုပ်ပိုင်ခွင့် ဥပဒေနှင့် ကိုက်ညီသော ပုဂ္ဂလိက စက်မှုလက်မှု လုပ်ငန်းများကို အခြေအနေပေးသည်နှင့် အမျှ ပံ့ပိုးဆောင်ရွက်သွားရန် စသည်တို့ဖြစ်သည်။

အထက်ပါ ရည်မှန်းချက်များကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ၏ စတုတ္ထအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယအစည်းအဝေးတွင် ပဉ္စမလေးနှစ် စီမံကိန်း၏ ပထမနှစ်ဖြစ်သော ၁၉၈၆-၈၇ ခုနှစ် နှစ်စဉ်စီမံကိန်း ရည်မှန်းချက်များကို အကောင်အထည်ဖော်နိုင်ရန်အတွက် ၁၉၈၆ ခုနှစ် စီးပွားရေး စီမံကိန်း၏ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု ရည်မှန်းချက်များဆိုင်ရာ ဥပဒေကို ပြဋ္ဌာန်းခဲ့သည်။ ပဉ္စမလေးနှစ်စီမံကိန်း၏ ပထမနှစ်ဖြစ်သော ၁၉၈၆-၈၇ ခုနှစ် နှစ်စဉ် စီမံကိန်းတွင် ၁၉၆၉-၇၀ ခုနှစ် ပုံသေဈေးနှုန်းများဖြင့် တွက်ချက်ထားသည့် တစ်မျိုးသားလုံး၏ ပြည်တွင်း အသားတင် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို ကျပ် ၂၁၈၆၁.၃ သန်း ရရှိစေရန် ရည်မှန်းချက် ချမှတ်ပြီး ဆောင်ရွက်ခဲ့ရာ၊ ယာယီစာရင်းများအရ ကျပ် ၂၁၀၃၈.၀ သန်း ရရှိမည်ဖြစ်သဖြင့် နှစ်စဉ်စီမံကိန်း ရည်မှန်းချက်အပေါ် ၉၆.၂ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်သည့် အခြေအနေမျိုးရှိသည်။ ထိုသို့ အကောင်အထည်ဖော်နိုင်သဖြင့် ၁၉၈၆-၈၇ ခုနှစ်တွင် တစ်မျိုးသားလုံး၏ ပြည်တွင်းအသားတင် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးသည် ယခင်နှစ်ကထက် ၃.၇ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။ ဤသို့ဆောင်ရွက်ခဲ့ရာတွင် စက်မှုလက်မှု ကဏ္ဍအနေဖြင့် သော် အသားတင်ထုတ်လုပ်မှုတန်ဖိုးကို ကျပ် ၂၄၅၇၇.၃ သန်း ရရှိရန် ရည်မှန်းခဲ့ရာ ယာယီစာရင်းများအရ ကျပ် ၂၂၄၃၃.၀ သန်း ရရှိမည်ဟု ခန့်မှန်းပါ၍ နှစ်စဉ်စီမံကိန်း ရည်မှန်းချက်အပေါ် ၉၁.၃ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့သည်။ ထိုသို့ အကောင်အထည်ဖော်နိုင်သဖြင့် ၁၉၈၆-၈၇ ခုနှစ်တွင် စက်မှုလက်မှုကဏ္ဍ၏ အသားတင်ထုတ်လုပ်မှု တန်ဖိုးသည် ယခင်နှစ်ကထက် ၆.၉ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။

**ကုန်ထုတ်လုပ်မှု**

စက်မှုလက်မှုကဏ္ဍ၏ ၁၉၈၆-၈၇ ခုနှစ် ပုံသေဈေးနှုန်းများဖြင့် တွက်ချက်ထားသော ကုန်ပစ္စည်း ထုတ်လုပ်မှုတန်ဖိုးမှာ ယာယီစာရင်းများအရ ကျပ် ၉၈၈၁.၄ သန်းဖြစ်ပြီး၊ ၁၉၈၅-၈၆ ခုနှစ် ထုတ်လုပ်မှုတန်ဖိုးနှင့် နှိုင်းယှဉ်ပါက ၅.၉ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။ ၁၉၈၆-၈၇ ခုနှစ်တွင် စက်မှုလက်မှုကဏ္ဍ၏ ပိုင်ဆိုင်မှုအခန်းအလိုက် ထုတ်လုပ်မှုတွင် ယာယီစာရင်းများအရ ပြည်သူပိုင်အခန်းမှ ကျပ် ၃၈၈၁.၂ သန်းဖိုး၊ သမဝါယမပိုင်အခန်းမှ ကျပ် ၅၈၈.၀ သန်းဖိုးနှင့် ပုဂ္ဂလိကပိုင်အခန်းမှ ကျပ် ၅၄၁၂.၂ သန်းဖိုး အသီးသီးထုတ်လုပ်နိုင်ခဲ့သဖြင့် ယခင်နှစ်အခြေအနေနှင့် နှိုင်းယှဉ်ပါက ပြည်သူပိုင်အခန်းတွင် ၁၀.၀ ရာခိုင်နှုန်းနှင့်

သမဝါယမပိုင်အခန်းတွင် ၇၉.၃ ရာခိုင်နှုန်း အသီးသီး တိုးတက်ထုတ်လုပ်နိုင်ခဲ့သည်။ သမဝါယမပိုင်အခန်းတွင် ဤသို့ တိုးတက်ထုတ်လုပ်လာနိုင်ခဲ့ခြင်းမှာ ပြည်တွင်းစားသုံးရန်အတွက် ဆန်ကြိတ်ခွဲမှုလုပ်ငန်းကို သမဝါယမမှ တိုးချဲ့တာဝန်ယူ ဆောင်ရွက်ခဲ့ခြင်းကြောင့်ဖြစ်သည်။ ၁၉၈၇-၈၈ ခုနှစ်၊ စက်မှုလက်မှုကဏ္ဍ၏ ပုံမှန်ဈေးနှုန်းများဖြင့် တွက်ချက်ထားသော ကုန်ပစ္စည်းထုတ်လုပ်မှုတန်ဖိုးသည် ယာယီစာရင်းများအရ ကျပ် ၉၀၁၁.၉ သန်းဖြစ်၏။ ပိုင်ဆိုင်မှုအခန်းအလိုက် ထုတ်လုပ်မှု၌ ပြည်သူပိုင်အခန်းမှ ကျပ် ၂၈၅၀.၁ သန်းဖိုး၊ သမဝါယမပိုင်အခန်းမှ ကျပ် ၅၇၇.၈ သန်းဖိုးနှင့် ပုဂ္ဂလိကပိုင်အခန်းမှ ကျပ် ၅၆၀၄.၁ သန်းဖိုး အသီးသီး ထုတ်လုပ်နိုင်ခဲ့သဖြင့် ၁၉၈၆-၈၇ ခုနှစ်နှင့် နှိုင်းစာသော် စက်မှုလက်မှုကဏ္ဍ တစ်ခုလုံးအနေဖြင့် ကျပ် ၈၄၉.၅ သန်း ကျဆင်းသွားခဲ့သည်။

ယာယီစာရင်းများအရ စက်မှုလက်မှုကဏ္ဍ၏ ၁၉၈၆-၈၇ ခုနှစ် ကုန်ပစ္စည်းထုတ်လုပ်မှုကို စက်မှုလက်မှုလုပ်ငန်း အုပ်စုအလိုက် ယခင်နှစ် ထုတ်လုပ်မှု အခြေအနေများနှင့် နှိုင်းယှဉ်ပါက စားသောက်ရေးလုပ်ငန်းတွင် ၄.၅ ရာခိုင်နှုန်း၊ ပုံနှိပ်နှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းတွင် ၁၆.၃ ရာခိုင်နှုန်း၊ ကုန်ကြမ်းပစ္စည်းလုပ်ငန်းတွင် ၂.၈ ရာခိုင်နှုန်း၊ သတ္တုနှင့် ရေနံထွက်ပစ္စည်းလုပ်ငန်းတွင် ၈.၁ ရာခိုင်နှုန်း၊ စိုက်ပျိုးရေးကိရိယာထုတ်လုပ်ငန်းတွင် ၄၁.၉ ရာခိုင်နှုန်း၊ စက်နှင့် စက်ပစ္စည်းကိရိယာ ထုတ်လုပ်မှုလုပ်ငန်းတွင် ၂၄၆.၇ ရာခိုင်နှုန်း၊ သယ်ယူပို့ဆောင်ရေးယာဉ် ထုတ်လုပ်ငန်းတွင် ၄၆ ရာခိုင်နှုန်းနှင့် အထွေထွေစက်မှုလက်မှု လုပ်ငန်းတွင် ၇.၉ ရာခိုင်နှုန်း အသီးသီး တိုးတက်ထုတ်လုပ်ခဲ့သည်။ ၁၉၈၇-၈၈ ခုနှစ်တွင်မူ စက်မှုလက်မှုကဏ္ဍ၏ လုပ်ငန်းအုပ်စုအလိုက် ကုန်ပစ္စည်းထုတ်လုပ်မှုကို ယာယီစာရင်းများအရ ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက စားသောက်ရေး၊ နေထိုင်ရေး၊ စိုက်ပျိုးရေးကိရိယာ၊ စက်နှင့်စက်ပစ္စည်းကိရိယာ၊ သယ်ယူပို့ဆောင်ရေးနှင့် အထွေထွေ စက်မှုလက်မှုလုပ်ငန်း အုပ်စုများ၏ ထုတ်လုပ်မှုမှာ အထိုက်အလျောက် တိုးတက်ခဲ့သည်။ သို့ရာတွင် ပြည်တွင်းပြည်ပ ကုန်ကြမ်းရရှိနိုင်မှု လျော့နည်းခဲ့သဖြင့် ဝတ်ဆင်ရေး၊ လူသုံးကုန်ပစ္စည်း၊ အိမ်သုံးကုန်ပစ္စည်း၊ ပုံနှိပ်နှင့် စာအုပ်ထုတ်ဝေရေး၊ ကုန်ကြမ်းပစ္စည်း သတ္တုနှင့်ရေနံထွက် ကုန်ပစ္စည်းနှင့် လျှပ်စစ်ပစ္စည်းလုပ်ငန်း အုပ်စုများ၏ထုတ်လုပ်မှုမှာ ယခင်နှစ်စံချိန်ကိုမမီဘဲ လျော့နည်းခဲ့သည်။

စက်မှုလက်မှုကဏ္ဍ၏ အရေးကြီးသော ကုန်ပစ္စည်းများ ထုတ်လုပ်မှုတွင်လည်း ၁၉၈၆-၈၇ ခုနှစ် ယာယီစာရင်းများကို ၁၉၈၅-၈၆ ခုနှစ် ရွေးပြေးအမှန်စာရင်းနှင့် နှိုင်းယှဉ်လေ့လာပါက သကြားထုတ်လုပ်မှုတွင် မက်ထရစ်တန် ၅၄၁၄၀ မှ ၆၃၁၇၀ သို့လည်းကောင်း၊ ဆားတွင် မက်ထရစ်တန် ၃၂၁၉၀ မှ ၃၄၀၄၇၀ သို့လည်းကောင်း၊ ကျားလုံချည်၊ မလုံချည်နှင့် ကလေးလုံချည်တို့တွင် ထည်ရေ ၉.၉ သန်းမှ ၁၀.၇ သန်းသို့လည်းကောင်း၊ [illegible]ပိတ်ကျယ်တွင်

ထည်ရေ ၃.၂ သန်းမှ ၃.၅ သန်းသို့လည်းကောင်း၊ အုတ်နှင့်အုတ်ကြွပ်တွင် ခုရေ ၁၁၆.၅ သန်း မှ ၁၃၈.၄ သန်းသို့လည်းကောင်း၊ ဘိလပ်မြေတွင်မက်ထရစ်တန် ၄၃၄၅၉၀ မှ ၅၇၀၆၀၀ သို့လည်းကောင်း၊ မှန်တွင် မက်ထရစ်တန် ၃၈၉၀ မှ ၇၁၁၀ သို့လည်းကောင်း၊ ဓာတ်ဆီတွင် ဂါလန် ၆၉.၄၂ သန်းမှ ၇၆.၉၀ သန်းသို့လည်းကောင်း၊ ဒီဇယ်ဆီတွင် ဂါလန် ၁၀၀.၂၈ သန်းမှ ၁၀၈.၇၂ သန်းသို့လည်းကောင်း၊ မီးထိုးဆီတွင် ဂါလန် ၄၅.၀၄ သန်းမှ ၅၀.၃၈ သန်းသို့လည်းကောင်း၊ မော်တော်ကားတွင် ၂၁၆၆ စီးမှ ၂၆၇၁ စီးသို့လည်းကောင်း၊ စက်ဘီးတွင် စီးရေ ၁၁၅၀၅ မှ ၁၈၂၁၀ သို့လည်းကောင်း၊ ရေစုပ်စက်တွင် စုံရေ ၄၆၂၇ မှ ၅၁၆၀ သို့လည်းကောင်း၊ လယ်ထွန်စက်တွင် စီးရေ ၅၁၃ မှ ၈၉၈ သို့လည်းကောင်း၊ လက်တွန်းလယ်ထွန်စက်တွင် စီးရေ ၁၉၀ မှ ၆၀၀ သို့လည်းကောင်း၊ ဓာတ်မြေဩဇာတွင် မက်ထရစ်တန် ၂၈၀၆၀၀ မှ ၃၆၆၅၀၀ သို့လည်းကောင်း အသီးသီး တိုးတက်ထုတ်လုပ်နိုင်ခဲ့သည်။

ထို့အတူ ၁၉၈၇-၈၈ ခုနှစ် ယာယီစာရင်းများအရ သကြားထုတ်လုပ်မှုတွင် မက်ထရစ်တန် ၅၈၆၃၀ မှ ၅၉၄၄၀ သို့လည်းကောင်း၊ ဆားတွင် မက်ထရစ်တန် ၃၁၈၂၁၀ မှ ၃၄၀၉၀၀ သို့လည်းကောင်း၊ ကျွဲလုံးချည်၊ မလုံးချည်၊ ကလေးလုံးချည်တို့တွင် ထည်ရေ ၇.၄၄ သန်းမှ ၇.၆၃ သန်းသို့လည်းကောင်း၊ အုတ်ထုတ်လုပ်မှုတွင် ခုရေ ၁၃၅.၂ သန်းမှ ၁၄၄.၈ သန်းသို့လည်းကောင်း၊ ဘိလပ်မြေတွင် မက်ထရစ်တန် ၄၅၁၅၀၀ မှ ၄၉၀၀၀၀ သို့လည်းကောင်း၊ မော်တော်ကားထုတ်လုပ်မှုတွင် စီးရေ ၁၉၉၇ မှ ၂၃၀၀ သို့လည်းကောင်း၊ ရေစုပ်စက်တွင် ၄၉၂၀ စုံမှ ၅၄၂၈ စုံသို့လည်းကောင်း၊ လယ်ထွန်စက်တွင် စီးရေ ၆၁၀ မှ ၇၀၀ သို့လည်းကောင်း၊ လက်တွန်းလယ်ထွန်စက်တွင် စီးရေ ၂၇၀ မှ ၅၀၀ သို့လည်းကောင်း၊ ဓာတ်မြေဩဇာတွင် မက်ထရစ်တန် ၃၀၄၉၀၀ မှ ၃၂၆၄၀၀ သို့လည်းကောင်း ယခင်နှစ်ကထက် အသီးသီး တိုးတက်ထုတ်လုပ်ခဲ့သည်။ သို့ရာတွင် ပြည်ပကုန်ကြမ်းကိုအသုံးပြု၍ထုတ်လုပ်သောကုန်ပစ္စည်းများထုတ်လုပ်မှု လျော့နည်းကျဆင်းသည်။ ဆပ်ပြာတွင် မက်ထရစ်တန် ၃၆၅၁၀ မှ ၂၈၆၅၀ သို့လည်းကောင်း၊ စီးကရက်တွင် လိပ်ရေသန်း ၁၁၀၈ မှ ၉၂၅ သို့လည်းကောင်း၊ ထုတ်လုပ်မှု ကျဆင်းသွားသည်။ ထို့အတူ ပြည်တွင်းရေနံစိမ်း ထုတ်လုပ်မှု ကျဆင်းခဲ့သဖြင့် ရေနံထွက်ပစ္စည်းများဖြစ်သော ဓာတ်ဆီတွင် ဂါလန်သန်း ၆၅.၉၆ မှ ၅၂.၈၀ သို့လည်းကောင်း၊ ဒီဇယ်ဆီတွင် ဂါလန်သန်း ၈၀.၅၇ မှ ၇၂.၀၇ သို့လည်းကောင်း၊ မီးထိုးဆီတွင် ဂါလန်သန်း ၄၁.၇၂ မှ ၃၂.၅၆ သို့လည်းကောင်း အသီးသီး လျော့နည်း ထုတ်လုပ်ခဲ့သည်။ တစ်ဖက်တွင် ပိုမိုထွက်ရှိလာသော သဘာဝဓာတ်ငွေ့မှ ထုတ်လုပ်ရရှိသည့် ဓာတ်ငွေ့ရည်နှင့် မက်သနောလ်တို့ကို မော်တော်ယာဉ်များတွင် အစားထိုး အသုံးပြုနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ခဲ့သည်။

ပဉ္စမလေးနှစ် စီမံကိန်းကာလ၏ ပထမနှစ်နှင့် ဒုတိယနှစ် စက်မှုလက်မှုကဏ္ဍ တစ်ခုလုံး၏ ကုန်ပစ္စည်း ထုတ်လုပ်မှုတန်ဖိုးသည် ကုန်ပစ္စည်းအမျိုးအစားအလိုက် အောက်ပါအတိုင်းဖြစ်သည်—

(ကျပ်သန်းပေါင်း)

| ကုန်ပစ္စည်းအမျိုးအစား | ၁၉၈၅-၈၆ (ရွှေပြေးအမှန်) | ၁၉၈၆-၈၇ (ယာယီ) | ၁၉၈၆-၈၇ (ရွှေပြေးအမှန်) | ၁၉၈၇-၈၈ (ယာယီ) |
|---|---|---|---|---|
| စားသောက်ရေး .... | ၂၂၂၅၃.၅ | ၂၃၆၂၇.၈ | ၂၂၂၅၄.၅ | ၂၃၅၄၉.၈ |
| ဝတ်ဆင်ရေး .... | ၂၁၈၉.၃ | ၂၀၇၇.၈ | ၁၇၉၆.၇ | ၁၆၀၆.၆ |
| နေထိုင်ရေး .... .... | ၉၈၉.၇ | ၁၁၅၇.၁ | ၁၂၀၃.၉ | ၁၁၂၀.၉ |
| လူသုံးကုန်ပစ္စည်း .... | ၅၅၁.၉ | ၅၁၁.၅ | ၄၅၄.၀ | ၃၂၇.၈ |
| အိမ်သုံးကုန်ပစ္စည်း .... | ၁၇၀.၁ | ၁၇၆.၇ | ၁၇၃.၉ | ၁၆၀.၈ |
| ပုံနှိပ်နှင့် စာအုပ်ထုတ်ဝေရေး | ၂၄၃.၉ | ၂၈၄.၀ | ၃၀၉.၈ | ၂၂၁.၁ |
| ကုန်ကြမ်းပစ္စည်း .... | ၁၈၁၆.၁ | ၁၈၆၁.၃ | ၁၅၉၆.၉ | ၁၄၆၈.၉ |
| သတ္တုနှင့် ရေနံထွက်ကုန်ပစ္စည်း | ၁၁၉၄.၈ | ၁၂၆၄.၀ | ၁၀၂၀.၀ | ၁၀၀၅.၇ |
| စိုက်ပျိုးရေးကိရိယာ .... | ၁၀၃.၅ | ၁၄၅.၈ | ၁၂၂.၄ | ၁၂၃.၂ |
| စက်နှင့် စက်ပစ္စည်းကိရိယာ.... | ၁၉.၉ | ၅၅.၈ | ၃၃.၆ | ၄၄.၂ |
| သယ်ယူပို့ဆောင်ရေး .... | ၆၃၇.၃ | ၈၄၆.၈ | ၆၂၁.၄ | ၇၁၉.၀ |
| လျှပ်စစ်ပစ္စည်း .... | ၂၆၇.၇ | ၂၉၇.၄ | ၂၅၀.၃ | ၂၃၂.၇ |
| အထွေထွေစက်မှုလက်မှု .... | ၆၉၃.၁ | ၇၄၃.၀ | ၇၄၅.၅ | ၉၄၃.၂ |
| | ၃၁၁၃၀.၈ | ၃၃၁၄၉.၀ | ၃၀၅၈၂.၉ | ၃၁၅၂၃.၉ |

ပဉ္စမလေးနှစ် စီမံကိန်းကာလ၏ အခြေခံနှစ်နှင့် ပထမနှစ် စက်မှုလက်မှုကဏ္ဍ တစ်ခုလုံး၏ ကုန်ထုတ်လုပ်မှုတန်ဖိုးကို နှိုင်းယှဉ်လေ့လာကြည့်ပါက အဓိကအနေဖြင့် ဝတ်ဆင်ရေးတွင် ကျပ် ၃၉၂.၆ သန်း၊ ကုန်ကြမ်းပစ္စည်းထုတ်လုပ်မှုတွင် ကျပ် ၂၁၉.၂ သန်း၊ သယ်ယူပို့ဆောင်ရေးတွင် ကျပ် ၁၅.၉ သန်း၊ လျှပ်စစ်ပစ္စည်း ထုတ်လုပ်မှုတွင် ကျပ် ၁၇.၄ သန်း အသီးသီးကျဆင်း သွားကြောင်း တွေ့ရှိရပြီး၊ စက်မှုလက်မှုကဏ္ဍ တစ်ခုလုံးအနေဖြင့်သော် ကျပ် ၅၄၇.၉ သန်း ကျဆင်းသွားကြောင်း တွေ့ရသည်။

စားကုန်သုံးကုန် ပစ္စည်းများအနက် အရေးကြီးသော ကုန်ပစ္စည်းများဖြစ်သည့် သကြား ဆား၊ ဂုန်နီအိတ်၊ ဆပ်ပြာ၊ ဓာတ်ဆီ၊ ရေစုပ်စက်၊ စသည်တို့ ထုတ်လုပ်မှုသည် ပဥ္စမလေးနှစ် စီမံကိန်းကာလ၏ ပထမနှစ်နှင့် ဒုတိယနှစ်ဖြစ်သော ၁၉၈၆-၈၇ ခုနှစ်နှင့် ၁၉၈၇-၈၈ ခုနှစ်တွင် အောက်ပါအတိုင်းဖြစ်သည်။ ထုတ်လုပ်နိုင်မှုတန်ဖိုး ကျဆင်းကြောင်း တင်ပြအပ်ပါသည်—

(ထောင်ပေါင်း)

| ကုန်ပစ္စည်းအမည် | ရေတွက်ပုံ | ၁၉၈၆-၈၇ | ၁၉၈၇-၈၈ |
|---|---|---|---|
| သကြား .... .... | မက်ထရစ်တန် | ၅၈·၆ | ၃၈·၂၁ |
| ဆား .... .... | မက်ထရစ်တန် | ၃၁၈·၀ | ၂၅၂·၅၉ |
| စီးကရက် .... .... | လိပ်ရေ | ၁၁၁၈၀၀၀·၀ | ၉၂၁·၀ |
| ဂုန်နီအိတ် .... .... | အိတ် | ၃၃၉၇၈·၀ | ၂၇၄၂၅·၀ |
| ဆပ်ပြာ .... .... | မက်ထရစ်တန် | ၃၆·၅၀ | ၂၈·၁၂ |
| စက္ကူ .... .... | မက်ထရစ်တန် | ၁၃·၉၀ | ၈·၂၄ |
| အုတ် .... .... | ခုရေ | ၁၃၅၁၇၄·၀ | ၁၄၅၃၂၂·၀ |
| ဘိလပ်မြေ .... .... | မက်ထရစ်တန် | ၄၅၁·၅ | ၃၉၄·၃၁ |
| ဓာတ်ဆီ .... .... | ဂါလန် | ၆၅၉၆၀·၀ | ၅၃၀၁၈·၀ |
| ဒီဇယ်ဆီ .... .... | ဂါလန် | ၈၀၅၇၁·၀ | ၇၄၄၆၀·၀ |
| မီးထိုးဆီ .... .... | ဂါလန် | ၄၁၇၂·၀ | ၃၄၁၂၈·၀ |
| စက်ဘီး .... .... | စီးရေ | ၁၁·၄၄ | ၁၀·၁၉ |
| ရေစုပ်စက် .... .... | ခုံ | ၄·၉၂ | ၃·၇၈ |
| လယ်ထွန်စက် .... .... | စီးရေ | ၀·၆၁ | ၀·၇၀ |
| ဓာတ်မြေဩဇာ .... .... | မက်ထရစ်တန် | ၃၀၄·၉ | ၂၉၆·၃ |

အမှတ် (၁) စက်မှုဝန်ကြီးဌာနသည် လက်အောက်ရှိ ကော်ပိုရေးရှင်း အသီးသီး၏ ကုန်ထုတ်စွမ်းအား တိုးတက်ရေးကိုမျှော်မှန်း၍ ရင်းနှီးမြှုပ်နှံမှုကို စီမံကိန်းကာလများအတွင်း နှစ်စဉ် တိုးမြှင့်ခဲ့သည်။ သို့သော် ကော်ပိုရေးရှင်း ၈ ခုအတွက် ရင်းနှီးမြှုပ်နှံမှုသည် ၁၉၈၅-၈၆ ခုနှစ်တွင် ကျပ် ၇၁၁·၉၅ သန်းရှိရာမှ ပဥ္စမလေးနှစ် စီမံကိန်းကာလ ၁၉၈၆-၈၇ ခုနှစ်တွင်

ကျပ် ၆၉၀.၀၈ သန်းနှင့် ၁၉၈၇-၈၈ ခုနှစ်တွင် ကျပ် ၇၉၇.၄၇ သန်းသာ ရင်းနှီးမြှုပ်နှံနိုင်ခဲ့သည်။ ရင်းနှီးမြှုပ်နှံမှု လျော့နည်းခြင်းသည် ကုန်ပစ္စည်းထုတ်လုပ်မှုကို တစ်နည်းတစ်ဖုံ ထိခိုက်စေသည်။ ထို့ကြောင့် ပဉ္စမလေးနှစ် စီမံကိန်းကာလ၏ အခြေခံနှစ်ဖြစ်သော ၁၉၈၅-၈၆ ခုနှစ်မှစ၍ ပဉ္စမလေးနှစ် စီမံကိန်းကာလ တတိယနှစ်ဖြစ်သော ၁၉၈၈-၈၉ ခု ပထမသုံးလပတ်အထိ ကာလအတွင်း အမှတ် (၁) စက်မှုဝန်ကြီးဌာန စက်မှုလုပ်ငန်း ကော်ပိုရေးရှင်းများ၏ ကုန်ထုတ်လုပ်မှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်သည်—

(ငွေကျပ်သန်း)

| ကော်ပိုရေးရှင်း | ၁၉၈၅-၈၆ | ၁၉၈၆-၈၇ | ၁၉၈၇-၈၈ | ၁၉၈၈-၈၉ ပထမသုံးလ |
|---|---|---|---|---|
| အထည်အလိပ် .... | ၁၀၈၁ | ၈၆၇ | ၆၀၁ | ၁၁၀ |
| စားကုန် .... .... | ၁၀၈၁ | ၈၅၉ | ၅၇၆ | ၆၇ |
| ဆေးဝါး .... .... | ၅၇၆ | ၄၈၁ | ၃၁၆ | ၄၄ |
| သတ္တုပစ္စည်း .... .... | ၂၃၆ | ၁၀၉ | ၂၃၄ | ၃၆ |
| ကြွေမြေ .... .... | ၃၁၀ | ၃၄၅ | ၂၇၀ | ၆၄ |
| အထွေထွေ .... | ၁၂၁ | ၁၁၀ | ၉၄ | ၁၈ |
| စက္ကူ့ခဲတံ .... | ၂၆၃ | ၁၉၅ | ၁၁၁ | ၂၀ |
| ဂုန်လျှော် .... .... | ၃၁၃ | ၃၂၅ | ၂၈၅ | ၄၅ |
| စုစုပေါင်း .... | ၄၁၄၁ | ၃၃၆၉ | ၂၄၉၅ | ၄၁၂ |

အမှတ် (၁) စက်မှုဝန်ကြီးဌာန ပဉ္စမလေးနှစ် စီမံကိန်းကာလ၏ အခြေခံနှစ်ဖြစ်သော ၁၉၈၅-၈၆ ခုနှစ်မှ ၁၉၈၇-၈၈ ခုနှစ်အထိ ရွေးချယ်ထားသော ကုန်ပစ္စည်းအချို့၏ ထုတ်လုပ်မှုမှာ အောက်ပါအတိုင်းဖြစ်သည်။ ယင်းထုတ်လုပ်မှုတို့တွင် ကော်ဖီမှုန့်စသည်၊ ရှပ်အင်္ကျီနှင့် ဆေးဝါး ကုန်ကြမ်းတို့မှအပ ကျန်ကုန်ပစ္စည်းများမှာ များသောအားဖြင့် ထုတ်လုပ်မှု လျော့နည်းကျဆင်းကြောင်း တွေ့ရသည်။

| ကုန်ပစ္စည်း | ရေတွက်ပုံ | ၁၉၇၅ - ၇၆ | ၁၉၇၆ - ၇၇ | ၁၉၇၇ - ၇၈ |
|---|---|---|---|---|
| သကြား | တန် | ၅၃၀၃၃ | ၅၇၂၁၅ | ၃၇၃၁၆ |
| ခေါက်ဆွဲခြောက် | ပိဿာ/ထောင် | ၁၇၇၂ | ၁၆၉၀ | ၁၃၉၈ |
| စည်သွတ်ဘူး | ဘူး/ထောင် | ၁၅၄၃ | ၁၄၇၁ | ၁၂၂၉ |
| ကော်ဖီမှုန့်စစ်စစ် | ပေါင်/ထောင် | ၅၈ | ၆၃၂၁ | ၁၃၇၅၄ |
| ဘိလပ်ရည် | ဒါဇင်/ထောင် | ၂၅၄၂ | ၁၉၄၉ | ၁၂၈၈ |
| ဖျော်ရည် | ဒါဇင်/ထောင် | ၁၆၅ | ၁၆၅ | ၉၉ |
| ချည်ပေါ်ပလင် | ကိုက်/ထောင် | ၆၁၀၅ | ၅၀၁၉ | ၂၇၃၃ |
| ချည်ကြမ်းလုံးချည် | ထည်/ထောင် | ၃၃၄ | ၃၁၃ | ၂၃၉ |
| စွပ်ကျယ်အမျိုးမျိုး | ထည်/ထောင် | ၂၄၅၄ | ၁၉၇၈ | ၁၅၇၇ |
| ရှပ်အင်္ကျီ | ထည်/ထောင် | ၁၄၆၆ | ၁၇၉၀ | ၁၄၉၄ |
| ဂုန်နီအိတ် | အိတ်/ထောင် | ၃၂၂၇၆ | ၃၃၉၇၂ | ၂၇၃၇၃ |
| သားရေဖိနပ် | ရန်/ထောင် | ၂၃၂ | ၁၂၄ | ၁၉၂ |
| ကင်းဘတ်ဖိနပ် | ရန်/ထောင် | ၄၆၆ | ၄၁၅ | ၃၃၈ |
| ဆေးဝါးကုန်ကြမ်း | ကီလို/ထောင် | ၅၄၇ | ၇၁၁၆ | ၁၈၀၆၉ |
| မန်းကန်ခွက်ယောက် | ခု/ထောင် | ၃၆၈၁ | ၄၁၆၃ | ၃၆၁၁ |
| ဘောလုံး | လုံး/ထောင် | ၂၉၂ | ၃၂၁ | ၂၇၆ |
| အမိုးပြား | ပေ/ထောင် | ၄၉၅၁ | ၃၃၈၂ | ၁၅၅၈ |
| မျက်နှာကြက်ပြား | ချပ်/ထောင် | ၃၂၇ | ၃၅၁ | ၁၈၂ |
| သံပြားအမျိုးမျိုး | မ/တန် | ၈၉၉ | ၃၇ | ၂၇၁ |

ပြည်သူပိုင် စက်မှုလုပ်ငန်း ကော်ပိုရေးရှင်းများသည် ပြည်တွင်းစားသုံးမှု လိုအပ်ချက်ကို ဖြည့်ဆည်းရန်သာမက နိုင်ငံခြားသုံးငွေ ရရှိရေးအတွက် ပြည်ပပို့ကုန် တိုးမြှင့်ထုတ်လုပ်ရေးကိုလည်း ကြိုးပမ်းဆောင်ရွက်ကြသည်။ အမှတ်(၁) စက်မှုဝန်ကြီးဌာနလက်အောက်ရှိ ကော်ပိုရေးရှင်းများက ဝါဂွမ်း၊ ဝါစေ့ဖတ်၊ ပိတ်ညို၊ ချုပ်ပြီးအထည်များ၊ သကြား၊ ကော်ဖီစေ့၊ အလုပ်ဆီကြမ်း/ချေး၊ ဖွဲနု၊ ဆီထုတ်ပြီးဖွဲဖတ်၊ သံတိုသံစများ၊ ဘိလပ်မြေ၊ ကျောက်ပြား ကျောက်တုံး၊ မှန်၊ အုတ်၊ ဘိလပ်မြေအိတ်စက္ကူ၊ ပျော့ဖတ်၊ ဂုန်နီဖျင်ပါး၊ ဂုန်နီကြိုး စသည်တို့ကို

ပြည်ပသို့ တင်ပို့ရောင်းချကြသည်။ ပဉ္စမလေးနှစ် စီမံကိန်း၏ ပထမနှစ်ဖြစ်သော ၁၉၈၆ - ၈၇ ခုနှစ်တွင် အမှတ်(၁) စက်မှုဝန်ကြီးဌာန၏ ကုန်ပစ္စည်းထုတ်လုပ်မှုတန်ဖိုးသည် ကျပ် ၃၃၆၉သန်း ဖြစ်၏။ ယင်းတို့အနက် ပြည်ပသို့ ကျပ် ၈၉.၂ သန်းဖိုး တင်ပို့သဖြင့် အချိုးအားဖြင့် ၂.၆ ရာခိုင်နှုန်းရှိသည်။ ရည်မှန်းထားချက်အပေါ် ၇၉.၅ ရာခိုင်နှုန်းသာ အောင်မြင်သည်။ အခြေခံ နှစ်ဖြစ်သော ၁၉၈၅ - ၈၆ ခုနှစ်တွင် ရည်မှန်းချက်အပေါ် ၈၁.၁ ရာခိုင်နှုန်း အောင်မြင်ခဲ့သည်နှင့် နှိုင်းယှဉ်လျှင် ပြည်ပသို့ကုန် ထုတ်လုပ်တင်ပို့နိုင်မှု လျော့နည်းကျဆင်းကြောင်း တွေ့ရသည်။ အမှတ် (၁)စက်မှုဝန်ကြီးဌာန လက်အောက်ရှိ ကော်ပိုရေးရှင်း အသီးသီးမှ ၁၉၈၅ - ၈၆ ခုနှစ်မှ ၁၉၈၇ - ၈၈ ခုနှစ်အထိ ပြည်ပသို့ကုန် ထုတ်လုပ်တင်ပို့နိုင်မှု ပမာဏမှာ အောက်ပါအတိုင်း ဖြစ်သည်။

တန်ဖိုးကျပ်သန်း

| | ၁၉၈၅ - ၈၆ | ၁၉၈၆ - ၈၇ | ၁၉၈၇ - ၈၈ |
|---|---|---|---|
| အထည်အလိပ် | ၂၇ | ၁၉ | ၁၂ |
| စားသောက်ကုန် | ၈ | ၁၃ | ၁၀ |
| ဆေးဝါး | ၂၂ | ၃၁ | ၂၅ |
| သတ္တုပစ္စည်း | - | ၂ | ၅ |
| ကြွေမြေ | ၁၂ | ၁၀ | ၂၅ |
| အထွေထွေ | ၄ | ၄ | ၃ |
| စက္ကူနှင့်ဓာတု | ၆ | ၅ | ၄ |
| ဂုန်လျှော် | ၂ | ၄ | ၄ |

စက်မှုလက်မှုကဏ္ဍ၏ ပိုင်ဆိုင်မှု အခန်းအလိုက် ကုန်ပစ္စည်း ထုတ်လုပ်မှုတန်ဖိုးသည် ထုတ်လုပ်သူများ၏ ၁၉၆၉ - ၇၀ ခုနှစ် ပုံမှန်ဈေးနှုန်းများဖြင့် တွက်ချက်ထားချက်အရ အောက်ပါအတိုင်းဖြစ်သည်။

ကျပ်သိန်းပေါင်း

| ခုနှစ် | ပြည်သူပိုင် | သမဝါယမ | ပုဂ္ဂလိက | ပေါင်း |
|---|---|---|---|---|
| ၁၉၈၅ - ၈၆ | ၃၈၆၄၁ | ၃၇၉၃ | ၅၅၃၈၆ | ၉၇၈၂၀ |
| ၁၉၈၆ - ၈၇ | ၃၈၈၁၂ | ၅၈၇၉ | ၅၄၁၂၃ | ၉၈၈၁၄ |
| ၁၉၈၇ - ၈၈ | ၂၈၅၀၀ | ၅၇၇၇ | ၅၆၀၄၀ | ၉၀၃၁၈ |

ပဉ္စမလေးနှစ် စီမံကိန်း ကာလ၏ ဒုတိယနှစ်ဖြစ်သော ၁၉၇၇-၇၈ ခုနှစ် စက်မှုကဏ္ဍတစ်ခုလုံး၏ ကုန်ပစ္စည်းထုတ်လုပ်တန်ဖိုးကိုစတုတ္ထလေးနှစ် စီမံကိန်းကာလ နောက်ဆုံးနှစ်ဖြစ်သော ၁၉၇၅-၇၆ ခုနှစ်နှင့် နှိုင်းယှဉ်လေ့လာပါက ပြည်သူပိုင်အခန်းတွင် ကျပ် ၁၀၁၄ သိန်း လျော့နည်း ထုတ်လုပ်ခဲ့ပြီး သမဝါယမ အခန်းတွင် ကျပ် ၁၉၇၄ သိန်းနှင့် ပုဂ္ဂလိက အခန်းတွင် ကျပ် ၆၅၄ သိန်းဖိုး တိုးတက်ထုတ်လုပ်နိုင်ကြောင်း တွေ့ရသည်။ သို့ဖြစ်ရာ ပဉ္စမလေးနှစ် စီမံကိန်းကာလ၏ စက်မှုလက်မှု ထုတ်လုပ်မှုအခန်းကဏ္ဍတွင် ပြည်သူပိုင်အခန်းမှ ထုတ်လုပ်မှုမှာ သိသိသာသာ လျော့နည်းသွားခဲ့ကြောင်း သိသာသည်။

စက်မှုလက်မှုကဏ္ဍတွင် ၁၉၇၆-၇၇ ခုနှစ် နှစ်စဉ်စီမံကိန်းကာလ မတိုင်မီက စတင်ဆောင်ရွက်ခဲ့ပြီး စီမံကိန်းကာလအတွင်း ဆက်လက်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်း စီမံကိန်းများအနက် စီမံကိန်း ပြီးစီး၍ ကုန်ထုတ်လုပ်မှုကို စတင်ဆောင်ရွက်နိုင်သော စီမံကိန်းမှာ အထည်ချုပ်စက်ရုံ အမှတ်(၄) စီမံကိန်းဖြစ်သည်။ ၎င်းစက်ရုံကို ၁၉၇၆-၇၇ ခုနှစ်မှ စတင်၍ ကိုရီးယား သမ္မတနိုင်ငံ ချေးငွေဖြင့် ဆောင်ရွက်ခဲ့ရာ ၁၉၇၇-၇၈ ခုနှစ်တွင် ပြီးစီး၍ ရှပ်အင်္ကျီထည် ၅.၅ သိန်း ထုတ်လုပ်နိုင်ခဲ့သည်။ ထို့အတူ သံမဏိစက်ရုံ မွမ်းမံပြင်ဆင်ရေး စီမံကိန်းကို ၁၉၇၄-၇၅ ခုနှစ်မှစတင်၍ ဂျပန်နိုင်ငံ ပင်လယ်ရပ်ခြား စီးပွားရေး ပူးပေါင်းမှု ရန်ပုံငွေ ချေးငွေဖြင့် ဆောင်ရွက်ခဲ့ရာ ၁၉၇၇-၇၈ ခုနှစ်တွင် ပြီးစီး၍ သံချောင်းအမျိုးမျိုး၊ သံပြား၊ အိမ်ရိုက်သံနှင့် သွပ်သူးကြိုး စသည်များကို ပိုမိုထုတ်လုပ်နိုင်ခဲ့သည်။

ပဉ္စမလေးနှစ် စီမံကိန်း ကာလအတွင်း စက်မှုလက်မှုကဏ္ဍ၏ အဓိက ရည်မှန်းချက်များမှာ လယ်ယာစိုက်ပျိုးရေး နိုင်ငံမှ လယ်ယာစိုက်ပျိုးရေးကို အခြေခံသော စက်မှုလက်မှုနိုင်ငံအဖြစ် အချိုးကျကျ တိုးတက်ပြောင်းလဲရန်အတွက် စက်မှုလက်မှုကဏ္ဍ၏ ထုတ်လုပ်မှုကို တိုးတက်အောင် ဆက်လက်ဆောင်ရွက်ရန်၊ စက်ရုံ၊ အလုပ်ရုံသစ်များ တည်ထောင်ရာတွင် ရင်းနှီးမြှုပ်နှံမှုအသင့်အတင့်ဖြင့် ကာလတိုအတွင်း ကုန်ပစ္စည်းထုတ်လုပ်မှု ပမာဏ အများဆုံး ရရှိရန် သေချာသည့် လုပ်ငန်းများကို စနစ်တကျ စိစစ်ရွေးချယ် တည်ထောင်ရန်၊ လယ်ယာသားငါး၊ သစ်တောနှင့် သတ္တုကဏ္ဍမှ ကုန်ပစ္စည်းများကို အခြေခံ၍ လူသုံးကုန်ပစ္စည်းများ၊ အရည်အသွေးကောင်းမွန်သည့် ပို့ကုန်ပစ္စည်းများ၊ သွင်းကုန်အစားထိုးပစ္စည်းများ၊ စက်အပိုပစ္စည်းများ၊ ရင်းနှီးကုန်ပစ္စည်းများ စသည့်ပစ္စည်းများကို ထုတ်လုပ်သည့် စက်ရုံအလုပ်ရုံများကို ဦးစားပေး အစီအစဉ်အရ တည်ထောင်ရန်၊ စက်ရုံအလုပ်ရုံများ တည်ထောင်ရာတွင် ဒေသဖွံ့ဖြိုးရေးနှင့် ဆက်စပ်၍ ဒေသအသီးသီးရှိ ကုန်ထုတ်စွမ်းအားစုများကို အကျိုးအဖြစ်ထွန်းဆုံး အသုံးချနိုင်မှုအပေါ် တည်၍ နေရာဒေသ ရွေးချယ်တည်ဆောက်ရန်၊ စက်မှုလက်မှုကဏ္ဍနှင့် အခြားကဏ္ဍများအကြားတွင် လည်းကောင်း၊ စက်မှုလက်မှုကဏ္ဍအတွင်း လုပ်ငန်း တစ်ခုနှင့်

တစ်ခုအကြားတွင် လည်းကောင်း၊ အပြန်အလှန် ဆက်စပ်မှု အားကောင်းစေရေးအတွက် စီစဉ်ဆောင်ရွက်မှုများ ပြုလုပ်ရန်၊ ပုဂ္ဂလိက လုပ်ပိုင်ခွင့် ဥပဒေနှင့် ကိုက်ညီသော ပုဂ္ဂလိက စက်မှုလက်မှု လုပ်ငန်းများကို အခြေအနေပေးသည်နှင့်အမျှ ပံ့ပိုးဆောင်ရွက်သွားရန် စသည် တို့ ဖြစ်သည်။

အထက်ပါ ရည်မှန်းချက်များကို အောင်မြင်စွာ အကောင်အထည် ဖော်နိုင်ရေးအတွက် ၁၉၈၆-၈၇ ခုနှစ်နှင့် ၁၉၈၇-၈၈ ခုနှစ်အတွင်း စက်မှုလက်မှုကဏ္ဍတွင် ပြည်ပမှ မှာယူ တင်သွင်းရမည့် ကုန်ကြမ်းနှင့် အရန်ပစ္စည်းများကို ပြည်တွင်းကုန်ကြမ်းနှင့် စက်အရန်ပစ္စည်း များဖြင့် အခြေအနေပေးသရွေ့ တစ်စားထိုး သုံးစွဲခြင်း၊ တည်ဆောက်ဆဲလုပ်ငန်းစီမံကိန်းများကို အမြန်ဆုံး ပြီးစီးအောင် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ သမဝါယမနှင့် ပုဂ္ဂလိကပိုင် အသေးစား ကုန်ပစ္စည်းများ ထုတ်လုပ်မှု တိုးတက်လာစေရေးအတွက် အခြေအနေပေးသရွေ့ ပံ့ပိုးပေးခဲ့ခြင်း၊ လေလွင့်ဆုံးရှုံးမှုများ လျော့နည်းအောင် ဆောင်ရွက်ခြင်း၊ ကုန်ထုတ်စွမ်းအား တိုးတက်လာစေရေးအတွက် ကျွမ်းကျင်မှုသင်တန်းများ ဖွင့်လှစ်ပို့ချခြင်းနှင့်အတူ ဆုပေးငွေပေး စနစ်များ ကျင့်သုံးစေခြင်းများကို ဆောင်ရွက်ခဲ့သည်။

ပဉ္စမလေးနှစ် စီမံကိန်းကာလ ၁၉၈၆-၈၇ နှင့် ၁၉၈၇-၈၈ ခုနှစ်များအတွင်း စက်မှု လက်မှုကဏ္ဍ၏ ကုန်ပစ္စည်း ထုတ်လုပ်မှု အခြေအနေကို ထိန်းသိမ်းထားရှိနိုင်ရန်အတွက် စက်ရုံများ မွမ်းမံပြင်ဆင်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းနှင့် အစားထိုး တည်ဆောက်ခြင်းများကို အခြေအနေပေးသရွေ့ ဆောင်ရွက်ခဲ့သည်။ အခြေခံ လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်သည့် လုပ်ငန်းများ ပုံမှန်လည်ပတ်နိုင်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ ပြည်ပကုန် ကြမ်းကို အဓိက အသုံးပြုသော စက်ရုံများ၏ စက်စွမ်းအား အသုံးပြုမှု လျော့နည်း ကျဆင်း ခဲ့သော်လည်း စက်မှုလက်မှုကဏ္ဍ၏ ထုတ်လုပ်မှု အခြေအနေကို ထိန်းသိမ်း ထားရှိနိုင်ရေး အတွက် ပြည်တွင်းကုန်ကြမ်းကို အခြေခံ အသုံးပြုသော လုပ်ငန်းများ၏ စက်စွမ်းအား အသုံးပြုမှုကို ထိန်းသိမ်းဆောင်ရွက်ခဲ့သည်။ စားသုံးသူ လုပ်သားပြည်သူများထံ ကုန်ပစ္စည်း များ မှန်မှန်နှင့်မြန်မြန် ရောက်ရှိစေရန်အတွက် ပြည်သူပိုင် စက်မှုကော်ပိုရေးရှင်းများ အနေဖြင့် အရောင်းဌာနများ ဖွင့်လှစ်၍လည်းကောင်း၊ သမဝါယမ အသင်းများနှင့် စာချုပ်များ ချုပ် ဆို၍လည်းကောင်း ဖြန့်ဖြူးရောင်းချခဲ့သည်။

စက်မှုလက်မှုကဏ္ဍ၏ကုန်ပစ္စည်းများ ထုတ်လုပ်မှုအတွက် ပြည်ပမှတင်သွင်းရသော စက် မှုကုန်ကြမ်းနှင့် အရန်ပစ္စည်းများကို နိုင်ငံခြား သုံးငွေရရှိနိုင်မှု အခြေအနေအရ လုပ်ငန်း အလိုက် အရေးကြီးမှုအပေါ် အခြေခံပြီး ဦးစားပေးမှု အစီအစဉ်များ ချမှတ်၍ တင်သွင်း ဖြည့်ဆည်းပေးခဲ့သည်။ ထို့အတူ ပြည်တွင်းကုန်ကြမ်းများ လုံလောက်စွာ ရရှိရေးအတွက်

စက်မှုကုန်ကြမ်း သီးနှံများ ဝယ်ယူရရှိစေရန် တောင်သူလယ်သမားများအား သီးနှံကြိုတင်ငွေများ ထုတ်ပေးခြင်း စက်မှုလုပ်ငန်းအလိုက် စက်ရုံပိုင် စိုက်ကွင်းများ တိုးချဲ့စိုက်ပျိုးခြင်း ၁၉၈၇ ခုနှစ် သီးနှံပေါ်ချိန်မှစ၍ အခွန်အဖြစ် ရရှိသည့် စီမံကိန်း သီးနှံများအနက် စက်မှုကုန်ကြမ်းသီးနှံများ ဖြစ်သောကြံနှင့် ဝါတို့ကို လဲပြောင်းဝယ်ယူခြင်း၊ ပြည်ပကုန်ကြမ်းအသုံးပြုသည့် စက်မှုလုပ်ငန်းများအနက် အချို့စက်ရုံ လုပ်ငန်းများတွင် ပြည်တွင်းကုန်ကြမ်းဖြင့် ဖြစ်နိုင်သရွေ့ အစားထိုးအသုံးပြုလာနိုင်စေရန်အတွက် နည်းပညာ ဖွံ့ဖြိုးရေး ဌာနများကို လုပ်ငန်းအလိုက် ဖွင့်လှစ်၍ နည်းမျိုးစုံဖြင့် လေ့လာရှာဖွေ စမ်းသပ်ခြင်းတို့ကို ဆောင်ရွက်စေခဲ့သည်။

စက်မှုလက်မှုကဏ္ဍ၏ ကုန်ထုတ်လုပ်မှု တိုးတက်လာစေရေးအတွက် ပြည်သူပိုင် အခန်း ထုတ်လုပ်မှုကိုသာမက သမဝါယမပိုင် အခန်းနှင့် ပုဂ္ဂလိကပိုင် အခန်းတို့၏ ထုတ်လုပ်မှုများကိုပါ နိုင်ငံတော် အစိုးရမှ လိုအပ်သည့် ကူညီပံ့ပိုးမှုများကို ကူညီဆောင်ရွက်ပေးခဲ့သည်။ ၁၉၈၇ ခုနှစ်တွင် စပါးအပါအဝင် အဓိကသီးနှံ ၉ မျိုးကို ကန့်သတ် သီးနှံအဖြစ်မှ ကင်းလွတ်ခွင့်ပြုပြီး ယင်းတို့အား ဝယ်ယူခြင်း၊ ရောင်းချခြင်း၊ ကြိတ်ခွဲခြင်း၊ သိုလှောင်ခြင်း စသည့် လုပ်ငန်းများကို နိုင်ငံသားတိုင်းက လွတ်လပ်စွာ ဆောင်ရွက်နိုင်ရန်အတွက် ပုဂ္ဂလိက လုပ်ငန်းလုပ်ပိုင်ခွင့် ဥပဒေကို ပြင်ဆင်ပေးခဲ့သည်။ ပုဂ္ဂလိကလုပ်ငန်း လုပ်ပိုင်ခွင့် ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပုဂ္ဂလိက စက်မှုလက်မှု လုပ်ငန်းရှင်များအား စနစ်တကျစိစစ်၍ လုပ်ပိုင်ခွင့်များ ချမှတ်ပေးခြင်း၊ သမဝါယမပိုင် စက်မှုလက်မှု လုပ်ငန်းများနှင့် မှတ်ပုံတင်ထားသော ပုဂ္ဂလိက စက်မှုလက်မှုလုပ်ငန်းများအား ပြည်တွင်းပြည်ပ ကုန်ကြမ်းများနှင့် အရန်ပစ္စည်းများကို အတတ်နိုင်ဆုံး ဖြန့်ဖြူး ရောင်းချပေးခြင်း၊ ပြည်သူပိုင်စက်ရုံ အလုပ်ရုံများအတွက် အသုံးပြုရန် မလိုတော့သည့်ပစ္စည်းများအား ရောင်းချပေးခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

အခန်း ၅

# စက်မှုပံ့ပိုးကဏ္ဍကြီးများ

## လျှပ်စစ်ဓာတ်အားကဏ္ဍ

စက်မှုပံ့ပိုးကဏ္ဍတွင် အဓိကပါဝင်မည့် လျှပ်စစ်ဓာတ်အားကဏ္ဍ၏ ပဥ္စမလေးနှစ်စီမံကိန်း ကာလရည်မှန်းချက်များမှာ စက်ရုံအလုပ်ရုံများ တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် လိုအပ်သည့် ဓာတ်အားများ တိုးတက်ထုတ်လုပ် ဖြန့်ဖြူးသွားရန်၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်သည့် စက်အင်အား တိုးချဲ့တပ်ဆင်ရန်၊ စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်နိုင်ရေးကို အလေးပေး ပံ့ပိုးဆောင်ရွက်ရန်၊ ပင်မဓာတ်အားလိုင်း နယ်နိမိတ်ဘောင်ကို တိုးချဲ့ရန်နှင့် ပိုမိုအားဖြည့်ရန်၊ ကုန်ကျစရိတ် သက်သာသော နည်းလမ်းများဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုကို သင့်လျော်သော ဒေသများ ရွေးချယ်၍ တိုးချဲ့ဆောင်ရွက်ရန်၊ လျှပ်စစ်ဓာတ်အားများကို စနစ်တကျအကျိုးရှိစွာ သုံးစွဲနိုင်ရန်အတွက် စီစဉ်ဆောင်ရွက်သွားရန် စသည်တို့ဖြစ်သည်။ အထက်ပါရည်မှန်းချက်များကို အောင်မြင်စွာ အကောင်အထည် ဖော်နိုင်ရန် ရေတိုကာလတွင် အသေးစားရေအား၊ သဘာဝဓာတ်ငွေ့နှင့် အခြားအပူအားသုံး လျှပ်စစ်ဓာတ်အားပေးရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ရေရှည်ကာလတွင် အကြီးစား ရေအားလျှပ်စစ်ဓာတ်အားပေးရေး လုပ်ငန်းများကို ဆည်မြောင်းတာတမံကြီးများနှင့် တွဲဖက်၍ ဆောင်ရွက်ခြင်း၊ ပင်မဓာတ်အားလိုင်း နယ်နိမိတ်ဘောင်ကို တိုးချဲ့ခြင်း၊ သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားများကိုလည်း အခြေအနေပေးသည်နှင့်အမျှ တိုးချဲ့ဆောင်ရွက်ခြင်း၊ ရေရှည်အတွက် စရိတ်သက်သာသော ရေအားဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်သည့် စနစ်ကို တိုးချဲ့ဆောင်ရွက်ခြင်းနှင့် လျှပ်စစ်ဓာတ်အား ပျောက်ဆုံးမှု လျော့နည်းစေသည့် နည်းလမ်းများ ကျင့်သုံးခြင်း စသည့်လုပ်နည်းစနစ်များကို ချမှတ်ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ခဲ့ရာ ပဥ္စမလေးနှစ် စီမံကိန်း၏ ပထမနှစ်ဖြစ်သော ၁၉၈၆-၈၇ ခုနှစ်တွင် နှစ်စဉ်စီမံကိန်းများအရ ၁၉၆၉-၇၀ ခုနှစ် ပုံမှန်ဈေးနှုန်းများဖြင့် တွက်ချက်ထားသော လျှပ်စစ်

ဓာတ်အားကဏ္ဍ၏ အသားတင် ထုတ်လုပ်မှု တန်ဖိုးကို ကျပ် ၃၉၆.၀ သန်း ရရှိရန် ရည်မှန်းခဲ့ရာ ယာယီစာရင်းများအရ ကျပ် ၃၆၄.၀ သန်းခန့် ထုတ်လုပ်နိုင်ခဲ့သဖြင့် စီမံကိန်း ရည်မှန်းချက်၏ ၉၁.၉ ရာခိုင်နှုန်း အကောင်အထည် ဖော်နိုင်ခဲ့ပြီး ၁၉၇၇-၇၈ ခုနှစ်တွင်မူ ယာယီစာရင်းများအရ ကျပ် ၃၆၆.၀ သန်းခန့် ထုတ်လုပ်နိုင်ခဲ့သည်။ လျှပ်စစ်ဓာတ်အား ကဏ္ဍ၏ အသားတင် ထုတ်လုပ်မှု တန်ဖိုးကို ၁၉၇၆-၇၇ ခုနှစ် ရွှေပြေးအမှန် စာရင်းများနှင့် နှိုင်းယှဉ်ပါက ၁၀.၆ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။

လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှု တိုးတက်လာစေရန်အတွက် လျှပ်စစ်ဓာတ်အား ထုတ်လုပ်သည့် စက်အင်အားကို တစ်နှစ်ထက်တစ်နှစ် တိုးချဲ့တပ်ဆင်နိုင်ခဲ့သည်။ ၁၉၇၆-၇၇ ခုနှစ် ယာယီစာရင်းများအရ တစ်နိုင်ငံလုံးတွင် တပ်ဆင်ထားသော လျှပ်စစ်ဓာတ်အား ထုတ်လုပ်သည့် စက်အင်အားကို ၉၄၅ မဂ္ဂါဝပ်အထိ တိုးချဲ့နိုင်ခဲ့သဖြင့် ၁၉၇၅-၇၆ ခုနှစ်က တပ်ဆင်ထားသည့် အင်အားထက် ၅၃ မဂ္ဂါဝပ် ပိုမိုလာခဲ့သည်။ ၁၉၇၇-၇၈ ခုနှစ်တွင်မူ တစ်နိုင်ငံလုံးတွင် တပ်ဆင်ထားသော လျှပ်စစ်ဓာတ်အား ထုတ်လုပ်သည့် စက်အင်အားကို ၁၀၀၀ မဂ္ဂါဝပ်ထိ ထပ်မံတိုးချဲ့ခဲ့သဖြင့် ၁၉၇၆-၇၇ ခုနှစ် ရွှေပြေးအမှန် စာရင်းများအရ တပ်ဆင်ထားသည့် အင်အားထက် ၅၁ မဂ္ဂါဝပ် ပိုမိုခဲ့သည်။ ၁၉၇၇-၇၈ ခုနှစ် တစ်နိုင်ငံလုံးရှိ စုစုပေါင်း တပ်ဆင်ထားသည့် လျှပ်စစ်ဓာတ်အား ၁၀၀၀ မဂ္ဂါဝပ်တွင် လျှပ်စစ်ဓာတ်အား ကော်ပိုရေးရှင်းမှ ၇၄၆ မဂ္ဂါဝပ်နှင့် နိုင်ငံတော်၏ အခြားအဖွဲ့အစည်းများမှ ၂၅၅ မဂ္ဂါဝပ် ပါဝင်သည်။ ၁၉၇၇-၇၈ ခုနှစ်တွင် တပ်ဆင်ထားသော စက်အင်အားကို ၁၉၇၆-၇၇ ခုနှစ်နှင့် နှိုင်းယှဉ်လေ့လာပါက လျှပ်စစ်ဓာတ်အား ကော်ပိုရေးရှင်း အနေဖြင့် ရေအားတွင် ၃၁ မဂ္ဂါဝပ်၊ ဒီဇယ်အားတွင် ၁၂ မဂ္ဂါဝပ်၊ စုစုပေါင်း ၄၃ မဂ္ဂါဝပ် ပိုမိုတပ်ဆင်နိုင်ခဲ့ပြီး နိုင်ငံတော်၏ အခြားအဖွဲ့အစည်းများမှ ၈ မဂ္ဂါဝပ် ပိုမိုတပ်ဆင်နိုင်ခဲ့သည်။ ထိုကဲ့သို့ ရေအားတွင် ၃၁ မဂ္ဂါဝပ် တိုးတက်လာရခြင်းမှာ ရေအားလျှပ်စစ် ဓာတ်အားပေး စက်များကို ကယားပြည်နယ်တွင် ၂ လုံး၊ ချင်းပြည်နယ်တွင် ၂ လုံး၊ တနင်္သာရီတိုင်းတွင် ၂ လုံး၊ မန္တလေးတိုင်းတွင် ၅ လုံး၊ ရှမ်းပြည်နယ်တွင် ၈ လုံး စုစုပေါင်း ၁၉ လုံး တိုးချဲ့ တပ်ဆင်နိုင်သောကြောင့် ဖြစ်သည်။

လျှပ်စစ်ဓာတ်အား ကော်ပိုရေးရှင်းမှ ၁၉၇၇-၇၈ ခုနှစ်အတွက် တပ်ဆင်ထားသော လျှပ်စစ်ဓာတ်အား ထုတ်လုပ်သည့် စက်အင်အား ၇၄၆ မဂ္ဂါဝပ်တွင် ရေအားဖြင့် ထုတ်လုပ်သော စက်အင်အားမှာ ၂၅၈ မဂ္ဂါဝပ်ရှိ၍ အချိုးအစားအားဖြင့် ၃၄.၆ ရာခိုင်နှုန်း ပါဝင်သည်။ ၁၉၇၆-၇၇ ခုနှစ်တွင် ရေအားဖြင့် ထုတ်လုပ်သော စက်အင်အားမှာ ၂၃၃ မဂ္ဂါဝပ်သာရှိရာ ၁၉၇၇-၇၈ ခုနှစ်တွင် ၂၅ မဂ္ဂါဝပ် ပိုမိုထုတ်လုပ်နိုင်ခဲ့သည်။ သဘာဝ ဓာတ်ငွေ့နှင့် အခြားအပူအားဖြင့် ထုတ်လုပ်သော စက်အင်အားမှာ ၁၉၇၆-၇၇ ခုနှစ်တွင် ၄၇၇ မဂ္ဂါဝပ်ဖြစ်ပြီး

၁၉၈၇-၈၈ ခုနှစ်တွင် ၄၈၈ မဂ္ဂါဝပ်ဖြစ်ရာ အချိုးအစားအားဖြင့် ၆၅.၄ ရာခိုင်နှုန်း အသီးသီး ပါဝင်သည်။ လျှပ်စစ်ဓာတ်အား ကော်ပိုရေးရှင်း အနေဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်သည့် စက်အင်အားကို တိုးချဲ့တပ်ဆင်ခဲ့သည့်နည်းတူ ဓာတ်အား ပို့လွှတ်ရေး လိုင်းများနှင့် ဓာတ်အား ဖြန့်ဖြူးရေး လိုင်းများကိုလည်း တိုးချဲ့သွယ်တန်းခဲ့သည်။ ထိုသို့တိုးချဲ့ သွယ်တန်းခြင်းလုပ်ငန်းကို ပင်မ ဓာတ်အားလိုင်း နယ်နိမိတ်ဘောင် အတွင်းတွင် ဦးစားပေး ဆောင်ရွက်ခဲ့သည်။ ၁၉၈၇-၈၈ ခုနှစ်အထိ သွယ်တန်းထားပြီးသော ဓာတ်အား ပို့လွှတ်ရေး လိုင်းများကို ၁၉၈၆-၈၇ ခုနှစ်နှင့် နှိုင်းယှဉ်ကြည့်ပါက ၂၃၀ ကေဗွီ ဓာတ်အားလိုင်းတွင် ၄၄၉ မိုင်မှ ၅၉၃ မိုင်အထိလည်းကောင်း၊ ၆၆ ကေဗွီဓာတ်အားလိုင်းတွင် ၄၆၇မှ ၄၉၇ မိုင်အထိ လည်းကောင်း ဓာတ်အား ဖြန့်ဖြူးရေး လိုင်းများတွင် ၈၈၀၇ မိုင်မှ ၉၀၁၅ မိုင်အထိ လည်းကောင်း အသီးသီး တိုးချဲ့သွယ်တန်းပေးနိုင်ခဲ့သည်။

လျှပ်စစ်ဓာတ်အား တိုးချဲ့တပ်ဆင်သည်နှင့်အမျှ တစ်ဖက်မှလည်း လျှပ်စစ်ဓာတ်အား ပို့လွှတ်ရေးနှင့် ဖြန့်ဖြူးမှုစနစ်တွင် လျှပ်စစ်ဓာတ်အား ပျောက်ဆုံးမှုများ လျော့နည်း ကျဆင်း စေရန် ပြုပြင်ဆောင်ရွက်လျက်ရှိရာ ၁၉၈၆-၈၇ ခုနှစ်တွင် ခန့်မှန်းအမှန် စာရင်းများအရ စုစုပေါင်း လျှပ်စစ်ဓာတ်အား ပျောက်ဆုံးမှု ကီလိုဝပ်နာရီ သန်းပေါင်း ၇၀၂ ရှိခဲ့ရာမှ ၁၉၈၇-၈၈ ခုနှစ်တွင် ယာယီစာရင်းများအရ ကီလိုဝပ် နာရီသန်းပေါင်း ၆၁၅ အထိ လျော့နည်း ကျဆင်းခဲ့သည်။ တစ်နည်းအားဖြင့် လျှပ်စစ်ဓာတ်အား ပျောက်ဆုံးမှုသည် စုစုပေါင်း လျှပ်စစ် ဓာတ်အား ထုတ်လုပ်မှု၏ ၃၁ ရာခိုင်နှုန်း ရှိခဲ့ရာမှ ၂၇ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ခြင်းဖြစ်သည်။ ၁၉၈၇-၈၈ ခုနှစ်တွင် စုစုပေါင်း လျှပ်စစ်ဓာတ်အား ပျောက်ဆုံးမှု ကီလိုဝပ်နာရီ သန်းပေါင်း ၆၁၅ အနက် ဖြန့်ဖြူးရေးတွင် ပျောက်ဆုံးမှုသည် စုစုပေါင်း ထုတ်လုပ်မှု၏ ၂၀ ရာခိုင်နှုန်းခန့် ရှိသည်။

လျှပ်စစ်ဓာတ်အား ကော်ပိုရေးရှင်းမှ ထုတ်လုပ်ပေးသော စုစုပေါင်း လျှပ်စစ်ဓာတ် အားမှာ ၁၉၈၇-၈၈ ခုနှစ်တွင် ကီလိုဝပ်နာရီ ၂၂၇၉ သန်း ဖြစ်သဖြင့် ၁၉၈၆-၈၇ ခုနှစ်က ထုတ်လုပ်ခဲ့သော ကီလိုဝပ်နာရီ ၂၂၄၅ သန်းထက် ၁.၅ ရာခိုင်နှုန်း တိုးတက်ထုတ်လုပ်နိုင်ခဲ့သည်။ ၁၉၈၇-၈၈ ခုနှစ်အတွင်း ထုတ်လုပ်မှု နည်းစနစ်အလိုက် လေ့လာပါက ရေအားဖြင့် ကီလိုဝပ် နာရီ ၁၁၂၀ သန်း၊ အချိုးအစားအားဖြင့် ၄၉ ရာခိုင်နှုန်း၊ သဘာဝဓာတ်ငွေ့အားဖြင့် ကီလိုဝပ်နာရီ ၁၀၅၀ သန်း၊ အချိုးအစားအားဖြင့် ၄၆ ရာခိုင်နှုန်း၊ ဒီဇယ်အားဖြင့် ကီလိုဝပ် နာရီ ၄၂ သန်း၊ အချိုးအစားအားဖြင့် ၂ ရာခိုင်နှုန်း၊ ရေနွေးငွေ့အားဖြင့် ကီလိုဝပ်နာရီ ၆၆ သန်း၊ အချိုးအစားအားဖြင့် ၃ ရာခိုင်နှုန်း အသီးသီး ထုတ်လုပ်ခဲ့သည်။ ၁၉၈၆-၈၇ ခုနှစ်တွင် လျှပ်စစ်ဓာတ်အား အသုံးပြုမှုမှာ ကီလိုဝပ်နာရီ ၁၅၄၃ သန်း ရှိခဲ့ရာမှ ၁၉၈၇-၈၈

ခုနှစ်တွင် ကီလိုဝပ်နာရီ ၁၆၆၄ သန်းအထိ သုံးစွဲခဲ့သဖြင့် ၇.၈ ရာခိုင်နှုန်း တိုးတက်သုံးစွဲခဲ့သည်။ စုစုပေါင်း အသုံးပြုသည့် လျှပ်စစ်ဓာတ်အားများအနက် ၁၉၈၆-၈၇ ခုနှစ်တွင် စက်ရုံသုံးအတွက် ကီလိုဝပ်နာရီ ၈၅၇ သန်းမှ ၁၉၈၇-၈၈ ခုနှစ်တွင် ကီလိုဝပ်နာရီ ၉၈၂ သန်း အချိုးအစားအားဖြင့် ၅၉ ရာခိုင်နှုန်းသို့ လည်းကောင်း၊ အိမ်သုံးတွင် ၁၉၈၆-၈၇ ခုနှစ်၌ ကီလိုဝပ်နာရီ ၄၄၁ သန်းမှ ၁၉၈၇-၈၈ ခုနှစ်တွင် ကီလိုဝပ်နာရီ ၄၇၉ သန်း အချိုးအစားအားဖြင့် ၂၉ ရာခိုင်နှုန်းသို့ လည်းကောင်းတိုးတက်သုံးစွဲခဲ့သည်။ ဆေးရုံ၊ ရုံး၊ ကျောင်းတို့၏ ၁၉၈၆-၈၇ ခုနှစ် သုံးစွဲမှုတွင် ကီလိုဝပ်နာရီ ၂၃၃ သန်းမှ ၁၉၈၇-၈၈ ခုနှစ်တွင် ကီလိုဝပ်နာရီ ၁၅၉ သန်း အချိုးအစားအားဖြင့် ၁၄.၈ ရာခိုင်နှုန်းမှ ၉ ရာခိုင်နှုန်းသို့ လျော့ကျပြီး အထွေထွေသုံးတွင် ၁၉၈၆-၈၇ ၌ ကီလိုဝပ်နာရီ ၄၃ သန်းမှ ၁၉၈၇-၈၈ ခုနှစ်တွင် ကီလိုဝပ်နာရီ ၄၄ သန်း အချိုးအစားအားဖြင့် ၃ ရာခိုင်နှုန်းသို့ တိုးတက်သုံးစွဲခဲ့သည်။

လျှပ်စစ်ဓာတ်အား တစ်ယူနစ် ထုတ်လုပ်မှု ပျမ်းမျှကုန်ကျစရိတ်သည် ၁၉၈၆-၈၇ ခုနှစ်တွင် ၂၇.၇ ပြားဖြစ်ပြီး၊ ၁၉၈၇-၈၈ ခုနှစ်တွင် ၂၈.၉ ပြားဖြစ်သည်။ လျှပ်စစ်ဓာတ်အား တစ်ယူနစ် ပျမ်းမျှအရောင်းတန်ဖိုးမှာ ၁၉၈၆-၈၇ ခုနှစ်တွင် ၂၇.၅ ပြားဖြစ်ပြီး ၁၉၈၇-၈၈ ခုနှစ်တွင် ၂၇.၆ ပြားဖြစ်သည်။

စက်မှုလုပ်ငန်းကဏ္ဍတွင် လျှပ်စစ်ဓာတ်အား ရရှိရေးမှာ အထူးအလေးထား ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန် တစ်ရပ်ဖြစ်သည့်အလျောက် နှစ်စဉ် စီမံကိန်းသစ်များ ရေးဆွဲလျက် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးနိုင်ရေးကို ဆောင်ရွက်သည်။ ထိုသို့ဆောင်ရွက်ပေးလျက်ရှိသည့်အလျောက် ၁၉၈၆-၈၇ ခုနှစ် နှစ်စဉ်စီမံကိန်းကာလ မတိုင်မီက စတင်အကောင်အထည်ဖော်ခဲ့ပြီး လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ခဲ့သည်။ လုပ်ငန်း စီမံကိန်းများ အနေဖြင့် ကင်းတား ရေအားလျှပ်စစ် စီမံကိန်းကို ၁၉၈၁-၈၂ ခုနှစ်မှ စတင်၍ ပြည်ထောင်စု သမ္မတ ဂျာမနီနိုင်ငံ ချေးငွေဖြင့် အကောင်အထည် ဖော်ခဲ့ရာ ၁၉၈၆-၈၇ ခုနှစ်တွင် လုပ်ငန်းအားလုံး ပြီးစီးပြီဖြစ်၍ ၅၆ မဂ္ဂါဝပ်အင်အားရှိ အဆိုပါ ဓာတ်အားပေး စက်ရုံမှ ထုတ်ပေးသော ဓာတ်အားများကို ပင်မဓာတ်အားလိုင်းသို့ ပို့လွှတ်ပေးလျက်ရှိသည်။ ထို့အတူ ရေအား လျှပ်စစ် စီမံကိန်း၇ခုနှင့် အပိုစက်ပါဝင်သည့် ရေအားလျှပ်စစ် စီမံကိန်းအမှတ်စဉ် ၈၀ကို ၁၉၈၀-၈၁ ခုနှစ်မှ စတင်၍ ဩစတြေးလျနိုင်ငံ ချေးငွေဖြင့် အကောင်အထည်ဖော်သည်။ ၁၉၈၆-၈၇ ခုနှစ်အထိ ချင်းပြည်နယ် ဖလမ်းမြို့နယ်၌ ဇေဇ်ဗား စီမံကိန်း၊ တီးတိန်မြို့နယ်၌ ဇာလွီးစီမံကိန်းများကို အကောင်အထည် ဖော်ခဲ့သည်။ ဇာလွီးဓာတ်အားပေး စက်ရုံမှ တီးတိန်မြို့သို့ ၂၄ နာရီ အဆက်မပြတ် ဓာတ်အား လုံလောက်စွာ ထုတ်ပေးနိုင်ခဲ့သည်။ အဆိုပါ အသေးစား ရေအားလျှပ်စစ် စီမံကိန်းများသည် ဒေသဖွံ့ဖြိုးရေးကို အထောက်အကူပြုစေသည်။

အလားတူပင် ဟပ်ကြီးရေတံခွန် အသေးစား ရေအားလျှပ်စစ် စီမံကိန်းကို ၁၉၈၄-၈၅ ခုနှစ်မှစ၍ ဖင်လန်နိုင်ငံ အစိုးရ အထောက်အပံ့ငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ၁၉၈၇-၈၈ ခုနှစ်တွင် ၁.၂ မဂ္ဂါဝပ် အင်အားရှိ အဆိုပါ ဓာတ်အားပေးစက်ရုံမှ ရှမ်းပြည်နယ် ရပ်စောက်မြို့နှင့် ဗထူးတပ်မြို့များသို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ခဲ့သည်။

**သတ္တုကဏ္ဍ**

ထို့အတူ နိုင်ငံအတွင်း စက်မှုလုပ်ငန်းများ ထူထောင်ရေးနှင့် အကြီးစား စက်မှုလုပ်ငန်းများ ထူထောင်နိုင်ရေးအတွက် လိုအပ်သော သတ္တုကုန်ကြမ်း ပစ္စည်းများ ဖြည့်တင်း ပံ့ပိုးပေးနိုင်ရန် သတ္တုကဏ္ဍက ကြိုးပမ်းဆောင်ရွက်သည်။ ပဋ္ဌမ လေးနှစ်စီမံကိန်းကာလအတွင်း ရေနံစိမ်း၊ သဘာဝဓာတ်ငွေ့နှင့် တွင်းထွက် သယံဇာတ ပစ္စည်းများ တိုးချဲ့ထုတ်လုပ်နိုင်ရေး အတွက် မြေပေါ်မြေအောက် သယံဇာတ ပစ္စည်းများကို ပိုမိုကျယ်ပြန့်စွာ လေ့လာစူးစမ်း ရှာဖွေရန်၊ အကြီးစား စက်မှုလုပ်ငန်းများ ထူထောင်နိုင်ရန် လိုအပ်သော သတ္တုကုန်ကြမ်း ပစ္စည်းများ ဖြည့်တင်းနိုင်စေရန်၊ ရေနံစိမ်း၊ သဘာဝဓာတ်ငွေ့နှင့် သတ္တုတူးဖော်ရေး လုပ်ငန်း များကို တိုးချဲ့ဆောင်ရွက်ရန်၊ ပြည်ပဈေးကွက်တွင် အလားအလာကောင်းသည့် သတ္တုများကို အခြေအနေပေးသည်နှင့်အမျှ တိုးတက်ထုတ်လုပ်သွားရန်နှင့် ပြည်ပဈေးကွက် အလားအလာ များအပေါ် မူတည်၍ အရည်အသွေး မြင့်မြီး သန့်စင်သတ္တုများကို တိုးတက်ထုတ်လုပ်ရန်၊ သမားရိုးကျ ထုတ်လုပ်မှုများအပြင် အဖိုးတန် သတ္တုအမျိုးအစားများ ထုတ်လုပ်နိုင်ရေး အတွက် သုတေသနပြု ဆောင်ရွက်ရန်၊ သဘာဝဓာတ်ငွေ့ကို တိုးချဲ့ထုတ်လုပ်၍ ပြည်တွင်း စက်ရုံများနှင့် ဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အား လုပ်ငန်းများ၏ လိုအပ်ချက်များကို ဖြည့်ဆည်း ပေးရန်၊ ရင်းနှီးမြှုပ်နှံမှု အသင့်အတင့်ဖြင့် ကာလတိုအတွင်း ကုန်ပစ္စည်း ထုတ်လုပ်မှုကို သိသိသာသာ တိုးမြှင့်စေသည့် လုပ်ငန်းစီမံကိန်းများကို စနစ်တကျ စိစစ်ရွေးချယ်၍ အကောင် အထည်ဖော် ဆောင်ရွက်ရန်နှင့် သတ္တုထုတ်လုပ်မှုတွင် လေလွင့်ဆုံးရှုံးမှုများ မရှိစေရေးအတွက် စနစ်တကျ ထိန်းသိမ်း ဆောင်ရွက်ရန် စသည်တို့ဖြစ်သည်။

အထက်ပါ ရည်မှန်းချက်များကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက် နိုင်ရေးအတွက် သတ္တုသိုက်ရှာဖွေ တိုင်းတာရေး လုပ်ငန်းများကို တိုးချဲ့လျက် တွင်းထွက် သယံဇာတပစ္စည်းများကို စွမ်းအားရှိသမျှ ထုတ်လုပ်ခြင်း ရေနံစိမ်းနှင့်သဘာဝဓာတ်ငွေ့ စူးစမ်းရှာဖွေတူးဖော် ထုတ်လုပ်မှုကို ဦးစားပေးဆောင်ရွက်သည်။ ထို့ပြင် အဖိုးတန်သတ္တု သယံဇာတပစ္စည်းများကို စွမ်းအားရှိသမျှ ထုတ်လုပ်ခြင်း၊ ရေနံစိမ်းနှင့် သဘာဝဓာတ်ငွေ့ ထုတ်လုပ်နိုင်ရေးအတွက် စူးစမ်းရှာဖွေရေးနှင့် စမ်းသပ်ထုတ်လုပ်မှု လုပ်ငန်းများကို ဆောင် ရွက်ခြင်း၊ သတ္တုတွင်းလုပ်သားများ၏ ကုန်ထုတ်စွမ်းအား တိုးမြှင့်လာစေရေးအတွက် စည်းရုံး ဆွဲဆောင် ပံ့ပိုးမှုများပေးခြင်း၊ သဘာဝ သယံဇာတပစ္စည်းများ လေလွင့်ဆုံးရှုံးမှု မဖြစ်ပွားစေရန် လုံခြုံရေးနှင့် ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်းတို့ကိုလည်း လုပ်

ဆောင်သည်။ ၁၉၈၇-၈၈ ခုနှစ်အတွင်း ရေနံနှင့် သဘာဝဓာတ်ငွေ့များ စမ်းသပ်ရှာဖွေရာတွင် မြေပြင် ဘူမိဗေဒလေ့လာရေးအဖွဲ့၊ ဆိုက်စမစ်အဖွဲ့၊ မြေဆွဲအား တိုင်းတာရေးအဖွဲ့၊ အဏ္ဏဝါ ဆိုက်စမစ် အဖွဲ့များဖြင့်လည်းကောင်း၊ တွင်းထွက်သတ္တုများ ရှာဖွေရာတွင်မြေပြင်ရှာဖွေခြင်း၊ မြေအောက်ရှာဖွေခြင်း စသည့်လုပ်ငန်းများကို စနစ်တကျ လုပ်ကိုင်နိုင်စေရန် လုပ်ငန်းအဖွဲ့ များဖွဲ့စည်း၍လည်းကောင်း ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ခဲ့ရာ သတ္တုကဏ္ဍ၏ ပဉ္စမလေးနှစ် စီမံကိန်း၏ ပထမနှစ်ဖြစ်သော ၁၉၈၆-၈၇ ခုနှစ်တွင် နှစ်စဉ်စီမံကိန်းအရ ပုံမှန်ဈေးနှုန်းနှင့် တွက်ချက်ထားသော သတ္တုကဏ္ဍ၏ အသားတင်ထုတ်လုပ်မှုတန်ဖိုးကို ကျပ် ၃၆၁.၉ သန်းရရန် ရည်မှန်းခဲ့သည်။ ယာယီစာရင်း များအရ ကျပ် ၃၁၅.၇ သန်းဖိုး ထုတ်လုပ်နိုင်ခဲ့သည်။ ထို့အတူ ၁၉၈၇-၈၈ ခုနှစ်အတွက် သတ္တု ကဏ္ဍ၏အသားတင်ထုတ်လုပ်မှုတန်ဖိုးကိုကျပ် ၃၀၈.၃ သန်းရရှိရန်ရည်မှန်းခဲ့သော်လည်းယာယီ စာရင်းများအရ သတ္တုကဏ္ဍ၏ အသားတင်ထုတ်လုပ်မှုတန်ဖိုးမှာ ကျပ် ၂၆၁.၃ သန်းဖိုးသာ ရှိသဖြင့် ၁၉၈၆-၈၇ ခုနှစ် ရွှေပြေးအမှန်စာရင်းနှင့် နှိုင်းယှဉ်ပါက ၀.၅ ရာခိုင်နှုန်း လျော့နည်း ကြောင်းတွေ့ရသည်။ ထိုသို့ လျော့နည်းဖြစ်ပေါ်လာရခြင်းမှာ ရေနံစိမ်းထုတ်လုပ်မှုနှင့် သတ္တု များထုတ်လုပ်မှု ကျဆင်းသွားခဲ့ရခြင်းကြောင့်ပင် ဖြစ်သည်။

သတ္တုကဏ္ဍ၏ ကုန်ပစ္စည်းထုတ်လုပ်မှုနှင့်ပတ်သက်၍ အဓိကထွက်ကုန်ဖြစ်သော ရေနံစိမ်း ထုတ်လုပ်မှု ယာယီစာရင်းများအရ ၁၉၈၆-၈၇ ခုနှစ်တွင် အမေရိကန်စည် ၁၀.၁ သန်းခန့် ဖြစ်ပြီး၊ ၁၉၈၇-၈၈ ခုနှစ်တွင် အမေရိကန်စည် ၆.၄ သန်းရရှိခဲ့ပြီး၊ သဘာဝဓာတ်ငွေ့ထုတ်လုပ် မှုမှာ ၁၉၈၆-၈၇ ခုနှစ်တွင် ကုဗပေသန်းပေါင်း ၃၈၂၉၀ ဖြစ်ပြီး ၁၉၈၇-၈၈ ခုနှစ်တွင် ကုဗပေ သန်းပေါင်း ၄၂၀၀၀ ဖြစ်ရာ ရေနံစိမ်းထုတ်လုပ်မှုတွင် လျော့နည်းပြီး သဘာဝဓာတ်ငွေ့တွင်မူ ပို၍ထုတ်လုပ်နိုင်ခဲ့သည်။ ထိုသို့ ရေနံစိမ်းထုတ်လုပ်မှု လျော့နည်းကျဆင်းသွားရခြင်းမှာ တွင်း ဟောင်းများအနေဖြင့် သဘာဝအခြေအနေအရ အထွက်နှုန်း လျော့နည်းကျဆင်းခြင်း၊ တွင်း သစ်များမှလည်း မျှော်မှန်းထားသလောက် ထွက်ရှိမလာသေးခြင်း တို့ကြောင့်ဖြစ်သည်။

ထို့အပြင် အရေးကြီးသော သတ္တုထွက်ကုန်များဖြစ်သော ခဲမဖြူ သတ္တုသန့်စင်ထုတ်လုပ် မှုမှာ ယာယီစာရင်းများအရ ၁၉၈၆-၈၇ ခုနှစ်တွင် မက်ထရစ်တန် ၁၃၂၃ ထွက်ပြီး ၁၉၈၇-၈၈ ခုနှစ်တွင် မက်ထရစ်တန် ၅၉၈ တန်၊ အဖြိုက်နက် သတ္တုသန့်စင်မှာ ၁၉၈၆-၈၇ ခုနှစ်တွင် မက်ထရစ်တန် ၄၇၆ ထွက်ပြီး၊ ၁၉၈၇-၈၈ ခုနှစ်တွင် မက်ထရစ်တန် ၁၁၇ တန်၊ ခဲမဖြူ၊ အဖြိုက်နက် ရိုးလိုက်ရောရာအနေဖြင့် ၁၉၈၆-၈၇ ခုနှစ်တွင် မက်ထရစ်တန် ၂၂၅ ထွက်ပြီး ၁၉၈၇-၈၈ ခုနှစ်တွင် မက်ထရစ်တန် ၁၅၀၀ တန်နှင့် ခဲမဖြူသတ္တုစင်မှာမူ ၁၉၈၆-၈၇ ခုနှစ် တွင် မက်ထရစ်တန် ၆၀၀ ထွက်ပြီး၊ ၁၉၈၇-၈၈ ခုနှစ်တွင် မက်ထရစ်တန် ၅၀၀ သာထွက်ရှိ

ခဲ့ရာ ၁၉၇၇-၇၈ ခုနှစ်၏ ထုတ်လုပ်မှုမှာ ၁၉၇၆-၇၇ ခုနှစ်အောက် လျော့နည်းသွားကြောင်း သိရသည်။ ထို့အတူ အခြားသတ္တုပစ္စည်းများဖြစ်သည့် ခဲမဖြူ၊ သွပ်သတ္တုသန့်စင်၊ ကြေးနီမက်၊ နီကယ်သပိုက် (ခ)၊ ခနောက်စိမ်းခဲတို့တွင် စီမံကိန်းရည်မှန်းချက်နှင့်အညီ ထုတ်လုပ်နိုင်ခဲ့ပြီး ငွေစင်နှင့် ခဲစင်တို့ကိုမူ စီမံကိန်းရည်မှန်းချက်ထက် အနည်းငယ် လျော့နည်းထုတ်လုပ်နိုင်ခဲ့သည်။ စက်မှုတွင်းထွက် ကုန်ကြမ်းများဖြစ်သည့် ဘရိုက်သီးကျောက်၊ ရွှံ့စေးဖြူ၊ မီးခံမြေစေး၊ မီးခံရွှံ့စေး၊ မီးခံရွှံ့ဆေးမှုန့်၊ ပုံရွှာမြေဖြူ စသည့်စက်မှုတွင်းထွက်ကုန်ကြမ်းများကို ၁၉၇၆-၇၇ ခုနှစ် စီမံကိန်းရည်မှန်းချက်နှင့်အညီ ထုတ်လုပ်နိုင်ခဲ့သော်လည်း ၁၉၇၇-၇၈ ခုနှစ်တွင်မူ အနည်းငယ်လျော့နည်း ထုတ်လုပ်ခဲ့သည်။ ကြေးနီသတ္တုသန့်စင်အား ကျိုချက်ချွတ်ပြီး အရည်အသွေးမြင့်ထားသည့် ကြေးနီသတ္တုစင် ထုတ်လုပ်မှုမှာ ၁၉၇၆-၇၇ ခုနှစ်တွင် မက်ထရစ်တန် ၁၇၃ တန် ထုတ်ခဲ့ပြီး၊ ၁၉၇၇-၇၈ ခုနှစ်တွင် မက်ထရစ်တန် ၂၃၄ တန် ထုတ်လုပ်သည်။ သံမဏိတုံးကြမ်း ထုတ်လုပ်မှုမှာ ၁၉၇၆-၇၇ ခုနှစ်တွင် မက်ထရစ်တန် ၂၁၀၀၀ ဖြစ်ပြီး ၁၉၇၇-၇၈ ခုနှစ်တွင် မက်ထရစ်တန် ၁၆၀၀၀ နှင့် သံမဏိလုံးအနေဖြင့် ၁၉၇၆-၇၇ ခုနှစ်နှင့်၁၉၇၇-၇၈ ခုနှစ်ပါ စီမံကိန်းရည်မှန်းချက်နှင့်အညီ မက်ထရစ်တန် ၃၀၀၀ အသီးသီး ထုတ်လုပ် ခဲ့သည်။

ရေနံစိမ်း၊ သဘာဝဓာတ်ငွေ့နှင့် ရွေးချယ်ထားသော တွင်းထွက်ပစ္စည်းများ ထုတ်လုပ်မှုမှာ အောက်ပါအတိုင်းဖြစ်သည်။

| အမှတ်စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၁၉၇၆-၇၇ (ယာယီ) | ၁၉၇၇-၇၈ (ယာယီ) |
|---|---|---|---|---|
| ၁။ | ရေနံစိမ်းနှင့် သဘာဝဓာတ်ငွေ့ | | | |
| | ၁။ ရေနံစိမ်း | အမေရိကန်စည် (ထောင်ပေါင်း) | ၁၀၁၀၃ | ၆၃၅၁ |
| | ၂။ သဘာဝဓာတ်ငွေ့ | ကုဗပေ (သန်းပေါင်း) | ၃၈၂၉၀ | ၄၂၀၀၀ |
| ၂။ | သတ္တု | | | |
| | ၁။ ခဲမဖြူသတ္တုသန့်စင် (၆၅%) | မက်ထရစ်တန် | ၁၃၂၃ | ၅၉၈ |
| | ၂။ အဖြိုက်နက်သတ္တုသန့်စင် (၆၅%)။ | မက်ထရစ်တန် | ၄၇၆ | ၁၁၇ |

| အမှတ်စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၁၉၇၆-၇၇ (ယာယီ) | ၁၉၇၇-၇၈ (ယာယီ) |
|---|---|---|---|---|
| ၃။ | ခဲမဖြူအဖြိုက်နက်ရှိုးလိုက် ရောရာ။ | မက်ထရစ်တန် | ၂၂၇၅ | ၁၅၀၀ |
| ၄။ | ခဲမဖြူသတ္တုစင် .... | မက်ထရစ်တန် | ၆၀၀ | ၅၀၀ |
| ၅။ | ရွှေစင် .... | ဖိုင်းအောင်စ | ၉၅ | ၁၀၀ |
| ၆။ | ငွေစင် .... | ဖိုင်းအောင်စ (ထောင်ပေါင်း) | ၆၀၀ | ၄၅၀ |
| ၇။ | ခဲစင် .... | မက်ထရစ်တန် | ၈၁၂၈ | ၆၀၀၀ |
| ၈။ | သွပ်သတ္တုသန့်စင် .... | ယင်း | ၁၀၁၆၀ | ၁၀၁၆၀ |
| ၉။ | ကြေးနီမက် .... | ယင်း | ၂၀၃ | ၂၃၄ |
| ၁၀။ | နီကယ်ဆိုက်(စ) .... | ယင်း | ၈၆ | ၈၆ |
| ၁၁။ | ခနောက်စိမ်း .... | ယင်း | ၃၀၅ | ၃၀၅ |
| ၁၂။ | ကြေးနီသတ္တုစင် .... | ယင်း | ၁၇၃ | ၂၃၄ |
| ၁၃။ | သံမဏိတုံးကြမ်း .... | ယင်း | ၂၃၉၀၀ | ၁၆၀၀၀ |
| ၁၄။ | သံမဏိတုံး .... | ယင်း | ၃၀၀၀ | ၃၀၀၀ |

**၃။ သတ္တုမဟုတ်သော တွင်းထွက်ပစ္စည်းများ**

| | | | | |
|---|---|---|---|---|
| ၁။ | ဘရိုက်တီးကျောက် .... | တန်ရှည် | ၁၁၀၀၀ | ၁၇၀၀၀ |
| ၂။ | ရွှံ့စေးဖြူ .... | ယင်း | ၆၀၀ | ၆၀၀ |
| ၃။ | မီးခံမြေစေး .... | ယင်း | ၂၀၀ | ၂၀၀ |
| ၄။ | မီးခံရွှံ့စေး .... | ယင်း | ၁၀၅၀ | ၁၀၅၀ |

| အမှတ်စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၁၉၈၆-၈၇ (ယာယီ) | ၁၉၈၇-၈၈ (ယာယီ) |
|---|---|---|---|---|
| ၅။ | မီးခံရွှံ့စေးနှင့် | တန်ရှည် | ၃၅၀ | ၃၅၀ |
| ၆။ | မုံရွာမြေဖြူ (ကယ်လ်စီယမ် ကာဘိုနိတ်) | တန်ရှည် | ၈၀၀ | ၁၆၀၀ |
| ၇။ | ကြွေကျောက် (ဖယ်စပါး) | တန်ရှည် | ၃၀၀၅ | ၁၈၈၆ |
| ၈။ | ဒိုလိုမိုက် | တန်ရှည် | ၃၆၆၀ | ၅၀၅၀ |
| ၉။ | ထုံးကျောက် | တန်ရှည် (ထောင်ပေါင်း) | ၁၇၇၂ | ၁၃၈၉ |

သတ္တုကဏ္ဍတွင် ၁၉၈၆-၈၇ ခုနှစ်မတိုင်မီက စတင်အကောင်အထည်ဖော်ခဲ့ပြီး ၁၉၈၇-၈၈ ခုနှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးခဲ့သော လုပ်ငန်းများမှာ ရေနံစိမ်းနှင့် သဘာဝဓာတ်ငွေ့များ တိုးချဲ့ထုတ်လုပ်နိုင်ရေးအတွက် မြေပြင်ရှာဖွေခြင်းတွင် ဆိုက်စမစ်တိုင်းတာရေး၊ မြေဆွဲအား တိုင်းတာရေး အဖွဲ့များဖြင့်လည်းကောင်း၊ ကမ်းဦး ရေနံရှာဖွေခြင်းတွင် ကမ်းဦး ရေတိမ်ပိုင်း တိုင်းတာရေးလုပ်ငန်းများဖြင့်လည်းကောင်း၊ လုပ်ငန်းရည်မှန်းချက်များ ချမှတ်၍ ရေနံမြေသစ်များကို ရှာဖွေစမ်းသပ်မှုများဖြစ်သည်။ သတ္တု တူးဖော်ရေးလုပ်ငန်းများနှင့်ပတ်သက်၍လည်း ဘော်တွင်းရှိ တစ်နေ့တန် ၅၀၀ ကျ သတ္တုရိုင်း သန့်စင်ရေးစက်ရုံကို တစ်နေ့တန် ၁၀၀၀ သန့်စင်နိုင်ရန် တိုးချဲ့ရေးလုပ်ငန်းကို ၁၉၈၀-၈၁ ခုနှစ်မှစတင်၍ ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံ ချေးငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ၁၉၈၆-၈၇ ခုနှစ်တွင် စက်များအားလုံး အပြီးသတ်တပ်ဆင်ပြီးစီးသည်။ ၁၉၈၇-၈၈ ခုနှစ်တွင် စက်စမ်းသပ်လည်ပတ်မှုများနှင့် ကျန်ရှိနေသေးသော ဆောက်လုပ်ရေးလုပ်ငန်းကို အပြီးသတ်ဆောင်ရွက်ခဲ့သည်။ ၁၉၈၈-၈၉ ခုနှစ်တွင် စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်နိုင်ရန်၊ လိုအပ်သည့်ပြင်ဆင်မှုများပြုလုပ်ရန် ချမှတ်ထားသည်။ စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်နိုင်ပါက လက်ရှိတစ်နေ့ ဆာလ်ဖိုက် ခဲသတ္တုရိုင်းတန် ၅၁၀ ကြိတ်ခွဲသန့်စင်သည်မှ တန် ၁၁၁၀ အထိ တိုးမြှင့်ကြိတ်ခွဲ သန့်စင်နိုင်မည်ဖြစ်၍ ငွေစင်၊ ခဲစင်သုံ့သတ္တုသန့်စင်စသည့်သတ္တုများ ပိုမိုထွက်မည်ဖြစ်၍ ပြည်ပသို့ တိုးမြှင့်တင်ပို့လာနိုင်မည်ဖြစ်သည်။ ထို့အပြင် အဖိုးတန် သတ္တုအမျိုးအစားများ ထုတ်လုပ်နိုင်ရေး ရည်မှန်းချက်အရ ကောလင်းမြို့နယ် ကျောက်ပုထိုး အထူးသတ္တု (၂) ရွှေထုတ်လုပ်ရေး စီမံကိန်းကို ပဉ္စမလေးနှစ် စီမံကိန်းကာလ ၁၉၈၇-၈၈ ခုနှစ်မှ စတင်ဆောင်ရွက်သည်။ ထိုနှစ်အတွင်း စမ်းသပ်ထုတ်လုပ်မှုများကို ဆောင်

မှုဝါဒနှင့် မကိုက်ညီသော ဆန့်ကျင်နေသော မှောင်ခိုဈေးကွက်မှာ ရှင်သန် ကြီးထွားလာပေသည်။ အခြေအနေအရပ်ရပ်တို့ကို ဝေဖန်ဆန်းစစ်၍ ပြုပြင်သင့်က ပြုပြင်ရမည်ဖြစ်ကြောင်း မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီဥက္ကဋ္ဌကြီး ဦးနေဝင်းက ၁၉၈၇ ခု ဩဂုတ်လ ဗဟိုအလုပ်အမှုဆောင်ကော်မတီနှင့် နိုင်ငံတော်ကောင်စီ၊ ဗဟိုအာဏာပိုင် အဖွဲ့အစည်းများ၏ ပါတီအဖွဲ့ ညှိနှိုင်းအစည်းအဝေးတွင် မိန့်ခွန်းမြွက်ကြားသည့်အထိ နိုင်ငံတော်၏အခြေအနေမှာ မငြိမ်မသက်ဖြစ်လာသည်။ ပြည်သူပိုင် စက်ရုံအလုပ်ရုံများလည်း စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်နိုင်ခြင်းမရှိချေ။ ငွေကြေးဖောင်းပွမှု၊ ကုန်ဈေးနှုန်း မြင့်မားလာမှု စသည့် အခက်အခဲများလည်း ကြီးထွားလာသည်။

ဆက်လက်ဖြစ်ပွားသော ၁၉၈၈ ခုနှစ် နိုင်ငံရေး မငြိမ်မသက်မှုတို့သည် ပဉ္စမလေးနှစ်စီမံကိန်း၏ ရည်မှန်းချက်၊ လျာထားချက်၊ လုပ်ဆောင်ချက်အရပ်ရပ်ကို နှေးကွေးတုံ့ဆိုင်းစေသည်သာမက ပျက်ယွင်း ရပ်ဆိုင်းသွားစေသည်အထိ ဖြစ်ခဲ့သည်။ ထို့ကြောင့် နှစ် ၂၀ ဆိုရှယ်လစ်စီးပွားရေးစနစ်၏ ပဉ္စမလေးနှစ် စီမံကိန်းက ချမှတ်သော ရည်မှန်းချက်၊ လုပ်ဆောင်ချက်များကို ပထမနှင့် ဒုတိယနှစ်ဖြစ်သော ၁၉၈၆-၈၇ ခုနှစ်နှင့် ၁၉၈၇-၈၈ ခုနှစ်များတွင်သာ အကောင်အထည်ဖော်နိုင်ခဲ့သည်။ ကျန်လုပ်ငန်းအရပ်ရပ်တို့ကို အခြေအနေအရ နိုင်ငံတော်အာဏာကို ဝင်ရောက်ထိန်းသိမ်း တာဝန်ယူလိုက်သော နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ကသာ စီးပွားရေးစနစ်သစ်အရ ဆက်လက်အကောင်အထည်ဖော်ရလေသည်။

# ကျမ်းကိုးစာရင်း


စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန .... စတုတ္ထ လေးနှစ်စီမံကိန်း၏ ဒုတိယနှစ်ဖြစ်သော ၁၉၈၃-၈၄ ခုနှစ်အတွက် စီမံကိန်းရည်မှန်းချက်များ၊ ၁၉၈၃

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန .... စတုတ္ထ လေးနှစ်စီမံကိန်း၏ တတိယနှစ်ဖြစ်သော ၁၉၈၄-၈၅ ခုနှစ်အတွက် စီမံကိန်း ရည်မှန်းချက်များ၊ ၁၉၈၄

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန .... စတုတ္ထ လေးနှစ်စီမံကိန်း၏ စတုတ္ထနှစ်ဖြစ်သော ၁၉၈၅-၈၆ ခုနှစ်အတွက် စီမံကိန်းရည်မှန်းချက်များ၊ ၁၉၈၅

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန .... ၁၉၈၆-၈၇ ခုနှစ်မှ ၁၉၈၉-၉၀ ခုနှစ်အထိ ပဉ္စမလေးနှစ်စီမံကိန်း ရည်မှန်းချက်များ၊ ၁၉၈၆

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန .... ပဉ္စမ လေးနှစ်စီမံကိန်း၏ ဒုတိယနှစ်ဖြစ်သော ၁၉၈၇-၈၈ ခုနှစ်အတွက် စီမံကိန်းရည်မှန်းချက်များ၊ ၁၉၈၇

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန .... ပဉ္စမ လေးနှစ်စီမံကိန်း၏ တတိယနှစ်ဖြစ်သော ၁၉၈၈-၈၉ ခုနှစ်အတွက် စီမံကိန်းရည်မှန်းချက်များ၊ ၁၉၈၈

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန .... ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ ဘဏ္ဍာရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေများတင်ပြချက်၊ ၁၉၈၉-၉၀ ခုနှစ်

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန .... ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ ဘဏ္ဍာရေး၊ စီးပွားရေး၊ လူမှုရေး အခြေအနေများတင်ပြချက်၊ ၁၉၉၀-၉၁ ခုနှစ်

စက်မှုစီမံကိန်းဦးစီးဌာန .... စီမံကိန်း စီမံရေးဌာန၊ စက်မှုစီမံကိန်းဦးစီးဌာနမှ မှတ်တမ်းဖိုင်တွဲများ

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန .... ၁၉၈၆-၈၇ ခုနှစ်အတွက် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်၏ ဘဏ္ဍာရေး၊ စီးပွားရေး၊ လူမှုရေး အခြေအနေနှင့်ပတ်သက်သည့် ပြည်သူ့လွှတ်တော်သို့ အစီရင်ခံစာ၊ ၁၉၈၆

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန .... ၁၉၈၇-၈၈ ခုနှစ်အတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော၏ ဘဏ္ဍာရေး၊ စီးပွားရေး၊ လူမှုရေး အခြေအနေနှင့် ပတ်သက်သည့် ပြည်သူ့လွှတ်တော်သို့ အစီရင်ခံစာ ၁၉၈၇

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန .... ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်၏ ၁၉၈၈-၈၉ ခုနှစ်အတွက် ဘဏ္ဍာရေး၊ စီးပွားရေး၊ လူမှုရေး အခြေအနေနှင့် ပတ်သက်သည့် ပြည်သူ့လွှတ်တော်သို့ အစီရင်ခံစာ၊ ၁၉၈၈

စက်မှုစီမံကိန်းဦးစီးဌာန .... ကုလသမဂ္ဂ စက်မှုဖွံ့ဖြိုးရေးအဖွဲ့ (ယူနီဒို) က ရေးသား တင်သွင်းသော မြန်မာနိုင်ငံ၏ လယ်ယာ အခြေခံသော စက်မှုလက်မှုထူထောင်မှုအခြေအနေ ဖော်ပြထားသည့် အစီရင်ခံစာအပေါ် သုံးသပ်တင်ပြချက်၊ ၁၉၈၈ ခု၊ မေလ

စက်မှုစီမံကိန်းဦးဌာန .... အမှတ် (၁) စက်မှုဝန်ကြီးဌာန၊ ပြည်တွင်းထုတ်လုပ်မှုနှင့် ပြည်ပ ကုန်သွယ်မှုအကြား ညီညွတ်မျှတစေရေးနှင့် စပ်လျဉ်း၍ တင်ပြချက်၊ ၁၉၈၇ ခု၊ စက်တင်ဘာလ

မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း .... ကြွေထည်မြေထည်လုပ်ငန်း၏ ကော်ပိုရေးရှင်း စက်မှုလုပ်ငန်း သမိုင်း၊ ၁၉၈၇၊ ဇန်နဝါရီ

မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း .... ဘိလပ်မြေစက်ရုံအမှတ် (၃) သာယာအေး၏ စက်မှုလုပ်ငန်းသမိုင်း၊ ၁၉၈၆၊ အောက်တိုဘာလ

မြန်မာ့စားသောက်ကုန်လုပ်ငန်း .... မြန်မာ့စားသောက်ကုန်လုပ်ငန်းမှ ပြုစုပေးသောစာရင်း

မြန်မာ့စားသောက်ကုန်လုပ်ငန်း .... သကြားစက် (ရေတာရှည်) သမိုင်းအကျဉ်းချုပ်

မြန်မာ့အထည်အလိပ်လုပ်ငန်း .... အထည်အလိပ်လုပ်ငန်းမှ ပြုစုပေးသောစာရင်း

ဝန်ကြီးအဖွဲ့ .... စတုတ္ထအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယအစည်းအဝေးသို့ တင်ပြသည့် ဝန်ကြီးအဖွဲ့၏ အစီရင်ခံစာ၊ ၁၉၈၆ ခု၊ ဖေဖော်ဝါရီလ

ဝန်ကြီးအဖွဲ့ .... စတုတ္ထအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမအစည်းအဝေးသို့ တင်ပြသည့် ဝန်ကြီးအဖွဲ့၏ အစီရင်ခံစာ ၁၉၈၇ ခု ဩဂုတ်လ

ဝန်ကြီးအဖွဲ့ .... စတုတ္ထအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထ အစည်းအဝေးသို့ တင်ပြသည့် ဝန်ကြီးအဖွဲ့၏ အစီရင်ခံစာ၊ ၁၉၈၇ ခု၊ ဇန်နဝါရီ

ဝန်ကြီးအဖွဲ့ .... စတုတ္ထအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမအစည်းအဝေးသို့ တင်ပြသည့် ဝန်ကြီးအဖွဲ့၏ အစီရင်ခံစာ၊ ၁၉၈၈ ခု၊ ဇန်နဝါရီ

| | | |
|---|---|---|
| အစိုးရအဖွဲ့ | .... | နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သို့ တင်ပြသည့် အစိုးရအဖွဲ့၏ အစီရင်ခံစာ၊ ၁၉၈၈ ခု၊ စက်တင်ဘာလမှ ဒီဇင်ဘာလ |
| အထွေထွေစက်မှုလုပ်ငန်း | .... | အထွေထွေ စက်မှုလုပ်ငန်းကော်ပိုရေးရှင်း၏ စက်မှုလုပ်ငန်းသမိုင်း |
| အမှတ် (၁) စက်မှုဝန်ကြီးဌာန | .... | စက်မှုလက်မှုတွင် ပါဝင်သော အမှတ်(၁) စက်မှုဝန်ကြီးဌာနနှင့် သက်ဆိုင်သည့် ၁၉၈၆-၈၇ ခုနှစ်မှ ၁၉၈၉-၉၀ ခုနှစ် အထိ ပဉ္စမလေးနှစ်စီမံကိန်း၏ စီးပွားရေး စီမံကိန်းရည်မှန်းချက်များ၊ ၁၉၈၆ |
| အမှတ် (၁) စက်မှုဝန်ကြီးဌာန | .... | လုပ်ငန်းများ ဆောင်ရွက်မှု အခြေအနေ တင်ပြချက်၊ ၁၉၈၈ ခု၊ နိုဝင်ဘာလ |
| အမှတ် (၁) စက်မှုဝန်ကြီးဌာန | .... | ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့မှ ၁၉၈၉ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ လုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာ |
| အမှတ် (၁) စက်မှုဝန်ကြီးဌာန | .... | ၁၉၈၉ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ ၁၉၈၉ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့ အထိ လုပ်ဆောင်ချက်အစီရင်ခံစာ |
| မောင်သာနု | .... | စစ်ကိုင်းနှင့် ဂျုံ၊ ဗိုလ်တထောင်သတင်းစာ၊ ၃-၄-၈၈ |
| **UNIDO** | | Industrial Development Series- BURMA- Transition to agro-based Industrial Economy, 1987 December. |

ပါစလေ/၉ဂ၃/၉၁/စက်မှုဝန်ကြီးဌာန/၉၁/၆၀၀ + ၂၀ အုပ်/၇။

စက်မှုဝန်ကြီး
မျိုးတူစုအမှတ်
စာကြည့်တိုက်အ